၇ ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၉)၊ အမှတ်(၃၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၁၆ ၊ ၂၀၁၀)



TRI

MEN'S AND LADIES' WEARS


# ရှစ်လကျော်ကာလအတွင်း ကုန်သွယ်မှုပမာဏ ဂဒသမဂဘီလီယံကျော်ရှိ

သဘာဝဓာတ်ငွေ့ကိုဖယ်ထားပါက ကျောက်စိမ်းမှာ နိုင်ငံခြားငွေ အများဆုံးရှာဖွေပေးနိုင်သော ပို့ကုန်ဖြစ်လာ

**အားမာန်**

ရန်ကုန်၊ ဒီဇင်ဘာ-၈

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်၏ ရှစ်လကျော် ကာလအတွင်း ကုန်သွယ်မှုပမာဏစုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၈,၈၀၀ (ဒေါ်လာ ဂဒသမ ဂဘီလီယံ)ကျော် ရှိနေပြီဖြစ်ကြောင်း စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကပြောသည်။

စာ(၂၈)သို့



ရန်ကုန်မြို့ရှိ အေးရှားဝေါလ်ဆိပ်ကမ်းကို ဒီဇင်ဘာ၁၃ရက်က တွေ့ရစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မှုခင်း ပြန်ပေးဆွဲမှု

# မြန်မာသင်္ဘောသား ၂၃ ဦးပါသော ကုန်တင်သင်္ဘောတစ်စီးကို ဆိုမာလီဓားပြများ ပြန်ပေးဆွဲ

ပြန်ပေးဆွဲခံရသော မြန်မာသင်္ဘောသားများမှာ Eastwin သင်္ဘောသား ဝန်ဆောင်မှုကုမ္ပဏီမှ တစ်ဆင့် သွားရောက်ခဲ့သူများဖြစ်သည်။

**ပြည်သိမ်း**

ရန်ကုန်၊ ဒီဇင်ဘာ - ၁၃

သင်္ဘောသားဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သော Eastwin ကုမ္ပဏီမှ တစ်ဆင့် သင်္ဘောတက်ခဲ့သော မြန်မာသင်္ဘောသား ၂၀ ကျော် ပါဝင်သည့် ကုန်တင်သင်္ဘောတစ်စီးမှာ ဒီဇင်ဘာ ၁၀ရက်တွင် ဆိုမာလီယာဓားပြများ၏ ပြန်ပေးဆွဲမှုကိုခံထားရကြောင်း အဆိုပါ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တန်ဇန်နီးယားနိုင်ငံနှင့် မိုဇမ်ဘစ်နှစ်နိုင်ငံနယ်စပ်နှင့် အရှေ့ဘက်မိုင် ၈၀ ခန့်အကွာ ပင်လယ်ပြင်တွင်ပြန်ပေးဆွဲခံခဲ့ရသော MV Panama သင်္ဘောကုမ္ပဏီ၏ပိုင်ရှင်မှာ ယခုအခါ ဆိုမာလီဓားပြများနှင့် စာဖြင့်အဆက်သွယ်ပြုလုပ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

စာ(၂၀)သို့

# စစ်တွေရေနက်ဆိပ်ကမ်း စတင်ဆောက်လုပ်

**ဖိုးသီဟ**

ရန်ကုန်၊ ဒီဇင်ဘာ - ၇

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အထိ ၂၂၅ ကီလိုမီတာရှည်လျားမည့် ကုလားတန်မြစ်ဖွံ့ဖြိုးရေးစီမံကိန်း၏ ပထမလုပ်ငန်းအဖြစ် စစ်တွေရေနက် ဆိပ်ကမ်းတံတားတည်ဆောက်မှုကို နိုဝင်ဘာလမှစတင်၍ အိန္ဒိယနိုင်ငံ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက ဦးစီးကာ စစ်တွေမြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံကိန်းတွင် ကုလားတန်မြစ်အတွင်း ရေယာဉ်သင်္ဘောများ အချိန်မရွေးဝင်ထွက်သွားလာနိုင်ရန်အတွက် မြစ်ကြောင်း ရှင်းလင်းရေး လုပ်ငန်းများပါဝင်ပြီး အမေရိကန်ဒေါ်လာ ၆၂၅သန်းကျော် အကုန်အကျခံပြီးတည်ဆောက်မည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

၂၀၁၃တွင် အပြီးဆောက်လုပ်ရန် ရည်ရွယ်ထားသော အဆိုပါစီမံကိန်း ပြီးစီးသွားပါက အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံကြား ကုန်သွယ်စီးဆင်းမှု ပိုမိုမြန်ဆန်လာမည်ဖြစ်ပြီး စီမံကိန်းဆောင်ရွက်ရန် အိန္ဒိယနှင့် မြန်မာနိုင်ငံကြား သဘောတူညီမှုကို ၂၀၀၈ခုနှစ်ဧပြီလက လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

စာ(၂၀)သို့



ရွှေဘိုနယ်မှဒေသခံတစ်ဦး စပါးခြွေလှေ့နေစဉ်
ဓာတ်ပုံ - အားမာန်

ဈေးကွက် စပါးဈေး

# စပါးဈေးက ဆန်ဈေးထက် ကောင်း

**အောင်သူရ၊ ပြည်သိမ်း**

ရန်ကုန်၊ ဒီဇင်ဘာ - ၈

စိုက်ပျိုးသည့်အချိန်မှစ၍ ရိတ်သိမ်းချိန်အထိ ရာသီဥတုဒဏ်ခံခဲ့ရသော မိုးစပါး၏ဈေးနှုန်းမှာ လက်ရှိပြည်တွင်းဆန်ပေါက်ဈေးထက်မြင့်နေကြောင်း ဆန်စပါးကုန်သည်ကြီးများကပြောသည်။ လက်ရှိရန်ကုန်ဈေးကွက်တွင် ဆန်ကြမ်း(အသစ်)တစ်အိတ်ဈေးနှုန်းမှာ ၁၅,၀၀၀ကျပ်ဝန်းကျင်သာ ရှိသဖြင့် အဆိုပါဈေးနှုန်းအရဆိုလျှင် စပါးဈေးမှာ တင်းတစ်ရာလျှင် ကျပ် ၃၀၀,၀၀၀မှ ၃၃၀,၀၀၀ကြားသာ ရှိသင့်သည်ဟု မြောင်းမြဒေသခံဆန်ကုန်သည်တစ်ဦးကဆိုသည်။ စာ(၂၀)သို့




7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# ဈေးဝယ်စင်တာအချို့ လုံခြုံရေးကို အထူးစိစစ်ကြပ်မတ်နေ

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ – ၈**

ရန်ကုန်မြို့ရှိ ရှော့ပင်းစင်တာကြီးအချို့တွင် လုံခြုံရေးပိုင်းကို အထူးစိစစ်ဆောင်ရွက်လာကြောင်း သိရသည်။

"လုံခြုံရေးကို အရင်ကထက် ဂရုစိုက်လာပါတယ်။ အရင်လက မသင်္ကာစရာတစ်ခုကိုမရှာမိဘဲ လွတ်သွားလို့ တာဝန်ပေါ့လျော့တဲ့လုံခြုံရေးဝန်ထမ်းကို အလုပ်ကထုတ်ပယ်တဲ့အထိ အရေးယူထားတာလည်းရှိပါတယ်။ ဒါကြောင့် အခု ဘယ်သူပဲဖြစ်ဖြစ်၊ မျက်နှာသိပဲဖြစ်ဖြစ် အိတ်တွေကို သေချာစစ်ဆေးနေပါတယ်"ဟု ရန်ကုန်မြို့လယ်ရှိရှော့ပင်းပလာဇာကြီးတစ်ခုမှ လုံခြုံရေးဝန်ထမ်းတစ်ဦးက ပြောသည်။ ယင်းအပြင် မကြာသေးမီက ဖွင့်လှစ်လိုက်သည့် ဗိုလ်ချုပ်လမ်းမပေါ်ရှိ ရူဘီမတ်ရှော့ပင်းစင်တာမှ လုံခြုံရေးမန်နေဂျာကလည်း "ကျွန်တော်တို့အပိုင်းက လုံခြုံရေးကို အမြဲတမ်းဂရုစိုက်ပါတယ်။ အထပ်တိုင်းမှာ လုံခြုံရေးရှိပါတယ်။ Hand Scannerနဲ့ သေချာစစ်ပါတယ်။ လုံခြုံရေးအင်အားကို အမြဲတမ်း ၆၀ယောက်နဲ့ အပြည့်တာဝန်ယူပါတယ်"ဟုပြောသည်။

အမျိုးသမီးက ၈ယောက်နဲ့ အမျိုးသားက ၅၂ ယောက်ပါ။ ဆိုင်တိုင်းရဲ့ အတွင်းအပြင်တော်တော်များများမှာ စီစီတီဗီတွေတပ်ပြီး ထူးခြားဖြစ်စဉ်ကို သေချာစောင့်ကြည့်ပါတယ်။ ကားပါကင်ကအစ လုံခြုံရေးကို သေချာလုပ်ထားပါတယ်။ ဒီရာသီက ဈေးဝယ်များတဲ့ရာသီဆိုတော့ တော်တော်လေး ဂရုစိုက်လာရပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



ဓာတ်ပုံ – အောင်အောင်

**ဈေးဝယ်လာသူတစ်ဦး၏ အိတ်ကိုစစ်ဆေးနေသော လုံခြုံရေးဝန်ထမ်းနှစ်ဦး။**

နှစ်စဉ် ဝါလကင်းလွတ် သီတင်းကျွတ်နောက် ပိုင်းအောက်တိုဘာလမှ နောက်နှစ် ဖေဖော်ဝါရီလအထိ ကာလမှာ ဈေးဝယ်စင်တာများတွင် ဈေးဝယ်နှုန်းမြင့်တက်သည့်ကာလဖြစ်ခြင်းကြောင့် လာရောက်ဝယ်ယူကြသည့်သူများ လုံခြုံရေးကိုအထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်းသုံးသပ်ပြောကြားမှုများလည်းရှိနေသည်။ ပြီးခဲ့သည့်လပိုင်းအတွင်းက ရွှေဂုံတိုင်ရှိ ဈေးဝယ်စင်တာကြီးတစ်ခုတွင် ဗုံးဟုယူဆရသော မသင်္ကာစရာအထုပ်တစ်ထုပ်ကို စင်တာ၏ အိမ်သာအတွင်း ရှာတွေ့ခဲ့ပြီးသည့်နောက်ပိုင်း ယင်းဈေးဝယ်စင်တာတွင် လုံခြုံရေးကို ပိုမိုဂရုစိုက်လာကြောင်းယင်းစင်တာမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

လူထုအကြား အောင်မြင်မှုရရှိနေသည့် စီးတီးမတ်စူပါမားကက်များနှင့် ကုမ္ပဏီတစ်ခုတည်းဖြစ်သော အိစ်ပွိုင်ငှရှော့ပင်းစင်တာမှ တာဝန်ရှိသူတစ်ဦးကလည်း "လုံခြုံရေးအတွက် အမြဲတမ်းဂျူတီချိန်တွေအပြည့်ရှိပါတယ်။ ဂျူတီကျတဲ့ပွိုင့်တိုင်း ပွိုင့်တိုင်းမှာ လုံခြုံရေးတွေအမြဲမပြတ်ရှိနေဖို့ စီစဉ်ထားပါတယ်။ ခုလောလောဆယ်တော့ ဝန်ထမ်းအသစ်ထပ်ခန့်တာတွေမရှိပါဘူး။ ခရစ္စမတ်လည်းနီးလာတော့ ဈေးဝယ်ကများလာတယ်။ ဒါကြောင့် လုံခြုံရေးကိုလည်း ပုံမှန်အတိုင်း သေချာဆောင်ရွက်ထားပါတယ်" ဟုပြောကြားသည်။

## လုံခြုံရေးအတွက် ရုပ်ရှင်ကားမပြီးမီ ပြန်သူများကို လိပ်စာယူ

**နေလင်းအောင်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၉**

ရန်ကုန်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုပ်ရှင်မပြီးဆုံးမီ ပြန်လည်ထွက်ခွာသူများအား လိပ်စာအတိအကျ မှတ်ယူထားကြောင်း သတင်းရရှိသည်။

ယခင်က မြို့တွင်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများသည် လာရောက်ကြည့်ရှုသူများ လုံခြုံရေးအတွက် ရုပ်ရှင်ရုံအတွင်း သတိပေးကြေညာချက်ဆောင်ရွက်ခဲ့ပြီး ရုပ်ရှင်မပြီးဆုံးမီ ပြန်လည်ထွက်ခွာပါက မှတ်ပုံတင် သို့မဟုတ် သက်သေခံ ကတ်ပြားတစ်ခုခု ပြသလျှင်ရသည်။ သို့သော် ယခုအခါ မှတ်ပုံတင်နံပါတ်သာမက လိပ်စာပါရယူလျက်ရှိကြောင်းသိရသည်။

"ပြီးခဲ့တဲ့ စနေနေ့က ကြည့်နေရင်း ကားက နည်းနည်းရှည်နေတာနဲ့ အချိန်မရလို့ နာရီဝက်လောက် စောထွက်တာ။ အဲဒါအပေါက်ဝက လုံခြုံရေးဆီမှာ မှတ်ပုံတင်နံပါတ်တွေရော၊ ကျွန်တော်တို့နှစ်ယောက်လုံးရဲ့ လိပ်စာတွေပါ ပေးထားခဲ့ရတယ်" ဟု ဒီဇင်ဘာ ၄ရက်က သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင်ရုပ်ရှင်ကြည့်ခဲ့ရသူတစ်ဦးကပြောသည်။

ရုပ်ရှင်မပြီးမီ ပြန်ပါက အထက်ပါအချက်များအပြင် ကြည့်ရှုသည့်ပွဲချိန်၊ အတန်းနှင့် ခုံနံပါတ်များကိုပါ ရုပ်ရှင်ရုံ လုံခြုံရေးကအသေးစိတ်မှတ်သားကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

## လာမည့်နှစ်မှစ၍ မြန်မာနိုင်ငံသားခရီးသွားများကို အိန္ဒိယနိုင်ငံမှ ဆိုက်ရောက်ဗီဇာထုတ်ပေးမည်


**မေဝင်းမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၀**

အိန္ဒိယအစိုးရက အိန္ဒိယနိုင်ငံသို့ လာရောက်သည့် မြန်မာနိုင်ငံသား ခရီးသွားများကို လာမည့် ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ ဆိုက်ရောက်ဗီဇာ (Visa on Arrival) ထုတ်ပေးသွားမည်ဖြစ်ကြောင်းအိန္ဒိယသံရုံး၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

ဆိုက်ရောက်ဗီဇာကို အိန္ဒိယနိုင်ငံသို့ အလည်အပတ်သွားရောက်သူများနှင့် အများဆုံးရက် ၃၀ခန့် ကာလတိုနေထိုင်မည့်သူများကိုသာထုတ်ပေးမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင်းသို့ ဝင်ရောက်သွားသည်နှင့် ဒေလီ၊ မွန်ဘိုင်း၊ ချန်နိုင်းနှင့် ကိုးလ်ကတ္တားလေဆိပ်များရှိ လူဝင်မှုကြီးကြပ်ရေးအရာရှိများက ဆိုက်ရောက်ဗီဇာကို ထုတ်ပေးမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံသားများမှာ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာသို့ ဘုရားဖူးရန်အတွက် အများဆုံးသွားရောက် လည်ပတ်ကြပြီး မြန်မာဘုရားဖူး ပို့ဆောင်ရေးလုပ်ငန်းများကဘုရားဖူးများစွာကို နှစ်စဉ်ပို့ဆောင်ရေးလုပ်ငန်းများက ဘုရားဖူးများစွာ ကို နှစ်စဉ်ပို့ဆောင်ပေးနေကြသည်။ အိန္ဒိယနိုင်ငံမှ ဆိုက်ရောက်ဗီဇာများကို ဖင်လန်၊ ဂျပန်၊ နယူး ဇီလန်၊ စင်ကာပူနှင့် လက်ဆပ်ဘော့ဂ်နိုင်ငံများအတွက် ယခုနှစ် ဇန်နဝါရီလကတည်းက ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံသားများအတွက်လည်း စတင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



## ဒီဇင်ဘာမိုးကြောင့် စပါးဈေးပိုကောင်း

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**အောင်သူရ၊ ပြည့်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၀**

အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့် ဒီဇင်ဘာလ ဒုတိယပတ်တွင် မိုးရွာသွန်းခဲ့ပြီးနောက် စပါးဈေးကို တင်းတစ်ရာလျှင် ကျပ်တစ်သောင်းထပ်တိုးပေး၍ ဝယ်ယူလာကြကြောင်း သတင်းရရှိသည်။

"မနေ့သုခအုပ်စုကို မိုးမရွာခင်က သုံးသိန်းကိုးသောင်းပဲရှိတာ။ အခုရက်မှာ လေးသိန်းပေးမယ်ဆိုပြီး လိုက်ဝယ်ကြတယ်"ဟု ပဲခူးတိုင်း ဝေါမြို့နယ်မှ ဆန်စက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုရက်ပိုင်း ရွာသွန်းခဲ့သော မိုးကြောင့် မိုးမိသော စပါးများမှာ ဆန်ကြိတ်သည့်အခါ ကျိုးခြင်း၊ ကြေခြင်းများ ဖြစ်နိုင်ပြီး အစိုဓာတ်များသောစပါးများမှာ ကြာပါက ဆန်ဝါဖြစ်သွားနိုင်သည်။

"စပါးအကောင်းရအောင် ဈေးပေးဝယ်တဲ့သဘောကြောင့် ဈေးတက်သွားတာပါ"ဟု ပဲခူးဒေသခံ ကုန်သည်တစ်ဦးက သုံးသပ်သည်။

မိုးရွာသွန်းမှုမတိုင်မီ စပါးအထွက်လျော့နိုင်၍ ကုန်သည်အများစုမှာ လက်ရှိ ဆန်ဈေးထက် ပိုသောဈေးဖြင့် စပါးဝယ်ယူသဖြင့် ဒီဇင်ဘာလဆန်းမှစ၍ ဈေးတက်ခဲ့သည်။

"ဝယ်တဲ့လူကတော့ ဈေးတိုးပေးပြီး ဝယ်တာ၊ ရောင်းတဲ့လူက သိပ်မရှိဘူး။ မိုးရွာနေတာရယ်၊ ပဲကို အာရုံစိုက်နေတာရယ်ကြောင့်" ဟု ဧရာဝတီတိုင်း ရေကြည်မြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

ယခုအချိန်တွင် စပါးအများစုမှာ ကောက်လှိုင်းအဖြစ်နှင့် တလင်းပေါ်တွင်သာရှိနေပြီး နောက်ထပ် တစ်ရက်နှစ်ရက် မိုးဆက်ရွာပါက စပါးအညှောင့်ပေါက်ပြီး တစ်ဧကလျှင် ၁၀ တင်းခန့် ထပ်မံဆုံးရှုံးနိုင်ကြောင်း တောင်သူများက သုံးသပ်နေကြသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မြဝတီစခန်းကို သင့်တော်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်မည်ဟုတာဝန်ရှိသူများပြောကြား

**အားမာန်၊ ပြည့်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ – ၈**

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် အဓိကစခန်းဖြစ်သော မြဝတီနယ်စပ်ကုန်သွယ်ရေး စခန်းကို နယ်မြေအခြေအနေအရ သင့်တော်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနမှ တာဝန်ရှိသူများက ပြောသည်။

"မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်ကို နယ်မြေအခြေအနေအရ သင့်တော်တဲ့အချိန်၊ သက်ဆိုင်ရာက ခွင့်ပြုပေးတဲ့အချိန်မှာ ပြန်လည်ဖွင့်လှစ်သွားမှာဖြစ်ပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၀ရက်တွင် ပြောကြားသည်။

အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်းမှ နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယခုနှစ် ဇူလိုင်လလယ်မှစတင်၍ ယခုအချိန်အထိ ယာယီရပ်ဆိုင်းထားခဲ့သည်။



**မြန်မာ–ထိုင်းနယ်စပ် ထိုင်းနိုင်ငံဘက်မှ မဲဆောက်ကိုတွေ့ရစဉ်။**

ထိုသို့နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး၏အဓိကစခန်းကိုရပ်ဆိုင်းထားသော်လည်း မြန်မာ-ထိုင်း နယ်စပ် ကုန်သွယ်ရေးပမာဏမှာ လျော့ကျသွားခြင်းမရှိဟုတာဝန်ရှိသူများကဆိုသည်။

နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် ယခုဘဏ္ဍာနှစ် (၂၀၁၀-၁၁)ဧပြီလမှ နိုဝင်ဘာလအထိ ကုန်သွယ်မှုပမာဏမှာအမေရိကန်ဒေါ်လာ၁၉၁သန်းကျော်ရှိခဲ့ပြီး၊ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှင့် အလားတူကာလက ၁၇၂သန်းသာရှိခဲ့သည်ဟု တာဝန်ရှိသူများက ရှင်းပြသည်။

ယခုဘဏ္ဍာရေးနှစ်၏ ၈လဝန်းကျင်ကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ၁၉၁သန်းကျော်ရှိရာတွင် မြန်မာနိုင်ငံဘက်က ၁၀၂ သန်းကျော်တင်ပို့ခဲ့ပြီး၊ ထိုင်းနိုင်ငံဘက်မှ ၈၈သန်းကျော်တန်ဖိုး သွင်းကုန်များ ပြန်လည်တင်သွင်းခဲ့သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများ၌ ဖော်ပြထားသည်။

ထိုကြောင့် နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံက ကန်ဒေါ်လာ၁၃သန်းကျော် အသာစီးရနေသည်။

မြန်မာ-ထိုင်းနယ်စပ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်း လေးခုရှိပြီး ၎င်းတို့မှာ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းနှင့် မြိတ်စခန်းတို့ဖြစ်သည်။

နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေး နှစ်မျိုးစလုံး ပါဝင်သော ကုန်သွယ်မှုပမာဏတွင် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံမှာ ယခုဘဏ္ဍာနှစ်တွင် ဧပြီလမှ ဒီဇင်ဘာ ၇ ရက်အထိ ကန်ဒေါ်လာ ၂၀၃၅ သန်းကျော် ကုန်သွယ်မှုပြုလုပ်ထားသည်။ စာ(၂၀)သို့

## အသက် ၆နှစ်အရွယ်မိန်းကလေးကို သားမယားအဖြစ် ပြုကျင့်ရန် ကြံစည်သူအား အမှုဖွင့်အရေးယူ

**ထူးသန့်** နေပြည်တော်၊ ဒီဇင်ဘာ – ၁၁

အသက် ၆ နှစ်အရွယ်သာရှိသေးသော မိန်းကလေးငယ်ကို သား မယားဖြစ်ပြုကျင့်ရန် ကြံစည်သူအား နေပြည်တော် ပျဉ်းမနားရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ အဆိုပါ မိန်းကလေးငယ်သည် နိုဝင်ဘာ ၃၀ရက်တွင် မိသားစုနှင့်အတူ အိပ်ပျော်နေစဉ် အသက် ၂၄ နှစ်ခန့်ရှိသော ယင်းလူငယ်က ပွေ့ချီခေါ်ဆောင်သွားသည်။ ထို့နောက် အာဟာရသုခဈေးနှင့် အောင်ချမ်းသာ ရပ်ကွက်အကြားရှိ ဆည်မြောင်းတာပေါင်ပေါ်တွင် မိန်းကလေးငယ်ကို သားမယားပြုကျင့်ရန် ကြံစည်အားထုတ်ခြင်းဖြစ်သည်။ ထိုသို့ကြံစည်စဉ် မိန်းကလေးငယ်မအော်ရန် ပြောဆိုထားသော်လည်းမိန်းကလေးငယ်မှာကြောက်လန့်ပြီး အော်ငိုရာမှ ဘေးလူများ ရောက်ရှိလာ၍ လူငယ်မှာ ထွက်ပြေးသွားကြောင်း ထိုသို့ထွက်ပြေးသွားသော်လည်း အနီးရှိလူများကဝိုင်းဝန်းဖမ်းဆီးရာမှ ဖမ်းဆီးရမိခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

လူငယ်မှာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ မင်းချောင်းကျေးရွာမှ လာရောက်ခြင်းဖြစ်ပြီး ၎င်းအား နေပြည်တော် ပျဉ်းမနားရဲစခန်းတွင် (ပ)၅၆၅/၂၀၁၀ ပုဒ်မ ၃၇၆/၅၁၁ဖြင့် နိုဝင်ဘာ ၃၀ရက်တွင် အမှုဖွင့်ထားသည်။



7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

Crime Corner

## ကိုယ်ပိုင်ယာဉ်က ပလက်ဖောင်းပေါ်မှ ဈေးဆိုင်များကို တိုက်မိ လူငါးဦးဒဏ်ရာရ

သားကျော်

ရန်ကုန်၊ ဒီဇင်ဘာ - ၉

ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်းပေါ်တွင် ဒီဇင်ဘာ ၃ ရက် နေ့လယ် ၂နာရီ ၁၀မိနစ်အချိန်ခန့်က ကိုယ်ပိုင်ယာဉ်တစ်စီးမှာ ပလက်ဖောင်းပေါ်၌ ရောင်းချနေသောဈေးဆိုင်များကို ဝင်တိုက်မိ၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦး ထိခိုက်ပွန်းပဲ့ဒဏ်ရာများ ရရှိသွားကြောင်းသတင်းရရှိသည်။

အနော်ရထာလမ်းအတိုင်း မောင်းနှင်လာသော ဟိုင်းလတ်ပစ်ကပ်နံ့သာရောင် ကိုယ်ပိုင်ယာဉ်သည် ၂၉ လမ်းထိပ်အရောက် လမ်း၏ယာဘက်ပလက်ဖောင်းပေါ်၌ ရောင်းချနေသော အလှကုန်ဆိုင်၊ ကြံရည်ဆိုင်၊ မျက်မှန်ဆိုင်၊ အခွေဆိုင်နှင့် ကွမ်းယာဆိုင်တို့အား တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားကြောင်းသိရသည်။

ယာဉ်တိုက်မှုကြောင့် ဈေးဆိုင်များ ပျက်စီးကာ ဈေးရောင်းသူများနှင့် လမ်းလျှောက်နေသူများတွင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့မှာ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိသွားကြသောကြောင့် ရန်ကုန်ဆေးရုံကြီးတွင် အတွင်းနှင့် ပြင်ပလူနာများအဖြစ်တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

ကိုယ်ပိုင်ယာဉ်မောင်း မောင် ----မှာ ယာဉ်တိုက်မှုဖြစ်ပြီး နောက်တစ်ရက် ဒီဇင်ဘာ ၃ ရက် ည ၉ နာရီအချိန်ခန့်တွင် သက်သေခံယာဉ်နှင့်အတူ ရဲစခန်းသို့ လာရောက်အဖမ်းခံခဲ့သည်။ ယာဉ်တိုက်မှုကို ယာဉ်မှုစစ်ရဲစခန်းက (ပ)၇၃၈/၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၃၈/၃၃၇/ ၂၀၂အရ ယာဉ်မောင်း မောင်----ကို အမှုဖွင့်၍ အရေးယူနိုင်ရန် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

## ထူးနှင့် တ ု တ်ကုမဏီတစ်ခုပူးပေါင်း စီဒီအမ်အေ ဖုန်းအိမ်ထုတ်လုပ်မည်

ယုဇနကိုကို

ရန်ကုန်၊ ဒီဇင်ဘာ - ၉

ထူးကုမ္ပဏီအုပ်စုပိုင် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော E-Lite Tech Manufacturing Co.,Ltd မှ တရုတ်နိုင်ငံရှိ အလားတူ နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Huawei ကုမ္ပဏီနှင့်ပူးပေါင်းပြီး လာမည့် ၂၀၁၁ခုနှစ် မတ်လခန့်မှစတင်ကာစီဒီအမ်အေဖုန်းအိမ်များထုတ်လုပ်သွားတော့မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးဖြစ်သည့်ဦးမင်းသက်ခိုင်ကပြောသည်။

စီဒီအမ်အေဖုန်းအိမ်များကို ထုတ်လုပ်ရာတွင် မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်အတွင်းတည်ရှိသည့် ရတနာပုံဆိုက်ဘာစီးတီးနယ်မြေအတွင်းတည်ဆောက်ထားသည့် စက်ရုံဝင်းတွင်း ထုတ်လုပ်သွားမည်ဖြစ်သည်။

CDMA 800 MHz နှင့် CDMA 450 MHz အမျိုးအစားနှစ်မျိုးကိုထုတ်လုပ်သွားမည်ဖြစ်ကြောင်း E-Lite Tech ၏အထက်ပါအရာရှိကပြောသည်။

ပြည်တွင်းဖြစ်ဖုန်းအိမ်များကို ထုတ်လုပ်သုံးစွဲနိုင်ရန်အတွက်နှင့် ယင်းဖုန်းများအားသုံးစွဲမှု၏နောက်ဆက်တွဲတွင် ဖြစ်ပေါ်လာနိုင်သည့် နည်းပညာဆိုင်ရာအခက်အခဲများကို အလွယ်တကူဖြေရှင်းပေးနိုင်ရန်အတွက် ယခုကဲ့သို့ စီဒီအမ်အေဖုန်းအိမ်များကို ထုတ်လုပ်ရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်းသိရသည်။

"ပြည်တွင်းဖြစ် ဖုန်းအိမ်တွေကိုသုံးစွဲတဲ့အတွက် ကိုယ်သုံးတဲ့ဖုန်းမှာ လဲချင်တဲ့အစိတ်အပိုင်းတွေ ရှိခဲ့မယ်၊ ပျက်ခဲ့မယ်ဆိုရင်အလွယ်တကူနဲ့ဆောင်ရွက်နိုင်မယ်။ အလွယ်တကူဈေးကွက်ထဲမှာ ရှာဝယ်နိုင်မယ်။ ဈေးနှုန်းသက်သာမယ်" ဟုအထက်ပါတာဝန်ရှိသူကဆိုသည်။

အဆိုပါ စီဒီအမ်အေဖုန်းများအားပြည်တွင်းဈေးကွက်အတွင်း ရောင်းချရာတွင် အနည်းဆုံးကျပ် လေးသောင်းမှ အမြင့်ဆုံးကျပ် နှစ်သိန်းအထိဈေးနှုန်းများဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

ထူးကုမ္ပဏီပိုင် E-Lite Tech ကုမ္ပဏီအနေဖြင့် ရတနာပုံဆိုက်ဘာစီးတီးတွင် တည်ဆောက်ထားသည့် စက်ရုံတွင် အဆိုပါစီဒီအမ်အေဖုန်းအိမ်များအပြင် နောက်ပိုင်းကာလများတွင် Netbook ကဲ့သို့သောကွန်ပျူတာပစ္စည်းများကိုပါထုတ်လုပ်မှုများဆက်တိုက်ပြုလုပ်သွားမည် ဖြစ်ကြောင်းသိရသည်။

ယခုလက်ရှိတွင် အဆိုပါကုမ္ပဏီမှာ ပြည်တွင်းဈေးကွက် တွင် Huawei ကုမ္ပဏီနှင့် ပူးပေါင်းပြီး စီဒီအမ်အေ အထိုင်ဖုန်းများကို ထုတ်လုပ်ပြီးဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။



ဓာတ်ပုံ - www.life.com

ဂျာမနီနိုင်ငံ၏အကြီးဆုံးအီလက်ထရွန်းနစ်ပစ္စည်းကုမ္ပဏီ Siemems ၏ စက်ရုံတစ်ရုံတွင် မိုဘိုင်းဖုန်းများတပ်ဆင်နေသော အလုပ်သမားတစ်ဦးကို တွေ့ရစဉ်။

## ခွေးများအချိန်အခါမဟုတ်ရူးနေ

ညိုညိုဝင်း

နေပြည်တော်၊ ဒီဇင်ဘာ- ၈

အချိန်ခါမဟုတ် ခွေးရူးရောဂါများ ဒေသအချို့တွင် ဖြစ်ပွားလျက်ရှိကြောင်းဒေသခံများထံမှသိရသည်။

"ကျွန်မတို့ ပဲခူးတိုင်းမြောက်ပိုင်းမှာဆို ခွေးတွေ တအားရူးနေကြတာ။ ဈေးတွေ၊ ကျောင်းတွေထဲဝင်ပြီး လိုက်ဆွဲတာ တစ်နေ့ကို လေးယောက်၊ငါးယောက်ထိအကိုက်ခံရတယ်။ အများဆုံးကတော့ ကလေးတွေပိုပြီး အကိုက်ခံရတယ်"ဟု မြို့လှမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

နေပြည်တော်မှ ဒေသခံတစ်ဦးကမူ "မနေ့က ကျွန်တော်တို့ ရပ်ကွက်ထဲကိုလည်း ခွေးရူးတစ်ကောင်ဝင်လာလို့ ဝိုင်းသတ်လိုက်ရတယ်။ အိမ်နားက အိမ်မှာလည်း ခွေးလေးကောင်မွေးထားတာ လေးကောင်စလုံးရူးသွားလို့ အဆိပ်ခတ်သတ်လိုက်ရတယ်"ဟု ပြောကြားသည်။

ခွေးရူးရောဂါသည် နွေဦးပေါက်ရာသီနှင့်ခွေးသားပေါက်ချိန်များတွင် အဓိကဖြစ်ပွားတတ်ပြီး အချို့သောခွေးများသည် ရောဂါကြောင့် အချိန်ခါမဟုတ် ရူးနိုင်ကြောင်း ယုဇနဆေးခန်းမှ ဒေါက်တာ စည်သူမောင်ကပြောသည်။

"ခွေးကိုက်ခံရပြီဆိုကတည်းက ကာကွယ်ဆေးထိုးထားသင့်တယ်။ ခွေးရူးကိုက်ခံရတဲ့သူတစ်ယောက်ဟာ ဘာကာကွယ်ဆေးမှ မထိုးထားဘူးဆိုရင် အဲဒီလူဟာ တစ်ပတ်(သို့)တစ်လနဲ့ သိသာတယ်။ တချို့က ၄ နှစ်၊ ၅နှစ်နေမှ ခွေးရူးပြန်ကြတယ်။ မျက်နှာနဲ့ လက်ကို အကိုက်ခံရရင် ပျံ့နှံ့လွယ်တယ်။ ခြေထောက်ကို ကိုက်မိရင်တော့ ကြာမှဖြစ်တယ်။ အမှန်တကယ်ဆို ခွေးရူးကာကွယ်ဆေးကို လူတိုင်းထိုးထားသင့်ပါတယ်။ ကာကွယ်ဆေးက တစ်လုံးကို တစ်သောင်းဝန်းကျင်လောက်ရှိတော့ ငွေကြေးမတတ်နိုင်ကြဘူး။ ဘယ်သူမှလည်း မထိုးကြပါဘူး"ဟု ဒေါက်တာစည်သူမောင်ကပြောကြားသည်။

## မန္တလေး - မူဆယ်ကုန်ကားများငါးတန်စီထပ်မံလျှော့ချရန်အသိပေး

မင်းဒင်

မန္တလေး၊ ဒီဇင်ဘာ - ၉

မန္တလေး-မူဆယ် ကုန်စည်ပို့ဆောင်ရေး လမ်းကြောင်းတွင် အာဆီယံစံနှုန်းနှင့်အညီ ကုန်တန်ချိန်သယ်ဆောင်ခြင်းအား လိုက်နာမှုရှိစေရန် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက်မှစတင်၍ ကားတစ်စီးလျှင် ၅ တန်စီ ထပ်မံလျှော့ချသယ်ယူရန် သတိပေးမှုများပြုလုပ်ခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန (ရှမ်းပြည်နယ်မြောက်ပိုင်း) လမ်းတံတား၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ မူဝါဒသစ်အရ အဆင့်ဆင့် ဆောင်ရွက်မှုတွင် နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၇ ရက်တွင်းသတ်မှတ်ထားသည့် ကုန်တန်ချိန်မှာ ကားတစ်စီးလျှင် ယာဉ်နှင့်ကုန်ချိန် နှစ်ခုပေါင်းသည် ၁၂ ဘီးတွင် ၃၅ တန်၊ ၁၀ ဘီးတွင် ၃၀ တန် ၆ ဘီးတွင် ၂၀ တန်အသီးသီး သယ်ဆောင်ခွင့်ပေးထားသည်။ ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ၅ တန်စီ လျှော့ချပြီး သယ်ဆောင်ရမည်ဖြစ်ရာ ၁၂ ဘီး ၃၀ တန်၊ ၁၀ ဘီး ၂၅ တန်၊ ၆ ဘီး ၂၀ တန်ဖြင့်သာ သယ်ယူနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာဆီယံစံနှုန်းများအရ ကားတစ်စီးလျှင် ယာဉ်နှင့် ကုန်ချိန်နှစ်ခုပေါင်း သယ်ဆောင်ခွင့်သည် ၁၂ ဘီး ၂၅တန်၊ ၁၀ ဘီး ၂၀ တန်၊ ၆ ဘီး ၁၆ တန်ဖြစ်ရာ အဆိုပါ ကုန်တင်ခွင့်နှုန်းထားအထိတဖြည်းဖြည်း လျှော့ချကာ သယ်ယူရန် ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

"အခုလို ၅ တန်လျှော့သယ်ခိုင်းတာက အာဆီယံစံနှုန်း မဟုတ်သေးဘူး။ အာဆီယံစံနှုန်းအထိရောက်အောင် လျှော့ချသွားမှာပါ။ ယာဉ်မောင်းတွေအတွက် အန္တရာယ်ပိုကင်းသွားတယ်။ အရင်က ၁၂ ဘီးကားတစ်စီး ယာဉ်နဲ့ကုန်နှစ်ခုပေါင်း တန် ၆၀အထိ သယ်ကြတယ်။ ဝိတ်များတော့ ဘရိတ်ပေါက်ပြီး ချောက်ထဲထိုးကျတာတွေ ဘာတွေ ရှိတယ်။ အခုကုန်ပေါ့၊ ကားပေါ့ မောင်းရတော့ ပိုအန္တရာယ်ကင်းတာပေါ့" ဟု ၎င်းက ရှင်းပြသည်။

ကုန်တန်ချိန် ပြောင်းလဲသယ်ဆောင်ရမည်ဆိုသော သတင်းကြောင့် မန္တလေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအနေဖြင့် ကုန်ပိဿာချိန် တစ်ပိဿာလျှင် ၅၆ ကျပ်မှ ပဲ၊ နှမ်းကုန်များသည် တစ်ပိဿာ ၆၈ ကျပ်ဖြစ်သွားပြီး ရာဘာမှာ ၇၀ ကျပ်ဖြစ်သွားကြောင်း ကုန်စည်ပို့ဆောင်ရေး ဂိတ်မှူးတစ်ဦးက ပြောကြားသည်။

ထိုကဲ့သို့ ကုန်စည်ပို့ဆောင်ရေးနှုန်းထားများ တက်သွားသော်လည်း ပြောင်းဖူး ကုန်အနေဖြင့် တစ်ပိဿာလျှင် ၆၃ ကျပ်အထိသာ ပေးနိုင်ပြီး ထို့ထက် ပိုပေးပါက ဈေးနှုန်းမကိုက်တော့ကြောင်း မူဆယ်သို့ ပြောင်းတင်ပို့နေသူတစ်ဦးကပြောကြားသည်။

အဆိုပါ ကုန်တန်ချိန် လျှော့ချသယ်ယူခြင်းနှင့်ပတ်သက်၍ သတိပေးကြပ်မတ်မှု လုပ်ငန်းစဉ်များတွင် မန္တလေး-မူဆယ်ကုန်စည်စီးဆင်းမှုလမ်းကြောင်းအတွင်း လားရှိုး၊ တိုးဂိတ်(ဟိုပိတ်)တွင် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ချက်ရှိရာ သတ်မှတ်တန်ချိန်အထက် ဒသမစွန်းတန်ချိန်များကို ခွင့်ပြုသော်လည်း တစ်တန်ကျော်လွန်သည်နှင့် သတိပေးအရေးယူမှု ဆောင်ရွက်မည်ဖြစ်ကြောင်း လမ်းတံတား၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့(ရှမ်းပြည်နယ်မြောက်ပိုင်း)မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

**အာဆီယံစံနှုန်းနှင့်အညီ ကားတစ်စီးလျှင် သယ်ဆောင်ရမည့် တန်ချိန်များ**

| ကားတွင်ပါဝင်သော ဝင်ရိုးအရေအတွက် | ကားတွင် ပါဝင်သော ဘီးအရေအတွက် | ယာဉ်နှင့်ကုန် နှစ်ခုပေါင်း တန်ချိန် |
|---|---|---|
| ၆ | ၂၂ | ၅၅ |
| ၅ | ၁၈ | ၄၆ |
| ၄ | ၁၄ | ၃၄ |
| ၄ | ၁၂ | ၂၅ |
| ၃ | ၁၀ | ၂၀ |
| ၂ | ၆ | ၁၆ |


TRI
LIVES BRILLIANTLY


i-MAX
COLLECTION
Men's & Ladies' Wears
WINTER FASHION
MY STYLE // MY DREAM

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းရေးအတွက် အချက်အလက်များ ကောက်ယူ



**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၇**

ရေလမ်းကြောင်းအဓိက အသုံးပြုနေသည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းထိန်းသိမ်းရေးအတွက် တစ်နှစ်ပတ်လုံးကြုံတွေ့ရသော မြစ်အခြေအနေကို အချက်အလက်ကောက်ယူခြင်းနှင့် မြေပုံထုတ်ခြင်းများ၊ တိုင်းတာခြင်းများကို ဆောင်ရွက်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ကပြောသည်။

“မြစ်နှစ်ခုရဲ့ ဒေသရှုံးကိုးရုံးမှာ အခုစလုပ်နေပါပြီ။ ပုံထုတ်ရမယ်။ ရလာတဲ့ ဒေတာကော်လက်ရှင် ကိုကြည့်ပြီး ဘယ်နေရာမှာ ဘာလုပ်ရမယ်ဆိုတာဆုံးဖြတ်ရမှာပါ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကောက်ယူရရှိသော အချက်အလက်များအရ မြစ်အကြောင်းအတွင်းမြစ်ရေထိန်းသိမ်းခြင်းနှင့် သဲသောင်တူးဖော်ခြင်းများ လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့အပြင် မြစ်ကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် မြစ်ရေတင်စီမံကိန်းများအတွက် လေ့လာတိုင်းတာမှုများကို ပြုလုပ်ပြီးဖြစ်ကြောင်းသိရသည်။

ယခုနှစ် နွေရာသီတွင် ရာသီဥတုပူပြင်းခြောက်သွေ့မှုကြောင့် ဧရာဝတီမြစ်အပါအဝင် မြစ်၊ချောင်းများနှင့် ရေတိမ်ဒေသများတွင် ရေလျော့နည်းခြင်းနှင့် ရေခန်းခြောက်ခြင်းများ ကြုံတွေ့ရသည်။

# စီဒီအမ်အေ၈၀၀မဂ္ဂါဟာ့ဇ် ဖုန်းများ တစ်နိုင်ငံလုံး အသုံးပြုနိုင်တော့မည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ – ၉**

ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးများတွင် အထိုင်ဖုန်းများအဖြစ် စတင်ချထားပေးခဲ့သည့် ကျပ်ငါးသိန်းတန်စီဒီအမ်အေ 800 MHz ဖုန်းများအား လာမည့် ၂၀၁၁ခုနှစ် နှစ်ဆန်းပိုင်းတွင် တစ်နိုင်ငံလုံးအနှံ့ ရွေ့လျားသယ်ဆောင်အသုံးပြုနိုင်ရန် ဖွင့်ပေးတော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စတင်အသုံးပြုခွင့်ချထားပေးခဲ့စဉ်က ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးနှစ်ခုရှိ မြို့နယ်အချို့၌သာ အထိုင်ဖုန်းများအဖြစ် ကန့်သတ်အသုံးပြုခဲ့ရသည့် အဆိုပါကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများအား ယင်းဒေသကြီးနှစ်ခုတွင်ပင် ရွေ့လျားအသုံးပြုနိုင်ခွင့်ကို ပြီးခဲ့သည့်ဇွန်လက တိုးမြှင့်ချထားပေးခဲ့သည်။

ထိုမှ လာမည့်နှစ်ဆန်းပိုင်းမှ စတင်ကာ တစ်နိုင်ငံလုံးအနှံ့ သယ်ဆောင်အသုံးပြုနိုင်စေရန်အတွက် တိုးမြှင့်ချထားပေးရခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(အလုံရုံးချုပ်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၇၃ ဖြင့်စသော အဆိုပါ ငါးသိန်းတန်ဖုန်းများ တစ်နိုင်ငံလုံးအနှံ့ အသုံးပြုခွင့်ချထားပေးလိုက်သော်လည်း ဖုန်းငှားရမ်းခကို ဈေးတိုးမည်မဟုတ်ဘဲ ဖုန်းခေါ်ဆိုခများကိုမူ လျှောက်ထားသည့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ကျော်လွန်မှသာ တစ်မိနစ်လျှင် တစ်ဆယ်ကျပ်နှုန်းတိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ စီဒီအမ်အေ ၈၀၀ဖုန်းများ တစ်နိုင်ငံလုံး အသုံးပြုနိုင်ပါက စီဒီအမ်အေ 450 MHz ဖုန်းထက်ပင် ပိုမိုလျှောက်ထားလာကြမည်ဖြစ်ကြောင်း ရန်ကုန်မြို့တွင်း မိုဘိုင်းဖုန်းအရောင်းဆိုင်အချို့မှ ဈေးကွက်ကျွမ်းကျင်သူများကဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီဒီအမ်အေ 800 MHz ဖုန်း Sim Card များအား စီဒီအမ်အေ 450 MHz ဖုန်းအိမ်များအတွင်းသို့ပြောင်းလဲထည့်သွင်းအသုံးပြုနိုင်သည့် Roaming စနစ်ကိုထည့်သွင်းပေးထားသဖြင့် စီဒီအမ်အေ 450 MHz ဖုန်းများ အသုံးပြုနိုင်သည့် နယ်မြေဒေသအားလုံးတွင်ပါအသုံးပြုနိုင်မည်ဖြစ်သည်ဟုဆိုသည်။

ထို့အပြင် အဆိုပါစီဒီအမ်အေ 800 MHz ဖုန်းများ၏ကုဒ်နံပါတ်များအား ယခုလတ်တလော ရန်ကုန်တိုင်းဒေသကြီးအတွက် အသုံးပြုနေသည့် ၀၁-၇၃×××××× နှင့်မန္တလေးတိုင်းဒေသကြီး အတွက်အသုံးပြုနေသည့် ၀၂-၉၁×××××× ကုတ်နံပါတ်များအစား ရှေ့ဆုံးကုတ်နံပါတ်များအား ၀၉-×××××××× ဖြင့် အသုံးပြုနိုင်ရန်ပါပြောင်းလဲဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း အထက်ပါတာဝန်ရှိသူများက ဆိုသည်။

ယခုလက်ရှိအချိန်ထိ အဆိုပါ ကျပ်ငါးသိန်းတန်စီဒီအမ်အေ 800 MHz ဖုန်းများအား ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွက် ဖုန်းလိုင်းပေါင်းတစ်သိန်းခွဲကျော် ချထားပေးပြီးဖြစ်ပြီး နောက်ထပ်အလုံးရေတစ်သိန်းခွဲခန့် ထပ်မံချထားပေးမည်ဖြစ်ကြောင်းလည်းသိရသည်။ နောက်ဆုံးရရှိသောသတင်းအရ ယခုလ ၁၀ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး သယ်ဆောင်အသုံးပြုနိုင်နေပြီဖြစ်ကြောင်း သိရသည်။

# ကျွဲ၊ နွား ခွာနာ၊ လျှာနာရောဂါတိုက်ဖျက်ရန် တောင်ကိုရီးယားက ကန်ဒေါ်လာသုံးသန်းကူညီမည်ဟုဆို

**သဇင်ထွေး**

**ရန်ကုန်၊ ဒီဇင်ဘာ – ၉**

**ကျွဲ၊နွားခွာနာလျှာနာရောဂါကာကွယ်ဆေးထုတ်လုပ်ရန်နှင့်သုတေသနလုပ်ငန်းများအတွက်စီမံကိန်းတစ်ခုဆောင်ရွက်နိုင်ရန်တောင်ကိုရီးယားနိုင်ငံမှကန်ဒေါ်လာသုံးသန်းခန့် ကူညီမည်ဖြစ် ကြောင်း တိရစ္ဆာန်ဆေးကုဦးစီးဌာန၊ ခွာနာ၊ လျှာနာဌာနစိတ်မှ ဒေါက်တာခင်မောင်လတ်ကပြောသည်။**

အဆိုပါရောဂါအတွက် ကူညီပေးရန် မြန်မာနိုင်ငံမှ အဆိုပြုထားခြင်းဖြစ်ကာ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA ၏ အစီအစဉ်မှတစ်ဆင့် ကူညီသွားမည်ဖြစ်ကြောင်းသိရသည်။

“ဒီစီမံကိန်းကိုလုပ်ဖို့အတွက် KOICAအဆိုပြုထားတာ ကြာပါပြီ။ ကူညီဖို့အတွက် ဒီလလောက်မှာ တိတိကျကျအဖြေကို သိရမယ်။ ရလည်းရမှာပါ။ လက်ရှိလယ်ယာလုပ်ငန်းအတွက် အသုံးပြုနေတဲ့ ကျွဲ၊နွားအရေအတွက်နဲ့စာရင် ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်မှုနည်းပါးနေသေးတယ်”ဟု ဒေါက်တာခင်မောင်လတ်ကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးပေါ် အဓိကထားပြီး လယ်ယာ ထွန်ယက်ခြင်း၊ သီးနှံသယ်ယူပို့ဆောင်ခြင်းတို့အတွက် ကျွဲ၊ နွားများကို အားကိုးနေရဆဲဖြစ်ကာ ခွာနာ၊ လျှာနာရောဂါများ ကျရောက်ပါက လယ်ယာလုပ်ငန်းခွင်များထိခိုက်စေနိုင်ကြောင်း သိရသည်။ KOICAသည် ခွာနာ၊ လျှာနာရောဂါတိုက်ဖျက်ရေးအတွက် ဓာတ်ခွဲခန်းထူထောင်ရန်ကူညီခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှော်ဘီနှင့် တိုက်ကြီးမြို့နယ်များတွင်တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခွာနာ၊ လျှာနာရောဂါဌာနစိတ်တွင် စေတနာ့ဝန်ထမ်းထားရှိ၍ ဝန်ထမ်းများကို ခေတ်မီနည်းပညာများဖြန့်ဝေပေးခြင်း စသည့်လုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ကားဘီးလေဖြည့်ရာတွင် နိုက်ထရိုဂျင်ဓာတ်ငွေ့ သုံးစွဲသူများလာ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ – ၈**

ကားတာယာများတွင် လေအစားအပူအအေး ရာသီဥတုပြောင်းလဲမှုကို ပိုမိုခံနိုင်သည့် နိုက်ထရိုဂျင်ဓာတ်ငွေ့သုံးစွဲလာမှု ပိုများလာကြောင်း စုံစမ်းသိရသည်။

ယခင်ကားဘီးများတွင် အသုံးပြုသော သာမန်လေသည် ပူသည့်အခါ ပွသည့်အတွက် ခရီးဝေးသွားလျှင် တာယာများကွဲခြင်း၊ ပွင့်ထွက်ခြင်းများဖြစ်တတ်သည်ဟု ဆိုသည်။ ထို့ကြောင့် ယာဉ်တိမ်းမှောက်မှုများ၊ ယာဉ်တိုက်မှုများဖြစ်ပြီး၊ အသက်ဆုံးရှုံးမှုများကြုံတွေ့နေရကြောင်း Green Park ကား service center ၏မှ ပိုင်ရှင်ဦးအောင်ဟိန်းက ဆိုသည်။

“ရိုးရိုး လေက ခရီးဝေးသွားရင် အပူရှိန်များတော့ သတိထားရတယ်။ လေပေါင်ကို မြို့တွင်းမှာ မောင်းတာထက် လျှော့ထားသင့်တယ်။ သူက အပူချိန်ကိုလိုက်ပြီး အတက်အကျရှိတယ်။ နိုက်ထရိုဂျင်ကတော့ တိုးလာတာ လျော့သွားတာတွေ မရှိဘူး” ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

လက်ရှိတွင် နိုက်ထရိုဂျင်ဓာတ်ငွေ့ကို အသုံးပြုသူများမှာ တန်ဖိုးကြီး ကားပိုင်ရှင်အများစုဖြစ်ပြီး အငှားယာဉ်များတွင် အချို့သာ ရှိသေးကြောင်းကိုလည်း သိရသည်။ နိုက်ထရိုဂျင်သည် ကားဘီးတစ်ဘီးစာလျှင် လေပေါင် ၃၀ အောက်အတွက် ၁,၅၀၀ ကျပ်ဝန်းကျင်၊ လေပေါင် ၃၀ အထက်ဆိုပါက ၂၀၀၀ကျပ်ဝန်းကျင်ရှိသည်။ သာမန်လေသည် ကားဘီးတစ်လုံးလျှင် ကျပ် ၁၀၀ ဝန်းကျင်သာရှိ၍ ကုန်ကျစရိတ်တွင် များစွာကွာခြားသည်ကိုတွေ့ရသည်။

“ကားသမားတိုင်းက နိုက်ထရိုဂျင်ကို မသုံးကြသေးဘူး။ ဈေးများတာလည်းပါတယ်။ အလွယ်တကူဖြည့်မရသေးတာလည်းပါတယ်”ဟု INGO တစ်ခုမှ ယာဉ်မောင်းတစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ယခင်က အမြန်လမ်းမရှိသေးသည့်အတွက် တာယာကွဲခြင်း၊ ပွင့်ခြင်း အန္တရာယ်များအနည်းငယ်သာ ရှိသော်လည်း ယခုအခါ အမြန်လမ်းမကြီးရှိသဖြင့် အရှိန်လွန်မောင်းခြင်းကြောင့် ကားတာယာများပူ၍ ပွင့်ထွက်မှုများရှိလာသည်။

ယင်းကြောင့် တာယာသုံးစွဲမှုကိုလည်း စနစ်တကျ လေ့လာဝယ်ယူသုံးစွဲသင့်ကြောင်း Green Park မှ ပိုင်ရှင်က အကြံပြုသည်။ ပြည်တွင်း၌ ရောင်းချနေသည့် နာမည်ကြီးကားတာယာအချို့တွင် သက်တမ်းလွန်များ၊ သက်တမ်းကုန်ခါနီးများရှိသဖြင့် အန္တရာယ်များ ကြုံတွေ့ရပြီး အသက်ဆုံးရှုံးမှုများရှိနေကြောင်းကိုလည်း သိရသည်။

ထို့အပြင် ကားမောင်းသူအချို့သည် ကားမောင်းစဉ် အိပ်ငိုက်၍ တာယာဘေးသားကို တစ်စုံတစ်ခုနှင့် ပွတ်တိုက်မိပြီး တာယာပွင့်မှုများလည်း ရှိသည်။

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# မိုးကုတ်ဒေသခံများ တစ်နိုင်တစ်ပိုင် လုပ်ကွက်များခွင့်ပြုရန် မျှော်လင့်

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဒီဇင်ဘာ - ၁

မိုးကုတ်မြို့ခံလူထုမှာ လာမည့် ၂၀၁၁ ခုနှစ်တွင် တစ်နိုင်တစ်ပိုင် တွင်းလုပ်ကွက်များ ချထားပေးမည်ဟူသော သတင်းများ ထွက်ပေါ်နေခြင်းနှင့်အတူ အဆိုပါ တွင်းလုပ်ကွက်မှာ ၎င်းတို့ဒေသအတွက် အဓိကမျှော်လင့်ချက် တစ်ခုဖြစ်နေကြောင်း ဒေသခံများကဆိုသည်။

တစ်နိုင်တစ်ပိုင် တွင်းလုပ်ကွက်များရလာပါက ကျောက်တူးဖော်ရေးသာမက ယင်းနှင့်ဆက်စပ်နေသည့် လုပ်ငန်းများဖြစ်သော ခဲခွဲခြင်း၊ ကျောက်သွေးခြင်း၊ လက်ဝတ်ရတနာလုပ်ငန်းများ၊ကျောက်ရောင်းဝယ်မှု စည်ကားလာခြင်းနှင့်အတူ အခြားအရောင်းအဝယ် စီးပွားရေးလုပ်ငန်းများ ပြန်လည်စည်ကားလာနိုင်ကြောင်းဒေသခံများကပြောသည်။

ယခုကဲ့သို့ တစ်နိုင်တစ်ပိုင် တွင်းများကို ဒေသခံများ မျှော်လင့်နေခြင်းသည် ဒေသခံများ လတ်တလောရင်ဆိုင်နေရသည့် စီးပွားရေးဈေးကွက်နှင့် စားဝတ်နေရေးပြဿနာများကြောင့် အဓိကအချက်ဖြစ်ကြောင်း ဒေသခံစီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။



ဓာတ်ပုံ - သိမ့်သိမ့်စိုး

မိုးကုတ်ရှိ လုပ်ကွက်တစ်ခုတွင် လုပ်ငန်းခွင်ဝင်နေကြသော ဒေသခံများ။

ယခင်က ဒေသခံများ ကျောက်တူးဖော်ရေးလုပ်ငန်း လုပ်ဆောင်ပါက တူးဖော်သည့်ပုံစံ၊ အကျယ်အဝန်းသတ်မှတ်ချက်များဖြင့် တူးဖော်ရမှုများရှိကြောင်းဒေသခံတွင်းသမားအချို့ကပြောသည်။

"အရင်က တွင်းတူးတာနဲ့ ပတ်သက်ပြီး ကန့်သတ်ချက် တချို့တော့ရှိတယ်။ စက်နဲ့တူးမှာလား၊ လက်နဲ့လား၊ ဘယ်နှလက်မထက် မကျော်ရဘူးဆိုတွေရှိတယ်။ ဒီလိုတူးတာနဲ့ပတ်သက်ပြီး ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ လုပ်တာလားတော့ သေချာမသိဘူး"ဟု အဆိုပါဒေသခံတစ်ဦးကပြောသည်။

အဆိုပါတစ်ပိုင်တစ်နိုင် တွင်းများ လုပ်ကွက်ရလာပါက လုပ်ငန်းတိုင်းလိုလိုတွင် လည်ပတ်မှု အားကောင်းလာပြီး မိုးကုတ်မြို့၏ စီးပွားရေးမှာ ပြန်လည်ဦးမော့နိုင်သည့်အပြင် ဒေသခံများလက်ရှိကြုံတွေ့နေရသော စားဝတ်နေရေးပြဿနာများလည်း ပိုမိုချောင်လည်လာနိုင်ကြောင်း အဆိုပါ ဒေသခံများက ၎င်းတို့၏ အမြင်ကိုပြောသည်။

# ငါးမြင်းငါး အရှင်ဖမ်းမိသူကို ဆုငွေချီးမြှင့်မည်

သန်းဌေး

ရန်ကုန်၊ ဒီဇင်ဘာ - ၇

မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် မြန်မာ့ဒေသရင်း ငါးမျိုးစိတ်တစ်ခုဖြစ်သော "ငါးမြင်းငါး" အား အရှင်ဖမ်းဆီးရမိသူကို ဆုငွေထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးက ပြောကြားသည်။

"ဌာနက သားဖောက်ပေးဖို့ စီစဉ်ချင်လို့ပါ" ဟု ၎င်းက ပြောကြားသည်။

ငါးမြင်းငါးများအား တစ်နှစ်လျှင် လေးကြိမ်နှုန်းဖြင့် ငါးမြင်းရင်းတန်း ငါးဖမ်းဆီးခွင့် လိုင်စင်ချပေးသည်။ ၂၀၁၀ ဒီဇင်ဘာ ၂ ရက်က တွံတေးတူးမြောင်းနှင့်တိုး မြစ်ဆုံရာတွင် ငါးဖမ်းလှေ ၁၅၇ စီးမှ ငါးမြင်းပိဿာချိန် ၁၅၀ ဖမ်းဆီးရရှိမိခဲ့ကြောင်း ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဦးဝေက ပြောကြားသည်။



ဓာတ်ပုံ - daylife.com

စံပြငါးဈေးတွင်အလုပ်လုပ်နေသော လုပ်သားများ။

ထို့ကြောင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ပထမအပတ်တွင် ဒုတိယအကြိမ် ငါးမြင်းငါးဖမ်းဆီးခွင့်ချပေးသောအခါ အရှင်ဖမ်းဆီးမိသူကို ယခုကဲ့သို့ ဆုတော်ငွေချီးမြှင့်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားခြင်း ဖြစ်သည်။

"ငါးမြင်းက ရေထဲမှာ အသက်ပြင်းပေမယ့် လှေပေါ်တင်လိုက်တဲ့အခါ အသက်နုပြီး သေရော" ဟု ငါးလုပ်ငန်းကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

ငါးမြင်းငါးသည် ရှားပါးငါးမျိုးစိတ်တစ်မျိုးဖြစ်သည်။ ရေကြီး၊ ရေလျှံခြင်းနှင့် မုန်တိုင်းကျသောကြောင့် ယခုနှစ် စတင်ဖမ်းဆီးချိန်တွင် များစွာရရှိခဲ့ပြီး နောင်နှစ်များတွင် သားဖောက်၍ မွေးမြူနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ စီစဉ်နေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# ဆန်းဘူမိ၏ ရန်ကုန်-ကွာလာလမ်ပူ ခရီးစဉ် ခေတ္တရပ်နား

အောင်သူရ

ရန်ကုန်၊ ဒီဇင်ဘာ - ၈

အဲပုဂံလေကြောင်းလိုင်းမှ လေယာဉ်ငှားရမ်း၍ ရန်ကုန်-ကွာလာလမ်ပူသို့ တစ်လလျှင် လေးကြိမ် ပျံသန်းပေးနေသော ဆန်းဘူမိလေကြောင်းလိုင်း၏ခရီးစဉ်အား ဒီဇင်ဘာလ ၈ရက်မှစ၍ ခေတ္တရပ်နားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အပြီးရပ်တာတော့ မဟုတ်သေးဘူး။ ဒီဇင်ဘာမှာတော့ မပျံတော့ဘူး။ လေယာဉ်ထပ်ငှားလို့ရရင်တော့ ပြန်ဆွဲဖို့ ရှိပါတယ်"ဟု ဆန်းဘူမိလေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။

အဲပုဂံလေကြောင်းလိုင်းမှ ငှားရမ်းပြေးဆွဲခဲ့သော ဖော်ကာ ၁၀၀ လေယာဉ်မှာ စက်ပိုင်းဆိုင်ရာ စစ်ဆေးမှုပြုလုပ်ရန်ရှိသဖြင့် ထပ်မံမငှားတော့ကြောင်း အဆိုပါတာဝန်ရှိသူက ဆိုသည်။

ဆန်းဘူမိလေကြောင်းလိုင်း သည် ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ရန်ကုန်-ကွာလာလမ်ပူခရီးစဉ်ကို စတင်ပြေးဆွဲခဲ့သည့် မလေးရှားအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သည်။

# ရနောင်းရုံးတွင် ယာယီနိုင်ငံကူးလက်မှတ်များ ဆက်လက်ထုတ်ပေး

သဇင်ထွေး

ရန်ကုန်၊ ဒီဇင်ဘာ - ၆

ထိုင်းနိုင်ငံ၊ ရနောင်းမြို့တွင် ဖွင့်ထားသော ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးကို ၂၀၁၁ ဖေဖော်ဝါရီလအထိ ဖွင့်လှစ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံ အတွင်းသို့သွားရောက်လုပ်ကိုင်သော မြန်မာနိုင်ငံသားများ လွယ်ကူစွာသွားရောက်လုပ်ကိုင်နိုင်ရေး၊ တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် ထိုင်းနိုင်ငံ ရနောင်းမြို့တွင် ၂၀၁၀ ဇွန်လက မြန်မာဘက်က သွားရောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးဖွင့်လှစ်သည့် ဇွန်လမှစ၍ နိုဝင်ဘာ ၂၉ရက်ထိ နိုင်ငံကူးလက်မှတ် ၁၅၂,၈၃၈အုပ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

"ယာယီနိုင်ငံကူးလက်မှတ်ကို ထုတ်ပေးဖို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်တာပါ။ ဒီနှစ် ဖေဖော်ဝါရီလထဲက စတင်ပြီး နယ်စပ်ပေါက်တွေမှာထားပြီး ဆောင်ရွက်တယ်။ ရွှေ့ပြောင်းလုပ်သားတွေနဲ့ ဟိုဘက်က မရှိသေးတဲ့သူတွေကို တရားဝင်လုပ်ကိုင်နိုင်အောင် လုပ်ပေးတာပါ။ ရနောင်းမှာတော့ ဟိုဘက်ကမ်းက အလုပ်သမားတွေ အဆင်ပြေအောင် လာလုပ်နိုင်အောင်ပါ။ လက်ရှိလည်း ထုတ်ပေးနေတယ်"ဟု တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ရနောင်းရုံးမှာ မူလက စက်တင်ဘာလကုန်တွင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းအား ရပ်ဆိုင်းမည်ဟု စီစဉ်ထားပြီးမှ သက်တမ်းတိုးကာ ဆက်လက်ထုတ်ပေးနေခြင်းဖြစ်သည်။

ယာယီနိုင်ငံကူးလက်မှတ်ရုံးများကို လူအများဆုံးထွက်ပေါက်ဖြစ်သည့် တာချီလိတ်၊ ကော့သောင်း၊ မြဝတီ၊ ရနောင်းမြို့တို့တွင် ဖွင့်လှစ်ထားသည်။ သို့သော် ယခုအခါ ရနောင်းနှင့် တာချီလိတ်ရုံး နှစ်ရုံးကသာ လက်ရှိအလုပ်လုပ်နေသည်။



## ဘားကမ့်ရန်ကုန် ၂၀၁၁ကို ဖေဖော်ဝါရီလတွင် ကျင်းပမည်

ယုဇနကိုကို

ရန်ကုန်၊
ဒီဇင်ဘာ – ၁၂

မည်သူမဆိုတက်ရောက် ဆွေးနွေးခြင်းပြုလုပ်နိုင်မည့် လွတ်လပ်သည့်နည်းပညာဆိုင်ရာဆွေးနွေးပွဲတစ်ခုဖြစ်သည့် ဘားကမ့်ရန်ကုန် ၂၀၁၁ (Barcamp Yangon 2011) ကို လာမည့်နှစ်ဖေဖော်ဝါရီလ ၁၉ရက်မှ၂၀ရက်အထိရန်ကုန်မြို့တွင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့အတွက် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး တစ်နိုင်ငံလုံးအတွက်တတိယအကြိမ်မြောက်ဖြစ်လာမည့် ဘားကမ့်ရန်ကုန် ၂၀၁၁တွင် နည်းပညာဆိုင်ရာမည်သည့်အကြောင်းအရာကိုမဆို တက်ရောက်လာသူအချင်းချင်း လွတ်လပ်စွာဆွေးနွေးဖလှယ်နိုင်ပြီး နည်းပညာနှင့်ပတ်သက်သည့် ဟောပြောခြင်းများကိုလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း အဆိုပါပွဲ စီစဉ်နေသူများကပြောသည်။

“ဘားကမ့်ဆိုတာက လွတ်လပ်တဲ့ဆွေးနွေးချက်တွေကို အခြေခံထားတဲ့ တက်ရောက်လာသူအချင်းချင်း အပြန်အလှန်နီးနီးကပ်ကပ်ဆွေးနွေးနိုင်တဲ့ နည်းပညာဆွေးနွေးပွဲပါ။ ပြီးတော့ဘယ်သူတွေက ဘာအကြောင်းအရာတွေကို ဆွေးနွေးမှုပြုလုပ်မယ်၊ ဘာတွေကိုဟောပြောချင်တယ်ဆိုတာတွေကလည်း ပွဲအတွင်းကိုရောက်မှ လုပ်ဆောင်ရမှာပါ” ဟု အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ဘားကမ့်ရန်ကုန် ၂၀၁၁ မတိုင်မီ တွင် မန္တလေးမြို့အတွက် ပထမဆုံးဖြစ်သည့် ဘားကမ့်မန္တလေး ၂၀၁၁ ကိုမူ လာမည့်နှစ်ဖေဖော်ဝါရီလ ၁၂ရက်မှ ၁၃ရက်အထိကျင်းပသွားမည်ဖြစ်သည်။


မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)၏ ပံ့ပိုးမှုဖြင့် ပြည်တွင်းကွန်ပျူတာပညာရှင်များ၊ ပြည်တွင်းဘလော့ဂါများအပြင် နည်းပညာနယ်ပယ်မှ စိတ်ဝင်စားသူများဖြင့် စတင်ဖွဲ့စည်းခဲ့သည့် အဆိုပါဘားကမ့်၏ ပထမအကြိမ်မြောက်ပွဲအား ရန်ကုန်မြို့ရှိ မြန်မာအင်ဖိုတက်အဆောက်အအုံဝင်းအတွင်း နှစ်ရက်ဆက်တိုက် ကျင်းပခဲ့သည်။ ဘားကမ့် ၂၀၁၁ ကိုလည်း ဖေဖော်ဝါရီလ ၁၉ရက်မှ ၂၀ရက်အထိ အဆိုပါနေရာတွင်ပင် နံနက်၉နာရီမှ ညနေ၆နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပွဲတွင် တက်ရောက်လာသူများအတွက် အင်တာနက်အသုံးပြုမှုအဆင်ပြေစေရန် Wireless Internet စနစ်ကို အခမဲ့စီစဉ်ပေးထားမည်ဖြစ်သည်။

## ကိုရီးယားမော်ဒယ်တစ်ဦး မြန်မာနိုင်ငံသို့ လာရောက်ရန်စီစဉ်နေဟုဆို

အေးသူစံ

ရန်ကုန်၊ ဒီဇင်ဘာ ၁၃



ကိုရီးယားနိုင်ငံမှ ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံးမော်ဒယ်ဆုကိုရရှိထားသူ ကိုရီးယားမော်ဒယ် စောယုရီသည် လာမည့်ဇန်နဝါရီလ၌ ရန်ကုန်မြို့တွင် ကျင်းပမည့် အလှကုန်ပစ္စည်း နှင့်ပတ်သက်သည့် မော်ဒယ်ပြိုင်ပွဲတစ်ခုသို့ လာရောက်ရန် စီစဉ်ညှိနှိုင်းမှုများ လုပ်နေကြောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် Sister Land ကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ ကိုကျော်နိုင်ဦးက ပြောသည်။

“သူက ကျွန်တော်တို့ကုမ္ပဏီက တင်သွင်းတဲ့ Lisange အလှကုန်ရဲ့ Brand Model ဖြစ်ပါတယ်။ ကျွန်တော်တို့ အလှကုန်တွေအတွက် လာမယ့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီမှာ Mr & Ms ပြိုင်ပွဲလုပ်ဖို့ရှိတဲ့အတွက် အဲဒီပြိုင်ပွဲအတွက် ကိုရီးယားမော်ဒယ် စောယုရီ လာရောက်ဖို့ သူနဲ့ ကျွန်တော်တို့ညှိနှိုင်းနေကြပါတယ်” ဟု ကိုကျော်နိုင်ဦးက ပြောသည်။

ယင်းပြိုင်ပွဲအတွက် ကိုရီးယားမော်ဒယ် စောယုရီနှင့်အတူ ကိုရီးယားနိုင်ငံမှ ဒါရိုက်တာများနှင့် ကိုရီးယားမိတ်ကပ်ပညာရှင်များလည်း လာရောက်ကာ အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ Mr Ecorre & Ms. Lisange ပြိုင်ပွဲကို ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရပြီး Ecorreနှင့် Lisange ကိုရီးယားအလှကုန်များကို မြန်မာနိုင်ငံတွင် တင်သွင်းဖြန့်ချိနေသည့် Sister Land ကုမ္ပဏီက ကြီးမှူးကျင်းပခြင်းဖြစ်သည်။

## မန်းတွင်ပြုလုပ်မည့် မြန်မာ – ဗီယက်နမ်ဆွေးနွေးပွဲအစီအစဉ်ပြောင်းလဲ

အောင်သူရ

ရန်ကုန်၊
ဒီဇင်ဘာ – ၁၁

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးမြို့တွင် ပြုလုပ်မည့် ဆွေးနွေးပွဲအား အစီအစဉ်ပြောင်းလဲလိုက်ကြောင်း သတင်းရရှိသည်။

“ရှမ်းပြည်နယ်က ခရီးသွားဒေသတွေအကြောင်းဆွေးနွေးဖို့လုပ်ထားတာ အစီအစဉ်ပျက်သွားတယ်လို့ပြောလို့မပြရတော့ဘူး။ ဘာကြောင့်လဲတော့မပြောဘူး” ဟု တောင်ကြီးဒေသခံခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

အဆိုပါ ဆွေးနွေးပွဲအား ရန်ကုန်မြို့တွင် ဒီဇင်ဘာ ၁၄ ရက်၊ မန္တလေးမြို့တွင် ဒီဇင်ဘာ ၁၅ ရက်၌ ပြုလုပ်ရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

မန္တလေးမြို့၌ ပြုလုပ်မည့် ဆွေးနွေးပွဲအားပြောင်းလဲလိုက်သော်လည်း ထိုဧည့်သည်အဖွဲ့အားပုဂံဒေသသို့သွားရောက် ပြသမည်ဖြစ်ကြောင်း နောက်ဆက်တွဲသတင်းရရှိသည်။

ဗီယက်နမ်နိုင်ငံမှ လာရောက်သူများထဲတွင် ဗီယက်နမ်စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနမှ အကြီးအကဲများ၊ ဟိုချီမင်းမြို့တော်ပြည်သူ့ကော်မတီမှ အကြီးအကဲများဦးဆောင်သော ဟန္နိုင်းနှင့် ဟိုချီမင်းမြို့မှ လုပ်ငန်းရှင်များပါဝင်သည်ဟု သိရသည်။

အဆိုပါ အဖွဲ့အား မြန်မာနိုင်ငံသို့ လှည့်လည်သော Road Show Trip ကို ဒီဇင်ဘာလ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းက သတင်းထုတ်ပြန်ထားသည်။

## ကားဈေးကွက် ပြန်ဦးမော့ရန် မလွယ်တော့ဟုဆို



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ကားဝယ်ရောင်းတချို့က ကားဈေးကွက်မှာ ပျက်နေပြီဟုပင် ဆိုနေကြသည်။**

မြတ်စုမွန်၊ ပြည်သိမ်း

ရန်ကုန်၊ ဒီဇင်ဘာ-၁၃

ကာလအတော်ကြာ အကျဘက်သို့ ဦးတည်နေခဲ့သည့် ကားဈေးကွက်အတွင်းသို့ အပြင်ဝယ်လက်အနည်းငယ်ပြန်ရောက်လာပြီး ကားဈေးကို ပြန်လည်ဆွဲတင်သော်လည်း ဦးမော့လာမည့် အလားအလာမတွေ့ရကြောင်း ဟံသာဝတီမော်တော်ကားရောင်းဝယ်ရေး စခန်းမှ ကားဝယ်ရောင်းတစ်ဦးက သုံးသပ်သည်။

“လွန်ခဲ့တဲ့ ၄၊ ၅ ရက်က အပြင်ဝယ်လက် နည်းနည်း ရောက်လာတယ်။ ကားဈေးများ ပြန်တက်လာမလားဆိုပြီး ပြန်ဆွဲတင်ကြပေမယ့် ပြန်အေးသွားပါတယ်။ အခု ကားဈေးကွက်က အရမ်းကြီးပြောလို့ မရတော့ဘူး။ ဈေးကွက်ပျက်သွားပြီ”ဟု ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

လက်ရှိအခြေအနေနှင့် အကျဘက်သို့သာ ဦးတည်နေခဲ့သည့် ကားဈေးကွက်ကို ကြည့်ခြင်းအားဖြင့် ကားဈေးကွက်ပြန်လည်ဦးမော့လာရန် ၇၀ ရာခိုင်နှုန်းအထိ သေချာမှုမရှိတော့ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးကပြောသည်။

သို့သော် အမြင့်ကားအချို့မှာ ကျပ်သိန်း ၂၀ မှ ၄၀ အထိ တက်လာသည်ကို တွေ့ရကြောင်း ဟံသာဝတီမော်တော်ကားရောင်းဝယ်ရေးစခန်းမှ ကားပွဲစားတစ်ဦးက ပြောသည်။

“၉၉ မတ်ခ်တူးနဲ့ ရှေ့ငါးတွေ တက်လာတယ်။ အပေါ်ကား ၄၈၊ ၅၈ တွေက အရင်က တစ်စီးကို သိန်း ၇၀၀ လောက်ရှိတဲ့ကားတွေက လိုင်စင်မဲ့ကားတွေ လိုင်စင်ချပေးအပြီးမှာ သိန်း ၆၀၀ ကျော်ကျလာတယ်” ဟု ၎င်းကပြောသည်။

ယခုလ ၁၄ ရက်တွင် ဌာနဆိုင်ရာကားများ လေလံပွဲရှိပြီး၊ အဆိုပါ လေလံကြောင့် လက်ရှိကားဈေးကွက်ကို ထိခိုက်မည် မထင်ကြောင်း အထက်ပါကားပွဲစားကဆိုသည်။

“လေလံတွေ အရောင်းအဝယ်ဖြစ်လာမယ်ဆိုရင် ကျန်တဲ့ကားတွေဈေးနည်းနည်း မာလာနိုင်တယ်လို့ ကျွန်တော်တို့ မျှော်လင့်နေတယ်”ဟု ၎င်းကဆက်ပြောသည်။

ထို့အပြင် ပြည်ပကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံမည်ဆိုသည့်သတင်းကြောင့် ကားဈေးကွက်အတွင်း ကားအရေအတွက်များလာမည်ကိုလည်း မျှော်လင့်နေသူများရှိကြောင်း ကားဝယ်ရောင်းတစ်ဦးက သုံးသပ်သည်။

“ဈေးကွက်ထဲမှာ အခု ရောင်းချင်သူတွေကလည်း အရမ်းချမရောင်းဘူး။ ဝယ်မယ့်လူတွေကလည်း ကျနေတဲ့ဈေးကို ထပ်ချပြီး လိုချင်နေကြတယ်။ ပြီးတော့ နိုင်ငံခြားက ကားတင်သွင်းခွင့်တွေပေးမယ်ဆိုတဲ့ သတင်းတွေကြောင့် ကားပေါ်လာမလားဆိုပြီး စောင့်ကြည့်သူတွေများတယ်” ဟု ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

## ထားဝယ်ရေနက်ဆိပ်ကမ်းကြောင့် နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုတိုးလာဖွယ်ရှိ

အားမာန်

ရန်ကုန်၊
ဒီဇင်ဘာ – ၁၀

မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့်ပထမဆုံး ရေနက်ဆိပ်ကမ်းဖြစ်သော ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ပြီးပါက မြန်မာ-ထိုင်းနယ်စပ်ရှိ မော်တောင်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရန် အလားအလာကောင်းကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းကို ထိုင်းနိုင်ငံရှိ ITD-Italian Thai Development ကုမ္ပဏီနှင့် မြန်မာအစိုးရတို့ ပူးပေါင်း၍ စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ထိုစီမံကိန်းကြီးတစ်ခုလုံးကို အဆင့်သုံးဆင့်ခွဲ၍ ဆယ်နှစ်အတွင်းပြီးရန် ရည်ရွယ်ထားသည်။

အဆိုပါထားဝယ်ရေနက်ဆိပ်ကမ်း ပြီးစီးပါက မော်တောင်မှာ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းသစ်အဖြစ် ဖွင့်လှစ်ရန် အလားအလာကောင်းမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူများကရှင်းပြသည်။ မြန်မာ-ထိုင်း နယ်စပ်တွင် လက်ရှိ၌ နယ်စပ်ကုန်သွယ်ရေးစခန်း ၄ခုရှိသည်။ မြဝတီ၊ ထားဝယ်၊ ကော့သောင်း၊ တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်းတို့ဖြစ်ပြီး၊ မြဝတီ နယ်စပ်ကုန်သွယ်ရေးစခန်းမှာ လက်ရှိတွင် လုပ်ငန်းဆောင်ရွက်မှုများ ယာယီရပ်ဆိုင်းထားသည်။

မြန်မာနိုင်ငံမှာ နယ်နိမိတ်ချင်း ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေး ပြုလုပ်ရန် နယ်စပ်ကုန်သွယ်ရေး စခန်း ၁၂ခုဖွင့်လှစ်ထားသည်။ မြန်မာ-တရုတ် နယ်စပ်တွင် စခန်း ၄ခု၊ မြန်မာ-ထိုင်းနယ်စပ်တွင် စခန်း ၄ခု၊ မြန်မာ-အိန္ဒိယနယ်စပ်တွင် ၂ခုနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် စခန်း၂ခုဖြစ်သည်။ ထို့အပြင် ကုန်ပစ္စည်းစစ်ဆေးသော စခန်း ၂ ခုကိုလည်း ကျိုက်ထိုမြို့နယ်အနီးရှိ မရမ်းချောင်းနှင့် လားရှိုးမြို့နယ်အနီးရှိ ရေပူစမ်းတို့တွင် ဖွင့်လှစ်ထားသည်။

Life
7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

အဝတ်က ခပ်နွမ်းနွမ်း၊ လူကပိန်ပိန်ပါးပါး၊
ဆံပင်ဖြူ ကျိုးတိုးကျဲတဲနှင့်
ခါးတစ်ချက်မကိုင်းသေးဘဲ
ကျန်းမာသန်စွမ်းနေသော ဒေါ်အေးမေကို
အသက် ၇၄နှစ်ရှိပြီဟုပြောလျှင် ယုံနိုင်ဖွယ်မရှိပါ။
သို့သော် သူမ၏ မျက်လုံးအရောင်ကတော့
လူအိုတစ်ယောက်၏သရုပ်သကန်ကိုပေါ်လွင်စွာ
အရောင်တွေ မှဲ့လို့နေပါပြီ။

# ကျွန်မဈေးသည်

ခွန်နှဆင့်သူသူ



"ကြီးကြီး၊ ဆီထမင်းရောင်းတာ ဘယ်လောက်ကြာပြီလဲ"

"ကြာပြီ၊ ၁၅ နှစ်ရှိပြီ"

"တစ်နေ့ ကောက်ညှင်း ဘယ်လောက်ကုန်လဲ"

"ငါးလုံးပဲ ကုန်တယ်။ အရင်တုန်းကတော့ ၁၀ လုံး၊ တစ်ပြည်ကုန်တယ်။ အခု ဈေးထိပ်မှာ ဆီထမင်းသည်က သုံးဦးဖြစ်လာတော့ မကုန်တော့ဘူး"

"ငါးလုံးဆိုတော့၊ အရင်းက ဘယ်လောက်လဲကြီးကြီး"

"၇၅၀"

"ရောင်းပြီးရင် ဘယ်လောက်ပြန်ရလဲ"

"၂၀၀၀၊ ၁၈၀၀ ပေါ့"

"အမြတ်နည်းတာပေါ့နော်၊ ၁၀၀၀ လောက်ပဲကျန်တာပေါ့။ စားလောက်ရဲ့လား ကြီးကြီးရယ်"

"ဘယ်စားလောက်မလဲ၊ သားအငယ်ဆုံးက အလုပ်ရှိတော့ သုံးသောင်းပေးတယ်။ သားအကြီးက ဒုက္ခိတ။ သားအလတ်က အမူးသမား၊ အလုပ်မရှိဘူး။ လက်ရှိ ဒီသားသုံးယောက်နဲ့နေတယ်။ နေပြည်တော်မှာရှိတဲ့ သမီးက လူကြုံနဲ့ တစ်သောင်း ပို့ပို့ပေးတယ်။ ကျန်တဲ့သူတွေကတော့ သူတို့ဒုက္ခနဲ့ သူတို့ မပေးနိုင်ကြပါဘူး"

"သားသမီး ဘယ်နှယောက်ရှိလို့လဲ ကြီးကြီး"

"၁၂ ယောက်မွေးတာ၊ ၇ ယောက်ပဲ အဖတ်တင်တယ်။ ကြီးကြီးက ၁၆ နှစ်နဲ့ ယောကျ်ားယူခဲ့တာ၊ အဲဒီကတည်းက စပြီးဈေးရောင်းခဲ့ရတာ ဒီနေ့ထိပါပဲ။ တစ်ချက်ကလေးမှ အနားမယူခဲ့ရဘူး"

ဒေါ်အေးမေ အိမ်ထောင်ကျပြီး ဈေးစရောင်းတော့ မနက်ပိုင်းမှာ ပဲပြုပ်ရောင်းသည်။ နေ့ခင်းဘက်မှာ မုန့်ကြာစေ့၊ သာကူရောင်းသည်။ ရပ်ကွက် သုံးခုလုံးကို မနက်တစ်ခါ၊ နေ့လယ်တစ်ခါ ဈေးဗန်းရွက်ပြီး လှည့်လည်ရောင်းရသည်ကို မောတယ်၊ ပန်းတယ် မထင်။ ဈေးသည်ဘဝက ငွေမြင်ရတာမို့ ဈေးရောင်းရတာကို ဒေါ်အေးမေပျော်သည်။ ကလေးတွေအဖေက ဆိုက်ကားသမား၊ ဆိုက်ကားနင်းပြီး ရသမျှပိုက်ဆံကို အရက်သောက်ပစ်သည်။ ဒေါ်အေးမေကို အိမ်စရိတ်မပေး။ ကလေးတစ်ယောက်မွေးတိုင်းတော့ နို့ဆီဘူးအမြဲဝယ်ပေးသည်။ နို့ဆီဘူးကို ပုဆိုးခါးပုံစထဲက ထုတ်ကာ "အေးမေ ရော့ ကလေးအတွက်"ဟု ပြောပြီး ပေးတတ်သည်မှာ တစ်ပတ်တစ်ခါ။

ငယ်ငယ်ရွယ်ရွယ်၊ ဘာမှနားမလည်သေးတဲ့ ၁၆ နှစ်မှာ ခိုးရာလိုက်ပြေးသော်လည်း နောက်ဆုံးတော့ အမေ့အိမ်ပေါ်မှာပဲ တက်နေရသည်။ အမေက ဒေါ်အေးမေ ဈေးရောင်းသွားချိန်တွေမှာ ကလေးတွေ ထိန်းပေးသည်။

"ကလေးမွေးပြီး တစ်လပြည့်တာနဲ့၊ ဈေးဗန်းဆွဲပြီး ထွက်တော့တာပဲ။ အိမ်မှာ ထိုင်နေရတာကို ပျင်းတယ်။ ဈေးရောင်းပြီး ပြန်လာရင် မနက်ဖြန်အတွက် အရင်းချန်ပြီး ကျန်တဲ့ပိုက်ဆံ အမေ့လက်ထဲထည့်လိုက်တာပဲ"

နေ့စဉ် ရပ်ကွက် သုံးခုလောက်ကို မနက်တစ်ခါ၊ နေ့ခင်းတစ်ခါ၊ လမ်းလျှောက်နေရ၍လားမသိ။ ဒေါ်အေးမေက ကျန်းမာသည်။ နေထိုင်မကောင်းလို့ ဆေးခန်းသွားရတယ်ဆိုတာ မရှိ။ တော်ရုံ၊ တန်ရုံလောက်ကတော့ ပါရာစီတမော့လောက်နှင့် ပြီးသည်။ ဒေါ်အေးမေမရောင်းဖူးသည့် မုန့်ပဲသရေစာဆိုတာလည်း မရှိတော့။ မုန့်ကြာစေ့၊ သာကူ၊ မုန့်လက်ကောက်၊ မုန့်ဖက်ထုပ်၊ ပြောင်းဖူးပြုတ်၊ မြေပဲပြုတ် စသည်ဖြင့် အမျိုးပေါင်းစုံပြီ။ အခု နောက်ဆုံး ဆီထမင်းရောင်းတာမြဲနေသည်။

အသက်ကကြီးလာတော့ အရင်တုန်းကလိုလည်း နေ့ခင်းဘက်ထွက် မရောင်းနိုင်တော့။ ခွေးနှစ်ခါ အကိုက်ခံရပြီးကတည်းက ရပ်ကွက်ထဲ လှည့်လည်ဈေးရောင်းရသည့်ဘဝကို စိတ်ကုန်သွားသည်။ တောင်ဥက္ကလာ၊ ၁၃ ဈေးထိပ်၊ လက်ဖက်ရည်ဆိုင်ရှေ့လေးမှာပဲ ထိုင်ရောင်းတော့သည်။

မနက် ၄ နာရီထပြီး ကောက်ညှင်းချက်၊ ၆ နာရီခွဲမှာ ဈေးစရောင်းပြီ။ ၈ နာရီခွဲ၊ ၉ နာရီဆို ကုန်သွားပြီ။ အပြန်မှာ ဈေးထဲ က ဟင်းစားဝယ်၊ မနက်အတွက် လိုအပ်တာဝယ်၊ အိမ်ပြန်ပြီး ထမင်း၊ ဟင်းချက်ပြုတ်၊ ရေချိုး၊ ဒုက္ခိတသားနဲ့ အရက်သမားကို ထမင်းခူးခပ်ကျွေး၊ ထမင်းစား၊ နေ့ခင်း တစ်နာရီမှာ အိမ်ရှေ့အိမ်က ခမ္မမိတ်ဆွေဆီသွားပြီး အမ်အာတီဗီဖိုးက လာတဲ့ တရားခွေကို နာ၊ စကားစမြည်ပြော၊ ကော်ဖီသောက်၊ ပြီးရင် အိမ်ပြန်တစ်ရေးအိပ်၊ ညနေကျတော့ ညစာအတွက် တစ်ခါ ချက်ပြုတ်ဖို့ ပြင်ဆင်၊ မနက် ဟင်းတစ်မျိုး၊ ညဟင်းတစ်မျိုး စားတတ်သည်မှာ ဒေါ်အေးမေ၏ အကျင့်။ သူများတွေလို မနက်စာ၊ ညစာ ပေါင်းချက်ထားခြင်းမျိုး ဒေါ်အေးမေ မလုပ်။ ညကျတော့ သားတွေကို ထမင်းခူးခပ်ကျွေး၊ ဤသည်မှာ ဒေါ်အေးမေ၏ နိစ္စဓူဝ ဘဝကိုစ္စ။

"ယောကျ်ားဆုံးတာ ၇ နှစ်ရှိသွားပြီ။ ကြီးကြီးကတော့ ခုထိ ဘာရောဂါမှ ကြီးကြီးမားမား မရှိသေးဘူး။ အမေထားခဲ့တဲ့ အိမ်လေးရှိတော့ နေဖို့တော့ မပူရပါဘူး။

စာ(၁၁)သို့



## ဈေးဝယ်ထွက်မယ်

## ဆောင်းမပီ မိုးမပြတ်တဲ့ ရာသီဥတုနဲ့လိုက်ဖက်တဲ့ အဝတ်အစားတွေရှိတဲ့နေရာ

အိဖြူလွင်

ဆောင်းမပီမိုးမပြတ်သေးတဲ့ အခုလို ရာသီဥတုနဲ့ နေရာဒေသအလိုက် လိုက်လျောညီထွေဖြစ်ဖို့နဲ့ စမတ်လည်းကျ သက်သောင့် သက်သာဖြစ်ဖို့အတွက် စဉ်းစားဖို့လိုလာပါပြီ။

မိန်းကလေးတွေတင်မက ယောကျ်ားလေးတွေအတွက်ပါ စတိုင်ရှိနေဖို့ရာသီဥတုနဲ့လိုက်ဖက်ညီနေဖို့ အဝတ်အစားတွေက လိုအပ်တာကြောင့် ဒီတစ်ပတ်မှာတော့ ရာသီစာဖက်ရှင်လေးတွေကို ဈေးဝယ်ထွက်နိုင်ဖို့ လမ်းညွှန်ပေးချင်ပါတယ်။

လူငယ်ကြိုက် ပုံစံနဲ့ ပေါ့ပေါ့ ပါးပါးဝတ်အင်္ကျီတွေကအရမ်းကြီး ဆန်းပြားတဲ့ပုံစံတွေမဟုတ်ပေမယ့် သက်သောင့်သက်သာဖြစ်မှုနဲ့ စမတ်ကျနေမှာသေချာတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ပေးနိုင်မှာပါ။

လူငယ်တွေအားလုံးကို သပ်ရပ်သွားစေနိုင်တဲ့ ရန်ကုန်မြို့ရဲ့ ရာသီဥတုနဲ့လည်း သင့်တော်တဲ့ ဒီအနွေးအင်္ကျီတွေက အမျိုးသားတွေကို လူလတ်ပိုင်းအရွယ်ထိ ဝတ်ဆင်လို့ရနိုင်တဲ့ပုံစံတွေဖြစ်ပါတယ်။

ပုံစံတွေက မရိုးလွန်း၊ မဆန်းလွန်းတဲ့ခေတ်မီမီ အနွေးထည်လေးတွေက ကျောင်းသွားဖို့၊ ရုံးသွားဖို့၊ ညပိုင်းမှာ အေးတဲ့ဆောင်းညတွေမှာ အပြင်ထွက်ရင် မဖြစ်မနေဝတ်ဆင်လိုမှာလည်း အသေအချာပဲမို့ မရှိမဖြစ်ဝယ်ထားသင့်ပါတယ်။

တရုတ်နိုင်ငံမှ တင်သွင်းပြီး အရည်အသွေးကောင်းပြီးဈေးနှုန်းလည်း သင့်တင့်တဲ့အင်္ကျီတွေက ပုံစံတွေ၊ အရောင်တွေအများကြီးရှိတာကြောင့် စိတ်ကြိုက်ရွေးချယ်နိုင်ပြီး ပုံစံနဲ့အရည်အသွေးပေါ်မူတည်ပြီးဈေးနှုန်းကွာခြားပါတယ်။

အမြဲတမ်း လန်းဆန်းတက်ကြွနေတဲ့ပုံစံနဲ့ စတိုင်မိုက်မိုက်လေးတွေဖြစ်ချင်ရင် ယုံကြည်မှုအပြည့်နဲ့ ရှားပါးလှတဲ့ အေးအေးချမ်းချမ်းဆောင်းတွင်းလေးမှာ စိတ်ကျေနပ်မှုတွေအပြည့်ရချင်ရင်တော့ အသင့်တော်ဆုံးဈေးဝယ်ထွက်နိုင်တဲ့နေရာလေးရှိပါတယ်။

ရန်ကုန်မြို့လယ်က သွားရ လွယ်တဲ့နေရာတစ်ခုလည်းဖြစ်တဲ့ လပြည့်ဝန်းပလာဇာ ၃လွှာက Super Action Fashion Shop မှာ လူငယ်ကြိုက်ဒီဇိုင်းတွေမျိုးစုံရှိနေတာကြောင့် ဈေးဝယ်ထွက်သူတွေစိတ်ကျေနပ်မှုရရှိမှာပါ။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

7 DAY NEWS JOURNAL
Vol.9, No.38 · DECEMBER 16, 2010

# ဖေ့စ်ဘွတ်ခ်တွင် သုံးစွဲသူအချင်းချင်း နှောင့်ယှက်မှုများရှိ

နေလင်းအောင်

ရန်ကုန်၊ ဒီဇင်ဘာ – ၄

**ပြည်တွင်း အင်တာနက်သုံးစွဲသူများထဲတွင် ယခုနှစ်ပိုင်းအတွင်း သုံးစွဲမှုအများဆုံး လူမှုရေးကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် ဖေ့စ်ဘွတ်ခ်အားအသုံးပြုသူများလာသည်နှင့်အမျှ ယင်းကွန်ရက်ကိုအသုံးပြုသူအချို့က အခြားသုံးစွဲသူများအား နှောင့်ယှက်တိုက်ခိုက်မှုများရှိလာသည်။**

ယင်းသို့ နှောင့်ယှက်မှုများတွင် သုံးစွဲသူများ စိတ်အနှောင့်အယှက်ဖြစ်စေမည့် စာသားများ ဝင်ရောက်ရေးသားခြင်း၊ ညစ်ညမ်းဓာတ်ပုံများ ဝင်ရောက်ဖြန့်ဝေခြင်း၊ အသုံးပြုသူများ၏ Wall များတွင် အမည်မသိနာမည်များနှင့် ဆဲဆိုပုတ်ခတ်မှုများ တင်ခြင်းနှင့် အချို့အသုံးပြုသူများ၏အကောင့်ကို ပုံတူပွား၍ နှောင့်ယှက်ခြင်းများရှိနေကြောင်းသိရသည်။

“ဖေ့စ်ဘွတ်ခ်က အခုနောက်ပိုင်းမှာ Social ဆိုက်ဆိုတာထက်ကို ပြည်တွင်းက အခြေအနေတွေကို Share လုပ်လာကြတာများတော့ သတင်းပျံ့တာကလည်း မိနစ်ပိုင်းနဲ့အမျှကို မြန်နေတယ်။ ဒီနောက်ပိုင်းမှာ ပြည်တွင်းအနေနဲ့ တော်တော်ကို အကြိုက်တွေ့လာကြတယ်။ ဒီအထဲမှာ လူပေါင်းစုံက ရည်ရွယ်ချက်ပေါင်းစုံနဲ့ ဝင်သုံးနေကြတာဆိုတော့ ဒီလိုတိုက်ခိုက်မှုတွေ ကြုံရမှာပေါ့”ဟု အိုင်တီပညာရှင်တစ်ဦးက သုံးသပ်ပြောသည်။

ယင်းသို့ ပြုလုပ်သူများတွင် ပြည်တွင်း ပြည်ပမှ သုံးစွဲသူများနှင့် အဖွဲ့အစည်းအနေဖြင့် သုံးစွဲသူများ ပါဝင်နေပြီး ဆိုက်တစ်ခုလုံးအား တိုက်ခိုက်ရန်မလွယ်ကူခြင်းကြောင့် သုံးစွဲသူများကို နှောင့်ယှက်နေကြခြင်းဖြစ်သည်။

ယင်းနှင့် ပတ်သက်၍ ကြုံတွေ့ရသူတစ်ဦးကမူ “ပြီးခဲ့တဲ့တစ်ပတ်က ကျွန်တော့်အကောင့်နာမည်နဲ့ ဆင်တူ နာမည်တစ်ခုက ကျွန်တော့်စာမျက်နှာမှာ သူငယ်ချင်းကောင်မလေးတွေရဲ့ ပုံကို မဖွယ်မရာပြန်ပြင်ပြီး တင်သွားတယ်။ ပြီးတော့ နာမည်တွေပါ ထိုးသွားတာ။ အဲဒီသူငယ်ချင်းတွေထဲက အချို့ဆို ကျွန်တော့်ကို စကားတောင်မပြောကြတော့ဘူး တစ်လောကလည်း ပေါက်ကရတွေ လာရေးသွားသေးတယ်”ဟု ၎င်း၏အတွေ့အကြုံကိုပြောသည်။


ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ခေတ်လူငယ်များအတွက် ဖေ့စ်ဘွတ်ခ်အသုံးပြုခြင်းမှာ နိစ္စဓူဝအလုပ်ဖြစ်လာနေသည်။**


ယင်းကိစ္စများကြောင့် သုံးစွဲသူများအနေဖြင့် မိမိအကောင့်ကိုမိတ်ဆွေအဖြစ် ဖိတ်ခေါ်သူအား လက်ခံမှုမပြုခင် လေ့လာသင့်ပြီး ဖြစ်နိုင်လျှင် နေ့စဉ်အချိန်နှင့်အမျှ မိမိအကောင့်အား စောင့်ကြည့်ရှင်းလင်းသင့်ကြောင်း ကျွမ်းကျင်သူ အချို့ကပြောသည်။

ဖေ့စ်ဘွတ်ခ်သည် ကမ္ဘာတစ်ဝန်းတွင် သုံးစွဲသူ ငါးသန်းကျော်ရှိနေပြီး မြန်မာနိုင်ငံတွင်မူ ၂၀၀၉ ခုနှစ်နောက်ပိုင်း သုံးစွဲသူသိသိသာသာများပြားလာပြီး လက်ရှိတွင် သုံးစွဲသူသိန်းဂဏန်းခန့်ရှိနေကြောင်း ကျွမ်းကျင်သူအချို့က ခန့်မှန်းသည်။










ဂုဏ်ယူဝမ်းမြောက်ခြင်း

ထိုင်းနိုင်ငံ SIAM CEMENT GROUP မှ ၂၀၁၀ ခုနှစ်အတွက် Excellence Awards as Business Partner ဆုကို Farmer Phoyarzar Co., Ltd. အား ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဆက်လက်၍ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

Myitmakha Int'l Trading Co., Ltd.
Toe Ayeyar Agri Export Trading Co., Ltd .
Yarzar Waddy Trading Co., Ltd.
Asia Modern General Trading Co., Ltd.
[illegible] " [illegible] " Transportation
Khine Khine Phyo Int'l Trading Co., Ltd.

# စာကြည့်တိုက်ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ်သိန်းခုနစ်ထောင်ကျော်ရရှိထား

သန်းဌေး

ရန်ကုန်၊ ဒီဇင်ဘာ – ၉

အစိုးရကျောင်းများတွင် ပြင်ပစာပေများ ဖတ်ရှုမှုမြင့်မားလာရေးအတွက် စာကြည့်တိုက်ဖောင်ဒေးရှင်းတည်ထောင်ကာ စာအုပ်နှင့် ဂျာနယ်ပေါင်းစုံ လိုက်လံလှူဒါန်းပေးနေကြောင်း တာဝန်ရှိသူများကပြောကြားသည်။

"ဒီကျောင်းမှာ ပထမဆုံးခြေလှမ်းစတာပါ"ဟု အမှတ်(၁)အစိုးရအထက်တန်းကျောင်း ဒဂုံမြို့သစ်မြောက်ပိုင်းတွင် ယနေ့ပြုလုပ်သော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဦးကိုကို (စက်မှုတက္ကသိုလ်)က ပြောကြားသည်။

၎င်းက ဆက်လက်၍ "အခုကစ ဖယောင်းတိုင်ထွန်းတာပါ" ဟုပြောကြားပြီး ယခုလှူဒါန်းသောစာအုပ်နှင့် ဂျာနယ်ပေါင်းစုံအား အခြားသောကျောင်းများ အသီးသီးခွဲဝေပေးပြီး စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ထပ်မံလှူဒါန်းဦးမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ယခုလှူဒါန်းမှုတွင် ကာလတန်ဖိုး ၄၅၀,၀၀၀ကျပ် တန်ဖိုးရှိ စာအုပ်နှင့် ဂျာနယ်ပေါင်းစုံ လှူဒါန်းခဲ့သည်။ စာကြည့်တိုက်ဖောင်ဒေးရှင်းတည်ထောင်ရန် ငွေကြေးအလှူခံရာတွင် တစ်ရက်တည်းဖြင့် ကျပ်ငွေသိန်းခုနစ်ထောင်ကျော်ရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"သားတို့က မနက်ပိုင်းတက်ရတာပါ။ ဒီနေ့အတွက် လွယ်အိတ်တောင် ယူလာစရာမလိုဘဲ စာအုပ်နဲ့ ဘောပင်ပဲယူလာရတယ်။ စာကြည့်တိုက်မှာ စာအုပ်ငှားကတ်နဲ့ စာဖတ်ဖြစ်ပါတယ်" ဟု အဌမတန်းကျောင်းသားတစ်ဦးကပြောသည်။

စာကြည့်တိုက်များတွင် စာစု၊ စာပြု၊ စာငှားလုပ်ငန်းသုံးရပ်ဖြင့် ကျွမ်းကျွမ်းကျင်ကျင်နိုင်နိုင်နင်းနင်းဖြစ်စေရန် စာကြည့်တိုက်မှူးများက တစ်နိုင်ငံလုံးဆောင်ရွက်ပေးနေကြောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးအေးကြွယ်က ပြောကြားသည်။

# ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အာစရိယပူဇော်ပွဲ

ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို (၄. ၁. ၂၀၁၁)ရက် (လွတ်လပ်ရေးနေ့) (၁၃:၀၀)နာရီအချိန်တွင် အ. ထ. က(၁)နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လိုပါက အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်နိုင်ပါသည်။ ဦးလှရွှေ (ဥက္ကဌ၊ ရေနံချောင်းမြို့နယ်အသင်း) ဖုန်း- ၀၁-၅၇၂၄၄၀ (ရန်ကုန်)၊ ဦးမောင်မောင် (ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်း) ဖုန်း- ၀၂-၃၁၈၃၆ (မန္တလေး)၊ ဦးကျော်ညွန့် (ဗဟိုတရားရုံးရှေ့နေ) ဖုန်း-၀၆၃-၂၂၁၈၀ (မကွေး)၊ ဒေါ်မြင့်မြင့် (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၆၀-၂၁၀၆၇၊ ဦးမြမောင် (ဥက္ကဌ၊ ကျောင်းကော်မတီ) ဖုန်း- ၀၆၀-၂၁၁၁၁၊ ဦးဝင်းထွန်း (လေယာဉ်ပျံဆေးလိပ်ခုံ) ဖုန်း- ၀၆၀-၂၁၁၀၆ (ရေနံချောင်း)။

## စာ-၉၊ ကျွန်မဈေးသည် မှ

ဘဝတစ်လျှောက်လုံး၊ အလုပ်နဲ့လက်နဲ့ မပြတ်အောင် ပင်ပန်းဆင်းရဲခဲ့တာ၊ အမေ့ကို စိတ်ဆင်းရဲအောင်လုပ်ခဲ့လို့ပေါ့။ ကြီးကြီးလင်နောက်လိုက်တော့ အမေကရင်ဘတ်ထု ထုပြီးငိုတာ။ ရင်ဘတ်မှာ အညိုအမဲစွဲထင်နေတော့တာ။ သေတဲ့အထိ မပျောက်ဘူး။ အမေလည်း အဲဒီကတည်းက ကျန်းမာရေး မကောင်းတော့တာပဲ။ သူသဘောမတူလို့ တားနေတဲ့ကြားထဲက ကြီးကြီးက ဇွတ်လုပ်ခဲ့တာလေ။ "မိဘမျက်ရည်တစ်စက်၊ သားသမီးတစ်သက်" ဆိုတာ ဟုတ်လိုက်လေသမီးရယ်"

ဆီထမင်းဗန်းကို ခေါင်းပေါ်ရွက်ရင်း ကြော့ကြော့လေး ထွက်ခွာသွားသော ဒေါ်အေးမေ၏ ခြေလှမ်းများကမူ ယိမ်းယိုင်ခြင်း မရှိသေး။ ။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ကောင်းမှု သာ ပျော်မွေ့ရာ . . .

အမှုတစ်ခုခုကို ပြုလုပ်သည့်အတွက် နောင်တ တစ်ဖန်ပူပန်ရတတ်ခြင်း၊ မျက်ရည်စက်လက် ငိုကြွေးလျက် ဆင်းရဲခံရခြင်းဖြစ်တတ်လျှင် ထိုအမှုသည်မကောင်း။ (ဓမ္မပဒ-၆၇)

သူမိုက်သည် မိမိပြုသော မကောင်းမှု အကျိုးမပေးသေးသမျှ ကာလပတ်လုံး မကောင်းမှုကို နှစ်သက်ဝမ်းမြောက်စွာ ပျားသကာကဲ့သို့မှတ်ထင်၏။ သူ၏ မကောင်းမှုအကျိုးပေးသောအခါ သူမိုက်သည် ဆင်းရဲဒုက္ခသို့ရောက်လေ၏။ (ဓမ္မပဒ-၆၉)

ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ အကြောင်းအကျိုးမသိ၊ ပညာမရှိသောလူမိုက်တို့သည် မေ့မေ့လျော့လျော့ အချိန်ဖြုန်းကြ၏။ ပညာရှိသောသူသည်ကား မမေ့မလျော့သောသတိတရားကို မြတ်သောဥစ္စာကဲ့သို့စောင့်ရှောက်၏။ (ဓမ္မပဒ-၂၆)

ကုသိုလ်ကောင်းမှု၌ မမေ့လျော့သောသတိတရားကို ပညာရှိတို့ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။ (ဓမ္မပဒ-၃၀)

ရည်ညွှန်း- "ဓမ္မပဒ" ကမ္ဘာ့သာသနာပြု သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသေဋ္ဌိလဘိဝံသ(၁၈၉၆-၁၉၉၇)

# ပြည်ပမှဝယ်လိုအားကျဆင်း၍ငါးမြစ်ချင်းမွေးမြူသူများအခက်တွေ့

သန်းဌေး

ရန်ကုန်၊

ဒီဇင်ဘာ – ၃



ငါးမြစ်ချင်းငါး မွေးမြူထုတ်လုပ်မှုမှာ ပြည်ပမှ ဝယ်ယူမှုကျဆင်းနေသောကြောင့် ငါးမြစ်ချင်းငါး မွေးမြူရေးလောကနှင့် ဆက်စပ်နေသူများ အခြေအနေဆိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးထွန်းအေးကပြောကြားသည်။

"ငါးဈေးနှုန်းက တစ်ပိဿာကို လေးရာကျတယ်။ အဓိကက ဝယ်လိုအားနည်းတော့ နိုင်ငံခြားက အမှာစာရတာနည်းတယ်။ ရောင်းလို့မရဘူး။ ကုမ္ပဏီတွေက ဈေးလျှော့ရောင်းတယ်။ ပိုကျတယ်။ အရောင်းထိုင်းတော့ ဈေးထပ်လျှော့တယ်။ ဒါ့ကြောင့် ဈေးပိုကျတယ်"ဟု ၎င်းကပြောကြားသည်။

"ဒီတစ်ကြိမ် အရှုံးခံရောင်းလို့ ထပ်မွေးပြီး ရောင်းမယ်ဆိုတာတောင် ဝယ်မယ့်စက်ရုံတွေဘက်က အခက်အခဲဖြစ်နေပြီ" ဟု မြန်မာ့ငါးမြစ်ချင်းငါးသားပေါက် ထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်ဦးဝင်းကြိုင်က ပြောကြားသည်။

ဝယ်သူရှိပါက တစ်နေ့လျှင် ပိဿာချိန် ၅၀,၀၀၀ နှုန်းဖြင့် ၃၆၅ ရက်အထိ နေ့စဉ်ရောင်းထုတ်ပေးနိုင်သော ငါးမြစ်ချင်းငါးကန်ဧက ၅,၀၀၀ မွေးမြူလုပ်ကိုင်နေသော ဝါဝါဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ ငါးမွေးမြူရေးတာဝန်ခံဒေါ်စမ်းစမ်းဦးကလည်း ၎င်းကြုံတွေ့ရသောအခက်အခဲကို ယခုလို ပြောပြသည်။

"ဧက အများကြီး မွေးထားပြီး မမြတ်ဘူးဆိုရင် ဘာကြောင့်ဆက်လုပ်နေရလဲဆိုတော့ ရပ်လို့ကို မရတဲ့အခြေအနေမို့ ဆက်လုပ်နေရတာပါ။ ငါးတွေ ထွက်လာပြန်တော့ ဝယ်မယ့်သူမရှိဖြစ်နေတယ်"ဟု လွန်ခဲ့သော ဆယ်နှစ်ကာလ ငါးမမွေးတတ်သည့် အခြေအနေမှ စတင်လုပ်ကိုင်ခဲ့သူ ၎င်းကပြောကြားသည်။

ယခု လောလောဆယ် အဝယ်ရပ်နေချိန်တွင် ငါးများအား အစာကျွေးထားရသဖြင့် အစာဈေးနှုန်းမှာလည်း ကြီးမြင့်နေပြီး နေပူရှိန်မြင့်လာသောကြောင့် ငါးကန်အချို့တွင် နေ့စဉ် ငါးကောင်ရေ ရာဂဏန်းနှုန်း သေဆုံးခြင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးသန်းလွင်ကလည်း ပြောကြားသည်။

"အဆိုးရွားဆုံး အခြေအနေကတော့ ငါးကျန်းမာရေးနဲ့ပတ်သက်ပြီး ရာသီဥတုဒဏ်မခံနိုင်တော့ သေကျေပျက်စီးဆုံးရှုံးနစ်နာမှုပါပဲ။ အခု ဆုံးရှုံးနစ်နာမှုများနေပါပြီ"ဟု ၎င်းက ပြောကြားသည်။

ယခုအခြေအနေမျိုး ဆက်လက်ဖြစ်နေပါက ကြုံလာရမည့် ရာသီဥတုကြောင့် "ရှုံးတဲ့အထဲက ဆုံးမယ့်သဘော ဖြစ်လာနိုင်ပါပြီ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဈေးကွက်သဘောတရားအရ ယခု ငါးမြစ်ချင်းငါးဖြစ်သကဲ့သို့ ၂၀၀၀ ခုနှစ် ဝန်းကျင်ကလည်း ပုစွန်အရောင်းဈေးနှုန်းကောင်း၍ အဖွဲ့အစည်း ၅၀ ခန့် ဝိုင်းဝန်းမွေးမြူကြပြီး ရှုံးသောအခါ ပုစွန်လုပ်ငန်းကဏ္ဍတစ်ခုလုံး ဘုန်းဘုန်းလဲခဲ့ရကြောင်း မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဌ (၂)ဦးနှင်းဦးက ပြောကြားသည်။

"ငါးမွေးမြူရေးရော၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်တွေရော အခုချိန်မှာ ဖြူခါပြာခါကျနေပါပြီ" ဟု ၎င်းကပြောသည်။

၂၀၀၇ ခုနှစ်ခန့်တွင် လုံးဝရပ်ဆိုင်းခဲ့ရသော ရေငန်ပုစွန်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကဲ့သို့ ငါး မြစ်ချင်းငါးလောကတွင် မဖြစ်ပေါ်ရေးအတွက် ဆက်စပ်ပတ်သက်နေသူအားလုံး ဝိုင်းဝန်းအဖြေရှာချိန်တန်ပြီဖြစ်ကြောင်း ဦးထွန်းအေးကပြောသည်။

"ကျွန်တော်ကတော့ စက်ရုံရပ်ဖို့မရှိဘူး။ ငါးပို့သူဘက်က ငွေကိုစောင့်မယ်ဆိုရင် အအေးခန်းစက်ရုံထဲကို ကွန်တိန်နာလေး၊ ငါးဆယ်လုံးစာ ပစ်ထည့်ထားပေးမယ်"ဟု ၎င်းကပြောကြားသည်။

ငါးမွေးကန်ထဲတွင် ဆက်လက်ထားပြီး ရာသီဥတုပူပြင်းသောကြောင့် ငါးများ သေဆုံးမည်ကိုစိုးရိမ်ပါက ကန်ဖော်ပြီး စက်ရုံထဲတွင် ထည့်ပေးထားနိုင်ကြောင်း ဦးထွန်းအေးက ဖြစ်နိုင်ခြေတစ်ခုကို ဆွေးနွေးသည်။

ကုန်ပစ္စည်းတင်ပို့သူများအနေဖြင့် ကုန်ကြမ်းအဆင်သင့်ဖြစ်ပြီး ဈေးကွက်ထဲမှ ဝယ်သူကိုရှာဖွေရန် အခြေအနေပေးပါက အထက်ပါနည်းလမ်းကို ကျင့်သုံးရန် တင်ပြပြောဆိုသည်။ သို့ရာတွင် နှစ်လ၊ သုံးလခန့် ကြန့်ကြာနိုင်ကြောင်း ၎င်းက ခန့်မှန်းပြောကြားသည်။

ဦးသန်းလွင်ကလည်း နှစ်ဖက်မျှသော ဈေးနှုန်းဖြင့် ဝယ်ယူပေးခြင်းဖြင့် ငါးမြစ်ချင်းမွေးသူ အခြေခံထုတ်လုပ်ရေးသမားများဘက် ငဲ့ကွက်လုပ်ကိုင်သင့်ကြောင်း ထောက်ပြပြောဆိုသည်။

မြန်မာ့ငါးမြစ်ချင်းငါးကို အဓိက ဝယ်ယူနေသော အရှေ့အလယ်ပိုင်းနိုင်ငံများမှ စီးပွားရေးသမားများသည် ယခု မြန်မာ့ငါးလောကပြဿနာကို ၎င်းတို့၏လူခံများထံမှ သိရှိနေသဖြင့် ဈေးကွက်ကို ကစားနေခြင်းဖြစ်ကြောင်း ဒေါက်တာမြင့်စိန်က ပြောကြားသည်။

ထို့ကြောင့် ယခု ရင်ဆိုင်နေရသောအခက်အခဲကို ကျော်လွှားနိုင်ရန် မွေးမြူထုတ်လုပ်၊ အေးခဲ၊ တင်ပို့ရောင်းချသူ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် နိုင်ငံတော်ပိုင်းက ပါဝင်ရောက်ကူညီဖြေရှင်းပေးသင့်ကြောင်း ဦးသန်းလွင်က အကြံပြုသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ကာလအတွင်း ငါးမွေးကန်ဧက ၂၁၇,၀၀၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စုစုပေါင်း ဧက ၁၅၀,၀၀၀ ငါးမွေးမြူရာ အများစုမှာ ငါးမြစ်ချင်းငါးဖြစ်ပြီး ပြည်ပတင်ပို့သော ရေချိုငါးမျိုးစုံ၏ ၇၅ ရာခိုင်နှုန်းမှာလည်း ငါးမြစ်ချင်းငါးပင်ဖြစ်သည်။

ထို့ကြောင့် ယခု ဘဏ္ဍာနှစ်၏ နိုဝင်ဘာလကုန်အထိ ရှစ်လတာအတွင်း ရေချိုငါးတင်ပို့မှုမှ ကန်ဒေါ်လာသန်း ၈၀ ကျော်ရရှိထားပြီးဖြစ်၍ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ကန်ဒေါ်လာ ၁၂၅ သန်းခန့်ရရှိနိုင်ကြောင်း ဦးဝင်းကြိုင်က ပြည်ပတင်ပို့မှု အရည်အသွေးစစ်ဆေးရေးဌာနခွဲမှ စာရင်းဇယားကို ကိုးကား၍ပြောကြားသည်။

မြန်မာနိုင်ငံသည် အာရှပစိဖိတ်ဒေသနိုင်ငံများထဲတွင် ရေသတ္တဝါမွေးမြူရေးလောက၌ ငါးမြစ်ချင်းငါး အများဆုံးမွေးမြူသောနိုင်ငံဖြစ်ကြောင်း မကြာသေးမီက ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့က တရားဝင်ထုတ်ပြန်ကြေညာထားသည်။

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# ရေထွက်ကုန်များပြည်ပပို့ရာတွင်ကုန်တင်လေယာဉ်ဖြင့်ပို့ရန်လက်မှတ်ရေးထိုး

သန်းဌေး

**ရန်ကုန်၊ ဒီဇင်ဘာ- ၇**

မြန်မာ့ရေထွက်ကုန်များ ပြည်ပတင်ပို့ရာတွင် ကုန်တင်လေယာဉ်များဖြင့် သီးသန့်တင်ပို့နိုင်ရေး သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ပြည်ပတင်ပို့မှုစစ်ဆေးရေးဌာနခွဲညွှန်ကြားရေးမှူး ဦးဝင်းမြင့်မောင်ကပြောသည်။

"လေကြောင်းက ပို့တာ ရေထွက်ကုန်က အများဆုံးပါ။ လေကြောင်း ခရီးစဉ်မှာ ခရီးသည် ရရှိမှုနည်းမှ လိုတဲ့အလေးချိန်ကို ရေထွက်ကုန်တင်ရတာမို့ အခု ကာဂို(ကုန်တင်လေယာဉ်)နဲ့ပို့နိုင်ရေး လက်မှတ်ရေးထိုးခဲ့တယ်"ဟု ၎င်းကပြောသည်။

ထိုသဘောတူညီမှုကို မင်္ဂလာဒုံကာဂိုဆားဗစ် (MCS) နှင့် သက်ဆိုင်ရာ ဌာနတို့က နိုဝင်ဘာလ ၂၄ ရက်တွင် ဆီဒိုးနားဟိုတယ်၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ရေထွက်ကုန်များ တင်ပို့ရာတွင် အရည်အသွေးမီ ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်ရန် ယခုကဲ့သို့လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ထိုသို့မတင်ပို့မီကုန်သိုလှောင်ရုံများ အရှင်ထား စက်ရုံများ အအေးခန်းစက်ရုံများပါတည်ဆောက်ရေးနှင့် နိုင်ငံတကာ အဆင့်မီရောဂါထိန်းချုပ်စစ်ဆေးရေး ဓာတ်ခွဲခန်းများလည်းဆောက်လုပ်ပေးရန် သဘောတူခဲ့ရကြောင်း စုံစမ်းသိရသည်။"မြန်မာ့ရေထွက်ပစ္စည်းတွေ မြန်မာ့ လေကြောင်းလိုင်းတွေက မြန်မာလုပ်ငန်းရှင်များ တင်ပို့နိုင်ရင် အများကြီး အကျိုးရှိမယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးနှင်းဦးကပြောသည်။

ငါး၊ ငါးရှဉ့်၊ ကဏန်း၊ ကဏန်းပျော့၊ အေးခဲအမဲသားနှင့် ပုစွန်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်သို့ တင်ပို့လျက်ရှိသည်။

"ကာဂိုဆားဗစ် (ကုန်တင်လေယာဉ်ဖြင့်တင်ပို့မှု)မရှိလို့ ကုန်ပစ္စည်းတွေကို ကုန်ကြမ်းအနေနဲ့ တင်ပို့ရတာများတယ်။လေကြောင်းလိုင်းဆားဗစ်ရပြီဆို ရေလုပ်ငန်းပို့ကုန်တိုးတက်လာမယ်"ဟုမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးဟန်ထွန်းကပြောကြားသည်။

မင်္ဂလာဒုံကာဂိုဆားဗစ်မှာ ၂၀၁၁ ခုနှစ် နှစ် လယ်ပိုင်းမှသာ လုပ်ငန်းများ စတင်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မင်္ဂလာဒုံကာဂိုဆားဗစ်(MCS)သည် ထူးထရေးဒင်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး မင်္ဂလာဒုံလေဆိပ်တွင် ကုန်ပစ္စည်းနှင့် သက်ဆိုင်သော ဝန်ဆောင်မှုကို တစ်ဦးတည်းရရှိထားသော ကုမ္ပဏီဖြစ်သည်။ (7DayNews ဂျာနယ်၊ အတွဲ(၉)အမှတ်(၃၆)တွင် ဖော်ပြပြီး)

## ကြက်သွန်နီ အကြော်နှင့်အခြောက်ကို ပြည်ပတင်ပို့ခွင့်ပြုဟုဆို

ကျော်သီဟ

**ရန်ကုန်၊ ဒီဇင်ဘာ - ၉**

ကြက်သွန်နီလုပ်ငန်းရှင်များအား ပြည်တွင်းကြက်သွန်နီဈေးနိမ့်ပါးနေချိန်တွင် စိုက်ပျိုးတောင်သူများ မနစ်နာစေရန် ပြည်ပတင်ပို့ရာတွင် ကြက်သွန်အခြောက်နှင့်ကြော်ထားသော ကြက်သွန်နီများကို ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

"နိုင်ငံတော်က ပြည်ပကိုကြက်သွန်ကြော်ရယ်၊ အခြောက်ခံထားတဲ့ကြက်သွန်ရယ် ပို့ခွင့်ပြုထားတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေကတော့ပို့ဖို့စိတ်မဝင်စားကြဘူး" ဟု ဘုရင့်နောင်ပွဲရုံတစ်ခုမှ ကုန်သည်တစ်ဦးကပြောသည်။

လတ်တလောတွင် ကြက်သွန်နီဈေးမှာ ကျဆင်းလျက်ရှိပြီး စိုက်ပျိုးတောင်သူများ လာမည့်နှစ်တွင် စိုက်ပျိုးထုတ်လုပ်ရန် စိတ်ဝင်စားမှုနည်းနေသည်။ ရန်ကုန် ဘုရင့်နောင်ပွဲရုံသို့လည်း ကြက်သွန်နီ ကားအစီးရေ ၃၀ ဝန်းကျင်ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်ဈေးမှာ လက်ရှိမိုးရွာသွန်းမှုကြောင့် နယ်ရှိအသစ်စိုက်ပျိုးထားသောကြက်သွန်များမှာ ပျက်စီးမှုအနည်းငယ်ရှိခဲ့ပြီး၊ စိုက်နှုန်းမှာလည်း မနှစ်ကထက်လျော့နည်းခဲ့သည်။

# ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင် ပြည်ပတင်ပို့မှု ခွင့်ပြုချက်ထက် များစွာလျော့နည်းနေဆဲ

ကျော်သီဟ၊ သန်းဌေး

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၀**

ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင်များအား ပြည်ပသို့ ၂၀၀၈ ခုနှစ်မှစ၍တင်ပို့ခွင့်ပြုခဲ့ရာ ၂ နှစ်နီးပါးရှိလာသော်လည်း တင်ပို့ခွင့်ပြုသော ပမာဏ၏ဆယ်ရာခိုင်နှုန်းကိုသာ လက်တွေ့တင်ပို့နိုင်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ(၁)ဦးဝင်းစိန်က ပြောကြားသည်။

"၂၀၀၈ ခုနှစ်ကတည်းက ဆိတ်အရှင်ငါးသောင်းနဲ့ နွားအရှင်တစ်သောင်းခွင့်ပြုခဲ့တာ၊ အခု ၂၀၁၀ အောက်တိုဘာလအထိ အလွန်လျော့နည်းနေသေးတယ်။ အများကြီးတင်ပို့နိုင်ပေမယ့် မလေးရှားက ထိန်းချုပ်ဝယ်ယူနေလို့ပဲ" ဟု၎င်းကပြောကြားသည်။ နွားနှင့်ဆိတ် အဓိကဝယ်ယူသောနိုင်ငံမှာမလေးရှားဖြစ်သည်။ "လာမယ့် ဒီဇင်ဘာလကုန်ပိုင်းမှာ နွားအရှင်နဲ့ဆိတ်အရှင် မလေးရှားနိုင်ငံ ဂူမွတ်ဆိပ်ကမ်းကိုပို့မှာ။ အကောင်ရေက ဆိတ်တစ်ထောင်၊ နွားငါးရာပဲဆံ့တဲ့သင်္ဘောနဲ့သွားမှာ။ အခု ပြည်တွင်းကတင်ပို့ခွင့်ပြုနေတဲ့ ပုဂ္ဂလိကကုမ္ပဏီ နှစ်ခုက ၂၀၀၈လောက် ကတည်းက ပို့နေတာ။ အခုထိ သတ်မှတ်အကောင်ရေရဲ့ တစ်ဆယ်ရာခိုင်နှုန်းလောက်ပဲ ပို့နိုင်သေးတယ်" ဟု နွားနှင့်ဆိတ်ပြည်ပတင်ပို့သော ကုမ္ပဏီတစ်ခုမှတာဝန်ရှိသူတစ်ဦးကပြောသည်။

နွားများအား ပြည်ပတင်ပို့ရာတွင် ခွင့်ပြုချက်ရကုမ္ပဏီများက ဦးစွာနွားပွဲဈေးများတွင် ကျန်းမာသန်စွမ်းသောနွားများအား ရွေးချယ်ဝယ်ယူကြသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လိုပြီး အရွယ်မရောက်သေးသော နွားနှင့်ခိုင်းနွားမဖြစ်ရဘဲ ပိုလျှံနွားဟုတ်၊ မဟုတ်စစ်ဆေးမှုပြုသည်။ ထို့နောက် မွေး/ကုဦးစီးဌာနမှ ကာကွယ်ဆေးထိုးကာကိုယ်ပိုင်နံပါတ်(Ear Tag)တပ်ပေးသည်။ ရန်ကုန်မြို့သို့သယ်ယူပြီး သီလဝါအပြည်ပြည်ဆိုင်ရာတိရစ္ဆာန်ရောဂါထိန်းချုပ်ရေးစခန်းတွင် ဆယ်ရက်ကြာထားပြီးမှ အဓိကမှာယူရာ မလေးရှားနိုင်ငံသို့တင်ပို့ရခြင်းဖြစ်ကြောင်း ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကရှင်းပြသည်။



ဓာတ်ပုံ - အားမာန်

*အညာဒေသတစ်ခုမှ နွားအုပ်နှင့်နွားကျောင်းနေသော ဒေသခံတစ်ဦး။*

# မြို့သစ်ရှိ တန်ဖိုးနည်း အိမ်နှင့်မြေကွက် ဝယ်သူများလာ

*ရန်ကုန်မြို့လယ်ရှိ အဆောက်အအုံများကိုတွေ့ရစဉ်။ ရန်ကုန်မြို့၏ မြို့တွင်းပိုင်းများတွင် တိုက်ခန်းနှင့်နေအိမ် ဈေးနှုန်းများ မြင့်မားလွန်းသည့်အတွက် ဝင်ငွေနည်းသူများမှာ မြို့သစ်ရှိ တန်ဖိုးနည်းတိုက်ခန်းနှင့် နေအိမ်များကို ဝယ်နိုင်ရေးကိုသာ လုံးပန်းနေကြသည်။*



ဇာဇာနို

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

အိမ်ခြံမြေဈေးကွက်၌ ယခုလဆန်းပိုင်းတွင် ယခင်က အရောင်း အဝယ်နည်းခဲ့သော မြို့သစ်များရှိ အိမ်မြေများကို လိုက်လံဝယ်ယူသူများရှိလာကြောင်းအိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

"အရင်က အရောင်းအဝယ်မရှိတဲ့ မရမ်းကုန်းမြို့နယ်က ဆယ်မိုင်ကုန်း၊ တောင်ဒဂုံဘက်နဲ့ သာကေတဘက်တွေက မြေနဲ့အိမ်တွေကို လိုက်ဝယ်တဲ့သူတွေရှိလာတယ်။ သာကေတဘက်မှာတော့ စက်ရုံလုပ်ဖို့ဝယ်တယ်။ နောက်နေဖို့အတွက် ဝယ်တဲ့သူတွေလည်း ရှိတယ်" ဟု ယူနတီအကျိုးဆောင်လုပ်ငန်းမှ ကိုဇော်ဇော်က ပြောသည်။

ရန်ကုန်မြို့တွင်းရှိ အိမ်မြေဈေးနှုန်းမှာ ပြီးခဲ့သည့် ဇူလိုင်လမှ စတင်၍ယခင်နှစ်ဈေးနှုန်းထက် နှစ်ဆခန့်မြင့်တက်လာသောကြောင့် မြို့တွင်း၌ဝယ်ယူရန် လက်ထဲရှိသည့် ငွေကြေးနှင့်မမျှတော့ပေ။ ထို့ကြောင့် မြို့သစ်များဘက်ကို ရွှေ့ပြောင်းနေထိုင်လာကြခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က သုံးသပ်ပြောသည်။

"ယုဇနဥယျာဉ်ဘက်မှာလည်း အရင်က မြို့ထဲနဲ့ဝေးလို့ဆိုပြီး သွားနေတဲ့သူတွေနည်းပေမယ့် အခုဆို အဲဒီဘက်မှာ နေထိုင်တဲ့သူတွေ တော်တော်လေးများနေပြီ"ဟုယုဇနဥယျာဉ်မြို့တော်တွင် နေထိုင်သူကို မင်းမင်းကလည်း ပြောသည်။

ယခုနှစ်တွင် မြို့တွင်းရှိ အန္တရာယ်ရှိ အဆောက်အအုံအများစုကို ပြန်လည်တည်ဆောက်စေခဲ့သဖြင့် ၎င်းတွင်နေထိုင်သူများက ဈေးနှုန်းသက်သာသော မြို့စွန်နေရာများသို့ ပြောင်းရွှေ့လာကြသူများလည်းရှိလာသည်။ "မြို့ထဲမှာဆိုရင် သိန်းသုံးဆယ်လောက်နဲ့ အခန်းတစ်ခန်းဝယ်ဖို့မဖြစ်နိုင်ဘူး။ ဒီမှာတော့ သိန်းသုံးဆယ်နဲ့အပေါ်ထပ် ငါးလွှာလောက်အပိုင်ဝယ်လို့ရတယ်" ဟုယုဇနဥယျာဉ်မြို့တော်တွင်နေထိုင်သူ ဒေါ်ခင်ကြည်က ပြောသည်။

ရွေးကောက်ပွဲအပြီး လူအများစုမှာ လက်ထဲရှိသည့်ငွေ ကြေးနှင့်အိမ်ပိုင်များ ဝယ်ယူလိုကြသူများရှိလာသလို စီးပွားရေးကောင်းလာမည့် အခြေအနေကို မျှော်ကိုး၍လည်း အိမ်မြေများကို ဝယ်ယူမှုရှိလာကြောင်း အိမ်ခြံမြေလေ့လာသူတစ်ဦးကဆိုသည်။

ထို့အပြင် ယခုနှစ်၌ ကားဈေးနှုန်းများနှင့် ဒေါ်လာဈေးနှုန်းများ ဆက်တိုက်ကျဆင်းမှုများကြောင့်လည်း ပြည်တွင်း ငွေဈေးနှုန်းမှာမာလာသည့်အပေါ် အိမ်မြေများတွင် ရင်းနှီးမြှုပ်နှံပါက ကောင်းမွန်သည့် အလားအလာများရှိလာမည်ဟုလည်း ၎င်းပုဂ္ဂိုလ်တို့က သုံးသပ်ကြသည်။

Health
7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

## မသန့်ရှင်းသော လမ်းဘေးအစားအစာ ရောင်းချမှုမရှိရန် လူတစ်ဦးချင်းအသိရှိရန် လိုအပ်

သီဟ

ရန်ကုန်၊ ဒီဇင်ဘာ - ၄

လမ်းဘေးတွင် မသန့်ရှင်းသည့် အစားအစာများ ရောင်းချမှု ပပျောက်သွားရန်အတွက် ဥပဒေများ၊ စည်ပင်သာယာရဲများ စသည်များဖြင့် ထိန်းသိမ်းခြင်းထက် လူတစ်ဦးတစ်ယောက်ချင်းစီ၏ ကျန်းမာရေး အသိပညာများ တိုးတက်မှုများဖြင့် ထိန်းသိမ်းခြင်းက ပိုမိုထိရောက်မည်ဖြစ်ကြောင်း အထူးကုဆရာဝန် ပါမောက္ခကြီး တစ်ဦးကပြောသည်။

မြန်မာနိုင်ငံအပါအဝင် အခြားသော နိုင်ငံများတွင်လည်း လမ်းဘေး၌ရောင်းချသည့် စားသောက်ဆိုင်များရှိကြရာ အခြားနိုင်ငံများမှဆိုင်များသည် တစ်ခါသုံးပစ္စည်းများကို အသုံးပြု၍ ရောင်းချခြင်းဖြစ်သောကြောင့် သန့်ရှင်းမှုပိုမိုကောင်းမွန်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**သန့်ရှင်းမှုစနစ်မကောင်းသည့် လမ်းဘေးစားသောက်ဆိုင်တစ်ခုတွင် ပန်းကန်များဆေးနေစဉ်။**

လက်ရှိအချိန်အထိပင် လမ်းဘေး၌ရောင်းချသောဆိုင်များတွင် ယင်းတို့ရောင်းချသည့် အစားအသောက်များအား အကွယ်အကာမဲ့ပုံ၍ရောင်းချနေခြင်းများ ရှိနေသေးသည်။ လူထုအနေဖြင့် ထိုသို့ရောင်းချနေသည့် အစားအစာများကို ကျန်းမာရေးအသိ မြင့်မားစွာဖြင့် စားသောက်ခြင်းမရှိတော့လျှင် ထိုသို့ရောင်းချခြင်းများလည်း ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

"အဓိကကတော့ ပြည်သူလူထုရဲ့ကျန်းမာရေးအသိပညာတိုးတက်လာမှုပေါ့။ ဒီလိုရောင်းရင် မစားဘူး၊ လက်အိတ်ဝတ်မရောင်းဘူးဆိုရင် မစားဘူး၊ အဲလိုဖြစ်လာရမယ်"ဟု ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

ဆက်လက်၍ ဒေါက်တာခင်မောင်ဝင်းက "သံပုံးလေးထဲမှာ ရေခဲနဲ့ရေထည့်ပြီးရောင်းတာလည်းရှိသေးတယ်၊လမ်းဘေးက ရေသောက်နေတဲ့သူရှိနေသေးလို့ပေါ့။ မသောက်တော့ဘူး သူရောင်းလို့မရတော့ဘူးဆိုရင် ပျောက်ကွယ်သွားမှာပေါ့"ဟု ပြောကြားသည်။

ကျန်းမာရေးဆိုင်ရာ အယူအဆများဖြင့် ပြုပြင်ပြောင်းလဲခြင်းသည် ဥပဒေများ စည်းကမ်းများနှင့် ထိန်းချုပ်ခြင်းထက် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာများကို မြှင့်တင်ပေးရာ ရောက်ကြောင်းသိရသည်။

## ဆောင်းရာသီမှာ သတိထားရမယ့်သူတွေ

ဝတ်ရည်



ပူပြင်းသောရာသီဥတုဒဏ်ကို ခံစားနေရာမှ ယခု တဖြည်းဖြည်းနှင့် ဆောင်းရာသီအတွင်း ရောက်ရှိလာခဲ့ပြီဖြစ်၍ အေးမြမှုကို ခံစားလာရပြီဖြစ်သည်။

ရာသီဥတုအေးမြမှုသည် လူအများစုအား သက်သောင့်သက်သာဖြစ်စေနိုင်သော်လည်း အချို့သော ရောဂါဝေဒနာခံစားနေရသူများမှာမူ အေးမြသောရာသီဥတုကြောင့် နဂိုခံစားနေရသော ရောဂါများ ပိုမိုဆိုးရွားလာနိုင်ကြောင်းသိရသည်။

အသက်ရှူသွင်းသည့် လေပြွန်များ ပုံမှန်ထက် ကျဉ်းမြောင်းခြင်းကြောင့် ဖြစ်ပွားသည့် ပန်းနာရင်ကျပ်ရောဂါသည် အေးမြသည့် ရာသီဥတုက ခန္ဓာကိုယ်အတွင်း လေပြွန်များအား ပိုမိုကျဉ်းစေသည့်အတွက် ထိုအချိန်တွင် ပိုမိုပြင်းထန်စွာခံစားကြရလေ့ရှိကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဒေါက်တာမြင့်ဇော်က ပြောကြားသည်။

ပန်းနာရင်ကျပ်ရောဂါသည် များသောအားဖြင့် မိဘမျိုးရိုးမှ တစ်ဆင့် မျိုးရိုးလိုက်လေ့ရှိသော ရောဂါဖြစ်သော်လည်း မသန့်ရှင်းသည့် ပတ်ဝန်းကျင်အနေအထားကြောင့် ဖြစ်ပွားသူများလည်းရှိကြောင်းသိရသည်။

"ပန်းနာရင်ကျပ်ရောဂါက နာတာရှည်ဖြစ်တဲ့ရောဂါမျိုးပါ။ တခြားရောဂါတွေလို ပိုးကြောင့်ဖြစ်တာမျိုးလည်း မဟုတ်တဲ့အတွက် မြန်မြန်ပျောက်အောင် ကုသရမယ့်ဆေးဝါးလည်း မရှိပါဘူး"ဟု ဒေါက်တာမြင့်ဇော်ကပြောကြားသည်။

ပန်းနာရင်ကျပ်ရောဂါသည် ဖုန်ထူသည့် လေထုပတ်ဝန်းကျင်တွင် အလုပ်လုပ်သူများ၊ အမှုန်များသည့် ပတ်ဝန်းကျင်တွင် အလုပ်လုပ်သူများ စသည့်ပတ်ဝန်းကျင်အနေအထားကြောင့် ဓာတ်မတည့်ခြင်းမှတစ်ဆင့် ဖြစ်ပွားကြခြင်းဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ရောဂါဖြစ်ပွားသည့်အမျိုးအစားများ မတူညီကြကြောင်းသိရသည်။

ရောဂါဖြစ်ပွားသည့်အတိမ်အနက်အား အဆင့်လေးဆင့်ဖြင့် ခွဲခြားထားပြီး ဝေဒနာရှင်မှာ ရောဂါခံစားနေရသည့်အချိန်တွင် လေမှာ လေပြွန်ကျဉ်းကျဉ်းတွင် ဖြတ်သန်းရသည့်အတွက် အသက်ပြင်းစွာရှူရပြီး တရှီရှီအသံများထွက်သည်အထိ ဖြစ်ပွားကြကြောင်း ဒေါက်တာမြင့်ဇော်ကပြောကြားသည်။

"ဝေဒနာရှင်တွေက အသက်ရှူမဝလို့ လေကို ပြင်းပြင်းထန်ထန် ကြိုးစားရှူရတဲ့အတွက် တဖြည်းဖြည်းနဲ့ ခါးတွေတောင်ကုန်းလာကြတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။


ထိုရောဂါသက်သာစေရန် စားဆေး၊ ထိုးဆေး၊ ရှူဆေးများ အသုံးပြုရပြီး သွေးတိုး၊ နှလုံးရောဂါများပါ ပူးတွဲဖြစ်ပေါ်လာပါက ထိုရောဂါများအတွက် သောက်သုံးရသည့်ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများသည် ပန်းနာရင်ကျပ်ရောဂါအား ပိုမိုဆိုးရွားလာစေသည့်အတွက် မိမိသဘောဖြင့် မိမိ ဆေးဝယ်သောက်ခြင်းအား ဂရုပြုသင့်ကြောင်းသိရသည်။

ရာသီဥတုအေးသည့်အချိန်တွင် ရောဂါမပြင်းထန်စေရန် နွေးထွေးစွာနေထိုင်ခြင်း အထူးသဖြင့် ရင်ဘတ်၊ လည်ပင်းနေရာများအား နွေးနွေးထွေးထွေးဖြစ်စေရန် ဂရုပြုခြင်း၊

စာ(၁၄)သို့

## ဆေးမြီးတိုနဲ့ မကုသင့်တဲ့ ကင်ဆာ

သီဟ



ဓာတ်ပုံ - အင်တာနက်

**ကင်ဆာဆဲလ်တစ်ခုအား အနုစိတ်မြင်တွေ့ရစဉ်။**

လူ၏ခန္ဓာကိုယ်တွင်းရှိအတွင်းက လီစာများပြင်ပအင်္ဂါများ အားလုံးသည် ဆဲလ်ဟုခေါ်သည့် ကလပ်စည်းလေးများဖြင့် ဖွဲ့စည်းထားကြခြင်းဖြစ်သည်။

အဆိုပါ ဆဲလ်လေးများသည် သဘာဝအလျောက် ဖြစ်တည်ကြီးထွား ပျက်သုဉ်းလျက်ရှိကြပြီး လူ၏ ဇီဝကမ္မလုပ်ငန်းတာဝန်ကို ထမ်းဆောင်ကြရသည်။ သို့သော် တစ်ခါတစ်ရံတွင် ဆဲလ်များသည် သူတို့၏ သဘာဝဖြစ်စဉ်မှကျော်လွန်ကာ သေကျေပျက်သုဉ်းရမည့် အချိန်တွင် သေကျေပျက်စီးခြင်းမရှိဘဲ အခြားဆဲလ်အသစ်များလည်း အထိန်းအကွပ်မရှိပေါက်ပွားလာတတ်ကြသည်။

ထိုသို့ဖြစ်ပွားလာခြင်းကို ကင်ဆာရောဂါဟုခေါ်ခြင်းဖြစ်ကြောင်း ပညာရှင်များကပြောသည်။ ကင်ဆာဟူသည် အကြောင်းတရားများစွာပေါင်းစု၍ ဖြစ်ပေါ်လာသည့် အကျိုးတရားရောဂါတစ်ခုဖြစ်သည်ဟု ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာနမှ ပါမောက္ခဒေါက်တာစိုးဦးမောင်ကပြောသည်။

ကင်ဆာ၏ သဘောသဘာဝသည် လူ၏ခန္ဓာကိုယ်နေရာတစ်ခုခုတွင် စတင်သန္ဓေတည်ဖြစ်ပွားပြီး နောက်ပိုင်းတွင် ခန္ဓာကိုယ်အနှံ့သို့ ပြန့်သွားတတ်သည့်ဆိုးဝါးသည့် ရောဂါတစ်ရပ်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အရပ်အခေါ်ဝေါ်ဖြင့် **မြစ်ပွားနာ**ဟု ခေါ်ခြင်းဖြစ်သည်။

ကင်ဆာရောဂါဖြစ်သော အကြောင်းအမျိုးမျိုးရှိကြပြီး ယင်းတို့မှာ မျိုးရိုးဗီဇကြောင့် ဖြစ်ပွားခြင်း၊ ရောဂါဖြစ်စေသော ဆေးဝါးများ သောက်သုံးရခြင်း၊ဟော်မုန်းဓာတ်ပါသောဆေးဝါးများ သောက်သုံးရခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဆေးငုံခြင်း၊ အရက်သောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း စသည့်နေထိုင်မှုပုံစံအလွဲများကြောင့်ဖြစ်ပွားခြင်း၊ ဓာတုဗေဒပစ္စည်းများကြောင့် ဖြစ်ပွားခြင်းတို့ဖြစ်ကြသည်။

ထို့ကြောင့် ကင်ဆာဖြစ်စေသည့် အကြောင်းတရားများစွာအနက်မှ တစ်ခုချင်းစီကြောင့် ဖြစ်ပွားသည့် ကင်ဆာရောဂါများအား အသေးစိတ်ဖော်ပြရလျှင်. . .

မျိုးရိုးဗီဇကြောင့် ဖြစ်ပွားသည့်ကင်ဆာရောဂါများတွင်း ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အူမကြီးကင်ဆာနှင့် ကလေးများတွင် ဖြစ်တတ်သည့် မျက်လုံးကင်ဆာတို့ဖြစ်ကြသည်။

နေရောင်ခြည်နှင့် အခြားဓာတ်ရောင်ခြည်များကြောင့် ဖြစ်ပွားသည့် ကင်ဆာရောဂါမှာအရေပြားကင်ဆာဖြစ်ပြီး အဆိုပါ ကင်ဆာရောဂါသည် အနောက်နိုင်ငံများတွင် ပိုမိုဖြစ်ပွားကြောင်းသိရသည်။

"တကယ်တမ်းက ကျွန်တော်တို့နိုင်ငံမှာ နေရောင်ခြည်များတယ်။ သို့သော် ခန္ဓာကိုယ်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံ၊ခံနိုင်ရည်ရှိမှု၊ ကလပ်စည်းတည်ဆောက်ပုံ၊ကလပ်စည်းတွေရဲ့ ထိန်းချုပ်မှုစနစ်အရ အရေပြားကင်ဆာဖြစ်ပွားနှုန်း နည်းပါတယ်"ဟု ပါမောက္ခဒေါက်တာစိုးဦးမောင်ကပြောသည်။အဒ

စာ(၁၄)သို့



Regional
7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# တရုတ်ချည်ထည်များ ဈေးတက်

ဇော်ကိုကို

**မန္တလေး၊ နိုဝင်ဘာ-၃၀**

တရုတ်နိုင်ငံတွင် ဝါဂွမ်းဈေးနှုန်းများ မြင့်တက်နေမှုကြောင့် မန္တလေးအထည်ဈေးကွက်အတွင်း၌ တရုတ်ချည်ထည်များ ဈေးနှုန်းမြင့်တက်လာကြောင်း မန်းမြန်မာပလာဇာမှ နန္ဒာအမျိုးသမီး အဝတ်အထည်များ လက်ကား အရောင်းဆိုင်မှ ပြောကြားသည်။

"တရုတ်ပြည်မှာ အကုန်အတက်ဘက်ကို ရောက်နေတယ်။ ဝါဂွမ်းဈေးတက်တယ်။ ဒီတစ်ပတ်လောက်အတွင်းမှာလည်း တရုတ်ငွေဈေးတက်နေတယ်။ ဒီဇယ်ပြတ်လပ်မှုတွေကြောင့် လုပ်ငန်းလည်ပတ်နိုင်မှုတွေ အခက်အခဲဖြစ်နေတယ်။ သယ်ယူပို့ဆောင်ရေးမှာလည်း ဒီဇယ်ပြတ်လပ်မှုကြောင့် ကုန်ကျစရိတ်တွေမြင့်မားနေတယ်။ ဒါတွေကြောင့် တရုတ်ပစ္စည်းတချို့ ဈေးတက်နေတယ်။ အဓိကက ချည်နဲ့လုပ်တဲ့ပစ္စည်းတွေမှာ ဈေးတက်လာတာပါ"ဟု တရုတ်ထွက်ကုန်များ တင်သွင်းဖြန့်ဖြူးနေသူတစ်ဦးကပြောကြားသည်။ တရုတ်နိုင်ငံလုပ်ချည်ထည်များသာမက ထိုင်းချည်ထည်များလည်း ဈေးတက်လျက်ရှိသည်။ တရုတ်ပစ္စည်းမှာဈေးတက်သော်လည်း ကုန်အဝင်ပုံမှန်ရှိပြီး ထိုင်းချည်ထည်များမှာမူ ပစ္စည်းအဝင်လည်း နည်းသွားသည်။



*မန်းမြန်မာပလာဇာမှ အထည်ဆိုင်အချို့။*

"ထိုင်းထည်တွေက ပြီးခဲ့တဲ့လဆန်းပိုင်းက မှာထားတဲ့ပစ္စည်းတွေခုလကုန်မှပဲရတယ်။ ခါတိုင်းဆိုဒီလောက်မကြာဘူး။ အလွန်ဆုံးကြာရင် တစ်လပဲ။ ခုနှစ်လကြာတယ်။ ဈေးတွေတက်သွားပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းပါပဲ"ဟု ရတနာပုံဈေးယာယီဈေးမှ အေးစန္ဒာအထည်ဆိုင်မှ ပိုင်ရှင်မအေးစန္ဒာက ပြောကြားသည်။ တရုတ်နိုင်ငံလုပ်ချည်ထည်များမှာ အမျိုးအစားပေါ်မူတည်၍ တစ်ကိုက်လျှင် ၂၀၀ ကျပ်မှ ၄၀၀ ကျပ်အထိ ဈေးတက်သွားပြီး ထိုင်းချည်ထည်များမှာ ၁၀၀၊ ၂၀၀ ကျပ်ခန့်အထိ တက်သွားကြောင်း သိရသည်။

# ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတစ်လျှောက် သွားလာနိုင်မည့် မုံရွာ-ကနီ-မင်းကင်း- ကလေးဝလမ်း စတင်ဖောက်လုပ်

မျိုးမင်းဦး

**မုံရွာ၊ ဒီဇင်ဘာ- ၇**

ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတစ်လျှောက် သွားလာနိုင်မည့်မုံရွာ- ကနီ-မင်းကင်း-ကလေးဝကားလမ်းအား ယခုနှစ်ကုန်ပိုင်းတွင် စတင်ဖောက်လုပ်လျက်ရှိရာ အဆိုပါလမ်း ဖောက်လုပ်ပြီးစီးပါက ချင်းတွင်းမြစ်ရိုးတစ်လျှောက်မြို့ရွာများသို့ ရေကြောင်းခရီးသာမက ကုန်းလမ်းဖြင့်ပါသွားလာနိုင်တော့မည်ဖြစ်ကြောင်း မင်းကင်းမြို့ဒေသခံများ၏ ပြောပြချက်အရသိရသည်။

"ဒီနှစ်အတွင်းမှာ အရင်က လှည်းလမ်းခြေလျင်လမ်းသာသွားလာနိုင်တဲ့ ကနီ-မင်းကင်းလမ်းက အခုပေတစ်ရာကားလမ်း စဖောက်နေပြီးကနီကနေ မင်းကင်းလမ်းစဖောက်နေတာ ၄ မိုင် ၅ မိုင် လောက်လမ်းသားပေါ်နေပြီ။ စက်ယန္တရားတွေလူအင်အားတွေနဲ့လမ်းလုပ်ငန်းတွေလုပ်နေတာ လာမယ့်နှစ်မှာ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတစ်လျှောက် ကုန်းလမ်းနဲ့သွားလာနိုင်တော့မယ်။ ဒီလမ်းတွေဖောက်လို့သာ လမ်းကြောင်းပေါ်လာတာလမ်းပေါက်လိမ့်မယ်လို့လည်း အိမ်မက်တောင်မမက်ဖူးဘူး။ မင်းကင်းကနေ မုံရွာ၊ ကနီ၊ ကလေးဝ၊ ကလေး၊ တမူးစတဲ့မြို့တွေကို ကားနဲ့ရောဆိုင်နဲ့ပါ အလွယ်တကူသွားလာနိုင်တော့မှာဆိုတော့ ဝမ်းသာစရာပေါ့"ဟု မင်းကင်းမြို့နယ်ဒေသခံတစ်ဦးကပြောကြားခဲ့သည်။

မုံရွာ-ယာကြီး-ကလေးဝလမ်းပိုင်းအား ယခုနှစ်အတွင်း မုံရွာအုပ်စုတည်ဆောက်ရေး ကုမ္ပဏီမှ BOT စနစ်ဖြင့်ဖောက်လုပ်ပြုပြင်ထိန်းသိမ်းခွင့်ရရှိခဲ့ပြီး နောက်ပိုင်း မုံရွာ-ကနီ-မင်းကင်း- ကလေးဝလမ်းပိုင်းအား လမ်းတံတားအင်ဂျင်နီယာများစက်ယန္တရားများအသုံးပြု၍ ဖောက်လုပ်ခွင့်ရရှိခဲ့ကြောင်းသိရသည်။ မုံရွာ-ယာကြီး-ကလေးဝလမ်း (အာဆီယံလမ်းမကြီး)တောင်ဘက်ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတစ်လျှောက် မုံရွာ-ပုသိမ်ကားလမ်းမကြီးအားကျောက်ချောကတ္တရာ ဖောက်လုပ်နေချိန်တွင် အာဆီယံလမ်းမကြီးမြောက်ဘက်ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတစ်လျှောက်သွားလာနိုင်မည့် မုံရွာ-ကနီ- မင်းကင်း-ကလေးဝလမ်းပိုင်းအားမကြာမီကာလများတွင် ချိတ်ဆက်သွားလာနိုင်တော့မည်ဖြစ်ကြောင်း မုံရွာဒေသခံယာဉ်မောင်းများ၏ ပြောပြချက်အရသိရသည်။

## ပုဂလိက စက်သုံးဆီဆိုင်များ ဆိုင်ကယ်ဓာတ်ဆီခွဲတမ်း ထက်ဝက်လျှော့ချ

ထူးသန့်

နေပြည်တော်၊ ဒီဇင်ဘာ- ၇

နေပြည်တော် ပျဉ်းမနားမြို့ရှိ ပုဂ္ဂလိကပိုင် စက်သုံးဆီအရောင်းဆိုင်ကြီးများမှမော်တော်ဆိုင်ကယ်များသို့ ဓာတ်ဆီရောင်းချပေးသည့် ပမာဏကို နိုဝင်ဘာနောက်ဆုံးပတ်ခန့်မှစ၍ ထက်ဝက်လျှော့ချထားကြောင်း ဝယ်ယူသုံးစွဲသူများကပြောသည်။

ယခင်က ဆိုင်ကယ်တစ်စီးအတွက် ဓာတ်ဆီတစ်ဂါလန်နှုန်းဖြင့်ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင်မူဂါလန်ဝက်သာရောင်းချပေးကြောင်း၊ ဓာတ်ဆီရောင်းချပေးသော အချိန်ကိုလည်း တစ်နေ့နှစ်ကြိမ်ဖြင့် သတ်မှတ်ရောင်းချပေးလျက်ရှိကြောင်း နိုဝင်ဘာလကုန်ပိုင်းဝယ်ယူသုံးစွဲခဲ့သည့် ဦးဇော်လွင်ကပြောသည်။

"အရင်တုန်းကတော့ တစ်ခါသွားထုတ်ရင် တစ်ဂါလန်ရတယ်။ အခုတော့ ဂါလန်ဝက်ပဲ ရောင်းပေးတော့တယ်။ ဈေးနှုန်းကတော့ ပြောင်းလဲမှုမရှိသေးဘူး။ တစ်ဂါလန်ကို ၂,၅၀၀ ကျပ်နှုန်းပါပဲ"ဟု တစ်ပတ်လျှင်နှစ်ကြိမ် ဓာတ်ဆီဝယ်ယူသုံးစွဲလေ့ရှိသောဇင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

*စာ(၁၉) သို့*

# နေပြည်တော်တွင် လွတ်လပ်ရေးနေ့ အားကစားပွဲတော်ကျင်းပမည်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*နေပြည်တော်ရှိ ရေပန်းဥယျာဉ်။*

ထူးသန့်

**နေပြည်တော်၊ ဒီဇင်ဘာ- ၁၀**

နေပြည်တော်တွင် လာမည့်ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် (၆၃)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားပွဲတော်များ ကျင်းပသွားမည်ဖြစ်ကြောင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လွတ်လပ်ရေးနေ့အတွက် အားကစားပွဲတော်တွေပြုလုပ်သွားဖို့စီစဉ်ထားပါတယ်။ ပြိုင်ပွဲကျင်းပမယ့်နေရာတွေ၊ ဆုပေးရေးအစီအစဉ်တွေအတွက်လည်း စီစဉ်နေပါတယ်။ ဆုပေးရေး အစီအစဉ်အတွက် ဆောက်လုပ်ရေးကုမ္ပဏီကြီးတွေကို ဖိတ်ခေါ်သွားဖို့လည်း ရှိပါတယ်" ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

အထက်ပါ အားကစားပွဲတော်၌ ထည့်သွင်းယှဉ်ပြိုင်စေမည့် အားကစားနည်းအမျိုးအစားများမှာ လက်ဝှေ့၊ ပိုက်ကျော်ခြင်း၊ ဝိုင်းခြင်း၊ ဘော်လီဘော၊ တာဝေးအပြေးပြိုင်ပွဲစသည့် အမျိုးအစားများပါဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းဝေးကို ယခုလ၇ ရက်က နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးက အမှာစကားပြောကြားခဲ့ရာ၌ ယခုနှစ်ကျင်းပမည့် (၆၃)ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသည် ထူးခြားလေးနက်သည့် အခမ်းအနားဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။



7DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# ဒေသတွင်း ခိုင်းနွားရှားပါးမှုပြ နာ ကြုံရဖွယ်ရှိ

နေဦး

**သံတွဲ၊ ဒီဇင်ဘာ- ၇**


ဓာတ်ပုံ - မောင်ကံ

သံတွဲမြို့နယ်မှ ခိုင်းနွားများအား မောင်တောနယ်စပ်မှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ ရေရှည်တွင်ဒေသတွင်း ခိုင်းနွားများရှားပါးမှု ပြဿနာကြုံတွေ့လာနိုင်ကြောင်း ဒေသခံလယ်သမားများကပြောသည်။

"ငွေလိုနေတော့ ရောင်းလိုက်ရတာပဲ။ သူတို့ပေးတဲ့ ဈေးကလည်း ကောင်းတာကိုး။ နောင်နှစ်လယ်ထွန်ဖို့ကတော့ နွားငှားရတော့ မှာပေါ့။ သူများတွေလည်း ဒီလိုပါပဲ" ဟု နွားရောင်းချခဲ့သူ လယ်သမားတစ်ဦးက ပြောသည်။

ယင်းသို့တင်ပို့ရန်နွားများကို ဒေသခံနွားပွဲစား၊ ဝယ်ရောင်းများမှ ဝယ်ယူစုဆောင်းပြီး စစ်တွေ၊ မောင်တောမှ ကုန်သည်များက လာရောက်ကာ သံတွဲမြို့နှင့်ငါးမိုင်ခန့်ဝေးသော ကင်းမော်ဆိပ်ကမ်း၊ ကျောက်ဆိပ်ရွာစသည့် ကမ်းများမှ စက်လှေများဖြင့် သယ်ယူကြကြောင်းသိရသည်။

"ဒီနေ့ညမှာပဲ စက်လှေတင်ဖို့ရှိတယ်။ ကျောက်ဆိပ်ရွာက နေတင်မယ်။ ဒီကနေ ကျောက်ဆိပ်အရောက်နွားမောင်းပို့ပေးရင် တစ်ကောင်တစ်ထောင်ရမယ်။ သူတို့မလာခင် ထိန်းပေးခက တစ်ကောင်ကို တစ်ရက်ငါးရာရတယ်" ဟု ကျောက်ဆိပ်ရွာအနီး ကျောင်းတိုက်ရွာမှ ဒေသခံတစ်ဦးကပြောသည်။

နယ်စပ်ပို့ရန်အတွက် နွားချော၊ နွားလှများကိုသာ ရွေးချယ်ပြီး ဈေးကောင်းပေးဝယ်ယူကြသည့်အတွက် ဒေသတွင်းနွားဈေးမှာလည်း ကြီးမြင့်လာသည်ဟု ဒေသခံများကပြောသည်။

"စက်လှေတစ်စင်းမှာအနည်းဆုံးနွားအကောင် ငါးဆယ်ကနေ ကိုးဆယ်အထိ တင်နိုင်တယ်။ တစ်လကို နှစ်ခေါက်လောက် တင်တတ်တယ်။ ပုံမှန်ဆိုရင် ဒီရာသီမှာ မတင်တော့ဘူး။ ခုတော့ဆက်တင်နေတုန်းပဲ"ဟု ယင်းလုပ်ငန်းနှင့် နီးစပ်သူတစ်ဦးကပြောသည်။

ယခုအခါ မြို့နယ်အတွင်းမှ နွားများသာမက ပြည်တွင်းမှ နွားများကိုပါသယ်ယူပြီး သံတွဲမှတစ်ဆင့် နယ်စပ်သို့ တင်ပို့နေကြောင်း ၎င်းကဆက်လက်ပြောသည်။

# သကြားဈေး ပြန်ကျ

ဖြိုး

**မန္တလေး၊ နိုဝင်ဘာ- ၃၀**


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

တန်ဆောင်တိုင်အပြီးကာလ မန္တလေးသကြားဈေးကွက်တွင် နိုင်ငံခြားမှသကြားတင်သွင်းမှုများလာခြင်းနှင့် လျှောင်လက်များ အပြိုင်အဆိုင်ထုတ်လာခြင်းတို့ကြောင့် ဈေးကွက်အတွင်းက ပစ္စည်းများလာပြီး ဈေးအနည်းငယ် ကျသွားကြောင်း မန္တလေးသကြားဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ခုချိန်က ဈေးကွက်ထဲမှာ ပစ္စည်းအဝင်များလာတော့ ဈေးကလည်း ကျသွားတယ်။ အဲတော့ လျှောင်လက်တွေလည်းဈေးထပ်ကျမှာကြောက်ပြီး အပြိုင်အဆိုင် ထုတ်နေကြတယ်" ဟု ၎င်းကဆိုသည်။ လက်ရှိမန္တလေးသကြားဈေးကွက်မှာ အရောင်းအဝယ်အေးလျက်ရှိပြီး ဈေးကွက်အတွင်းတွင် အရောင်းများ၍အဝယ်နည်းလျက်ရှိသည်။


"ဒီရက်ပိုင်းက အရောင်းအဝယ်ကလည်း ခပ်အေးအေး၊ အသစ်လည်းပေါ်လာပြီ၊ ကုန်ကြမ်းကလည်း ပေါ်ဆိုတော့လျှောင်လက်တွေတော့အရှုံးပေါ်ကြတယ်" ဟု မန္တလေးရှိသကြားစက်ပိုင်တစ်ဦးက ပြောသည်။

မန္တလေးသကြားဈေးကွက်တွင်တစ်ပိဿာလျှင် နံပါတ်ဝမ်း ၁,၅၂၀ ကျပ်၊ တရုတ် ၁,၄၉၀ ကျပ်၊ အိန္ဒိယ ၁,၄၈၀ ကျပ်ခန့်ဖြစ်သည်။ ပွက်ရည်(အသစ်)ဈေးမှာ တစ်ပိဿာလျှင် ၈၅၀မှ ၈၇၀ ကျပ်ကြားတွင်ဖြစ်ပြီး ပွက်ရည်ဟောင်းဈေးမှာ ဈေးကွက်အတွင်းတွင် နည်းသွားကြောင်း သိရသည်။ "ဘယ်သကြားဖြစ်ဖြစ် လက်လီကိုတော့ တစ်ပိဿာ ၁၀၀ လောက် ချရောင်းပါတယ်" ဟု မန္တ လေးမြို့ရှိသကြားလက်လီ၊ လက်ကားရောင်းချနေသော ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဘရာဇီး စသည့်နိုင်ငံတို့မှ သကြားများသည် မန္တလေးဈေးကွက်အတွင်းသို့ ရေလမ်းကြောင်းဖြင့် ဝင်ရောက်လျက်ရှိပြီး လက်ရှိတွင် ထိုင်းနှင့် အိန္ဒိယသကြားများသည် တင်သွင်းမှုများကြောင်း သိရသည်။

အောက်တိုဘာလဆန်းတွင် ကုန်ကြမ်းလက်ကျန်ရှားပါးသွားခြင်းနှင့် ပြည်ပတင်သွင်း သကြားအဝင်နည်းသွားခြင်းကြောင့် မန္တလေးသကြားဈေးကွက်သည် တစ်ပိဿာလျှင် ၁,၆၅၀ ကျပ်ထိ တက်သွားခဲ့ပြီး ပွက်ရည်ဈေးမှာ တစ်ပိဿာ ၁,၀၀၀ ကျပ်ခန့်ဖြစ်ခဲ့သည်။



# မန္တလေးဘုရားပွဲများတွင် လောင်းကစားဝိုင်းများ ပိုမိုများပြားလာ

ညီညီဇော်

**မန္တလေး၊ ဒီဇင်ဘာ- ၄**

မန္တလေးမြို့ရှိ ဘုရားပွဲတော်များတွင် လာရောက်ဖွင့်လှစ်ရောင်းချသောပွဲဈေးတန်းများ၌ ငွေကြေးများစွာဖြင့် ကစားရသော လောင်းကစားဝိုင်းများ ပိုမိုများပြားလာကြောင်း သတင်းရရှိသည်။

"မနှစ်က လောင်းကစားဝိုင်းတွေ ဒီလောက်မလာဘူး။ ပုံမှန်သားရေကွင်းပစ်တဲ့ဆိုင်တို့၊ သေနတ်ပစ်တဲ့ဆိုင်တို့ လောက်ပဲလာတယ်။ ပြီးတော့ ခုဒီနှစ်လာတဲ့ဆိုင်တွေက ငွေငါးရာအနည်းဆုံးလောင်းမှ ကစားရတာ။ ဒီနှစ် ကျွန်တော်တို့ ဘုရားပွဲမှာ အဲဒီလိုလောင်းကစားဝိုင်းတွေ ကိုးဆိုင်လောက်တွေ့တယ်"ဟု ဘုရားပွဲကျင်းပသော ရပ်ကွက်တွင်နေထိုင်သူတစ်ဦးကပြောသည်။ အဆိုပါ လောင်းကစားဆိုင်များတွင် အင်္ဂလိပ်ဂဏန်း ရှစ်နှင့် သုံးကို ကတ်ပြားအဝိုင်း ရောင်ပြန်ပြားတစ်ခုအပေါ်တွင် ဆင်တူယိုးမှားရေးလာသူ အမျိုးသမီးက လက်ဖြင့်လှည့်ကာ ဖလားဖြင့်အုပ်ပြီး ပြန်လည်ဖွင့်၍ ထွက်ပေါ်လာသောဂဏန်းကို ငွေကြေးနှစ်ဆ ပေးလျော်သော ကစားပွဲဆိုင်များမှာ အများဆုံးဖြစ်သည်ဟု ကိုယ်တိုင်ကစားခဲ့သူတစ်ဦးကပြောသည်။

"ကျွန်တော်က ရှေ့မှာ ကစားနေတဲ့သူတွေ တော်တော်နိုင်နေလို့ အားကျပြီး ဝင်ကစားတာ၊ တစ်သောင်းလောက်ပါသွားတယ်။ တခြားသူတွေပြောတော့မှ ကျွန်တော်သိတာက အဲဒီနိုင်နေတဲ့သူတွေကဆိုင်စဖွင့်ကနေ ပိတ်တဲ့အထိ ကစားပြနေတာ သူတို့လူတွေတဲ့။ အဲဒီတော့မှ ကျွန် တော်သဘောပေါက်တာ။ သူ့လူတွေနဲ့ ကစားချင်အောင် ဆွယ်တယ်ဆိုတာကို" ဟု ၎င်းအမျိုးသားကပြောသည်။

ကစားဝိုင်းတွင် ကလေးကို ခါးထစ်ခွင်တွင်ချိတ်ကာ ကစားခဲ့သော အမျိုးသမီးတစ်ဦးက "ဘုရားပွဲမှာ ကလေးလိုချင်တာလေးတွေ ဝယ်ပေးရအောင် သုံးထောင်ပါလာတာ၊ သုံးထောင်စလုံး ကုန်သွားတယ်။ ညီမလည်း သူများတွေ နိုင်တော့ နိုင်မယ်ထင်တာပေ့ါ။ ဒိုင်တွေက ၅၀၀ ထိုးတာတောင် လက်မခံဘူး။ အနုတ်အမ်းစရာမရှိလို့ဆိုပြီး တစ်ထောင်ထိုးခိုင်းတယ်။ ရှစ်ထိုးတော့ သုံးကျတယ်။ သုံးထိုးတော့ ရှစ်ကျပြန်ရော။ စိတ်ညစ်တယ်"ဟု ပြောသည်။ ဘုရားပွဲတွင် အကြော်စုံရောင်းချပေးနေသော အမျိုးသမီးတစ်ဦးက "ဒီနှစ်ဈေးရောင်းမကောင်းဘူး။ လောင်းကစားဝိုင်းတွေများနေတော့ လူတွေက အဲဒီဘက်ပဲ အာရုံကျနေတယ်" ဟု ပြောသည်။

ရှစ်၊ သုံး ရွေးချယ်ရသော လောင်းကစားဝိုင်းအနီးတွင် ကွမ်းယာရောင်းနေရသော အမျိုးသမီးတစ်ဦးက "အစ်မကလည်း အဲဒီဝိုင်းကို ကြည့်နေတာ။ သူတို့လူတွေပဲ နိုင်နေတယ်။ အပြင်လူဝင်ထိုးလည်း ခဏပဲနိုင်တယ်။ ဆက်ထိုးကြတော့ ပါသမျှပိုက်ဆံသူတို့အိတ်ထဲ ရောက်ကုန်ရော" ဟုပြောသည်။

ဘုရားပွဲများတွင် ၎င်းရှစ်၊သုံး ကစားနည်းများအပြင် ကွန်ပျူတာဖြင့် ဂဏန်းထိုးရသော လောင်းကစားဆိုင်များနှင့် တိရစ္ဆာန်အကောင် ၆ ကောင် ရွေးထိုးရသော လောင်းကစားဆိုင်များလည်း ဖွင့်လှစ်နေကြောင်း ဘုရားပွဲအနီးရှိ ရပ်ကွက်သူရပ်ကွက်သားများထံမှ သိရသည်။



"မနှစ်က လောင်းကစားဝိုင်းတွေ ဒီလောက်မလာဘူး။ ပုံမှန်သားရေကွင်းပစ်တဲ့ဆိုင်တို့၊ သေနတ်ပစ်တဲ့ဆိုင်တို့လောက်ပဲ လာတယ်။ ပြီးတော့ ဒီနှစ်လာတဲ့ဆိုင်တွေက ငွေငါးရာအနည်းဆုံးလောင်းမှ ကစားရတာ။ ဒီနှစ် ကျွန်တော်တို့ဘုရားပွဲမှာ အဲဒီလိုလောင်းကစားဝိုင်းတွေ ကိုးဆိုင်လောက်တွေ့တယ်"

# အုတ်ဖိုမြို့တွင် ကိုယ်ထူကိုယ်ထ မီးသဂြိုဟ်စက်တည်ဆောက်

အိဖြူမွန်

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

အုတ်ဖိုမြို့တွင် ကိုယ်ထူကိုယ်ထ မီးသဂြိုဟ်စက်တစ်ခုတည်ဆောက်နေကြောင်း အုတ်ဖိုမြို့ခံများမှစုံစမ်းသိရှိရသည်။

"လူဦးရေက အရင်ကထက်များလာတော့ မြေနေရာအခက်အခဲကရှိလာတယ်။ မြှုပ်တဲ့မြေနေရာကလည်း အခက်အခဲဖြစ်လာတယ်။ မြေကမဆံ့တဲ့အတွက် မြို့မိမြို့ဖ၊ရပ်ကွက်အေးချမ်းသာယာရေးနဲ့ ဓမ္မဝိဇယနာရေးကူညီမှုအသင်းကမတည်ပြီး ဆောက်နေတာပါ"ဟု ယင်းတည်ဆောက်ရေးတွင် ပါဝင်ကူညီခဲ့သူဦးကျော်ရဲကပြောသည်။

ယင်းမီးသဂြိုဟ်စက်သည် အုတ်ဖိုမြို့သုသာန်၏ ပထမဆုံး မီးသဂြိုဟ်စက်ဖြစ်သည်။ ယခုလက်ရှိ တည်ဆောက်နေဆဲဖြစ်ပြီး ၇၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သဂြိုဟ်ရာတွင် ရုပ်ကလာပ်တစ်ခုသာလက်ခံမည်ဖြစ်ပြီး ရေခဲတိုက်မပါကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ အဆိုပါမီးသဂြိုဟ်စက်ကို အုတ်ဖိုမြို့အခြေစိုက် ဓမ္မဝိဇယနာရေးကူညီမှုအသင်းက အဓိကပံ့ပိုးကူညီပေးကြောင်း သိရသည်။

# မဂ်ဂါဝပ် ၅၀၀ ထုတ်လုပ်နိုင်သော လေးမြို့မြစ် ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မည်

မောင်သန်းဝင်း

**မြောက်ဦး၊ ဒီဇင်ဘာ- ၈**

ရခိုင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်မဂ္ဂါဝပ် (၅၀၀) ထုတ်လုပ်နိုင်မည့်လေးမြို့မြစ်ရေအား လျှပ်စစ်စီမံကိန်းအား တရုတ်ကုမ္ပဏီ Datang (Yunnan) United Hydropower Developing Co.,Ltd က အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက် ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ရခိုင်ပြည်နယ်အတွင်း သဘာဝရေစီးများဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သော နေရာ ၆ ခုရှိပြီး ယင်းမှ ယခုလက်ရှိအနာဂတ်စွမ်းအင်ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် ရေအားလျှပ်စစ် စီမံကိန်း၃ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ လေးမြို့မြစ်ရေအားလျှပ်စစ်စီမံကိန်းမှာ တိုင်းတာချက်များအရ ရေစီးဝင်ဧရိယာ ၂၅၂၆ စတုရန်းမိုင်ရှိပြီး အမြင့်ပေ ၂၄၆၀ ရှိကာ ၅၅၅၀ ပေမြင့်သော ချင်းတောင်တန်းမှ မြစ်ဖျားခံစီးဆင်းသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နေရာမြစ်ထဲသို့ မြစ်လက်တက်ပေါင်း ၁၀၀ ကျော်မှရေများ အရှိန်အဟုန်ပြင်းစွာဖြင့် အခါမလပ်စီးဝင်နေကြောင်းလည်း သိရသည်။

# စပါးမျိုးစေ့ပေါက်ဈေး သာမန်စပါးထက် နှစ်ဆခန့် ဈေးကောင်း

ထူးသန့်

**နေပြည်တော်၊ ဒီဇင်ဘာ-၈**

နွေစပါးစိုက်ပျိုးရန် ဒေသအချို့တွင် မျိုးစေ့ရှားပါးမှုကြောင့် မျိုးစေ့ပေါက်ဈေးမှာလည်း သာမန်စပါးထက် နှစ်ဆန်ခန့်အထိရှိနေကြောင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသ လယ်သမားများထံမှ သိရှိရသည်။

"ဒီနှစ် နွေစပါးမျိုးဆက်နေတယ်။ တင်း ၁၀၀ ကို ကျပ်ခုနစ်သိန်းနှုန်းအထိ ပေါက်နေတယ်။ တောင်သူတွေထက် ဦးအောင်ဝယ်ယူထားလို့ရတာ" ဟု ကျောက်ပန်းတောင်းဒေသမှ လယ်သမားတစ်ဦးက ၎င်းတို့ဒေသတွင်ကြုံတွေ့နေရသော အခြေအနေကိုပြောကြားသည်။ အလားတူပင်ပျော်ဘွယ်နှင့်မိတ္ထီလာဒေသတွင်လည်း ထိုကဲ့သို့ပင် အခြေအနေမျိုးဖြစ်ပေါ်နေကြောင်း စုံစမ်းသိရှိရသည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အရာထမ်းတစ်ဦးကလည်း "အချို့ဒေသတွေမှာ အဲဒီလိုဖြစ်နေတယ်လို့ ကြားရပါတယ်။ အဓိကကတော့ အရင်နှစ်က နွေရာသီမှာ နွေစပါးစိုက်ပျိုးမှု နည်းခဲ့လို့ပါ။ အခုမိုးတွင်းမှာစိုက်တဲ့ သက်လျင်စပါးတွေကိုပဲ ပြန်ပြီးရွေးချယ်တာတွေလည်းရှိပါတယ်။ သိပ်တော့လည်း မကောင်းနိုင်ဘူးပေ့ါ" ဟု ရှင်းလင်းပြောဆိုသည်။

ယခုအချိန်တွင် နေပြည်တော်၌လည်း မိုးစပါးများကိုရွေးချယ်သန့်စင်ကာ နွေစပါးမျိုးစေ့အဖြစ် ရွေးချယ်မှုများရှိနေကြောင်း သိရသည်။ စပါးသီးနှံ တင်း ၁၀၀ ကို မျိုးစေ့အဖြစ် သန့် စင်ရွေးချယ်ရာတွင် ၆၀ ရာခိုင်နှုန်းအထက် ပြန်လည်ရရှိကြောင်းနှင့် မျိုးစေ့ဈေးနှုန်းမှာ စပါးသီးနှံများထက် နှစ်ဆခန့်ရှိနေကြောင်းလည်း ထပ်မံသိရှိရသည်။


**ထပ်မံဖြည့်စွက် ဖတ်ရှုပါရန် –**

ယခုတစ်ပတ်ထုတ် 7Day News ဂျာနယ်၊ စာ-၁၆ 'သကြားဈေးပြန်ကျ' သတင်းအတွက် နောက်ဆုံးရရှိသောအချက်အလက်များကိုဖော်ပြလိုက်ပါသည်။'မန္တလေးဈေးကွက်တွင်သကြားဈေးမှာ ဆက်လက်ကျဆင်းနေပြီး၊ ဒီဇင်ဘာ၁၂ ရက်တွင် သကြားတစ်ပိဿာ ၁,၄၅၀ ကျပ်ဝန်းကျင်သာ ရှိတော့သည်။ ထို့အတူပွက်ရည်ဈေးမှာလည်း ထပ်မံကျဆင်းပြီး တစ်ပိဿာ ၈၀၀ ကျပ်သာ ရှိတော့သည်။ ဈေးကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ လှောင်ထားသူများ ထုတ်ရောင်းနေကြ၍ဖြစ်သည်။ ဈေးကွက်၌ တရုတ်နိုင်ငံမှ သကြားဝင်ရောက်လာမှုမရှိတော့ဘဲ၊ အိန္ဒိယနိုင်ငံမှ သကြားများသာ ဝင်ရောက်လျက်ရှိသည်။ သို့သော် ဒီဇင်ဘာဒုတိယပတ်တွင်ရွာခဲ့သောမိုးကြောင့် သကြားဈေးပြန်တက်ဖွယ်ရှိသည်ဟု ခန့်မှန်းနေကြသည်'။

# ဘင်္ဂလားဒေ့ရှ်ဈေးကွက်တွင်နနွင်းခြောက်များ ဈေးကောင်းပေးအဝယ်လိုက်နေ

မောင်သန်းဝင်း၊ မောင်ကံ

**မောင်တော၊ ဒီဇင်ဘာ-၁၀**



မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မောင်တောဒေသတွင် နနွင်းတက်များ စံချိန်တင်ဈေးကောင်းနေပြီး နနွင်းခြောက် ကုန်ကြမ်းပစ္စည်းများအား ဘင်္ဂလားဒေ့ရှ်က အလုံးအရင်းဖြင့် အဝယ်လိုက်နေကြောင်းဒေသတွင်း နနွင်းခြောက်ကုန်သည်များကပြောသည်။

မောင်တောဒေသတွင်းနနွင်းစိုက်ပျိုးမှုလုပ်ငန်းများကို မယူတောင်တန်းနှင့် ပြုံးမချောင်းဝန်းကျင်ဒေသ သဘာဝတောတောင်များ၌ အကြီးအကျယ်စိုက်ပျိုးလုပ်ကိုင်ကြပြီး တစ်ဖက်ဘင်္ဂလားဒေ့ရှ်သို့ အဓိက ထုတ်လုပ်တင်ပို့ကြကြောင်းသိရသည်။

"အရင်နှစ်တွေကတော့ ဘင်္ဂလားဒေ့ရှ်ဈေးကွက်က ဒီအထိ တကူးတက လာရောက်ဝယ်ယူမှု သိပ်မရှိကြပါဘူး။ ကျွန်တော်တို့ဘက်ကဘဲ ဈေးကွက်ထိုးဖောက်တင်ပို့ရတယ်။ ဒီနှစ် နနွင်းဖော်ထုတ်ရောင်းချရာသီအခုလ (နိုဝင်ဘာလ)ဆန်းမှစပြီး သူတို့ဘက်ဈေးကွက် အဝယ်တော်တွေက ကျွန်တော်တို့ ဒေသတွေကိုလာပြီး အလုံးအရင်းဖြင့် ရသမျှ ဈေးကွက်ကောင်းပေးဝယ်ယူမှု များလာတယ်"ဟု ကြိမ်ချောင်းဈေးကွက်မှ နနွင်းခြောက်ကုန်သည် ဦးကျော်သောင်းက ပြောသည်။

ရခိုင်ဒေသထွက် နနွင်းခြောက်ပို့ကုန်များအား စစ်တွေနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှစ်စဉ်တန်ချိ အများအပြားတင်ပို့လျက်ရှိသည်။ ယခုလက်ရှိမောင်တောဒေသတွင်းနနွင်းခြောက် ၁ ပိဿာလျှင် ၃,၅၀၀ ကျပ်ဈေးရှိပြီး ယခင်နှစ်က တစ်ပိဿာလျှင် ၂,၅၀၀ ဝန်းကျင်ကျပ်ထိသာ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် နနွင်းပင်များကို မောင်တောနယ်စပ်တောင်ပိုင်း၊ မြောက်ပိုင်းရှိ နေအိမ်များ၌တိုးချဲ့စိုက်ပျိုးထားကြသော်လည်း စီးပွားဖြစ်စိုက်ပျိုးမှုနည်းနေသေးကြောင်း သိရသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.38 ▪ DECEMBER 16, 2010

# မိုးသည်းထန်စွာရွာသွန်း၍ရခိုင်ငါးဖမ်းစက်လှေအချို့အလုပ်ခေတ္တရပ်နား

မြတ်စုမွန်

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၁**



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်တောင်ပိုင်း သံတွဲဒေသရှိ ငါးဖမ်းစက်လှေအချို့ ပင်လယ်မထွက်ဘဲ ရပ်နားထားရကြောင်း သံတွဲမြို့နယ်၊ ဆင်ခေါင်းငါးဖမ်းဇုန်ရှိ ဒေသခံ တစ်ဦးထံမှ သတင်းရရှိသည်။

"ဘယ်သူမှ ပင်လယ်မထွက်ကြတာ ၃၊ ၄ ရက်ရှိပြီ"ဟု ဆင်ခေါင်းငါးဖမ်းဇုန်မှ ပိုက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့ပြင် သံတွဲမြို့အနီးတဝိုက်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငပလီသို့ ဆိုက်ရောက်သည့် လေယာဉ်အချို့ ခရီးစဉ်နှောင့်နှေးမှုရှိခဲ့ကြောင်း ငပလီကမ်းခြေရှိ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်တစ်ဦးထံမှသိရသည်။

"မနေ့က Air Mandalay တောင်မှ ရာသီဥတုမသာယာလို့ စောင့်ရတာ ၂ နာရီလောက်ကြာတယ်။ အခုတော့ ဒီမှာ မိုးအုံ့နေတယ်"ဟု အထက်ပါအရောင်းကိုယ်စားလှယ်ကပြောသည်။

"သံတွဲမှာတော့ ဝါဆို၊ ဝါခေါင်မှာ ရွာသလိုရွာချတာ ၃ ရက်လောက်ရှိပြီ" ဟု သံတွဲမြို့မှ ဒေသခံတစ်ဦးဖြစ်သူ ဦးသိန်းအောင်က ပြောသည်။

ဒီဇင်ဘာ ၁၀ ရက်တွင် နေပြည်တော် မိုးလေဝသနှင့် ဇလ ဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်ကျောက်ဖြူမြို့၊ မြောက်ဦးမြို့၊ မောင်တောမြို့နှင့် ပလက်ဝမြို့နယ်များတွင် မိုးရေချိန်စံချိန်သစ်များတင်ခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

## မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်အသင်း (မကွေးတိုင်းဒေသကြီး အသင်းခွဲ) ဆွေးနွေးပွဲကျင်းပမည်

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း (မကွေးတိုင်းဒေသကြီး အသင်းခွဲ)၏ သင်းလုံးကျွတ်တွေ့ဆုံပွဲနှင့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို မကွေးမြို့မကွေးဟိုတယ်၌ ဒီဇင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့)တွင်ကျင်းပမည်ဖြစ်သည်။ မကွေးတိုင်းဒေသကြီးအတွင်းရှိသွားနှင့် ခံတွင်းဆရာဝန်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် အသင်းအမှုဆောင်များက တိုက်တွန်းနိုးဆော်ထားသည်။

အသေးစိတ်သိလိုသည့်အချက်များကို ဒေါက်တာထွန်းဇော် (ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး သွားနှင့်ခံတွင်းဆရာဝန်အသင်း) ဖုန်း-၀၉-၅၃၄၀၆၉၃ နှင့် ဒေါက်တာအောင်ခိုင်မော်(အထွေထွေအတွင်းရေးမှူး)ဖုန်း-၀၉-၅၃၄၁၄၀၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

# ရက်တိုယာဉ်မောင်းတက်ရောက်ပြီးသူများသာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးဟုဆို

မျိုးမင်းဦး

**မုံရွာ၊ ဒီဇင်ဘာ- ၉**



မုံရွာမြို့ပေါ်တွင် မောင်းနှင်လျက်ရှိသော မော်တော်ယာဉ်များ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက်သက်ဆိုင်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ယာဉ်စည်းကမ်းလမ်းစည်းကမ်း နေ့စဉ်စစ်ဆေးလျက်ရှိရာ ယာဉ်မောင်းအားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်နိုင်ရေးအတွက် အခြေခံ ယာဉ်မောင်းသင်တန်း (ရက်တိုသင်တန်း)တက်ရောက်အောင်မြင်သူများကိုသာ ယာဉ်မောင်းနှင်ခွင့် လိုင်စင်ထုတ်ပေးကြောင်း သိရသည်။

"ဒီဇင်ဘာ လဆန်းပိုင်းမှာယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ တွေက ယာဉ်မောင်းလိုင်စင်ပါ မပါ စစ်ဆေးလာတော့ယာဉ်မောင်း လိုင်စင်မရှိတဲ့ သူတွေယာဉ်မောင်းလိုင်စင် လျှောက်လာကြတယ်။ ဟိုအရင်တုန်းကလို ယာဉ်မောင်းလိုင်စင်လွယ်လွယ်နဲ့ လျှောက်လို့ မရတော့ဘူး။အခြေခံယာဉ်မောင်းသင်တန်းကို စာတွေ့လက်တွေ့ စစ်ဆေးပြီးမှ တရားဝင်ယာဉ်မောင်းလိုင်စင်ထုတ်ပေးတယ်။ ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူတိုင်း ယာဉ်စည်းကမ်းလမ်းစည်းကမ်းတွေ သိထားတယ်ဆိုရင် ယာဉ်အန္တရာယ်သိသိသာသာလျော့နည်းလာနိုင်တာပေါ့" ဟု မုံရွာမြို့ခံ ယာဉ်မောင်းလိုင်စင်လျှောက်ထားသော ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်များအား ဒီဇင်ဘာလ ၁ ရက်မှစ၍ သလိုင်စင်(ယာဉ်မောင်းသင်လိုင်စင်)အား ယခင်ခြောက်လမှ တစ်နှစ်ကာလအထိလည်းကောင်း၊ ကျန်ယာဉ်မောင်းလိုင်စင်များဖြစ်သော (က၊ ခ၊ ဂ၊ ဃ၊ င၊ ဌ၊ စ) စသော လိုင်စင်များအား ယခင် ၂ နှစ်သက်တမ်း မှ ၃ နှစ်သက်တမ်းထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။ ယခုအခါ လုံခြုံမှုအဆင့်အတန်းရှိပြီး လိုင်စင်အတုပြုလုပ်ရန်မလွယ်ကူသော စမတ်ကတ်ယာဉ်မောင်းလိုင်စင်များအား ရန်ကုန်၊ မန္တလေး၊ နေ ပြည်တော် မြို့ကြီး ၃ မြို့တွင် ၂၀၁၀ ခုနှစ် မတ်လ၁၀ ရက်တွင် စတင်ထုတ်ပေးခဲ့ပြီး၊ ဒုတိယအကြိမ် စမတ်ကတ်များကို စစ်ကိုင်းတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး (မုံရွာ) ဧရာဝတီတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ပုသိမ်)၊ ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ပဲခူး) ရှမ်းပြည်နယ်တောင်ပိုင်း ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (တောင်ကြီး)စသောဒေသများတွင် မေလ ၃ ရက်မှ စတင်ထုတ်ပေးကြောင်းသိရသည်။

စမတ် ကတ်လျှောက်ထားသူများသည်ယာဉ်မောင်းသူ၏ သွေးအမျိုးအစားအား ဖော်ပြရန်လိုအပ်ပြီး အရေးပေါ်ယာဉ်တိုက်မှုဖြစ်ပါကယာဉ်မောင်းသူ၏ သွေးအမျိုးအစားအား အလွယ်တကူသိရှိစေနိုင်ရန် ယာဉ်မောင်းလိုင်စင်တွင် ထည့်သွင်းဖော်ပြခြင်းဖြစ်ကြောင်း သိရှိရသည်။ စစ်ကိုင်းတိုင်းအတွင်း သွားလာမောင်းနှင်လျက်ရှိသောမော်တော်ကား၊ မော်တော်ဆိုင်ကယ်အစီးရေနှစ်သိန်းခွဲခန့်ရှိပြီး ယာဉ်အစီးရေ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်နှင့်အမျှ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက်သက်ဆိုင်ရာမှ နေ့စဉ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# စက်မှုလယ်ယာက အခမဲ့ စပါးရိတ်သိမ်းခြွေလှေ့ပေးမည်ဟုဆို

ထူးသန့်

**နေပြည်တော်၊ ဒီဇင်ဘာ - ၈**

နေပြည်တော် ပျဉ်းမနားမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဌာနပိုင် စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် လယ်သမားများကိုရိတ်သိမ်းခ (အခမဲ့) စက်သုံးဆီထည့်ပေးသောစနစ်ဖြင့် စိုက်ခင်းအရောက် ရိတ်သိမ်းပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုကဲ့သို့ ရိတ်သိမ်းပေးမည်ဖြစ်ကြောင်းကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှတစ်ဆင့် လယ်သမားများသို့အသိပေးလာခြင်းဖြစ်ကြောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ယခုလ ၆ ရက်နေ့ရက်စွဲဖြင့် အသိပေးအကြောင်းကြားစာ ပေးပို့ထားသည်ဟု ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီအဖွဲ့ဝင်တစ်ဦးကပြောကြားသည်။

"လယ်သမားတွေ စရိတ်သက်သာအောင် ရိတ်သိမ်းခ(အခမဲ့) ဆီထည့်ပေးရတဲ့စနစ်နဲ့ ရိတ်သိမ်းပေးမယ်လို့ဆိုပါတယ်။ အခုတော့ ကျွန်တော့်နယ်မြေမှာရှိတဲ့ လယ်သမားအများစုက ရိတ်သိမ်းပြီးသွားပါပြီ။ နောက်ထပ် မတ်ပဲတွေတောင် စိုက်နေကြပြီ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ဒေသခံလယ်သမားများထံမှ စုံစမ်းမေးမြန်းချက်အရ လယ်တစ်ဧက ရိတ်သိမ်းစရိတ်မှာ ကျပ်ငါးသောင်းအထိ ကုန်ကျမှုရှိကြောင်းနှင့် ယခုနှစ်မိုးရွာသွန်းမှုပုံမှန်ရှိခဲ့သောကြောင့် စပါးအထွက်နှုန်းများလည်း ယခင်နှစ်များထက်သာလွန်ခဲ့ကြောင်း သိရှိရသည်။

# မုံရွာဒေသကောလိပ်ကျောင်းသား/သူဟောင်းများဒုတိယအကြိမ်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

မျိုးမင်းဦး

**မုံရွာ၊ ဒီဇင်ဘာ- ၈**

မုံရွာဒေသကောလိပ် (၁၉၇၆- ၇၇ ပညာသင်နှစ်မှ ၁၉၈၁-၈၂ ပညာသင်နှစ်အထိ) ပညာသင်ယူခဲ့သော ကျောင်းသားကျောင်းသူ ဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအား လာမည့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် မွန်းလွဲ ၁ နာရီတွင် မုံရွာမြို့၊ မြစန္ဒာခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ပွဲကျင်းပရေးကော်မတီတာဝန်ရှိသူတစ်ဦးကပြောသည်။

"မုံရွာဒေသ ကောလိပ်ကျောင်းသားကျောင်းသူဟောင်းများရဲ့ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်က မုံရွာဒေသကောလိပ်ကျောင်းဖွင့်လှစ်ခဲ့တဲ့နေရာဟောင်းလေးဖြစ်တဲ့ ယခုမုံရွာမြို့အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှာကျင်းပခဲ့ပါတယ်"ဟု မုံရွာဒေသကောလိပ် ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီတာဝန်ရှိသူတစ်ဦးကပြောသည်။

မုံရွာဒေသကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပရေးအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဦးခင်မောင်မြင့် (ချင်းတွင်းမြင့်ဆီစက်) ရန်ကင်းရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း- ၀၉-၂၁၃၁၄၄၅၊ ၀၇၁-၂၁၉၅၀၊ ၀၉-၆၈၀၇၈၇၁၊ ဦးမောင်မြင့် (အောင်ဘောဂစက်သုံးဆီရောင်းဝယ်ရေး)ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့။ ဖုန်း- ၀၉-၅၀၁၆၀၁၈၊ ၀၇၁-၂၉၀၁၆၊ ၂၉၂၂၄၊ ၂၉၂၀၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## *ဓာ(၁၅) ပုဂ္ဂလိကစက်သုံးဆီဆိုင်များ ဆိုင်ကယ် ဓာတ်ဆီခွဲတမ်း ထက်ဝက်လျှော့ချ မှ*

မော်တော်ဆိုင်ကယ်များအတွက် ဓာတ်ဆီရောင်းချမှု ခွဲတမ်းလျှော့ချခဲ့သော်လည်း ကားများအတွက်ကိုမူ လျှော့ချခြင်းမရှိဘဲ ယခင်အတိုင်းပင် ရောင်းချပေးလျက်ရှိကြောင်း ကိုယ်ပိုင်မော်တော်ယာဉ်ရှိသူ ကိုဇော်လင်းသန်းကပြောသည်။

နေပြည်တော် ပျဉ်းမနားမြို့တွင် ပုဂ္ဂလိကပိုင် စက်သုံးဆီ အရောင်းဆိုင်ကြီး နှစ်ဆိုင်ရှိနေပြီး ပြင်ပမှရောင်းချသူများလည်း အများအပြားရှိနေကြောင်း ပြင်ပဓာတ်ဆီဈေးကွက်တွင် တစ်ဂါလန်လျှင် ၃,၅၀၀ ကျပ်မှ ၃,၆၀၀ ကျပ်အထိ ရောင်းချလျက်ရှိပြီး အဆိုပါ ဓာတ်ဆီဆိုင်များကို မှီခိုသုံးစွဲသူ အများအပြားရှိနေကြောင်းကိုလည်း ဆိုင်ကယ်အသုံးပြုသူများက ပြောကြားသည်။

# Education

7DAY NEWS JOURNAL

Vol.9, No.38 • DECEMBER 16, 2010


## မီဒီယာလုပ်ငန်းစိတ်ဝင်စားသူများ Oklahoma City University ၏ Mass Communication ဘာသာရပ်ကိုလျှောက်ထားနိုင်

သီဟ

**ရန်ကုန်၊ဒီဇင်ဘာ – ၁၁**



အမေရိကန်နိုင်ငံ Oklahoma City University မှပေးအပ်သည့် Bachelor of Arts (Mass Communication) အားမီဒီယာလုပ်ငန်း စိတ်ဝင်စားသည့် မြန်မာနိုင်ငံမှတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သူကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် FM ရေဒီယိုထုတ်လွှင့်ခြင်း၊ တီဗီအစီအစဉ်များ ထုတ်လွှင့်ခြင်း၊ Electronic Media၊ ကြော်ငြာလုပ်ငန်းစသည့်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုမည့်သူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တစ်ဘာသာလျှင် ပျမ်းမျှရမှတ် လေးဆယ့်ငါးမှတ်နှင့်အထက် ရရှိရမည်ဖြစ်ပြီး IELTS ရမှတ် ၆.၀ ရရှိရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းရမှတ်မမီသူများသည် Certificate in Marketing and Communication အား လေးလသင်ယူရမည်ဖြစ်သည်။အမှတ်မီသူများသည် ဒီပလိုမာတန်းသို့ တိုက်ရိုက်တက်ရောက်နိုင်ပြီး ဒီပလိုမာတန်း ၇ လ၊ အဆင့်မြင့်ဒီပလိုမာ ၈ လနှင့် ဒီဂရီတန်းအား ၁၅ လ သို့မဟုတ် ၁၈ လ တက်ရောက်နိုင်ကြောင်း သိရသည်။

ဒီပလိုမာတန်းနှင့် အဆင့်မြင့်ဒီပလိုမာတန်းများအား စင်ကာပူနိုင်ငံရှိ Management Development Institute of Singapore(MDIS) တွင်တက်ရောက်ရမည်ဖြစ်ပြီး ဒီဂရီတန်းအား အမေရိကန်နိုင်ငံရှိ Oklahoma City University တွင် သွားရောက်သင်ယူနိုင်မည်ဖြစ်သည် စင်ကာပူ၌လည်း ပြီးဆုံးသည်အထိတက်ရောက်နိုင်ကြောင်း သိရသည်။

သင်တန်းတွင် News Broadcasting, TV and Radio Production, Techniques of Professional Speaking and Writing စသည့်ဘာသာရပ်များ သင်ယူရမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာလည်း အခုဆိုရင် မီဒီယာလုပ်ငန်းတွေတိုးတက်လာတာနဲ့အမျှ ဒီနယ်ပယ်အတွက်ပညာတတ်တွေအများကြီး လိုအပ်လာအုံးမှာပါ" ဟု ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education မှတာဝန်ရှိသူတစ်ဦးကပြောသည်။

IELTS ရမှတ်မရှိသူများသည် Crown Education တွင်ဝင်ခွင့်ဖြေဆိုနိုင်ကြောင်း သိရသည်။ထို့ကြောင့် ပညာသင်ထောက်ပံ့ကြေး Study Grant နှင့်ဝင်ခွင့်ဖြေဆိုလိုသူများ Crown Education သို့စုံစမ်းနိုင်ကြောင်း သိရသည်။

ပညာရေးသတင်းတိုများ

### ဩစတြေးလျပညာရေးဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၀**

ဩစတြေးလျနိုင်ငံတွင် သွားရောက်ပညာသင်ယူလိုသောကျောင်းသားများအတွက် ပညာရေးဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၀ ရက်မှ ၂၄ ရက်ထိ မြန်မာအင်ဖိုတက်ခ်ရှိ YIUS တွင်ပြုလုပ်မည်ဟုသိရသည်။ ဆွေးနွေးပွဲတွင် ဩစတြေးလျနိုင်ငံမှဘွဲ့ရရှိသော ကျောင်းသူတစ်ဦးနှင့် YIUSမှတာဝန်ရှိသူများက အခမဲ့တိုင်ပင်ဆွေးနွေးမည်ဟုသိရသည်။

### ပညာရေးအတွက် အိုင်စီတီ ခေါင်းစဉ်ဖြင့် ဟောပြောမည်

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၀**

MyanmarING ၏တတိယအကြိမ်မြောက်စာတမ်းဖတ်ပွဲကိုဒီဇင်ဘာလ ၁၈နှင့်၁၉ရက်များတွင် မြန်မာအင်ဖိုတက်ခ်၌ နံနက် ၉ နာရီမှညနေ ၅ထိကျင်းပပြုလုပ်မည်ဟုသိရသည်။ ယခုနှစ်စာတမ်းဖတ်ပွဲ၏အဓိကခေါင်းစဉ်မှာ ICT forEducation(ICT4E) ဖြစ်ပြီးဟောပြောပွဲအစီအစဉ်များ၊ နည်းပညာဆိုင်ရာသရုပ်ပြမှုများပါဝင်မည်ဟုသိရသည်။


### ဂျပန်ဘာသာပညာဒါနသင်တန်းဖွင့်မည်

မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းများအသင်း (MAJA) မှလာမည့် ဇန်နဝါရီလ၁၁ရက်တွင်စတင်၍ဂျပန်ဘာသာပညာဒါနသင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားမည်ဟုသိရသည်။ တက်ရောက်လိုသူများအနေဖြင့် ဂျပန်ဘာသာစကားအခြေခံအဆင့်လေး(N5)နှင့်အထက်ရှိထားရမည်ဖြစ်ပြီး ဒီဇင်လာလ ၂၈ ရက် နောက်ဆုံးထား၍ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒိုရှိ MAJA ရုံးခန်းတွင်လျှောက်ထားနိုင်ကြောင်း သိရသည်။

## ကျောင်းသားများအတွက် ဩစတြေးလျဗီဇာရရန် အချိန်ပိုပေးလာရ

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၀**



ဩစတြေးလျနိုင်ငံ၌ သွားရောက်ပညာသင်ယူမည့်ကျောင်းသားများအတွက် ပြည်ဝင်ခွင့်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့်အချက်အချို့တိုးမြှင့်လိုက်ခြင်းကြောင့် ဗီဇာစောင့်ဆိုင်းရမှု အနည်းငယ်ကြာမြင့်သွားမည်ဖြစ်ကြောင်းသိရသည်။

ယခင်ကကျောင်းသားဗီဇာလျှောက်ထားရာတွင် ၁၅၇ အေ ဖောင်တစ်ခုသာဖြည့်စွက်ရန်လိုအပ်သော်လည်း ယခုအခါ ဖောင် ၈၀ ပါဖြည့်စွက်ရန်လိုအပ်လာကြောင်းသိရသည်။

"လွန်ခဲ့တဲ့နှစ်ပတ်လောက်ကပဲ ပြောင်းသွားတာ။ ၂၈ရက်ကြာမယ်တဲ့။ အရင်ကနှစ်ပတ်နဲ့ အကြိုဗီဇာရတာပါ။ လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်းဘယ်မှာနေခဲ့တယ်၊ ဘာတွေလုပ်ခဲ့တယ်၊ ညီအစ်ကိုမောင်နှမ နာမည်အဲဒါတွေ ဖောင်အသစ်မှာထပ်ဖြည့်ရတာပါ'ဟုဩစတြေးလျပညာရေးကျွမ်းကျင်သူတစ်ဦးက ပြောသည်။ ဩစတြေးလျကျောင်းသား ဗီဇာလျှောက်ထားရန်အတွက် ပညာအရည်အချင်း စာရွက်စာတမ်း၊ ကျောင်းလခနှင့်နေထိုင်စားသောက်စရိတ်များအတွက် ဘဏ်ငွေစာရင်း၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်လုပ်ငန်းဆောင်ရွက်မှုအထောက်အထားများကို ပြသရသည်။ ကျောင်းသားဗီဇာကြေးအတွက်အမေရိကန်ဒေါ်လာ ၅၀၀ကျော်ပေးသွင်းရကြောင်းသိရသည်။

## ဗြိတိန်ရောက်ကျောင်းသားအချို့ နေထိုင်ခွင့်အတွက် နည်းလမ်းပေါင်းစုံသုံးနေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ – ၈**

ဗြိတိန်နိုင်ငံတွင်သွားရောက်ပညာသင်ယူနေသောမြန်မာကျောင်းသားအချို့သည် ၄င်းနိုင်ငံတွင်နေထိုင်ရပ်တည်နိုင်ရန် နည်းလမ်းမျိုးစုံအသုံးပြုလာကြကြောင်း မကြာမီက ဗြိတိန်နိုင်ငံသို့ ရောက်ရှိခဲ့သည့် ပညာရေးဝန်ဆောင်မှုလုပ်ကိုင်နေသူတစ်ဦးကပြောသည်။


ကျောင်းသားများအား စည်းမျဉ်းစည်းကမ်းများပိုမိုတင်းကျပ်လာခြင်း၊ ကျောင်းခေါ်ချိန်မပြည့်ဘဲ ဗီဇာသက်တမ်းတိုးသောကျောင်းသားများအား ဗီဇာဖျက်သိမ်းပြီး နေရပ်ပြန်ပို့ခြင်းနှင့် သတ်မှတ်ချိန်ထက်အလုပ်လုပ်ကိုင်နေသော ကျောင်းသားများအား လိုက်လံ ဖမ်းဆီးနေခြင်းတို့ကြောင့် အဆိုပါနိုင်ငံတွင်ဆက်လက်နေထိုင်ခွင့်ရရှိသောနည်းလမ်းများကို အသုံးပြုလာကြခြင်းဖြစ်ကြောင်း သိရသည်။

"အဲ့ဒီနိုင်ငံမှာ နေရရေးကို ဦးတည်လာကြတယ်"ဟု ဗြိတိန်နိုင်ငံသို့ ကျောင်းသားများ သွားရောက်နိုင်ရန် ဆောင်ရွက်နေသူတစ်ဦးကပြောသည်။

ဗြိတိန်နိုင်ငံတွင် တရားမဝင်အလုပ်လုပ်ကိုင်နေသူများကိုလည်း လိုက်လံရှာဖွေဖမ်းဆီးလျက်ရှိရာ မြန်မာနိုင်ငံသားအချို့လည်း ပါဝင်လာကြောင်းယူကေလူဝင်မှုကြီးကြပ်ရေး(ယူကေဘီအေ) ဝက်ဘ်ဆိုက်တွင်ဖော်ပြခဲ့သည်။

အစိုးရသစ် တက်လာပြီးနောက် ပြောင်းလဲလာသည့်ဗြိတိန်နိုင်ငံ၏ ပညာရေးဆိုင်ရာမူဝါဒသစ်များကြောင့် အလုပ်အကိုင်အခွင့်အလမ်းများအား မျှော်လင့်၍သွားရောက်ကြမည့်ကျောင်းသားများအနေဖြင့် သတိပြုသင့်ကြောင်း ပြည်ပပညာရေးကျွမ်းကျင်သူများက သုံးသပ်သည်။

မြန်မာကျောင်းသားများသည် ပြည်ပနိုင်ငံများသို့ သွားရောက်ပညာသင်ယူရာတွင် အလျင်အမြန်သွားရောက်နိုင်ရန် ဦးတည်လေ့ရှိကာ ကြိုတင်ပြင်ဆင်လေ့လာမှု အားနည်းတတ်ကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှသိရသည်။




7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

## နီအန်းပိုလီဝင်ခွင့်လျှောက်ထားနိုင်

သီဟ

**ရန်ကုန်၊ ဒီဇင်ဘာ – ၈**

စင်ကာပူနိုင်ငံရှိ ပိုလီကျောင်း တစ်ကျောင်းဖြစ်သည့် Ngee Ann Polytechnics၏ ၂၀၁၁မေပြီ ကျောင်းဝင်ခွင့်အား ယခုလ ၁၅ ရက်မှ ဇန်နဝါရီ ၁၄ရက်အတွင်း လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

လျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်တန်းသို့မဟုတ် GCE A' level အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ပါက တစ်ဘာသာလျှင် ပျှမ်းမျှ ၇၅မှတ်နှင့်အထက် ရရှိထားလျှင် ဝင်ခွင့်အင်တာဗျူး ဖြေဆိုခွင့်ရရှိရန် အခွင့်အလမ်းပိုများကြောင်း သိရသည်။ ထို့အပြင် GCE A' level အောင်မြင်ပြီးသူများသည် Biomedical Science (non-Medical Laboratory Technology option), Molecular Biotechnology, Business Studies, Electrical Engineering, Information Technology, Marine & Offshore Technology, Mechanical Engineering, Mecha tronic Engineering အစရှိသည့်ဘာသာရပ်များအား ဒုတိယနှစ်မှ စတင်တက်ရောက်နိုင်ရန် ထည့်သွင်းခြင်းစဉ်းစားခြင်းခံရနိုင်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများသည် Business နှင့်ဆက်စပ်ဘာသာရပ်များကို လျှောက်ထားမည်ဆိုပါက အင်္ဂလိပ်စာ၊ သင်္ချာ အစရှိသည့် ဘာသာရပ်များတွင် အမှတ်ကောင်းကောင်း ရရှိထားရန်လိုအပ်သည်။

ထို့အပြင် IT, Engineering နှင့် Design ဘာသာရပ်များကို စိတ်ဝင်စားသူများသည် အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံနှင့် ဝိဇ္ဇာဘာသာရပ်များတွင် အမှတ်ကောင်းကောင်း ရရှိထားရန် လိုအပ်ကြောင်း သိရသည်။

ဝင်ခွင့်စာမေးပွဲဖြေဆိုရန် ရွေးချယ်ခံရသူများသည် စာမေးပွဲ စစ်ဆေးမည့် Center ရှိရာ Ngee Ann Polythchnics သို့ မိမိတို့အစီအစဉ်ဖြင့် သွားရောက်ရမည်ဖြစ်သည်။

## NAFA ကျောင်းဝင်ခွင့်စာမေးပွဲ ဒီဇင်ဘာ၃၀ ကျင်းပမည်


သီဟ

**ရန်ကုန်၊ ဒီဇင်ဘာ – ၈**

စင်ကာပူနိုင်ငံ၏ အနုပညာကျောင်းတစ်ကျောင်းဖြစ်သော Nanyang Academy of Fine Arts(NAFA) ၏ဝင်ခွင့်စာမေးပွဲအား လာမည့် ဒီဇင်ဘာလ ၃၀ တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

NAFA တွင်တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ IGCSE ဖြေဆိုအောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး၊ ဒီပလိုမာတန်းများအား သုံးနှစ်တက်ရောက်ရမည်ဖြစ်ကာ ဒီဂရီတန်းများအား လေးနှစ်တက်ရောက်ရမည် ဖြစ်သည်။

အဆိုပါကျောင်းတွင် 3D Design ဘာသာရပ်များအနေဖြင့် Environmental Design, Exhibition Design, Furniture Design, Interior Design, Jewellery Design, Object Design စသည့်ဘာသာရပ်များကိုသင်ယူနိုင်သည်။ ဒီဇိုင်းနှင့် မီဒီယာဘာသာရပ်များ အနေဖြင့် Graphic Design, Advertising illustration Design, Animation, Video Production, Interactive Media စသည့် ဘာသာရပ်များ သင်ကြားနိုင်သည်။ထို့အပြင် ပန်းချီဘာသာရပ်



များအနေဖြင့်လည်း Art Management, Fine Arts တို့အပြင် Fashion Design, Fashion Merchandising & Marketing, Dance and Music Performance အစရှိသည့် ဘာသာရပ်များ သင်ကြားနိုင်ကြောင်းသိရသည်။

ထို့အပြင် ကျောင်းမှလည်း အနုပညာနှင့် သင်ကြားရေးတွင် ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးလျှောက်ထားနိုင်သည်။ ထောက်ပံ့ကြေးရရှိသည့် ကျောင်းသားများသည် ဒီပလိုမာ သင်တန်းအတွက် သင်တန်းကြေး တစ်နှစ်လျှင် ၇,၅၀၀ မှ ၉,၀၀၀ ကြား ကျသင့်မည်ဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေး ရရှိသူများသည် ကျောင်းပြီးပါက စင်ကာပူတွင် သုံးနှစ် အလုပ်ပြန်လုပ်ပေးရမည်ဖြစ်သည်။

## ဗြိတိန်အသိအမှတ်ပြုစာမေးပွဲဖြေသူ ၂၉,၀၀၀ ခန့်ရှိ

**ရန်ကုန်၊ ဒီဇင်ဘာ – ၉**

ယခုနှစ်အတွင်း ဗြိတိန်အသိအမှတ်ပြုစာမေးပွဲအား ဝင်ရောက်ဖြေဆိုသောမြန်မာကျောင်းသားအရေအတွက်မှာ ၂၉,၀၀၀ခန့်ရှိကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှ သိရသည်။

ကျောင်းသားများ ဗြိတိန်အရည်အချင်းစစ်စာမေးပွဲများဖြေဆိုရာတွင်LCCI ,ABE , ACCA,NCC, CGI စသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာဘာသာရပ်များအား ဖြေဆိုသူအရေအတွက်မှာ အများဆုံးဖြစ်နေကြောင်းသိရသည်။ "အသက်မွေးဝမ်းကျောင်းဘာသာရပ်တွေကိုအများဆုံးဖြေဆိုကြတာက နိုင်ငံခြားမှာကျောင်းဆက်တက်ချင်လည်းရတယ်၊ ဒီမှာပဲလုပ်ငန်းခွင်ဝင်လည်း အဆင်ပြေလို့ပါ။ ကျောင်းသားတွေ စာမေးပွဲဖြေဆိုမယ့် demand ကတော့ထပ်တိုးဖို့ပဲရှိပါတယ်။ နောက်နှစ်ဆိုရင်တော့ စာမေးပွဲအသစ်တွေ ထပ်တိုးဖို့ရှိပါတယ်"ဟု ဗြိတိသျှကောင်စီ(မြန်မာ)၏ စာမေးပွဲဌာနတာဝန်ခံတစ်ဦးကပြောသည်။ ယမန်နှစ်တွင် ဗြိတိန်အသိအမှတ်ပြုစာမေးပွဲဖြေဆိုသူအရေအတွက်သည် ၂၆,၀၀၀ရှိခဲ့ပြီး ယခုနှစ်သည် စံချိန်တင်မြင့်တက်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ ပြည်တွင်း၌ ဗြိတိန်အသိအမှတ်စာမေးပွဲများစစ်ဆေးနေသော စာစစ်ဌာနအဖြစ် ဗြိတိသျှကောင်စီ(မြန်မာ)သည် မူလတန်းအရွယ်မှဘွဲ့လွန်အဆင့် ကျောင်းသားများအတွက် စာမေးပွဲအမျိုးအစား၁၃ခုကို အဓိကစစ်ဆေး ဆောင်ရွက်လျက်ရှိသည်။ ပြည်ပပညာသင်ရန်ရည်ရွယ်ထားသူများနှင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ရန်မျှော်လင့်သူများသည် မိမိနှင့်သင့်လျော်ကိုက်ညီမည့် နိုင်ငံတကာအသိအမှတ်ပြုစာမေးပွဲများ၌ ဝင်ရောက်ဖြေဆိုနေကြသည်။

အနှစ်၃၀ ကျော် အစဉ်အလာကြီးမား ကျော်ကြားလျက်ရှိသော ဆရာ
ဂုဏ်ထူးဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ် ဦးစီးတည်ထောင်သော
ပညာနန်းတော်
၅တန်းမှ ၁၀တန်းအထိ
အထူးအဆင့်မြင့်ဘော်ဒါ
အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
privateboardinghighschool.pyinnyarnandaw@gmail.com
Ph: 01-577605

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်
အောင်ချမ်းမြေ
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
(Open 6:00 am to 9:00 pm)
http://www.acmnursingtraining.com
"အောင်" ပြီး "ချမ်းမြေ့"မှုတွေ ရရှိရန် "အောင်ချမ်းမြေ့"ကို လာခဲ့ပါ။
တစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)
နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)
(I) 06:30 am to 08:30 am (V) 01:30 pm to 03:30 pm
(II) 07:30 am to 09:30 am (VI) 04:30 pm to 06:30 pm
(III) 09:30 am to 11:30 am (VII) 05:30 pm to 07:30 pm
(IV) 12:30 pm to 02:30 pm (VIII) 06:30 pm to 08:30 pm
09:30 am to 03:30 pm
09:30 am to 03:30 pm

# Technology

7 DAY NEWS JOURNAL

Vol.9, No.38 • DECEMBER 16, 2010


## ဗီဒီယိုနှင့် အသံဖိုင်ပုံစံ ဗိုင်းရပ်စ်တစ်မျိုး ပေါ်လာ

**နေလင်းအောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၄**

အင်တာနက်သုံးစွဲသူများထံသို့ ယခုရက်ပိုင်းအတွင်း ဗီဒီယိုနှင့် အသံဖိုင်အဖြစ် ရုပ်လွှဲထားသည့် ဗိုင်းရပ်စ်တစ်မျိုးဖြန့်ဝေသူများရှိနေခြင်းကြောင့် အင်တာနက်သုံးစွဲသူများအနေဖြင့် အမည်မသိသူများထံမှပေးပို့သော ဗီဒီယိုနှင့် အသံဖိုင်များအား သတိထားရန်လိုအပ်ကြောင်း ကျွမ်းကျင်သူအချို့က ပြောကြားသည်။

ဒီဇင်ဘာ ပထမအပတ်မှစတင်၍ ပေါ်ထွက်လာသော ယင်းဗိုင်းရပ်စ်သည် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များနှင့် အီးမေးလ်များအတွင်း ပေးပို့နေခြင်းဖြစ်သည်။ လက်ရှိတွင် မည်မျှဖျက်အားကြီးမားသည်ကို မှန်းဆရန်မလွယ်ကူသေးသော်လည်း အနည်းဆုံး စက်၏ System နှင့် Network များကို ထိခိုက်ပျက်စီးစေနိုင်ကြောင်းသိရသည်။

“ခုရက်ပိုင်းမှာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ မေးလ်တွေရော၊ Video Clip တွေရော တောက်လျှောက်ဝင်နေတာ။ လူတွေကလည်း အခုအချိန်က Current လို ဖြစ်နေတော့ စိတ်ဝင်စားနေတဲ့အပေါ်မှာ ဒီလိုအသုံးချတာလည်းဖြစ်နိုင်တယ်”ဟု ပြည်တွင်း Web Developer တစ်ဦးက ပြောသည်။

နိုဝင်ဘာလကုန်ပိုင်းမှာစတင်၍ ပြည်တွင်းအင်တာနက်သုံးစွဲသူအများစုသည် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များနှင့် အီးမေးလ်များမှ သတင်းများကို စောင့်ကြည့်မှုများပြားလာခဲ့သည်။

သတင်းများနှင့်အတူ ဗိုင်းရပ်စ်အမျိုးမျိုး ပါဝင်လာမှုကြောင့် သုံးစွဲသူများ အထူးသတိပြုရန်လို အပ်သောကာလဖြစ်ကြောင်း သိရသည်။

## SEA-ME-WE-4 ကို သွယ်တန်းရန် အစီအစဉ်ပျက်ပြယ်



**ယုဇနကိုကို**

**ရန်ကုန်၊ဒီဇင်ဘာ- ၁၀**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထပ်မံတိုးချဲ့သွယ်တန်းမည်ဆိုသည့် အာရှ-ဥရောပ ရေအောက်ကေဘယ်လ်ဆက်ကြောင်းဖြစ်သည့် SEA-ME-WE 4 အား သွယ်တန်းဖြစ်မည်မဟုတ်တော့ကြောင်း အဆိုပါလုပ်ငန်း၏တာဝန်ရှိသူတစ်ဦးကဆိုသည်။

အဆိုပါ SEA-ME-WE 4 ဆက်ကြောင်းအသစ်သွယ်တန်းမှုနှင့် ပတ်သတ်ပြီး အထက်ပါတာဝန်ရှိသူက “အခုအခြေအနေက ထပ်တိုးမဲ့ရေအောက်ဆက်ကြောင်းကို ပထမစီစဉ်ထားသလို ထပ်ပြီးတိုးချဲ့နိုင်ဖို့ မဖြစ်နိုင်တော့ဘူး။ အဲ့ဒီဆက်ကြောင်းကို အစီအစဉ်တိုင်းဆက်လုပ်ဖြစ်မှာ မဟုတ်လောက်တော့ဘူး”ဟု ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် SEA-ME-WE 3 အင်တာနက်ဆက်ကြောင်းပေါ်တွင် အခြေခံထားသည့် နယ်စပ်ဖြတ်ကျော်အင်တာနက်ဆက်သွယ်မှုလိုင်းများကိုအသုံးပြုနေသည်ဟု အထပ်ပါတာဝန်ရှိသူထံမှ သိရသည်။

အဆိုပါရေအောက်ကေဘယ်လ်အင်တာနက်ဆက်ကြောင်း နံပါ(၄)အား ထပ်မံသွယ်တန်းရာတွင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ချိတ်ဆက်ရန်အတွက် ယင်းနိုင်ငံနှင့်လည်း နှစ်နိုင်ငံညှိနှိုင်းမှုများကိုပြုလုပ်ခဲ့ပြီးမှ လက်တွေ့တွင် အကောင်အထည်ပေါ်လာခြင်းမရှိခဲ့ဟုလည်း အထက်ပါတာဝန်ရှိသူကဆက်လက်ဆိုသည်။

ယခုလက်ရှိအချိန်တွင် ပြည်တွင်း၏ အင်တာနက်ဆက်သွယ်မှု ဆက်ကြောင်းများအား SEA-ME-We 3 ပေါ်၌ အခြေခံထားသည့် ဆက်ကြောင်းများပေါ်တွင်အသုံးပြုနေခြင်းဖြစ်သည်။ အဆိုပါ ဆက်ကြောင်းတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းသုံးဆယ်ကျော်မှ အင်တာနက်သုံးစွဲခြင်းများဆောင်ရွက်နေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှသိရသည်။

## MPT အင်တာနက်လိုင်းများ မကြာခဏပြတ်တောက်မှုများကြောင့် လုပ်ငန်းအချို့ အခက်တွေ့

**နေလင်းအောင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် အင်တာနက်လိုင်းများ မကြာခဏပြတ်တောက်နေမှုကြောင့် ရန်ကုန်အပါအဝင် နယ်မြို့များရှိ စီးပွားရေးလုပ်ငန်းများ အခက်ကြုံလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

ပြည်တွင်းရှိ အင်တာနက်ဝန်ဆောင်မှုထောက်ပံ့သူ-ISP ဖြစ်သော MPT အင်တာနက်လိုင်းများသည် ယခုနှစ်အတွင်း လိုင်းပြတ်တောက်မှုမှာ ဆက်တိုက်ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ADSL လိုင်းများ ရယူသုံးစွဲနေသည့် အင်တာနက်ဆိုင်များ၊ စီးပွားရေးလုပ်ငန်းများမှာ အခြားသော ISP များနှင့် ပူးတွဲသုံးစွဲနေရကြောင်း MPT User များကပြောသည်။

“MPT အင်တာနက်လိုင်းက ဒီတစ်နှစ်ထဲမှာ ပိုပိုဆိုးလာတယ်။ ကျွန်တော်တို့က နယ်ဘက်မို့လို့လားမသိဘူး။ တစ်ပတ် တစ်ပတ်ကို လိုင်းကောင်းကောင်းမွန်မွန်ရတာဆိုလို့ သုံးရက်လောက်တောင်မရှိဘူး။ ရရင်လည်း မနက်ရရင် နေ့လယ်ပြတ်၊ နေ့လယ်ရရင် ညနေပြတ် အဲဒီလိုပဲ သုံးနေရတာ”ဟု မော်လမြိုင်မြို့ရှိ ရာဇာအင်တာနက်ဆိုင်မှ တာဝန်ခံတစ်ဦးကပြောသည်။

ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် အင်တာနက်ဆိုင်များ၊ သုံးစွဲသူများက ယင်းပြတ်တောက်မှုများကြောင့် ရတနာပုံနှင့် MPT၊ ISP နှစ်မျိုးထံမှ ရယူထားရပြီး လိုင်းပြတ်ချိန်တွင် လှည့်လည်သုံးစွဲနေကြရကြောင်းသိရသည်။

“အဲဒီလို သုံးနေရတာတောင်မှ တစ်ခါတလေ ရတနာပုံကပါ ပျက်ရင် သွားရော။ အဲဒီလိုရက်ကျရင် ဘာမှကို လုပ်လို့မရတော့ဘူး”ဟု အင်တာနက်ကွန်နက်ရှင်အခက်အခဲနှင့်ပတ်သက်၍ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုနှစ်အတွင်း အင်တာနက်ပြတ်တောက်မှုများသည် ဆာဗာချို့ယွင်းမှု၊ Backbone ချို့ယွင်းမှု၊ ဖြတ်တောက်မှုတိုက်ခိုက်ခံရမှုစသည့် အကြောင်းအမျိုးမျိုးနှင့် ပြတ်တောက်မှုများဖြစ်ပွားနေပြီး သုံးစွဲသူအချို့ကမူ ယခုနှစ်သည် အင်တာနက်ပြတ်တောက်မှုအကြိမ် အလွန်များသောနှစ်ဖြစ်ကြောင်း ပြောကြသည်။

## တောင်ကြီးတွင် နည်းပညာပြပွဲ ကျင်းပမည်

**ရန်ကုန်၊ဒီဇင်ဘာ-၁၁**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၏ Welcome IT To 2011 နည်းပညာပြပွဲကို ယခုလတတိယပတ်အတွင်း ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါပြပွဲအား ဦးစီးကျင်းပပေးမည့် TEQ Technologies မှ သိရသည်။

အဆိုပါနည်းပညာပြပွဲတွင် MSI၊ Acer၊ HP အစရှိသည့် အမှတ်တံဆိပ်ကွန်ပျူတာပစ္စည်းများအပြင် Networking နည်းပညာဆိုင်ရာနည်းပညာပစ္စည်းများကိုပါ ပြသရောင်းချသွားမည်ဖြစ်သည်။ သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာဟောပြောပွဲများကိုပါ ထည့်သွင်းပြုလုပ်သွားမည်ဟုဆိုသည့် အဆိုပါနည်းပညာပြသပွဲအား ယခုလ ၁၇ ရက် မှ ၁၉ ရက် အထိတောင်ကြီးမြို့နယ်ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုပြခန်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

## Red Link က အိုင်တီကုမ္ပဏီများထဲတွင် ပထမဆုံး ISO ရသောကုမ္ပဏီအဖြစ်ကြေညာ

**နေလင်းအောင်**


**ရန်ကုန်၊ ဒီဇင်ဘာ - ၈**

ပြည်တွင်း နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Red Link ကုမ္ပဏီက မြန်မာနိုင်ငံ၏ ပထမဆုံး ISO လက်မှတ်ရသော အိုင်တီကုမ္ပဏီအဖြစ် ရပ်တည်နိုင်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

နိုဝင်ဘာ ၇ ရက်က အင်္ဂလန်နိုင်ငံ UKAS မှ ချီးမြှင့်သည့် ISO 9001:2008 (quality management system) လက်မှတ်လက်ခံရယူရာတွင် ကုမ္ပဏီမှတာဝန်ရှိသူများက ယင်းသို့ ထုတ်ဖော်ပြောကြားသည်။

အဆိုပါလက်မှတ်ရရှိရန်အတွက် ၂၀၁၀ ဖေဖော်ဝါရီလမှ စတင်ပြင်ဆင်ခဲ့ပြီး ကိုးလကြာပြင်ဆင်ခဲ့ရကြောင်း၊ ယခုနှစ်အကုန်၌ ယင်းအသိအမှတ်ပြုလက်မှတ်ကို ပြည်တွင်းအိုင်တီနယ်ပယ်တွင် ပထမဦးဆုံးရယူနိုင်သောကုမ္ပဏီဖြစ်ကြောင်း ထည့်သွင်းပြောသွားခဲ့သည်။

Red Link Communication ကုမ္ပဏီသည် ယခုရရှိသော Quality Management System လက်မှတ်ကို ယင်းကုမ္ပဏီမှ ဝန်ဆောင်မှုပေးလျက်ရှိသည့် ဝိုင်ဖိုင်နှင့် ဝိုင်မက်စ်အင်တာနက်ဝန်ဆောင်မှုများအတွက်ရရှိခြင်းဖြစ်သည်ဟုဆိုသည်။




# Tech

## အီးမေးလ်မှတစ်ဆင့် တိုက်ရိုက်ကြော်ငြာသည့်ပုံစံကို စီးပွားရေးလုပ်ငန်းများ အသုံးပြုလာ

နေလင်းအောင်

ရန်ကုန်၊ ဒီဇင်ဘာ - ၅

ယခုနှစ်အနည်းငယ်အတွင်း ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းအချို့ မေးလ်သုံးစွဲသူများထံသို့ တိုက်ရိုက်ကြော်ငြာသည့် နည်းလမ်းကို သုံးစွဲမှုများပြားလာကြောင်းသိရှိရသည်။




ပြည်တွင်း၌ အင်တာနက်၊ အီးမေးလ်သုံးစွဲမှုများပြားလာခြင်းသည် လက်ရှိတွင် စီးပွားရေးလုပ်ငန်းများ အခမဲ့ကြော်ငြာရန်အခွင့်အလမ်းတစ်ခုဖြစ်လာပြီး၊ ယခုအခါ ပြည်တွင်းရှိ ဖျော်ဖြေရေးလုပ်ငန်းများ၊ ဟိုတယ်ကြီးများ၊ ခရီးသွားလုပ်ငန်းများ၏လစဉ်၊ အပတ်စဉ် ပရိုမိုးရှင်းအစီအစဉ်များကိုပင် အီးမေးလ်ဖြန့်ဝေ၍ ကြော်ငြာမှုများရှိလာကြောင်း အင်တာနက်သုံးစွဲသူများကပြောသည်။

"ခုနောက်ပိုင်းမှာဆို ပြည်တွင်းက ကြော်ငြာအီးမေးလ်တွေ တော်တော်များလာတယ်။ ကျွန်တော့်ဆီမှာဆို ဟိုတယ်ကြီးတွေက လစဉ်အစီအစဉ်တွေရော၊ လေကြောင်းလိုင်းကြော်ငြာတွေရော တစ်လတစ်လ မနည်းဘူးထင်တယ်။ အခု ဂျီမေးလ်က လုပ်ငန်းတွေအတွက် ကြော်ငြာစရာနေရာဖြစ်နေတယ်"ဟု ဂျီမေးလ်သုံးစွဲသူ ဈေးကွက်မန်နေဂျာတစ်ဦးကပြောသည်။

လက်ရှိတွင် အွန်လိုင်းမှ ဖွဲ့စည်းထားသည့်လူမှုရေးအသင်းအဖွဲ့များ၊ ရှိုးပွဲနှင့် ဖျော်ဖြေရေးပွဲစီစဉ်သူများ၊ စီးပွားရေးအသင်းအဖွဲ့များ စသည်တို့တွင်လည်း ဂျီမေးလ်မှတစ်ဆင့် ကြော်ငြာဖြန့်ဝေမှုများရှိလာကြောင်းသိရှိရသည်။

ယင်းသို့ ပြည်တွင်းလုပ်ငန်းများ ဂျီမေးလ်မှ ကြော်ငြာမှုများပြားလာခြင်းမှာ ပြည်တွင်းရှိ အင်တာနက်သုံးစွဲသူ ၈၀ ခိုင်နှုန်းခန့်မှာ ဂျီမေးလ်သုံးစွဲမှု ရှိနေခြင်းကြောင့်ဖြစ်ပြီး အခြားတစ်ချက်မှာ မေးလ်တစ်ကြိမ်တည်းနှင့် လူထောင်ပေါင်းများစွာထံသို့ တစ်ပြိုင်နက်ရောက်ရှိအသိပေးနိုင်ခြင်းကြောင့် အသုံးချလာကြခြင်းဖြစ်ကြောင်း အင်တာနက်စစ်တမ်း ကောက်ယူသည့် ပုဂ္ဂလိကအဖွဲ့တစ်ဖွဲ့မှကဆိုသည်။

## ရတနာပုံ၏ ဖိုက်ဘာကေဘယ်လ်စက်ရုံကို ဗီယက်နမ်နှင့် အကျိုးတူဆောင်ရွက်မည်

ယုဇနကိုကို

ရန်ကုန်၊ ဒီဇင်ဘာ- ၁

ရတနာပုံဆိုက်ဘာစီးတီးအတွင်း တည်ထောင်ထားသည့် ရတနာပုံ ဖိုက်ဘာကေဘယ်လ်စက်ရုံအား ဗီယက်နမ်ကုမ္ပဏီတစ်ခုဖြစ်သော VINA-OFC နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လတ်တလောပြည်တွင်း၏ ဖိုက်ဘာကေဘယ်လ်ထုတ်လုပ်မှု အဆင့်ဆင့်တွင် လိုအပ်ချက်များ ရှိနေသေးသဖြင့် ယခုကဲ့သို့ပြည်ပကုမ္ပဏီတစ်ခုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ရခြင်းဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ဒါရိုက်တာ ဦးတေဇာထွန်းက ပြောသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် သော်တာဝင်းဆောက်လုပ်ရေးလုပ်ငန်းနှင့် အေဝမ်းဆောက်လုပ်ရေးလုပ်ငန်းတို့မှ အကျိုးတူရင်းနှီးမြှုပ်နှံထားသည့် အဆိုပါ ဖိုက်ဘာကေဘ်လ်စက်ရုံသည် ပြည်တွင်း၏ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍအတွက် မြန်နှုန်းမြင့်ဖိုက်ဘာကေဘယ်လ်များအား ပိုမိုအသုံးပြုနိုင်ရန်နှင့် ပြည်တွင်းထုတ်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက်တည်ထောင်ထားရခြင်းဖြစ်ကြောင်း သိရသည်။ ရတနာပုံဖိုက်ဘာကေဘယ်လ်စက်ရုံသည် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ထားသည့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နှင့်မတူဘဲ ကုမ္ပဏီအမည်တူခြင်းသာဖြစ်သည်။ အဆိုပါ ဖိုက်ဘာကေဘယ်လ်ကုမ္ပဏီအနေဖြင့် လတ်တလောတွင် ပြည်တွင်းအတွက်သာ ထုတ်လုပ်နေသေးပြီး လာမည့်နှစ်တွင် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချသွားမည်ဟုသိရသည်။









အောင်သူရ

# အချိန်လွန်မိုးကြောင့် တောင်သူလယ်သမားများ၏အခြေအနေ

## လယ်ဇေက ၂၀ နှင့် ဆန်စက်လုပ်ငန်းလုပ်ကိုင်သူ ဝေါမြို့ဒေသခံ တောင်သူဦးကျော်တင့်နှင့် တွေ့ဆုံခြင်း



**ဒီဇင်ဘာလထဲမှာမိုးရွာလိုက်တော့ ဦးတို့ဒေသကဦးအပါအဝင်တခြား တောင်သူတွေရဲ့ မိုးစပါးနဲ့ ပဲ စိုက်ခင်းတွေ ဘယ်လိုဖြစ်ကုန်ကြလဲ။**

မိုးစပါးကိုတချို့လည်း တလင်းပျောက်စနစ်နဲ့ စက်နဲ့ ခြွေလှေ့တာလည်းရှိတယ်။ တချို့ကလည်း ကောက်လှိုင်းတွေကို ကန်သင်းပေါ် ပုံပေ့ါ။ ဆောင်းသီးနှံကို အချိန်မီပြန်စိုက်နိုင်အောင်ပေ့ါ။ စပါးကလည်း ကောက်လှိုင်းထဲ မိုးစိုတယ်။ ပဲကလည်း ကမန်းကတန်း ရာသီမီအောင် စိုက်ထားတဲ့အတွက် အပင်ကြီးတဲ့အပင်တွေက ရာသီဥတုဒဏ်ခံနိုင်တယ်။ ခံနိုင်ပေမယ့် မိုးရွာတဲ့အတွက် လယ်ထဲမှာ ပေါင်းမြက်တွေက ပေါက်လာမှာပဲ။ ဒီအချိန်က ပဲစိုက်ရာသီပဲ။ မနေ့ကလို တစ်နေ့ကလို စိုက်မယ်။ ဒီနေ့ မိုးရွာတဲ့လူတွေကတော့ အကုန်သေကုန်မှာပဲ။ အပင်ငယ်တွေက သေမှာပဲ။ အကြောင်းကြောင်းကြောင့် ကျန်မယ်။ ခံနိုင်ရည်ရှိတဲ့ အပင်တွေလည်း မြန်မာလိုဆိုရင် ခါးရိုတာပေ့ါ။ စိုက်ပျိုးရေးစကားနဲ့ဆို မှိုဝင်မှာပေ့ါ။

**ဒီနှစ်မှာက မိုးလေဝသပညာရှင်တွေက လာနီညာရာသီဥတုကြောင့် နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ မိုးရွာနိုင်တယ်လို့ ပြောထားကြတယ်။ အဲဒီလိုပြောထားတော့ ဦးတို့အနေနဲ့ သိရှိထားပါသလား။**

ဒီမိုးက အငိုက်မိသွားတာ။ ဒီလိုပဲ ယူဆတယ်။ တောင်သူတွေက နာဂစ်ဖြစ်ပြီးတဲ့နောက်ပိုင်း မိုးလေဝသကိုဂရုစိုက်လာတယ်။ ဂျာနယ်တွေမှာ ရေးတာရယ်၊ မြန်မာ့အသံက လွှင့်တာရယ်ကြောင့် မိုးလေဝသက အရေးကြီးမှန်းသိလာတယ်။ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းဖြစ်သွားတယ်။ မကြာခင် တစ်ရက်နှစ်ရက်မှာ မုန်တိုင်းငယ်ဖြစ်သွားတယ်။ အိန္ဒိယကိုဖြတ်သွားတယ်။ ဒါဆို တို့အတွက် ပြီးပြီလို့ဆိုပြီး ကောက်လှိုင်းရှိတဲ့လူက တလင်းထဲမှာ ကောက်ဖြန့်လိုက်တာ ပျက်စီးကုန်တယ်။

**အစိုလိုပဲ စိုက်ခင်းတွေ မိုးမိလိုက်တော့ အထွက်ပဲ ထွက်တဲ့အချိန်ကျရင် အထွက်နှုန်းကို ထိခိုက်နိုင်ပါသလား။**

သုံးချက်ပေ့ါ။ အပင်ကြီးတွေမှာ မိုးရွာလို့ ပေါင်းမြက်ထူသွားမှာ။ ပေါင်းမြက်ထူရင်လျော့ပြီ။ နောက် အပင်ငယ်တွေ မိုးဒဏ်မခံနိုင်တဲ့အတွက် အသေအပျောက်များသွားပြီ။ ဒါကြောင့်လည်း လျော့ပြီ။ သေသွားတဲ့အရာကို ပြန်စိုက်မယ်ဆိုပြန်တော့လည်း ရာသီဥတုက နောက်ကျပြီး အထွက်လျော့မယ်။ ဒီသုံးချက်ပေါင်းလိုက်တော့ လျော့နိုင်တယ်လို့မပြောဘူး။ လျော့မယ်လို့ သေချာပေါက်ပြောပြီ။

**အခုချိန်မှာ တောင်သူတွေ အတွက် ပဲပြန်စိုက်နိုင်အောင် ဘာတွေလိုအပ်သလဲ၊**

အပင်ကြီးသမားကလည်း ပေါင်းရှင်းရမယ်။ အလုပ်သမားလိုတယ်။ အပင်ငယ်တွေကလည်း မိုးဒဏ်ကြောင့် မခံနိုင်တဲ့အတွက် ပြန်စိုက်ရမယ်။ အဲဒီ့အတွက် ငွေလိုမှာပဲ။ ဘာကြောင့် ငွေလိုမလဲဆိုရင် တောင်သူတွေမှာ ငွေပိုငွေလျှံမရှိဘူး။ များသောအားဖြင့်ပေ့ါ။ ၉၀ ရာခိုင်နှုန်းလောက်က မိုးစပါးလေးသိမ်းပြီးတော့ ရောင်းလို့ရတဲ့ငွေကြေးနဲ့ ဆောင်းသီးနှံကို ပြန်စိုက်ရတာ။ အခု သူတို့ရဲ့ အရင်းအနှီးက မိုးကြောင့် ပျက်စီးမှုနဲ့ကုန်သွားပြီ။ ငွေကြေးရှိမယ်၊ နောက်တစ်ဖန် ပြန်စိုက်မယ်၊ ဘာလိုမလဲဆိုတော့ မျိုးစေ့လိုမယ်။ ပဲကောင်းတာ နိုဝင်ဘာလမကုန်ခင်စိုက်တာ အကောင်းဆုံးပဲ။ ဒီနေ့ ဒီဇင်ဘာ ၁၂ရက်ရှိပြီ။ နိုဝင်ဘာလထဲမှာ ဂီရိမုန်တိုင်းကြောင့် နောက်ဆုတ်ထားရပြန်ရော။ ဒီဇင်ဘာလထဲ စိုက်တော့ မိုးကြောင့် ပျက်စီးရော။ ဒီမြေကြီးက ဒီနေ့ မိုးရွာပြီး မနက်ဖြန် ခြောက်သွားတာမဟုတ်ဘူး။ အနည်းဆုံး လေးငါးရက် ဒီလိုအုံ့ဆိုင်းနေမယ်ဆိုရင် တစ်ပတ် ဆယ်ရက်ကြာသွားမယ်။ နှစ်ပတ်အတွင်းမှာ အချိန်မီ အခါမီ လုပ်နိုင်ဖို့ဆိုတာ သွင်းအားစုတွေ ထည့်သွင်းရတော့မယ်။ နွားတွေနဲ့ မရတော့ဘူး။ စက်စွမ်းအားတွေ လိုလာပြီ။ စိုက်ချိန်တိုသွားပြီ။

**မိုးက ဦးတို့ ဝေါမှာ ဘယ်နေ့က စရွာတာလဲ။ ဦး အတွေ့အကြုံအရ အရင်ဒီလိုလမှာ ရွာဖူးလား။ ရွာတုန်းကရော ဘာတွေဖြစ်ခဲ့သလဲ။**

၁၀ ရက်နေ့က စရွာတယ်။ မနက်ပိုင်းမှာ ပုံမှန် ခပ်ပါးပါးလေးပဲ။ နေ့လယ် ၂နာရီခွဲလောက်ကနေ ၄ နာရီအထိ ရွာတဲ့မိုးကတော့ မိုးတွင်းမိုးလိုပဲ ရွာချလိုက်တယ်။ အဲဒီ့နေ့ မိုးရေချိန်ကိုတိုင်းတဲ့အခါမှာ မိုးရေချိန်က ၂ ဒသမ ၅၄ လက်မရှိတယ်။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်မှာ ဝေါမှာ ရွာဖူးတယ်။ အကုန်ပျက်စီးကုန်တယ်။ အဲဒီတုန်းက တစ်ညလုံးကြီးရွာခဲ့တာ။

**တခြား ဘာများပြောချင်ပါသေးလဲ။**

တောင်သူတွေက မိုးလေဝသ သတင်းတွေကို အားကိုးလာတယ်။ သတင်းစာထဲမှာပဲဖြစ်ဖြစ်၊ ဂျာနယ်ထဲမှာပဲဖြစ်ဖြစ် လတစ်လရဲ့ မိုးလေဝသခန့်မှန်းချက်ကို ထည့်ပေးစေချင်တယ်။ တစ်လအတွင်း မိုးလေဝသခန့်မှန်းချက်ကို ဘယ်မှာရှာဖတ်ရမှန်းမသိဘူး။ တောင်သူဆိုတာ မနက် ၄ နာရီ၊ ၅နာရီဆို လယ်ကွင်းထဲဆင်းရတာပဲ။ ညနေဆို မိုးချုပ်မှ ပြန်ရတာပဲ။ တစ်နေ့လုံး ပင်ပန်းတော့ ညဆိုအိပ်ချင်ပြီ။ ဒါကြောင့် သတင်းစာထဲမှာဖြစ်ဖြစ်၊ ဂျာနယ်မှာဖြစ်ဖြစ် လတစ်လရဲ့ မိုးလေဝသသုံးသပ်ချက်ကိုထည့်ပေးစေချင်တယ်။

## အခါလွန်မိုးကြောင့် သီးနှံအထွက်လျော့ဖွယ်

မျိုးမင်းဦး

မုံရွာ၊ ဒီဇင်ဘာ-၁၂

မုံရွာမြို့နယ်အတွင်း ဒီဇင်ဘာလဆန်းပိုင်း ရွာသွန်းခဲ့သော အခါ လွန်မိုးကြောင့် ကောက်ပဲသီးနှံအချို့ ရင့်မှည့်ချိန်အပွင့်များ ကြွေလွင့်မှုများရှိခဲ့သဖြင့် သီးနှံအချို့ အထွက်သိသိသာသာလျော့ကျ နိုင်ကြောင်း မုံရွာဒေသခံတောင်သူများက ပြောသည်။

"မုံရွာမြို့ အရှေ့ဘက်ကုန်းမြင့်ပိုင်းတွေမှာ စိုက်တဲ့ ပဲစင်းငုံ စိုက်ခင်းတွေ အပွင့်တွေစုံတဲ့အချိန် မိုးကနှစ်ရက်လောက် အဆက်မပြတ် ရွာလိုက်တဲ့အတွက် ပဲစင်းငုံအပွင့်တွေ ကြွေကုန်တာတွေ့ရတယ်။ ပဲစင်းငုံခင်းတွေက အပွင့်နည်းနည်းပါးပါးသာ ကြွေပြီး အသီးကင်းတွေ ထွက်ချိန်ဆိုတော့ အပျက်အစီး မများပါဘူး။ အထွက်နှုန်းလျော့တောင် နည်းနည်းပါးပါး လျော့နိုင်တယ်။ ပွဲစားတွေဆီက ကြိုတင်ငွေယူစနစ်နဲ့ ဒီဇင်ဘာလကုန်သီးနှံပေါ် ပေးရောင်းထားတဲ့ သူတွေကတော့ မိုးလေးရွာတာနဲ့ သီးနှံပျက်မှာ စိုးနေတဲ့ သူတွေလည်းရှိတယ်"ဟု မုံရွာမြို့နယ်မှ ပဲစင်းငုံစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

"ပုံမှန်တန်ဆောင်မုန်း မိုးရွာနေကျကနေ အခု နတ်တော်လဆန်းမှရွာတော့ ဟင်းသီးဟင်းရွက် စိုက်ခင်းတွေ မထင်မှတ်တဲ့ ဈေးနဲ့ရောင်းနေရပြီ။ မုန်လာထုပ်နဲ့ မုန်လာပွင့်တွေက ပြီးခဲ့လတုန်းက မုန်လာတစ်ထုပ် ၅၀၀ ဝန်းကျင်ရှိရာက မိုးလည်းရွာရော အပွင့်တွေ အထုပ်တွေ သန်ကုန်ပြီး ဈေးကွက်မှာ ရသလောက်ဈေးနဲ့ ရောင်းရတော့ မုန်လာထုပ်တစ်ထုပ် ၂၀၀ ဝန်းကျင်နဲ့ ရောင်းလိုက်ရတယ်။ မိုးက ဖွဲဖွဲလေးရွာလို့ မုန်လာခင်းတွေ ပိုးကျကုန်မှာလည်း စိုးတာကြောင့်ရတဲ့ဈေးနဲ့ ဈေးကွက်အမြန်ရောင်းခဲ့ရသူတွေလည်း ရှိတယ်"ဟု မုံရွာမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် အများဆုံးထုတ်လုပ်ရာ ထနောင်းတောကျေးရွာဒေသခံ တောင်သူတစ်ဦးက ဆိုသည်။

"ဒီဇင်ဘာ ဒုတိယပတ် နှစ်ရက်ဆက်ရွာသွန်းခဲ့သော မိုးမှာ ဒေသအနှံ့ရှိ တောင်သူအများစုအတွက် မလိုအပ်သော ဖျက်မိုးကြောင့် ခရမ်းချဉ်ဈေးတွေ ထိုးကျသွားတယ်။ မိုးဖွဲဖွဲရွာတော့ ခရမ်းချဉ်သီးတွေပေါက်ပြဲကုန်မှာ စိုးတာနဲ့ ဈေးကွက်ပြုံထုတ်တာတွေကြောင့် ခရမ်းချဉ်ဈေးကျသွား သလို မိုးရွာနေလို့ နယ်က ဝယ်လက်တွေဆီမပို့နိုင်လို့ ဈေးကွက်မှာ ခရမ်းချဉ်သီး အရောင်းအဝယ်အေးသွားတာလည်း ပါတယ်။ မိုးရွာတဲ့ ရက်ပိုင်းအတွင်း ခရမ်းချဉ်သီးဈေးကွက်က စောစောပိုင်းဈေးထက် တစ်ပိဿာ ကျပ်၄၀၀ ဝန်းကျင်အထိ ဈေးကျသွားတယ်"ဟု မုံရွာဒေသခံ ခရမ်းချဉ်စိုက် တောင်သူများက ပြောသည်။

မုံရွာမြို့နယ်အတွင်း မိုးစပါးစိုက်ခင်းများတွင် ရင့်မှည့်၍ ရိတ်သိမ်းခြွေလှေ့ချိန်ကာလအတွင်း အခါလွန်မိုးရွာသွန်းခဲ့မှုကြောင့် မိုးစပါးစိုက်တောင်သူအချို့ မိုးကြောင့် လေလွင့်ပျက်စီးမှု မရှိစေရေးအတွက် ဆောင်ရွက်ခဲ့ရကြောင်း မိုးစပါးစိုက်တောင်သူများကလည်း ပြောသည်။

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# စမ်းမြသီတာက ကောင်းသောလက်များ

မောင်သာချို

(တစ်)

'စမ်းမြသီတာ'ကို နေ့ချင်းညချင်းဆိုသလို အပြောင်းလဲကြီး ပြောင်းလဲသွားအောင် ပခုံးဖြင့်ထမ်းတင်ပေးလိုက်တာက ဟွာဆောက်ဂျူအဖွဲ့ပဲဖြစ်ပါသည်။ ဟုတ်ပါသည်။ ဟွာဆောက်ဂျူ။ တောင်ကိုရီးယားနိုင်ငံက ဟွာဆောက်ဂျူ။

မှတ်မှတ်ရရ 'စမ်းမြသီတာ' သို့ ဟွာဆောက်ဂျူရောက်လာသည်မှာ ၂၀၀၉ ခုနှစ် မေလလောက်ကဖြစ်ပါသည်။ မြင်မြင်ချင်းမှာပင်လျှင် ဟွာဆောက်ဂျူအဖွဲ့သားတွေ မျက်နှာမကောင်းကြတော့။ တောင်ကိုရီးယားတစ်ယောက်ကဆိုလျှင် မျက်ရည်များပင်စီးကျ၍လာပါသည်။

တကယ်လည်းသည်တုန်းက 'စမ်းမြသီတာ' ၏အနေအထားကမျက်ရည်ကျလောက်သည့် အနေအထားဖြစ်ပါသည်။ နှစ်ဧကခွဲ သုံးဧကလောက် ကျယ်ဝန်းသည့်ခြံဝင်းကြီးထဲမှာ ဘာအဆောက်အအုံမှ မရှိ။ မင်္ဂလာဒုံပုလဲမြို့သစ်၏ မြေရိုင်းရေရိုင်းအပေါ်မှာ တဲကြီးတွေထိုးကာ သီလရှင်ကလေးတွေ၊ ကိုရင်ကလေးတွေ၊ အရပ်သူအရပ်သား ကျောင်းသားကျောင်းသူလူငယ်ကလေးတွေကို စာသင်ပေးနေရသည့် အနေအထားဖြစ်ရာ သည်ကျောင်းကိုဦးဆောင်နေသည့် သီလရှင်ဆရာလေးတို့အနေနှင့် ဖြစ်သလိုနေ ဖြစ်သလိုအိပ် ဖြစ်သလိုစားရသည့်ဘဝကို ဟွာဆောက်ဂျူတွေ့မြင်သွားခဲ့ရပြီဖြစ်ရာ မျက်နှာတွေညှိုးကျသွားတာ ဘာမှမဆန်း။ မျက်ရည်ကျသူကျတာလည်း ဘာမှမဆန်း။

ဟွာဆောက်ဂျူအဖွဲ့က ရန်ကုန်သို့ ရောက်လျှင်ရောက်ချင်း ဝါယာလက်တောတိုက် ဓမ္မရိပ်သာသို့သွားကာ ဆရာတော်ဦးဓမ္မသာရနှင့် သွားရောက်ဖူးမြော်တွေ့ဆုံခဲ့ခြင်းဖြစ်ပါသည်။ ဆရာတော်က ရန်ကုန်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင် စာသင်ကျောင်းများ၊ သီလရှင်စာသင်ကျောင်းများ၏ဥက္ကဋ္ဌဖြစ်ရာ ဆရာတော့်ကို ဖူးမြော်တွေ့ဆုံလိုက်ခြင်းအားဖြင့် သည်စာသင်ကျောင်းတို့၏စာရင်းတွေအကုန်လုံးကို ဟွာဆောက်ဂျူအဖွဲ့ ရရှိသွားခဲ့သည်။ သို့ဖြင့် ထိုစာသင်ကျောင်းများအားလုံးရှိရာသို့ ဟွာဆောက်ဂျူ သွားရောက်အကဲခတ်ခွင့်ရခဲ့သည်။ ဤနည်းဖြင့် ဘယ်နေရာမှာ အလှူဒါနပြုမလဲဆိုသည့် ရွေးချယ်ဆုံးဖြတ်ခွင့်ကိုပါ ရရှိခဲ့ရာ ဟွာဆောက်ဂျူရောက်ရှိရွေးချယ်လိုက်ရာ တစ်နေရာက ထို'စမ်းမြသီတာ'ပဲဖြစ်ပါလေသည်။



စမ်းမြသီတာမှ ကလေးငယ်များ။




(နှစ်)

မင်္ဂလာဒုံ ပုလဲမြို့သစ်ရှိ 'စမ်းမြသီတာ'ကို ၂၀၀၁ ခုနှစ်ကတည်းက တည်ထောင်ခဲ့ကြခြင်းဖြစ်ပါသည်။ နာယက ဒေါ်ဟေမာရီက ဓမ္မာစရိယ။ တိုက်အုပ်ဒေါ်ဧသိဂီက အဝေးသင်တက္ကသိုလ်မှ ပထဝီဝင်အဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရှိပြီးသူ။ ဒေါ်ဓမ္မနန္ဒီကတော့ မဟာသိပ္ပံဘွဲ့ရ။

ခြေဖဝါးလက်ဖဝါးဖြင့် သူ့ခရီးကို စခဲ့ရသော 'စမ်းမြသီတာ'က ယခုဆယ်နှစ်သက်တမ်းရှိလာလေသောအခါမှာတော့ ထိုက်တန်သလောက် တောင့်တောင့်တင်းတင်းရှိလာခဲ့ပါပြီ။ ဟွာဆောက်ဂျူက ဆောက်ပေးထားသော စာသင်ကျောင်းက တော်တော့်ကိုခေတ်မီကာ တောင့်တင်းသပ်ရပ်ပါသည်။ ထို့ပြင် နှစ်ထပ်ကျောင်းဆောင်တစ်ခု။ ခန်းမကျယ်ကြီးတစ်ခု။ သန့်စင်ခန်းတွေက အစီအရီ။

သည်ကျောင်းမှာ ကျောင်းသားကျောင်းသူ ၃၅၀ ရှိပါသည်။ ကျောင်းအိပ်ကျောင်းစား ၁၃၄ ယောက်မှာ လူဝတ်ကြောင်က ၄၈ ယောက်။ သီလရှင်နှင့် ကိုရင်က ၈၆ ပါး။ ၁၀ တန်း ကျောင်းသား ၂၂ ယောက်၊ ၉ တန်းကျောင်းသား ၁၄ ယောက်၊ ကျန်တာတွေကစာသင်ရုံလာသင်သည့် ပြင်ပကကျောင်းသားများ။

"သည်မှာက သူငယ်တန်းကနေ ရှစ်တန်းအထိက အဓိကပေါ့။ ဆရာမ ၁၂ ယောက်ရှိတယ်"

ဆရာလေးဒေါ်ဧသိဂီက အဖြူအစိမ်းဝတ်ဆရာမကလေးတွေကို လှမ်းကြည့်ကာ ကျွန်တော့်အတွက် ကော်ဖီတစ်ခွက်ဖျော်လာဖို့ ချင်းဘာသာဖြင့် လှမ်းပြောသည်။ သည်မှာဆရာလေးဒေါ်ဧသိဂီအပါအဝင် ဆရာမတော်တော်များများက ချင်းတိုင်းရင်းသူတွေဖြစ်ပါသည်။ ဟိုးရခိုင်ရိုးမကြီး၏ အရှေ့ဘက်ခြမ်းချင်းရွာကလေးတွေကနေလာကြသူတွေ။ အရှိုချင်းတဲ့။ ဒါ့ကြောင့် သူတို့အချင်းချင်း ချင်းဘာသာဖြင့်ပဲပြောပါသည်။

သည်ဆရာမကလေး ၁၂ ယောက်ကို လခသုံးသောင်းစီပေးထားသည်။ တစ်ယောက်ကို နှစ်သောင်းနှုန်းနှင့် ၁၂ယောက်က နှစ်သိန်းလေးသောင်းကို ရှိုင်းဟုပ်ကုမ္ပဏီက လစဉ်တာဝန်ယူထားသည်။ သည့်အပြင် ကိုးတန်း၊ ဆယ်တန်းကျောင်းသား ကျောင်းသူတွေအတွက်လည်း ပညာဒါနအတွက် သင်ကြားပေးနေရပေရာ ဆရာ၊ ဆရာမ ၈ ယောက်ထပ်ခေါ်ထားရသဖြင့် တစ်ယောက်ကိုလေးသောင်းခွဲနှုန်းဖြင့် ထပ်ရှင်းရသည်။ ဒါတွေအားလုံးကို ဆွမ်းဆန်စိမ်းထွက်အလှူခံရာကရသော ဝတ္ထုပစ္စည်းအဝဝဖြင့် ဖြေရှင်းနေခြင်းပင်ဖြစ်ပါသည်။

"ဆရာလေးတို့ ကျောင်းအိပ်ကျောင်းစားတွေရှိတယ်ဆိုတော့ မနက်စာက ထမင်းကြော်လေးဘာလေးပဲနေမှာပေါ့"

"ဒကာကြီးရယ် ကြံ့ကြံ့ဖန်ဖန်ဘယ်လိုလုပ်ကြော်နိုင်မှာလဲ။ ထမင်းကြမ်းနဲ့ငါးပိရည်ပေါ့။ ငါးပိရည်ကတော့ ငရုတ်သီးစိမ်းရယ်၊ ငရုတ်သီးမှုန့်ရယ် အကုန်ရောဖျော်ထားရတာ။ ထမင်းချိန်ကျတော့လည်း ဟင်းကအသီးအရွက် ရေလုံပြုတ်ပဲဒီကလူတွေ အစကမစားနိုင်ကြဘူး"

မှန်ပါသည်။ ချင်းတွေကလည်း ကချင်တွေလိုပဲ ဆီကိုရှောင်ကွင်းကြသူများဖြစ်ရာ ဆရာလေးဒေါ်ဧသိဂီအပါအဝင် ဆရာမအများစုက အရှိုချင်းတွေ ဖြစ်ကြသဖြင့်သည်'စမ်းမြသီတာ'မှာတော့ ဟင်းကဆီမဖက်မျှင်ငါးပိနည်းနည်းကလေးစွက်သည့် ရေလုံပြုတ်ပဲဖြစ်နေပုံရပါသည်။

"အခုလို အလှူရှင်တွေလာတဲ့နေ့မျိုးတော့ စိုစိုစွတ်စွတ်ကလေး စားကြပေါ့"

ဟုတ်ပါသည်။ ထိုနေ့ကတော့ အလှူရှင်တွေက နံနက်ခင်းမှာ မုန့်ဟင်းခါး၊ နေ့လယ်ခင်းမှာ ကြက်သားဘူးသီးချက်နှင့် တည်ခင်းပါသည်။ ပြီးတော့ ဗလာစာအုပ်၊ ခဲတံ၊ ပေတံ၊ မုန့်ပဲသရေစာ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာကအစ လာရောက်လှူဒါန်းကြခြင်းဖြစ်ရာ စမ်းမြသီတာထဲမှာ စည်ကားသိုက်မြိုက်နေပါသည်။

အထူးသဖြင့် ထိုနေ့က စမ်းမြသီတာထဲကို ပရဟိတလူငယ်အဖွဲ့တွေတစ်ဖွဲ့ပြီးတစ်ဖွဲ့ရောက်လာကြသည်။ ဂီတမိတ်အဖွဲ့က ပြဇာတ်တိုကလေးတွေကပြသည်။ တေးဂီတမပါ။ နောက် setting မပါ။ ဇာတ်ခုံမရှိ။ ပြည်ဖုံးကားမရှိ။ သည်အတိုင်း မြေတလင်းပြင်မှာ ကပြကြခြင်းဖြစ်ပါသည်။ စကားမပြောသလောက်ဟုဆိုရလောက်အောင် အပြောနည်းနည်း အပြများများဖြင့် ပညာပေးကပြသော ပြဇာတ်တိုကလေးများကို ဝိုင်းပတ်ကြည့်နေကြသောကလေးပရိသတ်က သဘောကျမဆုံးရှိနေကြပါသည်။

နောက်တော့ ပုံပြောသူများအဖွဲ့။ ဇာတ်လမ်းပြောသူက ပုံကိုရပ်ပြောပြလိုက်၊ သူ့အဖွဲ့သားတွေက ပုံပြင်ပါဇာတ်ဆောင်များအဖြစ် သရုပ်ဆောင်ပြလိုက်နှင့်။ ကလေးတို့ကား ဝေါခနဲ သဘောကျသွားကြလိုက်၊ ငြိမ်သက်တိတ်ဆိတ်သွားလိုက်နှင့်။ ဘဝသင်ခန်းစာကိုပုံပြင်နှင့် သယ်ဆောင်သွားကြသော ခေတ်ပညာတတ်ပရဟိတလူငယ်ကလေးတွေပါ။

Education Network က ကိုကောင်းညွှန့်နှင့် ကိုထက်လင်းအောင်တို့ကမူ ကျွန်တော့်နားမှာလာထိုင်နေကြသည်။ ဆန်ဖရန်စစ္စကို အခြေစိုက် ဗုဒ္ဓဘာသာဝင် အမေရိကန် ၂၀ လောက် နွမ်းပါးသူတို့၏ ပညာရေးနှင့် ကျန်းမာရေးကို တတ်စွမ်းသမျှလှမ်းလှမ်းပြီး ကူညီနေကြရာ ထိုအကူအညီသက်ရောက်သွားသင့်ရာ နေရာတွေကို Education Network လူငယ်တွေကရှာဖွေကာ အကောင်အထည်ဖော်ပေးနေကြခြင်းပင်ဖြစ်ပါသည်။

School Health Promotion တဲ့။ Child Emotional Promotion တဲ့။Reading Promotion  တဲ့။ Teacher Trainning တဲ့။ Theatre တဲ့။  ကျန်းမာရေး၊ ကလေးတို့၏ စိတ်ခံစားမှု၊ စာဖတ်ခြင်း၊ ဆရာဆရာမလေ့ကျင့်မှု၊ သဘင်ရေးရာစသည်ဖြင့် နယ်ပယ်ဖြန့်ကြက်ကာ ကူညီနေပုံက အသိအမှတ်ပြုလောက်ပါသည်။

ကျွန်တော်ကတော့ လူကြီးတွေကို တစ်ပွဲ၊ ကလေးတွေကို တစ်ပွဲဟောပြောပွဲလုပ်ပေးပြီးနောက် ကလေးတွေနှင့်အတူ သီချင်းဆိုပါသည်။ ကျွန်တော်က တိုင်ပေး၊ ကလေးတွေက လိုက်ဆို။ ကိုဇော်ဝမ်း၏ "လင်းလိုက်စမ်းပါကြယ်ကလေး"သီချင်း။

"ဟော့ ငွေကြယ်အားငယ်နေသလားကွယ်၊ ကိုယ်လည်း မင်းဘဝနှယ်. . . ဘဝဆိုတာရယ်၊ ရုန်းကန်ရစမြဲကွယ်. . . ကိုယ် အားမလျှော့သင့်တယ်. . . "

'စမ်းမြသီတာ' ထဲမှာ ကလေးတွေ၏ အသံက ဟိန်းညံ၍နေပါသည်။ စမ်းမြသီတာကို တောင်ကိုရီးယားနိုင်ငံ ဟွာဆောက်ဂျူ (Hwa Seok Juk) ကအုတ်မြစ်ချကာ Good Hands အဖွဲ့တည်ဆောက်ခဲ့သည်။ ကောင်းသော လက်များတဲ့။ နေစရာကို ပေးတာကောင်းသောလက်။ စားစရာကိုပေးတာ ကောင်းသောလက်။ ဝတ်စရာကိုပေးတာကောင်းသော လက်။ ပညာကိုပေးတာကောင်းသောလက်။ မေတ္တာကို ပေးတာကောင်းသောလက်။ ကရုဏာကိုပေးတာ ကောင်းသောလက်။ ကောင်သောလက်တို့ကမ္ဘာအနှံ့ တွဲဆက်မိကြကာ ကောင်းသောကမ္ဘာကို တည်ဆောက်နိုင်ပါစေတော့လား။    ။

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.38 • DECEMBER 16, 2010

## ဒီဇင်ဘာမိုးကြောင့် ပဲစိုက်တောင်သူများ ပူပန်

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၀**

ဆောင်းသီးနှံအဖြစ် မတ်ပဲနှင့် ပဲတီစိမ်းအပါအဝင် ပဲအမျိုးမျိုး စိုက်ပျိုးသော ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလဆန်းပိုင်း၌ မိုးရွာသွန်းခဲ့သဖြင့် ပဲစိုက်ခင်းများ ပျက်စီးမည်ကို စိုးရိမ်နေကြကြောင်း ဒေသခံတောင်သူများကပြောသည်။

အဆိုပါဒေသများ၌ ဒီဇင်ဘာ ၉၊ ၁၀ နှင့် ၁၁ ရက်တို့တွင် တစ်နေ့ နှစ်ကြိမ်ခန့် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

ယခု မိုးရွာသည့်အချိန်မှာ ပဲစိုက်ပြီး နှစ်ပတ်ခန့်သာရှိသေးသဖြင့် ပဲပင်များမှာ ရေဝပ်၍ ပျက်စီးနိုင်ကြောင်း ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရွှေကဝအထူးပြုကုမ္ပဏီဒါရိုက်တာဦးသိုက်စိုးကပြောသည်။

"၂၀၀၉ ခုနှစ်တုန်းကလည်း အခုလို ဒီဇင်ဘာလ ၁၇ ရက်နေ့က မိုးရွာတာ၊ သေကုန်လို့ ဒုတိယအကြိမ် ပြန်စိုက်ရတယ်"ဟု ဝေါမြို့တွင် ပဲဧက ၂၀ ခန့် စိုက်ပျိုးသူတောင်သူတစ်ဦးကလည်း ပြောသည်။

ယခုရက်ပိုင်းတွင် ရွာသွန်းခဲ့သောမိုးကြောင့် ပဲအထွက်နှုန်း နေရာဒေသအလိုက် အပျက်အစီး အနည်းအများပေါ် မူတည်၍ ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ အထွက်နှုန်းလျော့ကျသွားနိုင်ကြောင်း တောင်သူများကဆိုသည်။

"ရေဝပ်နေရင် နေပူတာနဲ့ ရေပူပြီး အပင်ငယ်လေးတွေ သေကုန်တာ၊ ဇန်နဝါရီလောက်မှ ရွာရင် စိုးရိမ်စရာမရှိဘူး"ဟု ဧရာဝတီတိုင်းဒေသကြီးမှ တောင်သူများက ဆိုသည်။

ထို့ကြောင့် အဆိုပါဒေသများတွင် စိုက်ခင်းထဲ၌ မိုးရေမဝပ်စေရန် ထွန်ခွဲပေးခြင်းပြုလုပ်ရကြောင်း ဒေသခံတောင်သူအချို့ကဆိုသည်။

မိုးရွာသွန်းပြီးသည့်နောက် ရေဝပ်နေသော နေရာများအား ဖောက်ထုတ်ရန်၊ ရေငွေ့မြန်မြန်ခြောက်သွားရန်၊ ထွန်ခွဲပေးခြင်းနှင့် ရောဂါပိုးမွှားမကျစေရန်၊ ဂရုတစိုက်ပြုလုပ်ပေးရန် လိုအပ်ကြောင်း အတွေ့အကြုံရှိသူများက အကြံပြုပြောဆိုသည်။

"ပုံမှန် ရာသီဥတုမှာတောင် မိုးအုံ့ရင် ပိုးကျတယ်။ ဒီရာသီဥတုအခြေအနေအရဆို မှိုရောဂါပါ ကျနိုင်တယ်"ဟု ကဝမြို့ခံ ပဲစိုက်တောင်သူ ဦးသိုက်စိုးကပြောသည်။

ယခုရက်ပိုင်းတွင် ရွာခဲ့သောမိုးမှာ ဒီဇင်ဘာလမကုန်ခင် နောက်တစ်ကြိမ်ထပ်ရွာသွန်းပါက ပဲစိုက်ခင်းများ ပိုမိုပျက်စီးမှာသေချာကြောင်း ပဲစိုက်တောင်သူများကဆိုသည်။

ယခုနှစ်တွင် နောက်မိုးကောင်းခဲ့သဖြင့် မိုးစပါး ရိတ်သိမ်းချိန် နောက်ကျခဲ့ရာ ပုံမှန် ပဲစိုက်ချိန်ထက် နှစ်ပတ်ခန့်နောက်ကျ စိုက်ပျိုးခဲ့ရသဖြင့် ပုံမှန်နှစ်များထက် အထွက်လျော့နိုင်သည်ဟု ယခင်ကပင် တောင်သူများက သုံးသပ်ခဲ့ကြသည်။



ရေဝင်နေသော ပဲခင်းထဲမှရေများကို ဖောက်ထုတ်နေသော ပဲခူးမြို့နယ်မှ တောင်သူ တစ်ဦး။

ယခုနှစ်တွင် မြန်မာနိုင်ငံ၌ လာနီညာရာသီဥတုဖြစ်ပေါ်နေသဖြင့် အဆိုပါရာသီဥတု အားကောင်းသော နိုဝင်ဘာလမှ ၂၀၁၁ ဖေဖော်ဝါရီလအထိ အဆိုပါရာသီဥတုဒဏ်ကို ခံရမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ခန့်မှန်းထားခဲ့သည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ကျောက်ဖြူ၊ မြောက်ဦး၊ မောင်တောနှင့် ပလက်ဝမြို့များ၌ ဒီဇင်ဘာလတွင် ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်မှာ စံချိန်သစ်တင်ခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ဒီဇင်ဘာလ ၁၀ ရက်နေ့ ထုတ်ပြန်ချက်အရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများသည် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ရခိုင်ကမ်းရိုးတန်းဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများသို့ ဖြတ်ကျော်ရွေ့လျားလျက်ရှိနေသဖြင့် ယနေ့ မွန်းတည့်ချိန်မှ နောက် ၄၈ နာရီအတွင်း မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက် ထစ်ချုန်းရွာမည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဒီဇင်ဘာ ၁၀ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။

## ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၇၇ ရာခိုင်နှုန်းခန့်က မဲပေးခဲ့ဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ- ၈**

နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများထဲမှ ၇၇ ရာခိုင်နှုန်းနီးပါးမဲပေးခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒီဇင်ဘာ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

တစ်နိုင်ငံလုံးတွင် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၂၈ သန်းကျော် (၂၈,၅၃၄,၂၁၆)ထဲမှ ၇၆ ဒသမ ၆၂ ရာခိုင်နှုန်းဖြစ်သောမဲဆန္ဒရှင် ၂၂ သန်းနီးပါး (၂၁,၈၆၃,၁၂၃) ဦးက မဲပေးခဲ့ကြောင်းရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ကြေညာလိုက်သည်။

၁၉၉၀ က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူအားလုံး၏ ၇၂ ဒသမ ၅၉ ရာခိုင်နှုန်းကျော်က မဲပေးခဲ့၍ ကော်မရှင်၏ ထုတ်ပြန်ချက်အရ ၂၀၁၀ ရွေးကောက်ပွဲက မဲပေးသူဦးရေပိုများနေသည်။

ပြည်သူ့လွှတ်တော်တွင် သတ်မှတ်မဲဆန္ဒနယ် ၃၃၀ အနက် ၃၂၅ နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ်အားလုံး ကျင်းပနိုင်ခဲ့သည်။ တိုင်းဒေသကြီး(သို့)ပြည်နယ်လွှတ်တော်တွင် သတ်မှတ်မဲဆန္ဒနယ် ၆၇၃ နယ်ရှိသည့်အနက် ၆၆၁ နယ်တွင်သာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့သည်ဟုဆိုသည်။

## ကျားဖြူပါတီ ညီလာခံကျင်းပ

**အိဖြူလွင်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၃**

လွှတ်တော်အမတ်နေရာ ၅၂ နေရာကျော်အထိ ရွေးချယ်ခံခဲ့ရသော ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူ)ညီလာခံကို ယနေ့မှစ၍ ဒီဇင်ဘာ ၁၅ ရက်အထိ တောင်ကြီးမြို့တွင် ကျင်းပနေပြီဖြစ်ကြောင်း သီပေါမြို့နယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းကပြောကြားသည်။

ယနေ့စတင်ကျင်းပသော ညီလာခံတွင် ယခုအချိန်အထိ မြို့နယ်တစ်ခုချင်းစီအလိုက် အစီရင်ခံစာများကို တင်သွင်းနေဆဲဖြစ်သည်ဟုသိရသည်။

ညီလာခံကို တောင်ကြီးမြို့ရှိ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရုံးခန်းတွင်ကျင်းပပြုလုပ်နေပြီး ယခင်ကတောင်ကြီးမြို့ရှိ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းခန်းမတွင် ပြုလုပ်ရန်စီစဉ်ထားသည်။

ယခုပြုလုပ်သော ညီလာခံသည် နိုဝင်ဘာ၇ရက်ရွေးကောက်ပွဲပြီးနောက် ပထမဆုံးအကြိမ်ဖြစ်ပါတီဝင်များ တွေ့ဆုံဆွေးနွေးသည့် ညီလာခံတစ်ခုဖြစ်သည်။ ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ် ၅၀ ကျော်နှင့် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံသော ကိုယ်စားလှယ် ၁၅၀ ကျော်နှင့် အခြားပါတီဝင်များ အပါအဝင် စုစုပေါင်းအင်အား ၂၀၀ ကျော်ခန့်တက်ရောက်ကြောင်း ဦးရဲထွန်းကပြောသည်။

## မနောပွဲတော် ကျပ်သိန်း ၂၅၀၀ ကျော် သုံးစွဲကျင်းပမည်

**မြတ်စုမွန်**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၆**

၆၃ နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်ကိုလာမည့် ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ မြစ်ကြီးနားမြို့၊ စီတာပူမနောကွင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ယခုနှစ်မနောပွဲတော်ဖြစ်မြောက်ရေးအတွက် ကျပ်သိန်း ၂၅၀၀ ကျော်ကုန်ကျခံ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ပုံမှန် ၇ ရက်ကျင်းပမြဲဖြစ်သည့် မနောပွဲကို ယခုနှစ်တွင် ၅ ရက်သာကျင်းပသွားမည်ဖြစ်ပြီး၊ ဇန်နဝါရီ ၇ ရက်နေ့ကိုဖွင့်ရက်အဖြစ် သတ်မှတ်ထားကြောင်း မနောပွဲဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

"ဒီနှစ်သိန်း ၂၅၀၀ သုံးစွဲမယ်လို့ တွက်ထားတယ်။ နည်းနည်းပိုကုန်ချင်ကုန်နိုင်တယ်။ ဖွင့်ပွဲနေ့မှာက မနောမကသေးဘူး။ ၁၀ ရက်နဲ့ ၁၁ ရက်မှ ကမယ်"ဟု မနောပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလခီလှအောင်က ပြောသည်။

ရှေးကချင်လူမျိုးများသည် ငြိမ်းချမ်းသာယာသည့်အချိန်တွင် ဆွစ်မနောကိုလည်းကောင်း၊ စစ်ပွဲများတွင် အောင်မြင်မှုရသည့်အချိန်များတွင် ပဒါန်မနောကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအောင်မြင်သည့်အခါတွင် ဂျူမနောကိုလည်းကောင်း၊ မသင့်မြတ်သူများအား ပြန်လည်သင့်မြတ်စေရန် စေ့စပ်ညှိနှိုင်းသည့်အချိန်တွင် ထိန်ရမ်းမနောကိုလည်းကောင်း၊ နယ်မြေသစ်များရှာဖွေကြရင်း ကွဲကွာသွားကြသည့် ဆွေမျိုးသားချင်းများ ပြန်လည်တွေ့ဆုံချိန်တွင် ဝမ်းသာသည့် အထိမ်းအမှတ်အဖြစ် ဒိုင်ရွှမ်းမနောကိုလည်းကောင်း၊ မိသားစုဝင် တစ်ဦးဦးက နယ်မြေသစ်သို့ ရွှေ့ပြောင်းသဖြင့် ခွဲခွာရချိန်တွင် ကွမ်ရန်းမနောကိုလည်းကောင်းအသီးသီးပြုလုပ်ကျင်းပလေ့ရှိကြောင်းသိရသည်။



မနောပွဲတွင် ကချင်တိုင်းရင်းသူများက ရိုးရာအကဖြင့် ဖျော်ဖြေစဉ်။ ဓာတ်ပုံ - လမင်းနိုင်

"အခုလုပ်မယ့် မနောပွဲက သာယာဝပြောငြိမ်းချမ်းတဲ့အချိန်မှာလုပ်တဲ့ ဆွစ်မနောအမျိုးအစားပါ" ဟုဦးလခီလှအောင်က ပြောသည်။

အထက်ပါ မနောပွဲ ၆ မျိုးသည်အများနှင့် သက်ဆိုင်သော ကချင်ရိုးရာမနောပွဲကြီးများဖြစ်ပြီး မိသားစုတစ်စုချင်း၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းနှင့် သက်ဆိုင်သော မနောပွဲငယ်များလည်းရှိကြောင်း သိရသည်။

ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် မနောပွဲတော်သို့ သံတမန်များ၊ တရုတ်ပြည်နယ်စပ်မှ ကချင်ယဉ်ကျေးမှုသံအဖွဲ့များ၊ ကေအိုင်အို၊ ကေအိုင်အေ စသည့်ငြိမ်းချမ်းရေးအဖွဲ့များ၊ ကချင်ပြည်နယ်အရပ်ရပ်ရှိ ဖိတ်ကြားခံရသောသူများ လာရောက်ဆင်နွှဲကြပြီး၊ ကချင်မနောပွဲတော်သည် လူပေါင်း ၁၀၀၀ ကျော် တစ်စုတစ်ဝေးတည်းကကြသည့် တစ်ခုတည်းသော တိုင်းရင်းသားယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

မျက်နှာဖုံးသတင်း

# ရှစ်လကျော်ကာလအတွင်း ကုန်သွယ်မှု ပမာဏ ၈ ဒသမ ၈ ဘီလီယံကျော် ရောက်ရှိ

၂၀၁၀-၁၁ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလ ၇ရက်အထိ ရှစ်လကျော် ကာလအတွင်း မြန်မာနိုင်ငံမှ ကန်ဒေါ်လာ ၅၅၀၀ နီးပါး တန်ဖိုးရှိ ပို့ကုန်များ နိုင်ငံတကာသို့ တင်ပို့ခဲ့ပြီး၊ ပြည်ပနိုင်ငံများမှ ကန်ဒေါ်လာ ၃၃၀၀ကျော် တန်ဖိုးရှိ သွင်းကုန်များ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကုန်သွယ်မှုတွင် အဆိုပါ ရှစ်လတာကာလ၌ ကန်ဒေါ်လာသန်း ၂၀၀၀ ကျော်အသာစီး ရနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ အပြန်အလှန်ကုန်သွယ်သောကုန်သွယ်မှုပမာဏစုစုပေါင်းမှာ ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၁၁ဘီလီယံကျော်(ကန်ဒေါ်လာ သန်း၁၁,၀၀၀ ကျော်)ရှိပြီး၊ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်ကလည်း ကန်ဒေါ်လာ ၁၁ဘီလီယံကျော်ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများတွင် ဖော်ပြထားသည်။

နိုင်ငံခြားဝင်ငွေအများဆုံးရရှိသော သဘာဝဓာတ်ငွေ့ကို ဖယ်ထားလိုက်ပါက ယခုဘဏ္ဍာနှစ်အတွက် နိုင်ငံခြားငွေ အများဆုံး ရှာဖွေပေးနိုင်သော ပို့ကုန်မှာ ကျောက်စိမ်းဖြစ်သည်။ ကျောက်စိမ်းမှာ ဧပြီလမှ ဒီဇင်ဘာလ ၇ ရက်အထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှု(Normal Trade)မှ ပြည်ပသို့ ကန်ဒေါ်လာသန်း ၁၁၀၀ ကျော်ဖိုး တင်ပို့နိုင်ခဲ့သည်။ သို့သော် အဆိုပါပမာဏမှာ နိုဝင်ဘာလတွင် နေပြည်တော်တွင် ပထမဆုံးကျင်းပသွားသော ကျောက်မျက်ရတနာပြပွဲ၌ ကျောက်စိမ်းရောင်းချ၍ ရရှိသော ဝင်ငွေများ မပါသေးဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ ကျောက်စိမ်းကို ပုံမှန်ကုန်သွယ်ရေးအပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း ပြည်ပသို့ တင်ပို့လျက်ရှိပြီး ယခုဘဏ္ဍာရေးနှစ်တွင် ဧပြီလမှ နိုဝင်ဘာလကုန်အထိ တန်ချိန် ၃၅၀၀ကျော် တင်ပို့ခဲ့ရာ၊ ကန်ဒေါ်လာသန်း ၉၀ ကျော် ရရှိခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ နယ်စပ်မှ တင်ပို့ရာတွင် တရုတ်သို့ အများဆုံး တင်ပို့ခြင်းဖြစ်ပြီး၊ ကျောက်မျက်ရတနာပြပွဲများတွင် ရောင်းချပြီးသော ကျောက်စိမ်းများကို တင်ပို့ခြင်းလည်းပါဝင်ကြောင်း အထက်ပါတာဝန်ရှိသူက ရှင်းပြသည်။

ကျောက်စိမ်း ပြီးပါက နိုင်ငံခြားငွေအများဆုံးရှာဖွေနိုင်သော ပို့ကုန်မှာ မတ်ပဲဖြစ်သည်။ ရှစ်လကျော်ကာလအတွင်း မတ်ပဲ ပြည်ပတင်ပို့ရာမှ ကန်ဒေါ်လာသန်း ၃၃၀ ကျော်ရရှိခဲ့၍ ဖြစ်သည်။ အခြားပဲများဖြစ်သော ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲတို့မှာ ယခုနှစ်ဘဏ္ဍာနှစ်တွင် ပြည်ပတင်ပို့မှု လျော့ကျခဲ့သည်။ ဧပြီလမှ ဒီဇင်ဘာလအထိ ပဲမျိုးစုံ ပြည်ပတင်ပို့ရာမှ အမေရိကန်ဒေါ်လာသန်း ၅၂၀ ကျော် ရရှိခဲ့ပြီး၊ ထက်ဝက်ကျော်မှာ မတ်ပဲတစ်မျိုးတည်းမှ ရရှိခဲ့ခြင်းဖြစ်သည်။

ယခင်ဘဏ္ဍာနှစ်ကထက် ပမာဏများစွာ တိုး၍ ပြည်ပတင်ပို့နိုင်ခဲ့သော ပို့ကုန်များတွင် ကျွန်း သစ်လုံး၊ ချုပ်ပြီးအထည်နှင့် ရာဘာစိမ်းတို့ ပါဝင်သည်။ ကျွန်းသစ်လုံးမှာ ရှစ်လကျော်ကာလအတွင်း အမေရိကန်ဒေါ်လာ သန်း ၁၈၀ ကျော်တင်ပို့နိုင်ခဲ့သည်။ ယခင်ဘဏ္ဍာနှစ် အလားတူကာလက ဒေါ်လာသန်း ၁၁၀ ဝန်းကျင်သာ တင်ပို့နိုင်ခဲ့သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ကျွန်းသစ်လုံးပြည်ပတင်ပို့မှုမှာ ၂၀၁၀တွင် ပိုများလာသည်။**

ကျွန်းသစ်လုံး ပြည်ပတင်ပို့မှု ယခင်နှစ်ကထက် များလာသော်လည်း သစ်မာလုံး ပြည်ပတင်ပို့မှုမှာ အနည်းငယ် လျော့ကျသွားသည်။ သစ်မာလုံးမှာ ရှစ်လကျော်ကာလအတွင်း ကန်ဒေါ်လာသန်း ၁၉၀ ကျော် ရရှိပြီး၊ ယခင်ဘဏ္ဍာနှစ် အလားတူကာလက သန်း ၂၀၀ ဝန်းကျင် ရရှိခဲ့၍ဖြစ်သည်။

ချုပ်ပြီးအထည်မှာလည်း ရှစ်လကျော်ကာလအတွင်း ကန်ဒေါ်လာသန်း ၂၄၀ ကျော် တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလက သန်း ၁၈၀ ကျော်သာ တင်ပို့နိုင်ခဲ့သည်။ အလားတူ ရာဘာစိမ်းမှာလည်း ယခင်နှစ်ကထက် ဝင်ငွေများစွာတိုး၍ ရလာပြီး ရှစ်လကျော်ကာလအတွင်း ကန်ဒေါ်လာသန်း ၈၀ ကျော် ရှာဖွေနိုင်ခဲ့ပြီး၊ ယခင်ဘဏ္ဍာနှစ်က အလားတူကာလက ကန်ဒေါ်လာ သန်း ၃၀ခန့်သာ ရှာဖွေနိုင်ခဲ့၍ ဖြစ်သည်။

ထိုကာလအတွင်း မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ပြုလုပ်သော ထိပ်တန်းနိုင်ငံ သုံးနိုင်ငံမှာ ထိုင်း၊ စင်ကာပူနှင့် တရုတ်ဟောင်ကောင်တို့ဖြစ်သည်။ ရှစ်လကျော်ကာလအတွင်း ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာသန်း ၂၀၀၀ကျော် အပြန်အလှန်ကုန်သွယ်ထားပြီး၊ စင်ကာပူနှင့် ကန်ဒေါ်လာ သန်း ၁၁၀၀ ကျော်အပြန်အလှန် ကုန်သွယ်ထားသည်။

မြန်မာ-တရုတ် ကုန်သွယ်မှုပမာဏမှာ ရှစ်လကျော်ကာလအတွင်း ကန်ဒေါ်လာသန်း ၉၀၀ ကျော် ရှိသည်။ မြန်မာနိုင်ငံက ကန်ဒေါ်လာ သန်း ၁၉၀ ကျော် တန်ဖိုးရှိ ပို့ကုန်များ တင်ပို့ထားပြီး၊ ကန်ဒေါ်လာသန်း ၇၀၀ ကျော် တန်ဖိုးရှိ သွင်းကုန်များကို တရုတ်နိုင်ငံမှ ပြန်လည်တင်သွင်းထား၍ နှစ်နိုင်ငံကုန်သွယ်မှုတွင် တရုတ်က ကန်ဒေါ်လာ သန်း ၅၀၀ ကျော် အသာစီးရနေသည်။

မြန်မာနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ ကုန်သွယ်မှုမှာ ထိုကာလအတွင်း ကန်ဒေါ်လာသန်း ၁၆၀ ကျော်ရှိသည်။ အရှေ့အလယ်ပိုင်းနိုင်ငံများ မပါဝင်ဘဲ၊ အာရှနိုင်ငံ ၂၀နှင့် မြန်မာကုန်သွယ်မှုပမာဏစုစုပေါင်းမှာ ကန်ဒေါ်လာသန်း ၇၀၀၀ ကျော်ရှိသည်။

ထိုကာလအတွင်း မြန်မာနှင့် ဥရောပနိုင်ငံများ ကုန်သွယ်မှုပမာဏစုစုပေါင်းမှာ ကန်ဒေါ်လာသန်း ၁၄၀နီးပါးရှိသည်။



7 DAY NEWS JOURNAL
Vol.9, No.38 · DECEMBER 16, 2010

## ပို့ကုန်တန်ဖိုး ၉၀ ရာခိုင်နှုန်းအထိ သွင်းကုန် တင်သွင်းနိုင်

**အားမာန်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၀**

မြန်မာနိုင်ငံတွင် သွင်းကုန်နှင့်ပတ်သက်သော မူဝါဒပြောင်းလဲခြင်းမရှိဘဲ ပို့ကုန်တန်ဖိုး၏ ၉၀ရာခိုင်နှုန်းကို အစိုးရမှ ခွင့်ပြုသောသွင်းကုန်များ တင်သွင်းနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူကပြောကြားသည်။

"ပို့ကုန်တင်ပို့မှုရဲ့ ၉၀ရာခိုင်နှုန်းကို တင်သွင်းခွင့်ပြုပါတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၀ရက်တွင်ပြောကြားသည်။ သို့သော် တင်သွင်းခွင့်ပြုသောကုန်ပစ္စည်းများမှာ သက်ဆိုင်ရာက ခွင့်ပြုထားသော သွင်းကုန်ပစ္စည်းများဖြစ်ရန် လိုကြောင်းလည်း ၎င်းကရှင်းပြသည်။

# ဆန်ပြည်ပတင်ပို့မှု ယခုဘဏ္ဍာနှစ်တွင် လျော့နည်းနေ

**ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၁**

ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးကျဆင်းခဲ့ခြင်း၊ ပြည်ပပို့ကုန် ရငွေတန်ဖိုးကျဆင်းနေခြင်းကြောင့် ယခုနှစ် ပြည်ပဈေးကွက်သို့ ဆန်တင်ပို့မှုမှာ ယခုဘဏ္ဍာနှစ်တွင် ဒီဇင်ဘာလဆန်းအထိ တန်ချိန် ၂ သိန်းကျော်သာတင်ပို့နိုင်ကြောင်းကို မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ရေကြောင်းမှဝင်ရောက်လာသောဆန်များကို ဆန်ပွဲရုံသို့ပို့ရန်လုပ်သားများ သယ်ဆောင်နေစဉ်။**

ပြည်ပသို့ ဆန်တင်ပို့နေသည့် ကုန်သည်များအနေဖြင့် ယခုလအတွက် ဆန်တန်ချိန် ၁သိန်းနီးပါးတင်ပို့ရန်လိုအပ်ကြောင်း ယင်းသို့မှ တင်ပို့နိုင်ခြင်းမရှိပါက ပြည်တွင်း ဆန်ဈေးနှုန်းသည် ကျဆင်းလာနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိအချိန်၌ ကမ္ဘာ့ ဈေးကွက်တွင် မြန်မာ့ဆန်သည် ဈေးပြန်လည်ဆင်းလာသည်။ ယခင်လများက ၂၅ မှတ်ဆန်တစ်တန်လျှင် ကန်ဒေါ်လာ ၃၈၅ရှိခဲ့ရာမှ ယခုရက်ပိုင်းအတွင်း တစ်တန်လျှင် ၃၇၅ ဒေါ်လာဝန်းကျင်သာရှိတော့သည်။ ဈေးကျလာသော်လည်း ဝယ်ယူလိုသူမရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောပြသည်။

လက်ရှိပေါက်ဈေး၃၇၅ဒေါ်လာနှင့်တွက်ပါက ပြည်ပပို့ကုန်ရငွေတန်ဖိုး ၁,၀၀၀ ကျော်ပါမှ ဆန်ကုန်သည်များ တင်ပို့နိုင်မည်ဟုဆိုသည်။ ထို့အပြင် ပြည်တွင်းဈေးမြင့်မားနေမှုကလည်း ပြည်ပတင်ပို့မှုတွင် အခက်အခဲဖြစ်နေကြောင်းကို ပြည်ပသို့ ဆန်တင်ပို့နေသူက ရှင်းပြသည်။

အထက်ပါအခြေအနေများကြောင့် ယခုနှစ် ပြည်ပဈေးကွက်သို့ ဆန်တင်ပို့မှုမှာ ယခင်နှစ်ကနှင့်နှိုင်းယှဉ်လျှင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ကျော်လျော့နည်းနေသည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဒီဇင်ဘာလဆန်းထိ သန်းပေါင်း ၁၇၆ ကျော်ထိ ရရှိပြီး ယခု ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၇၆ သန်းကျော်သာရရှိသေးသည်။

တင်ပို့ခဲ့သည့် တန်ချိန်ပမာဏမှာလည်း ၂၀၀၉-၁၀ ဘဏ္ဍာနှစ်က တန်ချိန် ရှစ်သိန်းကျော်ရှိခဲ့သော်လည်း ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် ဒီဇင်ဘာလဆန်းအထိ တန်ချိန် ၂ ဒသမ ၂ သိန်းသာရှိသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန၏စာရင်းဇယားများအရသိရသည်။

## ဥရောပတွင် ဂျာမနီသည် မြန်မာ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်

**အားမာန်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၀**

ဥရောပနိုင်ငံများအနက်မြန်မာနိုင်ငံနှင့်ယခုနှစ်အတွင်း ကုန်သွယ်မှုအများဆုံးပြုလုပ်ထားသောနိုင်ငံမှာ ဂျာမနီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများအရသိရသည်။

ယခုဘဏ္ဍာရေးနှစ် အစဖြစ်သော ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ရှစ်လကျော်ကာလအတွင်း မြန်မာနှင့်ဂျာမနီ အပြန်အလှန်ကုန်သွယ်မှုပမာဏ စုစုပေါင်းမှာ ကန်ဒေါ်လာသန်း ၄၀ ဝန်းကျင်ရှိသည်။ မြန်မာနိုင်ငံမှ ဒေါ်လာ ၂၃ သန်းကျော်တန်ဖိုးရှိ ပို့ကုန်များ တင်ပို့ခဲ့ပြီး၊ ဂျာမနီမှ ဒေါ်လာ ၁၆ သန်းကျော်တန်ဖိုးရှိ သွင်းကုန်များ ပြန်လည်တင်သွင်းခဲ့သည်။ ထို့ကြောင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာကအသာစီးရနေသည်။ ရှစ်လကျော်ကာလအတွင်း မြန်မာနှင့် ဥရောပနိုင်ငံများ၏ ကုန်သွယ်မှုပမာဏစုစုပေါင်းမှာ ဒေါ်လာသန်း၁၄၀နီးပါးရှိသည်။

ဂျာမနီမှာ ယခင် ဘဏ္ဍာရေးနှစ်များတွင်လည်း ဥရောပနိုင်ငံများ၌ မြန်မာနှင့် ကုန်သွယ်မှုအများဆုံးပြုလုပ်သောနိုင်ငံဖြစ်သည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၇၄ သန်းကျော်ရှိခဲ့ပြီး၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာသန်း ၁၀၀ ကျော်ရှိခဲ့သည်။

ဂျာမနီပြီးပါက ဥရောပနိုင်ငံများတွင် ဒုတိယအများဆုံး မြန်မာ၏ ကုန်သွယ်ဖက်နိုင်ငံမှာ ဗြိတိန်ဖြစ်သည်။ ရှစ်လကျော်ကာလအတွင်း မြန်မာနှင့် ဗြိတိန် နှစ်နိုင်ငံကုန်သွယ်မှုမှာ ကန်ဒေါ်လာ ၂၈ သန်းကျော်ရှိခဲ့သည်။ ယခင်ဘဏ္ဍာရေးနှစ်များတွင်လည်း ဗြိတိန်မှာ မြန်မာနိုင်ငံအတွက် ဥရောပ၏ ဒုတိယအများဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု ဒေါ်လာ ၄၂သန်းကျော်ရှိခဲ့ပြီး၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၅၈ သန်းကျော်ရှိသည်။

စပိန်မှာ တတိယအများဆုံးကုန်သွယ်ဖက် နိုင်ငံဖြစ်ပြီး၊ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုမှာ ရှစ်လကျော်ကာလအတွင်း ဒေါ်လာ ၁၈ သန်းကျော်ရှိခဲ့သည်။






7DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# ရန်ကုန်တွင် အနရာယ်ရှိအဆောက်အအုံ ၂၇ လုံးကို ထပ်မံကြေညာ

**သားကျော်**

ရန်ကုန်၊ ဒီဇင်ဘာ- ၉
ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ ၂၇ လုံးကို အန္တရာယ်ရှိ အဆောက်အအုံများအဖြစ် သတ်မှတ်၍ ဒီဇင်ဘာ လဆန်းပိုင်းက ထပ်မံကြေညာခဲ့ကြောင်း သတင်းရရှိသည်။



အန္တရာယ်ရှိ အဆောက်အအုံများအဖြစ် သတ်မှတ်၍ ထပ်မံကြေညာခဲ့ရာတွင် ပါဝင်သော မြို့နယ်များနှင့်အန္တရာယ်ရှိအဆောက်အအုံအရေအတွက်မှာ ဗိုလ်တထောင်မြို့နယ်မှ အဆောက်အအုံ ငါးလုံး၊ လသာမြို့နယ်မှအဆောက်အအုံ ငါးလုံး၊ ပန်းဘဲတန်းမြို့နယ်မှ အဆောက်အအုံ ခြောက်လုံး၊ ပုဇွန်တောင်မြို့နယ်မှ အဆောက်အအုံ သုံးလုံး၊ လမ်းမတော်မြို့နယ်မှ အဆောက်အအုံ တစ်လုံး၊ ကျောက်တံတားမြို့နယ်မှအဆောက်အအုံနှစ်လုံး၊ ဒဂုံမြို့နယ်မှ အဆောက်အအုံ တစ်လုံး၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ အဆောက်အအုံ လေးလုံးတို့ပါဝင်ကြောင်း သိရသည်။

အန္တရာယ်ရှိ အဆောက်အအုံများအဖြစ် သတ်မှတ်ထားသော အဆောက်အအုံများကို ဖြိုဖျက်၍ အသစ်ပြန်လည်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ မြေပိုင်ဆိုင်မှုရှိသူများသည် ပိုင်ဆိုင်မှု အထောက်အထားများကို မူရင်းတစ်စုံ၊ မိတ္တူနှစ်စုံတို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ လာရောက်ဆက်သွယ်ရမည်ဖြစ်၍ ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများမှလည်း အထောက်အထားများနှင့် လာရောက်ဆက်သွယ်ရမည်ဖြစ်ကြောင်း သိရသည်။

မြေပိုင်ဆိုင်မှု အထောက်အထားတင်ပြမည့်သူများနှင့် ပိုင်ဆိုင်မှု ကန့်ကွက်လိုသူများသည် တစ်လအတွင်း လာရောက်ဆက်သွယ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၀ ပြည့်နှစ် ဩဂုတ်လအတွင်း၌လည်း ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းမှ အဆောက်အအုံ ၁၅ လုံးကို အန္တရာယ်ရှိအဆောက်အအုံများအဖြစ်သတ်မှတ်၍ ဖြိုဖျက်ကာ အသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်းသိရသည်။

အန္တရာယ်ရှိ အဆောက်အအုံများအဖြစ် သတ်မှတ်ရာတွင် အဆောက်အအုံတစ်လုံးသည် သက်တမ်းကြာ၍ အချို့သော အစိတ်အပိုင်းတိုင်များ၊ ရက်မများ၊ တန်းများ၊ အမိုး၊ သံတန်းများ၊ ကြမ်းခင်းများ၊ အောက်ခံဖောင်ဒေးရှင်းအပိုင်းများ အရည်အသွေးလျော့၍ ခံနိုင်ဝန်အားနည်းလာခြင်းများဖြစ်လာသည်ကို စစ်ဆေးတွေ့ရှိပါက အန္တရာယ်ရှိအဆောက်အအုံအဖြစ် စာရင်းသွင်းသတ်မှတ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



# အင်းအိုင်များမှ ငါးဖမ်းဆီးရမှု လျော့ကျ

**သန်းဌေး**

ရန်ကုန်၊ ဒီဇင်ဘာ - ၇
အင်းအိုင်များမှ ငါးဖမ်းဆီးရရှိမှုမှာ ယခုဘဏ္ဍာနှစ်တွင် ယခင်ကာလများ၏ ၃၀ ရာခိုင်နှုန်းသာရရှိကြောင်း ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးမှူးဦးသန်းဦးဝေကပြောကြားသည်။

သဘာဝရေပြင်တွင် ငါးမျိုးစိုက်ထည့်ရာ၌ အင်းများအတွင်း ငါးမျိုးစိုက်ထည့်နှုန်း ကျဆင်းလာသောကြောင့် ယခုကဲ့သို့ ဖမ်းဆီးရရှိမှုကျဆင်းလာရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ရေစီးရေလာမကောင်းတာရယ်၊ ဆည်တာတမံတွေထဲ ရေစီးဝင်မှုအဟန့်အတားဖြစ်တာရယ်ကြောင့် အင်းထဲမှာ ငါးဖမ်းတဲ့အခါ ငါးရရှိမှုအခက်အခဲတွေဖြစ်လာတာပဲ"ဟု ဦးသန်းဦးဝေကဆိုသည်။

ယခုကဲ့သို့သော အခြေအနေများကြောင့် အင်းကောင်းနှင့် အင်းညံ့များကိုခွဲခြားကာ အင်းအဖြစ်တည်ရှိနိုင်မှုကို ငါးလုပ်ငန်းဦးစီးဌာနက ကွင်းဆင်းသုတေသနပြုလုပ်ပေးမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ကပြောကြားသည်။

ထို့ကြောင့် ငါးထွက်နှုန်းကျဆင်းသွားသော အင်းအိုင်များကိုလည်း ငါးမွေးမြူရေးပေးလုပ်ပါက သဘာဝအခြေအနေယိုယွင်းမှုကြုံနိုင်သောကြောင့် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်ကို တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးနေကြကြောင်းသိရသည်။

"ကျွန်တော့်အင်းက ဖော်ချိန်မှာ ပိဿာချိန်ငါးထောင် လောက်ရနေကျ၊ အခုတော့ တစ်ထောင့်ငါးရာပဲရတယ်"ဟု ပုံမှန်အင်းလေလံရရှိသူတစ်ဦးက ၎င်းအင်း၏ အခြေအနေကိုပြောပြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရေချိုငါးဖမ်းလုပ်ငန်းတွင် ဂရန်အင်း၊ သီးသန့်အင်း၊ ကန့်သတ်အင်းနှင့် ဘုံငါးဖမ်းလုပ်ကွက်ဟူ၍ရှိသည်။ အင်းများကို အင်းအိုင်၊ ကြေးတိုင်၊ ပိုက်ချက်ဟူ၍ အမျိုးအစားခွဲခြားကာ ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ်လေလံတင်ပြီး ငှားဂရန်ချပေးလေ့ရှိသည်။

မြန်မာနိုင်ငံရှိ အင်းပေါင်း ၃,၄၇၄ အင်းမှ နှစ်စဉ် ငါး၊ ပုစွန် တန်ချိန် ၆၈,၀၀၀ တန်ထွက်ရှိပြီး နှစ်စဉ် ရေချိုငါးထုတ်လုပ်မှု၏ ၂၆ ရာ ခိုင်နှုန်းခန့်ရှိကြောင်း စုံစမ်းသိရှိရသည်။

# စစ်တွေရေနက်ဆိပ်ကမ်းတည်ဆောက်ရန် လေးမြို့ချောင်းမှ ကျောက်ထုတ်ယူ သုံးစွဲခွင့်ပြုထား

**မောင်သန်းဝင်း**

စစ်တွေ၊ ဒီဇင်ဘာ- ၈
အိန္ဒိယ-မြန်မာကုလားတန်မြစ်ကြောင်း ဘက်စုံကုန်သွယ်မှုလမ်းကြောင်း၏ ပဏာမလုပ်ငန်းစဉ်အဖြစ် စစ်တွေရေနက်ဆိပ်ကမ်းတည်ဆောက်ရန်အတွက် လိုအပ်သော ကျောက်များအား လေးမြို့ချောင်းမှ ထုတ်ယူသုံးစွဲခွင့်ပြုထားကြောင်း သိရသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်ဝန်းကျင်မှစပြီး စစ်တွေအပါအဝင်ရခိုင်ပြည်နယ်အလယ်ပိုင်းဒေသများ၌ လမ်းတံတား၊ အဆောက်အအုံ စီမံကိန်းအများအပြားပေါ်ထွန်းလာပြီး ထိုစီမံကိန်းများအတွက် လိုအပ်သော ကျောက်များကို ယင်းချောင်းအတွင်းမှ အတားအဆီးမရှိ ထုတ်ယူသုံးစွဲလာမှုများကြောင့် ချောင်းကမ်းပါးပြိုကျမှုများဖြစ်ပေါ်ကာ သီးနှံစိုက်ပျိုးမြေများပျက်စီးဆုံးရှုံးခြင်းနှင့် ရေအရင်းအမြစ် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလာကြောင်းလည်း ဒေသခံများကပြောသည်။ ထိုသို့ဒေသတွင်း လမ်းတံတား၊ အဆောက်အအုံစီမံကိန်းများနှင့် စစ်တွေရေနက်ဆိပ်ကမ်းတည်ဆောက်မှုလုပ်ငန်းများအတွက် ကျောက်ထုတ်လုပ်ကြရာ၌ သီးနှံစိုက်ပျိုးမြေများနှင့် ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ချောင်းကမ်းပါးအောက်ခြေတစ်လျှောက် မြစ်ကမ်းပါးအသွင် တည်ရှိနေသော ကျောက်ကျင်းများမှ ကျောက်ထုတ်လုပ်ခြင်းမပြုလုပ်ရန်လိုကြောင်းသိရသည်။

"အလွယ်တကူရတဲ့ ချောင်းကမ်းပါးအောက်ခြေ ကျောက်ထုတ်လုပ်မှုတွေကြောင့် မြစ်ရေစီးကြောင်း ပြောင်းလဲလာပြီး မြစ်ကမ်းပါးပြိုလို့ သီးနှံလုပ်ကွက်တွေကမ်းပြိုဆုံးရှုံးမှုတွေနဲ့ ရေအရင်းအမြစ်လည်း နောက်ကျိပျက်စီးလာတယ်"ဟု မြောက်ဦးမြို့နယ် ဆင်အိုးကျွန်းမှ ဒေသခံတောင်သူတစ်ဦးက သူ့အမြင်ကို ပြောကြားသည်။

ပြင်ဆင်ချက်။ ။ 7Day News ဂျာနယ် အတွဲ(၉)၊ အမှတ်(၃၆) 'အမြန်လမ်းမကြီးပေါ်တွင် တစ်ပတ်အတွင်း ယာဉ်နှစ်စီးမှောက်ပြီး လူခုနစ်ဦးသေ' သတင်းတွင် 'နိုဝင်ဘာ ၂၆ ရက်မွန်းလွဲပိုင်းတွင်လည်း ရန်ကုန်-နေပြည်တော်အမြန်လမ်းမပေါ်၌ ကားရှေ့ဘီးပေါက်၍ ကားမှောက်ပြီး လူသုံးဦးသေဆုံးခဲ့ကြောင်း. . .' စာသားအစား ထိုဖြစ်စဉ်ကို နိုဝင်ဘာ ၂၆ ရက်နံနက် ၂ နာရီဝန်းကျင်တွင်ဖြစ်ပွားခဲ့သည်ဟု ပြင်ဆင်သိမှတ်ပေးပါရန်။ (အယ်ဒီတာ)

နိုင်ငံတော်အလံသစ်ရောင်းချပေးခြင်း

မှန်ပြောင်ဆေးခန်း

အပျိုစင်လေးတို့ရေ ...

အပျိုစင်ဆိုတဲ့ဂုဏ်ပုဒ်လေးကို ကြီးကြီးကလေ သိပ်ပြီးတန်ဖိုးထားတာကွဲ့။ ဒါပေမဲ့ကွယ်ကြီးကြီးမြင်နေရတဲ့ ပတ်ဝန်းကျင်ကတော့ ရင်မောစရာတွေချည်းပါပဲ။ ဒါတွေကိုသိဖို့သတိထားဖို့၊ ရှောင်ဖို့ အားကျအတုယူဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ ကြီးကြီးချစ်တဲ့ အပျိုစင်လေးတွေကို ကြီးကြီးဘဝကြီးကို နမူနာထားပြီးမျှဝေပေးချင်တာပါ။

မစိုးဖြူ(စာရင်းအင်း)

# မာနလေးတော့ ထားတတ်စေချင်

ပထမဆုံးတော့ ကြီးကြီးကိုယ်ကြီးကြီး မိတ်ဆက်ခွင့်ပြုပါဦးနော်။ ကြီးကြီးကလေ နယ်မြို့လေးမှာ မွေးပေမယ့် ၉ တန်းကနေ ခုချိန်ထိ မြို့မှာနေတာပါ။ အဲဒီတော့ တောသူဆိုလည်းဟုတ်၊ မြို့သူဆိုလည်း ဟုတ်တာပေါ့။ မွေးတဲ့မြို့မှာပဲ အမေ့စကားနားထောင်ပြီးနေခဲ့ရင် (တစ်မျိုးမထင်နဲ့ဦးနော်) ၆ တန်းလောက်နဲ့ပဲ ခုလောက်ဆို သေမျှားနေမလားတောင် မသိဘူးပေါ့နော်။

ကြီးကြီးမှာလေ အင်္ကျီလုံချည်နှစ်စုံပဲရှိတယ်။ မိုးရွာရင် ဆောင်းစရာထီးမရှိဘူး။ ကျူရှင်မတက်နိုင်ဘူး။ ကျောင်းနဲ့ အိမ်နဲ့သုံးမိုင်လောက်ကို အသွားအပြန်လမ်းလျှောက်ပြီး ဆယ်တန်းအောင်အောင် ကြိုးစားခဲ့ရတာ။ နေတဲ့အိမ်က မီတာခတက်မှာစိုးလို့တဲ့။ ညဘက်ဆိုဖယောင်းတိုင်နဲ့ စာကျက်ရတယ်။ ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့ အောင်မှငါရွှာပြန်မယ်လို့ ဆုံးဖြတ်ခဲ့တာ။ တစ်ညကို သင်္ချာအပုဒ်တစ်ရာတွက်ပြီးမှ အိပ်တယ်ကွဲ့။ တောသူမ ကြီးကြီးက သင်္ချာနဲ့ ဓာတုဗေဒဂုဏ်ထူးတွေနဲ့ အောင်ခဲ့တာ။ အဲဒီတော့မှရွာပြန်တယ်။

အောင်ပြန်တော့ အမှတ်တွေများပေမယ့် တက္ကသိုလ်ထားပေးမယ့်သူမရှိပြန်ဘူး အပျိုစင်တို့ရေ . . . ကြီးကြီးမှာ ငိုရတာအမောပေါ့။ တစ်နေ့တော့ကြီးကြီးကို ဘွဲ့ရအောင်ထားပေးမယ်၊ ဘွဲ့ရပြီးရင်သူ့သားနဲ့ ယူရမယ်လို့ရွာက သူဌေးတစ်ယောက်က လာပြောသေးတာ။ ကြီးကြီးအမေကလေ စာတစ်လုံးမှ မတတ်ဘူး။ ဒါပေမဲ့ ဘယ်လိုပြန်ပြောလဲသိလား။ ကျွန်မသမီးကို ကျွန်မတောင်းပဲကျွေးရကျွေးရ၊ ဖြစ်အောင်ထားပေးမှာလို့ ပြန်ပြောရှာတာ။ တကယ်လည်း အမေက ရွာနဲ့ရန်ကုန်ကို ရထားနဲ့ကူးပြီး ကုန်စိမ်းရောင်းလိုက်၊ ဖျာရောင်းလိုက်နဲ့ ကြီးကြီးကို တက္ကသိုလ်ထားပေးခဲ့တာ။

ကြီးကြီးလေ ခုနေမှာပြန်တွေးရင် ငါတော်တော်ဆင်းရဲဒုက္ခရောက်ခဲ့တာပဲလို့ ခံစားရတယ်။ ကြီးကြီးတို့ခေတ်က စတိုင်ပင်လို့ခေါ်တဲ့ ပညာသင်ထောက်ပံ့ကြေးရတော့ ကျောင်းလခနဲ့ အဆောင်လခလေးတော့ အဆင်ပြေသွားတာပေါ့။ ဒါပေမဲ့ သူများတွေ ရောင်စုံထည်လဲဝတ်နေချိန်မှာ ကြီးကြီးက ဘားမားတက်ထရွန်အင်္ကျီလေးနဲ့ တောင်ဥက္ကလာကထွက်တဲ့ ပန်းရိုက်လုံချည်လေးနဲ့ပဲ ကျောင်းတက်ခဲ့ရတာ။ တစ်ခုခုစားချင်တာဆိုရင် အဆောင်မှာ သူငယ်ချင်းတွေရဲ့အဝတ်ကိုမီးပူတိုက်ပေးပြီး ရတဲ့လုပ်အားခနဲ့စားတယ်။ သူများချစ်အောင်နေတယ်။

ဒါပေမဲ့ အပျိုစင်လေးတို့ရေ . . . ဒုတိယနှစ်ရောက်တော့ ဘသားချောတွေက လာပြန်ရော။ ကြီးကြီးကိုမှလိုချင်လို့ပါ၊ ကျောင်းဆက်တက်ပါ။ စိတ်တိုင်းကျထားပါ့မယ်နဲ့ အပြင်စီးပွားရေးလုပ်နေတဲ့ လူပျိုတွေက ကမ်းလှမ်းကြတယ်။ အိမ်ကိုလည်းပြောကြတယ်။ အိမ်ကတော့ ကြီးကြီးသဘောကျရင် လက်ခံပါမယ်လိုပဲ ကောင်းအောင်ကြည့်ပြောရတာပေါ့။ ကြီးကြီးကလေ ဘယ်လောက်ပဲ ဒုက္ခရောက်ပါစေ ဘွဲ့ရအောင်ယူမယ်။ ဝန်ထမ်းလုပ်မယ်။ အိမ်ထောင်ပြုရင်လည်း ဝန်ထမ်းကိုပဲလက်ထပ်မှာလို့ အပြတ်ပြောပြီး ငြင်းခဲ့ရှောင်ခဲ့တာ။ ကြွားရဦးမယ်။ ကြီးကြီးကလေ ရုပ်မချောပါဘူး။ ရုပ်လည်းမဆိုးပါဘူး။ ရိုးသားပွင့်လင်းတဲ့သန့်စင်တဲ့ ကြီးကြီး မျက်လုံးကိုကြည့်ပြီး ကြိုက်ကြတာတဲ့။ ရယ်ရတယ်နော်။ အားလုံးလူရိုးလူအေးတွေချည်းပေမယ့် ကိုယ့်ရည်မှန်းချက်မှ မပြည့်သေးတာလေ . . .။

တကယ်တော့ အပျိုစင်တိုင်းမှာ သူ့အလှနဲ့သူတော့ ရှိကြတာချည်းပါပဲကွယ်။ ပင်ကိုယ်အလှ မပျောက်အောင်နေဖို့ပဲလိုတာပါ။ ကြီးကြီးတို့ခေတ်တုန်းကလည်း တက္ကသိုလ်ကျောင်းသူတွေ ပြင်ကြပါတယ်။ ဒါပေမဲ့ ခုခေတ်လောက်တော့ သရုပ်မပျက်ကြဘူးပေါ့ကွယ်။ စိတ်တော့ဆိုးမသွားကြနဲ့နော်။ မိန်းကလေးတွေမှာ ကာယိန္ဒြေဆိုတာရှိတယ်။ မိန်းကလေးတွေရဲ့စည်းပေါ့။ ဣန္ဒြေရှိတဲ့ မိန်းကလေးဆိုရင် ဝတ်တာ၊ သွားတာလည်း လုံခြုံတယ်။ လျှပ်ပေါ်လော်လည်မှုမရှိဘူး။ အဲဒီအခါကျ ဘယ်ပုရိသယောကျ်ားကမှ မတို့မထိရဲ မစရဲဘူးပေါ့။ ဘယ်လောက်ပွေတဲ့လူပဲ ဖြစ်ပါစေ။ ဣန္ဒြေရှိတဲ့ မိန်းကလေးဆို အနားမကပ်ရဲဘူး။ ရှိန်နေတာ ပေါ့ကွယ် . .။

ခုများတော့ကွယ်၊ အရင်ခေတ်ကလို မမြင်ဝံ့ဆေးသမားဆိုတာမျိုးရှိကို မရှိတော့တာကလား။ ဖော်နိုင်မှ ခေတ်မီတယ်လို့ ယုံကြည်နေကြသလား မှတ်ရတယ်နော်။ တိုလိုက်ကြတာ၊ ကျပ်လိုက်ကြတာ၊ ပြောင်လိုက်ကြတဲ့ ကျောပြင်တွေဖြစ်နေပြီနော်။ အရင်တုန်းကဆို မိန်းကလေးရဲ့ ခြေသလုံးကို မြင်ရဖို့ဆိုတာ ဘယ်လွယ်လိမ့်မတုံး အခုကတော့ ခြေသလုံးရော၊ ပေါင်ရော မမြင်ချင်မှအဆုံး၊ ချက်ကိုတောင်စိန်တပ်ပြီး လူမြင်အောင် ဖိုက်ပေါ်တဲ့အင်္ကျီတို့ဘောင်းဘီတို့ ဝတ်ကြသတဲ့။ ကြီးကြီးဖြင့် အံ့ဩကုန်နိုင်ဖွယ်ပါပဲ။

အဲ . . . . ကြီးကြီးအကြောင်း ပြောနေရာကနေ ဘေးချော်သွားပြန်ပြီ။

ကြီးကြီးက အစားသမား၊ သူများလိုပဲ ကောင်းကောင်းစားချင်တာပေါ့နော်။ သူငယ်ချင်းတွေကြားထဲမှာ ကိုယ်ကဝတ်ကောင်းစားလှ မရှိတော့ သိမ်ငယ်တာပေါ့။ ဒါပေမဲ့ ကြီးကြီးကမာနရှိတယ်။ ကိုယ်ကျင့်တရားကို တန်ဖိုးထားတယ်။ ငတ်ရင်ငတ်ပါစေ။ ဘာနဲ့မှမလဲနိုင်ပါဘူး။ ဒီလိုနဲ့ပဲ ဘွဲ့ရကျောင်းဆရာမ ဖြစ်ခဲ့တာပေါ့။

အခု ကြီးကြီးမြင်တွေ့နေရတဲ့ မိန်းကလေးတွေကတော့ ဝတ်ချင်လှချင်စိတ်ကလွှမ်းမိုးပြီးတော့ ခေတ်ကာလအရ အလွယ်တကူဝယ်လို့ရတဲ့ ဆေးတွေ အကူအညီတွေနဲ့ ပိုက်ဆံထောတဲ့ယောကျ်ားဆို တွဲလိုက်ကြတာပဲ။ ပျိုတာအိုတာဂရုမစိုက်တော့ဘူး။ မယားကြီးနဲ့ ပက်ပင်းတိုးရင်တောင်မှ "ကိုယ့်ယောကျ်ားကိုယ်နိုင်အောင် ထိန်းပါလား" လုပ်ရဲကြတာ။

စိတ်ကဘယ်လောက်ပဲ ရိုးသားစေဦးတော့၊ ဝတ်ထားတာကမှ မလုံတာ၊ ပြီးတော့လေ ကြီးကြီးတို့ဆို ဘွဲ့သာရပြီးရော လက်ဖက်ရည်ဆိုင်တစ်ခါမှမထိုင်ဖူးဘူး။ ဆိုင်ရှေ့ကတောင် ဖြတ်မလျှောက်ရဲဘူး။ အအေးဆိုင်ပဲ မိန်းကလေး သူငယ်ချင်းတွေနဲ့ထိုင်ခဲ့တာ။ ခုကျမိန်းကလေးတွေ ကိုယ်တိုင်က မလုံမခြုံဝတ်ပြီး ကလပ်တက်တယ်။ ယောကျ်ားတွေနဲ့ အတူထိုင်ပြီး ဘီယာသောက်တယ်။ ကြီးကြီးဖြင့်မြင်ခါစက အံ့ဩလွန်းလို့ မယုံနိုင်ဘူး။ ကြီးကြီးသားကတောင် antique ဖြစ်နေပြီပြောလို့ ကြီးကြီးဖြင့် ဆွေ့ဆွေ့ခုန်ရသေးတယ်။

ခေတ်ကြီးက တိုးတက်လာတော့ အင်တာနက်ဆိုင်တွေထိုင်ရင် တစ်နာရီမှ သုံးရာ၊ လေးရာပဲပေးရတာမို့လား။ တစ်နေ့တစ်နေ့ အဲဒီကနေ အရည်မရ၊ အဖတ်မရတွေ ပြောကြ၊ ကြည့်ကြ၊ ချက်တင်ထဲမှာပဲ ကြိုက်ကြ။ အပြင်မှာ ချိန်းတွေ့ကြ။ ဘာမျိုးရိုး၊ ဘာစိတ်ဓာတ်လဲ မသိသေးဘူး၊ လိုက်ပြေးကြပြီ။ ဒုက္ခတွေရောက်မှ မိဘအိမ်ပြန်ပြေးကြပြီ။ တချို့လည်း ဘဝကို ရေစုန်မျောသွားကြတာပေါ့နော်။

ကြီးကြီးနေတဲ့ရပ်ကွက်ရဲ့ ခြောက်လွှာ၊ ခုနစ်လွှာ၊ ရှစ်လွှာတိုက်ခန်းတွေမှာလေ။ တရားဝင်လက်မထပ်ဘဲ အတူနေကြတဲ့လူငယ်အတွဲတွေ၊ ငွေပေါသူတွေရဲ့ ပျော်တော်ဆက်တွေ တော်တော်များများနေကြတာ။ ကြီးကြီးဖြင့် သူတို့မိဘတွေအစား ရင်နာလိုက်တာ။ ငယ်ငယ်ချောချောလေးတွေကိုး။

ကြီးကြီးပြောခဲ့သလိုပါပဲ။ မိန်းကလေးတိုင်းမှာ အလှကိုယ်စီရှိပြီးသားပါ။ ရှိတာလေးနဲ့လှအောင်ဝတ်၊ ရတာလေးနဲ့ ဝအောင်စား၊ကိုယ်ရဲ့ အပျိုစင်ဘဝကို တန်ဖိုးထားရမှာပေါ့။ ကြီးကြီးနားလည်တာကတော့လေ အပျိုစင်ဆိုတာ အပျိုနဲ့စင်နဲ့ ပေါင်းထားတာမို့လား။ အပျိုဆိုတာက ယောကျ်ားတစ်ယောက်ယောက်နဲ့ လက်ထပ်မထားရင် အတူတကွ ပေါင်းသင်းမနေရင်အပျိုပဲ။ ငယ်ရင်အပျိုလေး၊ ကြီးရင်အပျိုကြီးပေါ့။

ဒါပေမဲ့ 'စင်' ဆိုတဲ့ စာလုံးက တော့သန့်စင်တယ်။ အပျိုစစ်တယ်ဆိုတဲ့ ဂုဏ်ပုဒ်လေးကို ဆိုလိုတာ။ အရပ်စကားနဲ့ ပြောရရင်တော့ အပျိုစစ်တာကိုမှ အပျိုစင်လို့ခေါ်တာ။ ငယ်ဂုဏ်လေးလည်း ပါတာပေါ့ကွယ်။ မိဘတွေက စောင့်ရှောက်ထိန်းသိမ်းပေးရုံပဲရှိတာ။ ကိုယ့်ရဲ့ အပျိုဂုဏ်ကို ကိုယ်ပဲ ထိန်းသိမ်းရမှာ။

ခုခေတ် ယောကျ်ားလေးတွေကလေ တိုးတက်နေတဲ့ခေတ်ကြီးကို အသုံးချပြီး အတတ်မျိုးစုံတွေတတ်နေကြတာ။ sex ကိစ္စဆိုလည်း သူတို့က ကျွမ်းကျင်ပြီးသား။ ရှေ့မှာ သားကောင်တွေ့လို့ကတော့။ အင်း . . . ပြေးမလွတ်ဘူးသာ မှတ်ပေရော့။ ကိုယ်ကကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေမှကိုယ့်ကို တန်ဖိုးထားမယ့် ယောကျ်ားကောင်းနဲ့ဆုံရမှာပါ။ မဟုတ်ရင်တော့အရှက်လည်းကွဲ လူလည်း . . . အဲ . . ဒုက္ခတွေရောက်ဖြစ်ကျန်မှာ။ ဘာလို့အဖြစ်ခံမှာလဲ အပျိုစင်တို့ရယ်။ ကိုယ့်ရဲ့ကိုယ်ပိုင် မာနလေးနဲ့ ရည်မှန်းချက်ကြီးကြီးထား ကိုယ့်အလှလေးနဲ့ ကိုယ်နေ။ ဗုဒ္ဓဘာသာမဟုတ်တဲ့နိုင်ငံတွေရဲ့ မိန်းကလေးတွေ ဝတ်စားဆင်ယင်မှုကို အားမကျနဲ့။ ကိုယ့်နိုင်ငံ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်မှမထိန်းရင် ကိုယ့်မျိုးဆက်က ဘယ်ထိန်းတော့မလဲနော်။ စာများများဖတ်ပါ။ စာဖတ်များတဲ့သူကို သူများလာလိမ်လို့မရဘူးကွဲ့။ စာဆိုလည်း အားရှိမယ့်စာမျိုးတွေ ရွေးဖတ်စေချင်တာပါပဲ။ ကြီးကြီးတုန်းက ကြီးကြီးဘဝကို ဘာနဲ့မတ်ခဲ့သလဲသိလား။ ဆရာမကြီးခင်ဆွေဦးရဲ့ ဝတ္ထုတွေဖတ်မိလို့ပေါ့ကွယ်။ ကိုယ့်ကိုယ်ကိုယ် အားတင်းတတ်အောင် စောင့်ရှောက်တတ်လာတာပေါ့နော်။ ဆရာကြီးပါရဂူရဲ့စာအုပ်တွေကိုလည်း သဲကြီးမဲကြီးဖတ်ခဲ့တော့ စိတ်ကစားဖို့ မတွေးအားတော့ဘူးပေါ့နော်။ ခုခေတ်မှာဆိုစာရေးဆရာတွေ အများကြီးပေါ့။ အနီးစပ်ဆုံး ဥပမာတစ်ခုပြောရဦးမလား။

အပျိုစင်တို့ အားကျအတုယူနေကြတဲ့ အနုပညာသမားတွေကိုပဲ ကြည့်ပါနော်။ သန့်သန့်စင်စင်ရိုးသားကြိုးစားတဲ့ ကလေးတွေက ကြာရင်သာကြာမယ်။ နောက်ဆုံးတော့ အောင်မြင်ခဲ့ကြတာချည်းပဲလေ။ အဲ . . . ဖြတ်လမ်းကနေ ကြီးပွားချမ်းသာအောင်မြင်ချင်ကြတဲ့ ကလေးတွေကတော့ခဏပဲခံပြီး နာမည်ဆိုးနဲ့ မြုပ်သွားကြတာလေ။

ကဲ . . . ကြီးကြီးရဲ့ အပျိုစင်လေးတို့လည်း သန့်စင်တဲ့ အပျိုစင်လေးတွေအဖြစ်နဲ့ကိုယ့်ဘဝ၊ ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ဂုဏ်ကို ဆောင်နိုင်ကြပါစေလို့ကြီးကြီးကဆုတောင်းပေးလိုက်ပါတယ်နော်. . .။



ဖျော်ဖြေပွဲတစ်ခုသို့ လာရောက်ကြသော ရန်ကုန်မြို့မှ ဆယ်ကျော်သက်အမျိုးသမီးငယ်အချို့။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

7 DAY NEWS JOURNAL
Vol.9, No.38 · DECEMBER 16, 2010

# မြန်မာ့ရေထွက်ကုန်များ ရုရှားနိုင်ငံက ဝယ်ယူတင်သွင်းဖွယ်ရှိ

သန်းဌေး

ရန်ကုန်၊ နိုဝင်ဘာ - ၃၀

**မြန်မာ့ရေထွက်ပစ္စည်းများရုရှားနိုင်ငံသို့တင်ပို့နိုင်ရေးကိစ္စနှင့်ပတ်သက်၍ရုရှားနိုင်ငံရေထွက်ပစ္စည်းတင်သွင်းသူများအဖွဲ့မြန်မာနိုင်ငံသို့လာရောက်ကာ တာဝန် ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့် အရာရှိကြီးတစ်ဦးက ပြောကြားသည်။**

"ရုရှားနိုင်ငံရဲ့ လိုအပ်ချက်၊ ရပိုင်ခွင့်၊ တာဝန်ဝတ္တရားနဲ့ အရည်အသွေးပိုင်းဆိုင်ရာ တရားဝင်လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်ပြီး တရားဝင်ဆွေးနွေးညှိနှိုင်းခဲ့ကြတယ်"ဟု ၎င်းက နိုဝင်ဘာ ၃၀ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌အတည်ပြုပြောကြားသည်။

ရုရှားနိုင်ငံရေထွက် ပစ္စည်းတင်သွင်းသူများသည် ဂျပန်ပုံစံပြုပြင်ထားသော တရုတ်နိုင်ငံမှ ငါးရှဉ့်များအား ဝယ်ယူနေကြသည်။ အဆိုပါငါးရှဉ့်များမှာ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အရှင်တင်ပို့သောငါးရှဉ့်များဖြစ်ပြီး တရုတ်နိုင်ငံက ပက်တီနင်းခေါ် အသားတိုးပြီးပိုကြီးထွားရန်ပြုပြင်ကာ ရုရှားနိုင်ငံသို့ ထပ်မံတင်ပို့နေသော ငါးရှဉ့်များဖြစ်ကြောင်း မြန်မာ့ရေထွက်ပစ္စည်းတင်ပို့သူလုပ်ငန်းရှင်ကြီးတစ်ဦးက ပြောကြားသည်။

ထို့ကြောင့် ရုရှားနိုင်ငံအနေဖြင့်မြန်မာ့ငါးရှဉ့်၊ ပုစွန်၊ ငါးတန်နှင့် ငါးမြစ်ချင်းများ ဝယ်ယူနိုင်ဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။

"ရုရှားနိုင်ငံအက်ဒမာကုမ္ပဏီကိုငါးမြစ်ချင်းကွန်တိန်နာတစ်လုံးပို့ထားတယ်။ ငါးမြစ်ချင်း ထပ်ဝယ်ဖို့ဈေးနှုန်းစိတ်ဝင်စားတယ်။ များများပို့တဲ့အခါ စားသုံးမှု လက်ခံ၊မခံပေါ်မူတည်နေတယ်။ သူတို့သဘောကျရင် အဆင်ပြေမယ်" ဟု ရွှေယမုံအအေးခန်းစက်ရုံပိုင်ရှင်ဦးထွန်းအေးက ပြောကြားသည်။

ရုရှားရေထွက်ပစ္စည်းတင်သွင်းသူများအား ရွှေယမုံအအေးခန်းစက်ရုံကိုလိုက်ပြရာတွင်လည်း အဆင့်မီသည်ဟု ပြောကြားသဖြင့် လုပ်ငန်းများ အဆင်ပြေနိုင်ကြောင်း ၎င်းကပြောကြားသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်ခွဲလောက်ကတော့ ရုရှားဈေးကွက်ကို ဝင်ဖူးတယ်။ အောင်မြင်ခဲ့ပေမယ့် အကျပ်အတည်းဖြစ်ပြီး ဒေဝါလီခံလိုက်ရလို့ အဲဒီဈေးကွက်ပျက်သွားတယ်"ဟု ၎င်းက ပြောကြားသည်။

အဆိုပါ ရုရှားကုမ္ပဏီမှ ဒါရိုက်တာတစ်ဦး အခြားကုမ္ပဏီတစ်ခုသို့ပြောင်းရွှေ့ကာ ယခုကဲ့သို့ မြန်မာနိုင်ငံနှင့် ပြန်လည်ဆက်သွယ်ခြင်းဖြစ်ကြောင်း ဦးထွန်းအေးက ၎င်း၏ဆက်သွယ်ရရှိမှုကို ပြောကြားသည်။

အဆိုပါ ကာလများက ဗီယက်နမ်နိုင်ငံမှ ငါးတန်ကွန်တိန်နာ အလုံး ၂၅၀ကို အမေရိကန်နိုင်ငံသို့ တင်ပို့ရာ အမေရိကန်နိုင်ငံ က ငြင်းပယ်လိုက်သောအခါ အဆိုပါ ငါးတန်များကို ရုရှားသို့ လျှော့ဈေးဖြင့်ရောင်းချခဲ့သည်။ ထိုဖြစ်ရပ်နှင့်တိုက်ဆိုင်စွာ မြန်မာ့ငါးတန်များကိုလည်း ရုရှားနိုင်ငံမှ အော်ဒါမှာထားပြီး ဗီယက်နမ်ငါးတန်ကို တစ်ကီလိုလျှင် ၂ ဒသမ ၇ ဒေါ်လာဖြင့်ဝယ်ယူရရှိနိုင်သောကြောင့် ရုရှားတို့ကမြန်မာ့ငါးတန်ကို မဝယ်တော့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအချိန်တွင် အရှေ့အလယ်ပိုင်းနိုင်ငံများက မြန်မာ့ငါးမြစ်ချင်းများကို ဝယ်လိုအားကျဆင်းနေချိန်တွင် ရုရှားသို့ဈေးကွက်ထိုးဖောက်ရန် ကြိုးစားလျက်ရှိရာ ငါးမွေးသူ၊ အအေးခန်းပိုင်ရှင်နှင့် တင်ပို့သူများက ရုရှားဈေးကွက်ကို မျှော်လင့်နေကြကြောင်း အဆိုပါလုပ်ငန်းရှင်က ပြောကြားသည်။

## ဆက်သွယ်ရေးက ခွင့်ပြုပါက အက်ဖ်အီးစီ နှစ်ဆယ်တန်ဖုန်းကတ် ပြန်ရောင်းမည်ဟုဆို

ယုဇနကိုကို

ရန်ကုန်၊ဒီဇင်ဘာ - ၁၁

ရောင်းချမှုရပ်ဆိုင်းသွားသောအက်ဖ်အီးစီနှစ်ဆယ်တန်တစ်ခါသုံးဂျီအက်စ်အမ်ဖုန်းများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြန်လည်ရောင်းချရန် ညွှန်ကြား လာပါကပြုပါက အဆိုပါတစ်ခါသုံးဖုန်းကတ်များအား ပြန်လည်ရောင်းချသွားမည်ဖြစ်ကြောင်း အဆိုပါဖုန်းကတ်များကို ရောင်းချသည့် E-Lite Tech ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အဆိုပါကုမ္ပဏီတို့အကျိုးတူပူးပေါင်းဆောင်ရွက်သည့် အဆိုပါ အက်ဖ်အီးစီနှစ်ဆယ်တန်တစ်ခါသုံးဂျီအက်စ်အမ်ဖုန်းကတ်များအား ဈေးကွက်အတွင်းရောင်းချမှုမရှိတော့ခြင်းနှင့်ပတ်သတ်ပြီး အထက်ပါတာဝန်ရှိသူက "လောလောဆယ် ဈေးကွက်ကနေပြီး ပြန်သိမ်းထားတယ်။ တကယ်လို့ မြန်မာ့ဆက်သွယ်ရေးကသာ ပြန်ရောင်းချခွင့်ပြုမယ်ဆို ရင်တော့ အရင်အတိုင်းဈေးကွက်ထဲမှာပြန်ရောင်းသွားမှာပါ"ဟု ဆိုသည်။

ယင်းကဲ့သို့ အဆိုပါတစ်ခါ သုံးဖုန်းကတ်များ ဈေးကွက်အတွင်းရောင်းချမှုပြတ်လပ်သွားခြင်းကြောင့် ပုံသေနံပါတ်ဖြင့်လက်ကိုင်ဖုန်းများကို အသုံးမပြုနိုင်သေးသည့် ဖုန်းကိုင်ဆောင်အသုံးပြုသူများအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့ရကြောင်း စုံစမ်းသိရှိရသည်။

"အက်ဖ်အီးစီနှစ်ဆယ်တန်ကတ်တွေကိုဝယ်သုံးလို့မရတော့ ကျွန်တော်တို့လို လောလောဆယ် ငါးသိန်းတန်ဖုန်းတောင် ဝယ်မကိုင်နိုင်သေးတဲ့သူတွေအတွက်တော့ နည်းနည်းအခက်အခဲဖြစ်တယ်။ အလုပ်ကိစ္စမှာ သွားပြီးအခက်အခဲတွေတာပေ့ါ။ဒါပေမယ့် အဲ့ဒီဖုန်းကတ်တွေကလည်း ဈေးကွက်မှာဝယ်လို့ရလို့ ဝယ်သုံးနေရတုန်းကလည်း သိပ်တော့မကိုက်ဘူးဗျ။ သူကအဝင်ဖုန်းအတွက်ပါ ပိုက်ဆံဖြတ်တာလေ။ ဈေးကြီးတယ်ပေ့ါ။ တကယ်လို့များဈေးကွက်မှာပြန်ဝယ်လို့ရနိုင်မယ်ဆိုရင် ဈေးနှုန်းတွေကိုပြင်ပေးစေချင်တယ်။ ဖုန်းအဝင်၊အထွက်ခေါ်ဆိုခတွေကို အရင်ထက်ပိုသက်သာရင် အဆင်ပြေမယ်" ဟုရန်ကုန်မြို့တွင်းရှိ အဆိုပါဖုန်းကတ်အားသုံးစွဲသူ ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးကဆိုသည်။

အဆိုပါဖုန်းကတ်များကို ရောင်းချခဲ့စဉ်က တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ဖုန်းကတ်အရေအတွက် ၁ဒသမ၃သန်းအထိ ရောင်းချခဲ့ရကြောင်းသိရသည်။

## JOKE

### ကားချစ်သူ

ဘားခန်းတစ်ခုတွင် ရောက်လာသော လူတစ်ယောက်က မိန်းမလှလေးတစ်ဦးအား စကားစမြည်ပြောကြည့်သည်။ မိန်းကလေးကလည်း လိုလိုလားလားတုံ့ပြန်သောအခါ မိန်းကလေး၏ နာမည်ကို မေးဖြစ်ပါ၏။

"ကျွန်မနာမည် ကားချစ်သူ ပါ"

"နာမည်လေးက တော်တော်လှတာပဲ။ ဘယ်သူမှည့်ထားတာလဲ မင်းရဲ့နာမည်ရင်းလား"

"မဟုတ်ပါဘူး။ ကျွန်မဘာသာကျွန်မ မှည့်ထားတာပါ"

"ဘယ်လိုကြောင့်လဲ"

"ဩော်. . ဒါက ရှင်းပါတယ်ရှင်။ ကားရှိတဲ့သူကို ချစ်သူအဖြစ် လက်ခံမယ်ဆိုတဲ့အဓိပ္ပာယ်ပါ။ ဒါနဲ့ ရှင့်ကားက ဘာအမျိုးအစားလဲ။ မာစီဒီးလား၊ ဘီအမ်ဒဗလျူလား။ ကျွန်မခုနက ကားသံကြားလိုက်တယ်" ဟု မိန်းကလေးကမေးပါလေ၏။

### ပြောချင်တာပြောခဲ့ပါ

အလိုအလျောက်ပြန်လည်ဖြေကြားသော ဖုန်းများတွင် အမှန်တကယ် ထည့်သွင်းထားသော သတင်းစကားများ။

၁။ ကျွန်တော်တို့ လင်မယား အလုပ်ရှုပ်နေလို့ ဖုန်းဆီသို့ ချက်ချင်းမလာနိုင်ပါ။ နာမည်နဲ့ ဖုန်းနံပါတ်ထားခဲ့ပါ။ ကျွန်တော်တို့ ပန်းကန်တွေဆေးပြီးရင် ပြန်ခေါ်ပါ့မယ်။

၂။ ဟိုင်း. . . ဂျွန်ပြောနေပါတယ်။ အခုခေါ်နေတာ အဖေနဲ့အမေဆိုရင် သားပိုက်ဆံပြတ်နေလို့ ပိုက်ဆံပို့ပေးပါဦး။ ဘဏ်ကဆိုရင်တော့ လကုန်ရင် အကြွေးဆပ်ပါ့မယ်။ သူငယ်ချင်းဆိုရင် အကြွေးတင်နေတာ ကျွန်တော်သိပါတယ်လို့။ ကောင်မလေးဆိုရင်တော့ ကိုယ်ပိုက်ဆံရှာပြီး မင်းဆီ အမြန်ဆုံးလာခဲ့ပါမယ်ဆိုတဲ့အကြောင်း။

## ကုန်ကားများ ဘုရင့်နောင်ကားဝင်းအတွင်းနှင့် ကားဂိတ်ရှေ့ဆီထည့်ပါက ဒဏ်ရိုက်ခံရမည်ဟုဆို

သိမ့်သိမ့်စိုး

ရန်ကုန်၊ဒီဇင်ဘာ - ၄

ကုန်တင်ယာဉ်များမှာ ဘုရင့်နောင် ကားဝင်းအတွင်းနှင့် ကားဂိတ်ရှေ့များတွင် စက်သုံးဆီဖြည့်ခြင်း တွေ့ရှိပါက ဘုရင့်နောင်လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးက ဒီဇင်ဘာ ၆ရက်မှစ၍ ကျပ်တစ်သောင်းတိတိ ဒဏ်ရိုက်အရေးယူမည်ဖြစ်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဘုရင့်နောင်ကားဝင်းအတွင်း ကုန်တင်ယာဉ်များ ရပ်နားထားစဉ်။**

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ကားဂိတ်လုပ်ငန်းရှင်များသို့ ဒီဇင်ဘာ ၃ ရက်တွင် ကြိုတင်အသိပေးစာများ ပေးဝေခဲ့ကြောင်း ၎င်းကပြောသည်။

အဆိုပါစာတွင် ဘုရင့်နောင်ကားဝင်းအတွင်း၌ စက်သုံးဆီတရားဝင်ရောင်းချသည့်ဆိုင်မရှိသည့်အတွက် ကုန်တင်ယာဉ်ကြီးများ ဘုရင့်နောင်ကားဝင်းအတွင်း၌ စက်သုံးဆီထည့်ခြင်း မပြုရန်ပါထည့်သွင်းဖော်ပြထားကြောင်း သိရှိရသည်။

ယခုကဲ့သို့ ထုတ်ပြန်ရခြင်းမှာ ပြီးခဲ့သည့် တစ်ပတ်ကျော်က ကားဝင်းအတွင်း မီးလောင်မှုဖြစ်ပွားခဲ့၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

"ဘုရင့်နောင်ဝင်းထဲမှာ အရင်ကတည်းက ဆီရောင်းတာ၊ ဝယ်တာ၊ သိုလှောင်တာတွေမလုပ်ဖို့ သတိပေးပေမယ့်လုပ်ကြတယ်။ ကုန်တင်ယာဉ်တွေ ဆီထည့်ဖို့ ရောင်းတာဆိုတဲ့အကြောင်းပြချက် တွေရှိနေတယ်။ ကုန်တင်ယာဉ်တွေကလည်း ဝင်းထဲမှ မဟုတ်ဘူး။ လမ်းမှာထည့်လည်းရလို့ အခုလို စာထုတ်လိုက်တာ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထို့အတူ မီးလောင်မှုမဖြစ်ပွားရေးအတွက် ဆီဆိုင်များကိုပါ သတိပေးခြင်းနှင့် ကုန်တင်ယာဉ်များလည်း ဆီမထည့်ရန် စာထုတ်လိုက်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ကားသမားတွေက ဆီဆိုင်တွေက ဆီဖြည့်တော့ ကားတွေက ဝင်းထဲမှာ မဖြည့်ဘူး။ ဆိုင်မှာဖြည့်တာများတယ်။ ဆယ်ရာခိုင်နှုန်းလောက်တော့ ဖြည့်ချင်ဖြည့်မယ်" ဟု ကုန်တင်ယာဉ်များဝင်းအတွင်း၌ ဆီထည့်မှုနည်းပုံကို ၎င်းက ဆက်လက်ရှင်းပြသည်။

ထို့ကြောင့် ယခုကြေညာချက်ထုတ်ပြီးသည့်နောက်ပိုင်းမှစ၍ ဆီပီပါများ၊ ဆီသယ်ယူခြင်းများတွေ့ရှိပါကလည်း သိမ်းဆည်းသွားမည်ဖြစ်သည်။ ထို့အတူ ဘုရင့်နောင်ကားဝင်းအတွင်း၌ ကားဂိတ်များရှေ့သာမက ဆီထည့်သည့်နေရာတွေ့ပါက အရေးယူမှုပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး။ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လုထွင့်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနှစ်အောင်အောင်၊ကျော်သီဟ၊ အိမြူလွင်၊ အိမြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လုမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခါ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရိုန်းရိုန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂျီဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီရိပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅

7Day News ကြော်ငြာဌာန ဖုန်း - ၇၃၀ ၇၀၄၂၉

Business
7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# ဂျီအက်စ်အမ်ဖုန်း ဈေးပြုတ်ကျ

ယုဇနကိုကို

ရန်ကုန်၊ ဒီဇင်ဘာ-၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကျပ်တစ်ဆယ့်ငါးသိန်းငါးသောင်းတန် ဂျီအက်စ်အမ်ဖုန်းများအား ထပ်မံလျှောက်ထားသူများမှာ မရှိသလောက်နည်းပါးသွားပြီးနောက် ပြင်ပဈေးကွက်တွင်လည်း ကျပ်ငါးသိန်းအထိ ဈေးနှုန်းများကျဆင်းနေကြောင်း သတင်းရရှိသည်။

ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများကြောင့် ဈေးကွက်ကျဆင်းခြင်းဖြစ်ပေါ်နေသည့် အဆိုပါဂျီအက်စ်အမ်ဖုန်းအား တစ်ဆင့်ပြန်လည် ရောင်းချသည့် ဈေးကွက်တွင် ကျပ်ကိုးသိန်းမှ တစ်ဆယ့်တစ်သိန်းအထိသာ ပေါက်ဈေးရှိတော့ကြောင်း ဈေးကွက်ကျွမ်းကျင်သူများကပြောသည်။

ဂျီအက်စ်အမ်ဖုန်းလိုင်းဈေး ပြုတ်ကျနေခြင်းနှင့် ပတ်သက်၍ အမည်ပေါက် ဂျီအက်စ်အမ်ဖုန်းများအား အရောင်းအဝယ်ပြုလုပ်ပေးနေသူတစ်ဦးက "ခုအခြေအနေက အမည်ပေါက်လျှောက်တာတွေ လုံးဝကိုမရှိသလောက်ဖြစ်သွားတာ။ တစ်ဆင့်ပြန်ရောင်းဈေးကွက်မှာလည်း ကိုးသိန်းလောက်အထိ နောက်ဆုံးကျနေတာ။ လုပ်ငန်းရှင်တွေ၊ စီးပွားရေးသမားတွေက ဂျီအက်စ်အမ်ဖုန်းတွေကို မကိုင်ကြတော့ဘူး။ ငါးသိန်းဖုန်းတွေကိုပဲ ကိုင်လာကြတယ်"ဟု ဆိုသည်။

"ဂျီအက်စ်အမ်ဖုန်းက ဝယ်သူကိုမရှိဘူး။ ပေါက်ဈေးကတော့ ဆယ်သိန်းလောက်ပဲရှိတယ်"ဟု ဈေးကွက်ကျွမ်းကျင်သူတစ်ဦးကလည်း ပြောသည်။

တစ်ရက်တည်းနှင့် လျှောက်ထားရယူနေနိုင်သည့် ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများတွင် တစ်နိုင်ငံလုံး သယ်ဆောင်အသုံးပြုနိုင်သည့် CDMA 450 MHz ဖုန်းများမှာ ရန်ကုန်နှင့် မန္တလေး တိုင်းဒေသကြီးနှစ်ခုတွင် သယ်ဆောင်အသုံးပြုနိုင်နေသည့် CDMA 800 MHz ဖုန်းများထက် ပိုမိုအရောင်းသွက်နေသည်။ သို့သော် ရန်ကုန်နှင့် မန္တလေးတွင် ချထားပေးသော ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများမှာလည်း တစ်နိုင်ငံလုံးအသုံးပြုနိုင်တော့မည်ဖြစ်၍ ဝယ်လိုအားတက်လာနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။



ဂျီအက်စ်အမ်ဖုန်းမှာ ဝယ်ဈေး ကျပ်တစ်ဆယ့်ငါးသိန်းငါးသောင်း ရှိသော်လည်း ပြင်ပဈေးကွက်တွင် ကျပ်ဆယ်သိန်းဝန်းကျင်သာ ရှိတော့သည်။ ပုံတွင် ဂျီအက်စ်အမ်ဖုန်းကိုင်ဆောင်အသုံးပြုနေသော ရန်ကုန်မြို့သူတစ်ဦး။ ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၂၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၅၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၃. ၉၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၅၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၉၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၀၆၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၄၃. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၃၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၀၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၁၅. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၀၈၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၃၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၄၅ | ဒေါ်လာ | (ဩစတြေးလျ) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၈၄. ၉၀၀ |
| ရေနံ | စည် | ၉၀. ၄၈၀ |
| ငွေ | ၁ အောင်စ | ၂၈. ၆၀၅ |
| ကြေးနီ | ပေါင် | ၄၁၁. ၂၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၄၁၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၀ ဒီဇင်ဘာ ၁၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



# မိုးကုတ်တွင် ကျောက်စီ ပန်းချီလုပ်ငန်းများ အဆင်ပြေနေဆဲ

သိမ့်သိမ့်စိုး

ရန်ကုန်၊ နိုဝင်ဘာ- ၃၀


မိုးကုတ်မြို့နှင့် အနီးတစ်ဝိုက်ဒေသများတွင် ကျောက်လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းအများစုအဆင်မပြေသော်လည်း စွန့်ပစ်ကျောက်များဖြင့် ပြုလုပ်သော ကျောက်စီပန်းချီမှာ ဈေးကွက် ရရှိနေ၍ ကျောက်စီ ပန်းချီလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း အဆိုပါ ဒေသခံများနှင့် ကျောက်စီပန်းချီလုပ်ငန်းရှင်များကပြောသည်။

"ကျောက်ပန်းချီဈေးကွက်က အခုနောက်ပိုင်းအမှာပိုရလို့ အဆင်ပြေနေတယ်။ ဈေးကွက်က ရန်ကုန်ဈေးကွက်ကပိုရတယ်။ ဗိုလ်ချုပ်ဈေးထဲမှာရောင်းတဲ့ဆိုင်တွေက မှာတာများတယ်" ဟု ကျောက်ပန်းချီလုပ်ငန်းပိုင်ရှင်တစ်ဦးကပြောသည်။

ယခုနောက်ပိုင်းတွင် ကျောက်စီပန်းချီပြုလုပ်သည့် စွန့်ပစ်ကျောက်ဈေးနှုန်းမှာလည်း ယခင်ထက်ဈေးမြင့်လာကြောင်းဒေသခံများကပြောသည်။

ယင်းသို့ဈေးမြင့်ခြင်းမှာ အဆိုပါ စွန့်ပစ်ကျောက်များမှာလည်း ကျောက်တူးဖော်ရေးလုပ်ငန်းများနည်းသွားခြင်းကြောင့် ယခင်ကဲ့သို့ ပေါများစွာမရရှိဘဲ ကျောက်ရှားပါးခြင်းကြောင့်ဖြစ်သည်ဟု အဆိုပါလုပ်ငန်းရှင်များကပြောသည်။

"ကျောက်ကလည်း အရင်နဲ့စာရင် ဈေးပိုပေးရတယ်ဆိုတော့ ကျောက်ပန်းချီဈေးလည်း ၃ ပုံ ၁ ပုံလောက်တက်လာတယ်" ဟု ကျောက်ပန်းချီလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ကျောက်ပန်းချီပြုလုပ်သော ကျောက်များမှာ ရတနာတန်းဝင်ကျောက်များ မဟုတ်သော်လည်း အရောင်လှပသော ကျောက်များဖြစ်ကြောင်း အဆိုပါလုပ်ငန်းရှင်များကပြောသည်။



7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# ပါရမီတက္ကစီအချို့ကို အရစ်ကျရောင်း

သဇင်ထွေး၊ သားကျော်

ရန်ကုန်၊ ဒီဇင်ဘာ- ၆

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ပြေးဆွဲလျက်ရှိသော ပါရမီတက္ကစီများကို ယာဉ်မောင်းများအား ပြန်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ဂျပန်နိုင်ငံထုတ် မတ်ခ်တူး (တိုယိုတာ) အမျိုးအစား ပါရမီတက္ကစီများအား ရောင်းချရန် နိုဝင်ဘာ ၁၅ ရက်တွင် အသိပေးပြီး ဒီဇင်ဘာ ၁ ရက်မှစတင် ရောင်းချပေးနေခြင်းဖြစ်သည်။

ပါရမီတက္ကစီ စီးရေ ၉၀ ကို အရစ်ကျပုံစံဖြင့်ရောင်းချပေးမည်ဖြစ်ပြီး ယခုရောင်းချမှုသည် ဒုတိယအကြိမ်ဖြစ်ကာ ပထမအကြိမ်ရောင်းချရာတွင် ၇ခ/---- နံပါတ်များပါဝင်ခဲ့ကြောင်း သတင်းရရှိသည်။


ရန်ကုန်မြို့တွင်းပြေးဆွဲနေသော မော်ဒယ်မြင့်ပါရမီတက္ကစီတစ်စီး။ ရောင်းသည့်တက္ကစီများတွင် မော်ဒယ်မြင့်ကားများ မပါပေ။ ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

"ဒီကားတွေက ပိုင်ရှင်တွေ၊ ယာဉ်မောင်းတွေကိုပဲ ရောင်းတာပါ။ ရောင်းတဲ့အခါ အရစ်ကျနဲ့သွင်းနိုင်တယ်။ အကြေသွင်းရင်တော့ အပြီးပေါ့။ အရစ်ကျသွင်းမယ်ဆိုရင် သွင်းတဲ့ပေါ်မူတည်ပြီး အုံနာခကိုလျှော့ပေးသွားမှာပါ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

ရောင်းချမည့်ယာဉ်တွင်ပါဝင်သည့် မတ်ခ်တူးဗင်အမျိုးအစားကို ကျပ်သိန်း ၂၈၀ ဝန်းကျင်၊ မတ်ခ်တူးဆလွန်းယာဉ်ကို ကျပ်သိန်း ၄၀၀၊ မတ်ခ်တူးဗင် (ဖင်ကောက်)ကို ကျပ်သိန်း ၃၀၀ ဝန်းကျင်ဖြင့် အရစ်ကျ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပါရမီတက္ကစီများကို ရောင်းချပေးသော်လည်း ဗန္ဓုလမှကျန်ရှိသော တိုယိုတာ၊ ဂျက်တာ၊ ပရိုဘောက်(စ်)ကားများနှင့် အစီးရေ ၅၀၀ ခန့်တို့ဖြင့် ဆက်လက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပါရမီတက္ကစီတွေကို စတင်ပြေးဆွဲပေးနေတဲ့အချိန်ကစပြီး တက္ကစီမောင်းချင်တဲ့သူတွေကို စပေါ်ငွေကျပ်သုံးသိန်း၊ အုံနာကြေးက တစ်လကို ငွေကျပ်သုံးသိန်းနဲ့ ငှားရမ်းမောင်းနှင်စေခဲ့ပါတယ်။ အခုချိန်မှာတော့ အရင်က မော်ဒယ်နည်းနည်းနိမ့်သွားတဲ့ကားတွေကို ပါရမီတက္ကစီယာဉ်မောင်းတွေကိုပြန် ရောင်းပေးပြီး မော်ဒယ်မြင့်ကားတွေ ထပ်ဝယ်ဖို့အတွက် စီစဉ်နေပါတယ်။ ရောင်းမယ့်ကားတွေက ပါရမီတက္ကစီအဖြစ် ပြေးဆွဲဖို့ ဒုတိယအသုတ်မှာတင်သွင်းထားတဲ့ ဂျပန်နိုင်ငံထုတ်ကားတွေကိုရောင်းချပေးသွားမှာပါ"ဟု အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# ရွှေဝယ်လိုအား ပြန်တက်လာဟုဆို

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဒီဇင်ဘာ-၈

ရွှေဈေးကွက်အတွင်း ယခုတစ်ပတ်၌ ဝယ်လိုအားမြင့်တက်လာခဲ့ကြောင်း ဈေးကွက်ကျွမ်းကျင်သူများကပြောသည်။

ကမ္ဘာ့ရွှေဈေးကွက်မှာ ယခုရက်ပိုင်းတွင် ဈေးနှုန်းပြန်လည်ကျဆင်းစပြုလာခဲ့ပြီး ပြည်တွင်းရွှေ ဈေးနှုန်းမှာလည်း အကျဘက်သို့ ဦးတည်လာခြင်းကြောင့်ဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်များကပြောသည်။

"ဒီတစ်ပတ်ထဲမှာ ဈေးကလည်း ကျလာတော့ ရွှေဝယ်လိုအားလည်း ပြန်တက်လာတယ်။ ဈေးနည်းနည်းအေးတော့ ရွှေပြန်ရောင်းတဲ့အားကလည်း ဒီရက်ပိုင်းမှာ လျော့လာတယ်"ဟု ပန်းဘဲတန်းမြို့နယ် ၂၉ လမ်းရှိ ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောသည်။

အပိုင်းဈေးကွက်၌ ရွှေဝယ်လိုအားမှာ ၂၀ ရာခိုင်နှုန်းဝန်းကျင်ထိ မြင့်တက်လာခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်တစ်ပတ်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁,၄၀၀ ကျော်ရှိနေရာမှ ယခုရက်ပိုင်းတွင် ၁၃၉၀ ဒေါ်လာဝန်းကျင်ထိ ကျဆင်းလာခဲ့သည်။ ထို့အပြင် အမေရိကန်ငွေဈေးနှုန်းမှာလည်း ဆက်လက်ကျဆင်းနေ၍ ပြည်တွင်းရွှေဈေးနှုန်းမှာလည်း ကျဆင်းလာခဲ့သည်။

ယခု ဒီဇင်ဘာ ၈ ရက်တွင် ပြည်တွင်းရွှေဈေးနှုန်းမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ၆၆၄,၀၀၀ ကျပ်နှင့် ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၆၂၅,၀၀၀ ကျပ် ဈေးပေါက်သည်။

"ရွှေပြန်ရောင်းတဲ့သူတွေက ဈေးပြန်တက်မယ်ထင်တော့ မနေ့ကလောက် ပြန်ရောင်းတဲ့သူမများတော့ဘူး။ ဈေးပြန်တက်ဦးမယ် ထင်နေတဲ့ လုပ်ငန်းရှင်တွေလည်းရှိနေသေးတယ်"ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။



7 DAY BOOK REVIEW

## ညဥ့်ရဲ့အချိန်မှာ မျှော်မျှော်ကာစောင့်တဲ့ အလင်းရောင် ထူးခြားတောက်ပလို့ (နိုင်ဇော်)




၂၀၀၈ခုနှစ် မတ်လ(၂၃)ရက်တွင် ကွယ်လွန်သွားသည့် တေးရေးစာဆိုပါရမီရှင် စိုင်းထီးဆိုင်၏ဘဝကောက်ကြောင်း စာအုပ်အဖြစ် ကွယ်လွန်ပြီး ၂နှစ်ကျော်အကြာတွင်ထွက်ရှိလာခြင်းဖြစ်သည်။ယခုစာအုပ်ကို စာရေးဆရာ၊ကဗျာဆရာ နိုင်ဇော်ကပြုစုရေးသားထားခြင်းဖြစ်သည်။ စာရေးသူနိုင်ဇော်သည် စိုင်းထီးဆိုင်အပါအဝင် ဂီတလောကဝန်းကျင်မှ မမေ့ပျောက်သင့်သော၊ မေ့ပျောက်၍မရသော အထင်ကရ အနုပညာရှင်များ၏ ဘဝကောက်ကြောင်း အတ္ထုပ္ပတ္တိများကို မဟေသီနှင့် သရဖူမဂ္ဂဇင်းများတွင် တစ်စိုက်မတ်မတ် ရေးသားခဲ့သည်ထဲမှ ယခုစာအုပ်သည်လုံးချင်းစာအုပ်အဖြစ် ပထမဦးဆုံးထုတ်ဝေလိုက်ခြင်းဖြစ်သည်။

မဟေသီ မဂ္ဂဇင်းတွင် ရေးသားခဲ့စဉ်က မပါဝင်ခဲ့သော (ထိုစဉ်ကစိုင်းထီးဆိုင်မကွယ်လွန်သေး) စိုင်းထီးဆိုင်၏ နောက်ဆုံးနေ့ရက်များ ဖြည့်စွက်ရေးသားထားသည်ကို ဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်တွင် စိုင်းထီးဆိုင်၏ ဂီတရောင်းရင်း၊ ဆရာဟုလည်း ခေါ်ဆိုထိုက်သူ တေးရေးစာဆို စိုင်းခမ်းလိတ်က အမှာစာရေးထားသလို စိုင်းထီးဆိုင်၏ လက်တွဲဖော်ဇနီးသည်ကလည်း ကဗျာရေးစပ်သီကုံးရင်း လွမ်းဆွတ်ထားသည်ကိုဖတ်ရှုရမည်ဖြစ်သည်။

**သူချစ်မြတ်နိုးတဲ့ သူ့ကိုနာမည်ကြီးစေခဲ့တဲ့ ပရိသတ်တိုင်းကိုလည်း သူ့ဘက်ပါအောင်ဆွဲဆောင်နိုင်စေခဲ့တဲ့ သီချင်းတွေနဲ့ ကွယ်လွန်တဲ့ အချိန်အထိ အတူရှိနေခဲ့တယ်။ဘယ်လောက်ကောင်းတဲ့ ကံလဲ** ဟု တေးရေးစာဆိုစိုင်းခမ်းလိတ်က အမှာစာတွင် မှတ်တမ်းပြုခဲ့သည်ကိုလည်း ဖတ်ရှုရမည်ဖြစ်သည်။

၁၉၅၀၊ စက်တင်ဘာလ (၂၃)ရက် ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့၌ မွေးဖွားခဲ့သော စိုင်းထီးဆိုင်၏ ငယ်ဘဝ ပုံရိပ် 'အိုက်တူးခေါ် မောင်တင်ဦး' အခန်းအပါအဝင် အခန်းပေါင်း ၂၁ ခန်းခွဲကာ ပြုစုရေးသားထားခြင်းဖြစ်သည်။

၁၉၆၉ ခုနှစ် တောင်ကြီးမြို့၌ ကျင်းပခဲ့သည့် ရှမ်းစာပေညီလာခံပွဲတွင် စတင်ဆုံတွေ့ခဲ့သည့် စိုင်းထီးဆိုင်နှင့်စိုင်းခမ်းလိတ်တို့၏တွေ့ဆုံမှုအမှတ်တရနေ့ရက်များကို **စိုင်းခမ်းလိတ်နှင့်စိုင်းထီးဆိုင်၊ ပထမဆုံး အသံလွှင့်ခာတ်ပြား** အခန်းတွင် ဖတ်ရှုရသည်။ ၁၉၇၀ ခုနှစ်၌မန္တလေးတက္ကသိုလ် ပရဂုဏ်နယ်မြေသို့ရောက်ရှိလာပြီး ကိုတင်ဝင်း၊ကိုနေဝင်း၊ စောဂျက်ဆင်၊စိုင်းခမ်းလိတ်တို့နှင့်တွေ့ဆုံရင်းနှီးခဲ့ကာ တက္ကသိုလ်ဝန်းကျင်တွင် စိုင်းထီးဆိုင်၏တေးသီချင်းများ ပျံ့နှံ့ခဲ့ပုံများကို'ရင်ဖွင့်ကြိုဆိုသည့် မန္တလေး' 'ဝေဒနာ၊ အားမာန်နှင့် ဂီတအနုပညာ' အခန်းများတွင်ဖတ်ရမည်။

၁၉၇၃ခုနှစ်တွင် မန္တလေးမှ စိုင်းထီးဆိုင်၊ စောသိန်းဝင်း၊ ခွန်မျိုးလွင်၊စိုင်းခမ်းလိတ်တို့၏ The Outsider တီးဝိုင်းနှင့်တောင်ကြီးမှစောဂျက်ဆင်၊ စောဂျော်နီ၊စိုင်းခမ်းသီတို့၏ The Highlanders တီးဝိုင်းနှစ်ခုပေါင်းပြီး သဘာဝရဲ့ရင်သွေးငယ်များ (The Wild Ones)တီးဝိုင်း စတင်ဖွဲ့စည်းခဲ့ပုံ၊ထိုမှတစ်ဆင့် **သဘာဝ၊ နွေရာသီ၊ ပျောက်ဆုံးနေသော နိဗ္ဗာန်ဘုံ၊ နန်းခမ်းနွဲ့အတွက် သီချင်းတစ်ပုဒ်၊ စိတ္တဇအလွမ်း** စသဖြင့် တေးစီးရီးခွေများ ဖန်တီးကြရင်း ပျော်ရွှင်စရာ၊ ကြည်နူးစရာများအပြင် နာကြည်းကြေကွဲစရာ၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများကို လွမ်းမောဖွယ်ရာ ဖတ်ရမည်ဖြစ်ပေသည်။

ထို့အပြင် ဘဝ၏ အလှည့်အပြောင်း အဖြစ် သုံးနှစ်ကျော်ကြာ ဂီတအဝန်းအဝိုင်းနှင့် ခွဲခွာသွားခဲ့ရသည့်အချိန်အခါများကို 'ပျံသန်းလေဟုန်စီးရင်း ချိုးကွေ့သွား' 'အသစ်မွေးဖွားခြင်း'တွင် ဖတ်ရမည်ဖြစ်ပြီး ထိုမှ ရန်ကုန်ဂီတလောကသို့ အချေချစဉ်တွေ့ကြုံခဲ့ရသည့် ဘဝအမောများ၊ ပျော်ရွှင်ဖွယ်ရာ အမှတ်ရစရာများကို **ရန်ကုန်ရေအလျဉ်၊ အနုပညာနယ်နိမိတ်များ** အခန်းများတွင် လွမ်းမောတမ်းတဖွယ်ဖတ်ရှုရမည်ဖြစ်သည်။ စာအုပ်၏နောက်ဆုံးအခန်းတွင် စာရေးသူ နိုင်ဇော်က 'ထာဝရကြယ်တံခွန်' ဟု ပါရမီရှင်စိုင်းထီးဆိုင်၏ ဘဝနောက်ဆုံးနေ့ရက်များကို ကြေကြေကွဲကွဲ ဖွဲ့သီထားသည်ကို ဖတ်ရမည်ဖြစ်သည်။

နန်းဒေဝီစာပေမှ တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ရှေးဟောင်းခေတ်ကာလက လျှို့ဝှက်အင်္ဂတေ

တရုတ်ရှေးဟောင်းအဆောက်အအုံများစွာ နှစ်ပေါင်းများစွာတိုင်အောင် ခိုင်ခံ့စွာ တည်ရှိနေခြင်း၏ လျှို့ဝှက်ချက်ကို သိရှိသူနည်းပါးပေလိမ့်မည်။ ထုံးကျောက်တုံးများကို တည်မြဲခိုင်ခံ့အောင်လုပ်ဆောင်ပေးသည့် လျှို့ဝှက်အင်္ဂတေမှာ စေးကပ်သည့်ဂုဏ်သတ္တိရှိသော ကောက်ညှင်းဆန်ပင်ဖြစ်သည်။ ကောက်ညှင်းဆန်ကိုရှေးအခါက အင်္ဂတေအဖြစ်သုံးစွဲခြင်းမှာ အဆောက်အအုံများထိန်းသိမ်းနိုင်ရန်အတွက် အကောင်းဆုံးရွေးချယ်မှုဖြစ်ကြောင်း ယင်းကိစ္စနှင့်ပတ်သက်ပြီး လေ့လာမှုများပြုလုပ်နေသော သုတေသီများကပြောသည်။ ကောက်ညှင်းဆန်ကိုတွင်ကျယ်စွာအသုံးပြုခြင်းနှင့်ပတ်သက်ပြီး အရေးပါသောအဆောက်အအုံများဖြစ်သည့် ဂူသင်္ချိုင်းများ၊ မြို့ရိုးများနှင့် ရေအရင်းအမြစ်ထိန်းသိမ်းမှုဆိုင်ရာ အဆောက်အအုံများ တည်ဆောက်မှုတွင် ထည့်သွင်းအသုံးပြုထားခြင်းများမှာ ထင်ရှားသောသက်သေသာဓကများဖြစ်ကြောင်းသုတေသီများကပြောသည်။

မင်မင်းဆက်(၁၃၆၈-၁၆၄၄) ကာလအတွင်း တည်ဆောက်ထားခဲ့သည့်ဂူသင်္ချိုင်းတစ်ခုမှာ ခိုင်ခံ့လွန်းသဖြင့် မြေတူးစက်ဖြင့်ပင်ဖြိုဖျက်၍မရကြောင်းသိရသည်။ ဘာသာရေးဆိုင်ရာ အဆောက်အအုံအချို့နှင့် တံတားများသည်လည်း ၁၆၀၄ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ပြင်းအား ၇ဒသမ၅ ရှိသည့်မြေငလျင်ဒဏ်ကိုကျော်လွှားနိုင်ခဲ့သည်မှာလည်း အံ့ဖွယ်တစ်ပါးပင်ဖြစ်သည်။ —Source: Reader's Digest

## တစ်ပတ်တာ ကံကြမ္မာ

စံကောက်ကြိုး

ဒီဇင်ဘာ ၁၅ ရက် မှ ၂၁ ရက် အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ရန်အတိုက်အခံများကြုံမည်။ မိမိလုပ်သည့်ကိစ္စများအပေါ် ဝေဖန်နှောင့်ယှက်သူပေါ်မည်။ ကြန့်ကြာနေသည့်ငွေအချို့ လက်ဝယ်ပြန်လည်ရရှိမည်။ လက်ဝဲဘက်မျက်လုံးတွင် မတော်တဆထိခိုက်တတ်သည်။ အများကိစ္စ၊ သူတစ်ပါးကိစ္စများနှင့် တာဝန်ယူခြင်း၊ ခေါင်းခံဆောင်ရွက်ခြင်းရှောင်ပါ။ မိမိတွင် ပြဿနာပေါ်ခြင်း၊ လူမုန်းခံရခြင်း၊ အမည်သိက္ခာကျဆင်းခြင်းများဖြစ်ပေါ်တတ်သည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရည်မှန်းချက်များအောင်မြင်မည်။ အခက်အခဲများဖြေရှင်းအဆင်ပြေမည်။ အိမ်တွင် အခါတိုင်း အလွန်ဒုက္ခပေး၊ ပြဿနာရှာသူသည် ယခုကာလအတွင်း ထူးထူးခြားခြားကောင်းနေမည်။ လုပ်ငန်းရှာသူများ ခက်ခက်ခဲခဲကြားမှ အလုပ်ကောင်းရမည်။ အလုပ်ရပြီး ရက်ပိုင်းအတွင်း ယခုထက်ပိုကောင်းသော အလုပ်တစ်ခုအား ထပ်မံရရှိမည်။ ထိုအခွင့်အရေးအား လက်မခံသင့်ပါ။ အိမ်တွင်းရေး၊ လူမှုရေးအညံ့ကြုံမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

တွဲဖက်လုပ်ငန်းလုပ်ကိုင်ခြင်းထက် ကိုယ်တိုင်ကိုယ်ကျ တစ်ဦးတည်းလုပ်က ပို၍အကျိုးရှိမည်။ မိသားစုတွင် အိမ်တွင်းပစ္စည်းများ အထားအသိုရွှေ့ပြောင်းခြင်း၊ အသေးစားပြုပြင်ခြင်းများကြုံမည်။ ထိုသို့ဆောင်ရွက်နေစဉ်အတွင်း အိမ်ထောင်ဦးစီးနှင့်ပတ်သက်သည့် ကောင်းသတင်းများကြားသိရမည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများရှောင်ပါ။ ပြည်ပအတတ်ပညာများ သင်ကြားတတ်မြောက်မည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရည်မှန်းထားသည်များ ရှေ့တိုးဆောင်ရွက်၍အကျိုးရှိမည်။ ကျန်းမာရေးပိုင်း အနည်းငယ်အညံ့ရှိသည်။ ကာလအတန်ကြာပျောက်ကွယ်နေသည့် ရောဂါဝေဒနာဟောင်းများ အနေအထိုင်မဆင်ခြင်မှုကြောင့် ပြန်ပေါ်မည်။ ကိုယ်နှင့်ပတ်သက်သူအားလုံးက ဖြည်းဖြည်းမှန်မှန်လုပ်တတ်၍ အမှားအယွင်းကင်းသည်။ မိမိသည်ကား မိုက်ရူးရဲအလောတကြီးဆောင်ရွက်တတ်ခြင်းကြောင့် သူတစ်ပါးထက် အမှားပိုများမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ရန်ဖက်သဖွယ် အမြဲပြိုင်ဆိုင် ဆန့်ကျင်ဘက်ပြုသူများနှင့်ပူးပေါင်း၍ လုပ်ငန်းကိစ္စများ ဆောင်ရွက်ရကိန်းကြုံမည်။ ကျန်းမာရေးဂရုစိုက်ပါ။ ကိုယ်လုပ်မည်ဟုကြံရွယ်ကာ ဖွင့်ဟတိုင်ပင်သည့်ကိစ္စများ တစ်ပါးသူမှ တားဆီးလိမ့်မည်။ ဆန္ဒပြင်းထန်က တိုင်ပင်မနေဘဲ ရဲရဲရှေ့တိုးပါ။ ငွေကြေးအပေးအယူကိစ္စများတွင် သတိနှင့်ဆောင်ရွက်ပါ။ တစ်ချက်မှားသည်နှင့် ပြဿနာများစွာပေါ်တတ်သည်။ အိတ်စိုက်ရတတ်သည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရည်ရွယ်ချက်အောင်မြင်မည်။ အလုပ်ကိစ္စအဆင်ပြေမည်။ ကံမြင့်မားမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ စီးပွားသစ်များ ဆောင်ရွက်အကျိုးပေးမည်။ အလောတကြီး လုပ်ကိုင်ခြင်းမျိုးမရှိသင့်။ ကာလအတန်ကြာ အနှောင့်အယှက်အခက်အခဲများကြုံနေရာမှ တစ်စစလွတ်ကင်းမည်။ လုပ်ငန်းများနှင့်ဆောင်ရွက်မှုအလုံးစုံသည် နဂိုမူလအနေအထားသို့ရောက်ရှိမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ကျန်းမာရေးဂရုစိုက်ပါ။ ရန်အနှောင့်အယှက်၊ အဖျက်များ သတိရှိပါ။ အတိုက်အခံများမည်။ ပစ္စည်းလျှောင်ခြင်း၊ ဈေးကစားခြင်းမပြုရ။ အရာရာကို ပေါ့ပေါ့တန်တန်မလုပ်ပါနှင့်။ အတူတွဲလုပ်သူများ မိမိအား ပူးသတ်ဒုက္ခပေးတတ်သည်။ လက်ဦးမှုရယူ၍ ကိုယ့်အပေါ် အညွန့်ခူးတတ်သည်။ အချစ်ရေး၊ မေတ္တာရေးတွင် ဆုံးဖြတ်ချက်မှားတတ်သည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လုပ်သမျှ၊ ဆောင်ရွက်သမျှကိစ္စများသည် မူလစီစဉ်ထားသည့်လမ်းကြောင်းတွင် လုံးဝမပါ။ ချက်ချင်းထလုပ်ရသည့်ကိန်းမျိုးဖြစ်သည်။ မိမိကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ပြည်ပခရီးကံ၊ လူမျိုးကွဲနှင့် ဆက်သွယ်မှုကံအထူးကောင်းသည်။ A, B, C, S, T, U အက္ခရာနှင့် စသည့်လူမျိုးကွဲများ၊ တိုင်းပြည်များ၊ နိုင်ငံခြားအဖွဲ့အစည်းများမှ အကျိုးကောင်းရမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ငွေကုန်ကြေးကျများမည်။ ကာလအတန်ကြာ မလုပ်ဘဲ ပစ်ထားသည်များ ပြန်လည်စတင်ဆောင်ရွက်ပါ။ ခါတိုင်းကဲ့သို့ အေးအေးချမ်းချမ်းလုပ်နေမည့်အစား ခပ်ကြမ်းကြမ်းဆောင်ရွက်ပါ။ ကိုယ်နှင့်ပတ်သက်သည့်အကြောင်းအရာမဟုတ်သည့်ကိစ္စများအား လုပ်ကိုင်ရန်ကမ်းလှမ်းမှုကြုံမည်။ တွေဝေခြင်းမရှိပါနှင့်။ ရဲရဲတင်းတင်းလက်ခံဆောင်ရွက်ပါ။ ယုံကြည်လွှဲအပ်ပြီး ဦးဆောင်စေသည့်အခွင့်ကောင်းများ လက်ခံရရှိမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အောင်မြင်ခြင်း၊ တိုးတက်ခြင်းများ အထင်အရှားဖြစ်ပေါ်မည်။ အလိုရှိရာ ရဲရဲဆောင်ရွက်ပါ။ တွေဝေနောက်တွန့်ခြင်းမရှိပါနှင့်။ ဆုံးဖြတ်ထားပြီးသောကိစ္စများအပေါ် ပြန်လည်ပြင်ဆင်ခြင်းမပြုသင့်။ လုပ်ငန်းစီးပွားဆောင်ရွက်နေသူများ လုပ်ငန်းအောင်မြင်၍ ငွေဝင်ကောင်းမည်။ မိသားစုနှင့်ပတ်သက်၍ စိတ်ပင်ပန်းမှုအနည်းငယ်ရှိမည်။ ကတိစကားမတည်သောသူများနှင့်တွေ့တတ်သည်။ ဉာဏ်ပညာထက်မြက်မည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

စီစဉ်ထားသည်များ နောက်ဆုံးအဆင့်ရောက်ပြီးမှ အတားအဆီးများကြုံကာ မူလအစမှ ပြန်လည်စတင်ရခြင်းကြုံမည်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ အားနာလွယ်၊ ယုံလွယ်၍ စိတ်အနှောင့်အယှက်ဖြစ်ရမည်။ ငွေကြေးစာရင်းဇယားကိစ္စများ ဖြေရှင်းရန်ခက်ခဲတတ်သည်။ မိဘအကြီးအကဲကျန်းမာရေးချူချာတတ်သည်။ မိသားစုပိုင် ပြန့်ကျဲနေသည့်ငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်လည်ရရှိမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

သစ္စာမဲ့သူတစ်ဦးကြောင့် ပျက်ယွင်းကြန့်ကြာနေသောကိစ္စများကို ပြန်လည်အဆင်ပြေအောင် ဆောင်ရွက်နိုင်သောကာလဖြစ်သည်။ လက်လွှန်ဆုံးရှုံးထားသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ မျှော်လင့်ချက်ကုန်ဆုံး၍ ဖြစ်နိုင်စွမ်းရှိသောကိစ္စများ ပြန်လည်အဆင်ပြေသွားမည်။ ငွေကြေးကိစ္စအတွက် စကားပြောဆိုမှုများ အောင်မြင်မည်။ အချစ်ရေး၊ မေတ္တာရေးကံကောင်းမည်။ မိသားစုစီးပွားတက်မည်။

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

နိုင်ငံတကာ စံပြုပညာရေးစမ်းသပ်မှုတစ်ခုတွင် ပထမဦးဆုံးအကြိမ်တရုတ်နိုင်ငံပါဝင်လာစဉ်မှာပင် တရုတ်နိုင်ငံရှန်ဟိုင်းမြို့မှ ကျောင်းသားများသည် အခြားကမ္ဘာ့နိုင်ငံအများအပြားမှ ကျောင်းသားများထက် ရမှတ်များ ပိုမိုကောင်းမွန်ခဲ့ရာ နိုင်ငံတကာ ပညာရေးကျွမ်းကျင်သူများကို အံ့ဩမှင်တက်သွားစေခဲ့သည်။ လေးစားလောက်သော နိုင်ငံတကာစာမေးပွဲရလဒ်များအရ ရှန်ဟိုင်းကျောင်းသားများသည် စာဖတ်စွမ်းရည်၊ သင်္ချာနှင့် သိပ္ပံဘာသာရပ်အားလုံးမှာပင် နိုင်ငံတကာကျောင်းသားများထက် သာလွန်ခဲ့သည်။



ကြည်နေဝင်းမင်း

# ရှန်ဟိုင်းက မှင်တက်စေခဲ့ပြီ

နိုင်ငံပေါင်း ၆၅ နိုင်ငံခန့်တွင် ပြုလုပ်သော စမ်းသပ်မှုအရ ရှန်ဟိုင်းမှ ကျောင်းသားများ ရရှိခဲ့သောရမှတ်များမှာ တရုတ်တစ်နိုင်ငံလုံးကို ကိုယ်စားမပြုကြောင်း စမ်းသပ်မှုအား ဦးစီးခဲ့သော အမေရိကန်တာဝန်ရှိသူများနှင့် ဥရောပတာဝန်ရှိသူများက အသိအမှတ်ပြုကြသည်။ တရုတ်နိုင်ငံ၏ ရှန်ဟိုင်းမြို့မှာ လူဦးရေသန်း ၂၀ ခန့်နေထိုင်သည့် စက်မှုအင်အားကြီးမြို့ဖြစ်ပြီး နိုင်ငံတစ်ဝန်းမှ အတော်ဆုံးကျောင်းသားများကိုဆွဲဆောင်နိုင်သည့် ခေတ်မီတက္ကသိုလ်အများအပြားရှိရာ မြို့ကြီးလည်းဖြစ်သည်။

ရှန်ဟိုင်းမြို့ နယ်ပယ်ပေါင်းစုံ ပညာရေးရပ်ဝန်းမှ ၁၅ နှစ်သားအရွယ် ကျောင်းသားပေါင်း ၅,၁၀၀ အားစမ်းသပ်မှုတွင် ပါဝင်စေခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံမှာမူ နိုင်ငံတစ်ဝန်းမှ ကျောင်းသားများကိုရွေးထုတ်၍ နိုင်ငံတကာပညာရေးစမ်းသပ်မှုတွင် ပါဝင်စေခဲ့သည်။

စံပြုထားသော ပညာရေးစမ်းသပ်မှုဖြင့် အရွယ်အစားကွဲပြားခြားနားသော မြို့ကြီးများနှင့် နိုင်ငံများအား နှိုင်းယှဉ်ခြင်းမှာ ထင်ရှားသော အခက်အခဲများရှိကြောင်း ပညာရေးကျွမ်းကျင်သူများက အသိအမှတ်ပြုပါသည်။ သို့တိုင်အောင် ရှန်ဟိုင်းမှ ကျောင်းသားများ၏ ပြောင်မြောက်သော ကျောင်းပညာရေးစွမ်းဆောင်ချက်မှာမှတ်သားလောက်ကြောင်း ၎င်းတို့က ပြောကြားသည်။

ယင်းမှာ တရုတ်နိုင်ငံကြီး အလျှင်အမြန် ခေတ်မီလာခြင်း၏ အမှတ်အသားတစ်ရပ်လည်း ဖြစ်သည်မဟုတ်ပါလား။ ရလဒ်များမှာရှန်ဟိုင်းမြို့၏ ပညာရေးယဉ်ကျေးမှုကိုလည်း ရောင်ပြန်ဟပ်နေပါသည်။ ၎င်းယဉ်ကျေးမှုတွင် ဆရာများအား လေ့ကျင့်ပေးရေးတွင် အထူးအလေးဂရုပြုခြင်းနှင့် အားကစားကဲ့သို့ သင်ရိုးနှင့် ဆက်စပ်လှုပ်ရှားမှုများထက် ကျောင်းစာကျက်မှတ်လေ့လာခြင်းအတွက် အချိန်ပိုယူခြင်း အလေ့အထများလည်းပါဝင်ပါသည်။

“အားပါးပါး . . . ငါတကယ်ကို အံ့ဩမှင်တက်သွားတာပဲ။ Sputnik အကြောင်းတောင် သွားစဉ်းစားမိတယ်” သမ္မတရော်နယ်ရေဂင်၏ ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ပညာရေးကျွမ်းကျင်သူ ချက်စတာအီးဖင်းန်က ဆိုဗီယက် (ရုရှား) တို့၏ ပထမဦးဆုံးဂြိုဟ်တု လွှတ်တင်မှုအချိန်ကခံစားချက်ကို ရည်ညွှန်း၍ ပြောကြားပါသည်။ တရုတ်နိုင်ငံတစ်ဝန်းမှ ကျောင်းများအား လှည့်ပတ်ကြည့်ရှုခဲ့ဖူးသော မစ္စတာဖင်းက ၂၀၀၉ ခုနှစ်တွင် ရှန် ဟိုင်းမြို့မှ ကျောင်းသားများအား ဤမျှစွမ်းဆောင်ရည် ထက်မြက်အောင် လုပ်ဆောင်ပါက ၂၀၁၉ ခုနှစ်တွင် မြို့ကြီး ၁၀ မြို့မှ ကျောင်းသားများ ယင်းသို့ စွမ်းဆောင်နိုင်မည်။ ၂၀၂၉ ခုနှစ်တွင် မြို့ကြီးပေါင်း ၅၀ မှ ကျောင်းသားများယင်းသို့စွမ်းဆောင်နိုင်မည်ဟုဆိုပါသည်။

နိုင်ငံတကာ ကျောင်းသားများအကဲဖြတ်ရေး အစီအစဉ် (PISA) ဟုခေါ်သော ပညာရေးစမ်းသပ်မှုအား ကမ္ဘာ့အဓိက စက်မှုအင်အားကြီးနိုင်ငံများနှင့် ဖွဲ့စည်းထားသည့် OECD နိုင်ငံများမှ ၁၅ နှစ်အရွယ် ကျောင်းသားများအား ဖြေဆိုစေခဲ့ခြင်းဖြစ်သည်။

“ဒီရလဒ်ကို အချက်ပေးခေါင်းလောင်းသံလို့ ကျွန်တော်တို့ ရှုမြင်ရမယ်” ဟုအမေရိကန် ပညာရေးဝန်ကြီး အန်းဒွန်ကန်က အင်တာဗျူးတစ်ခုတွင် ပြောကြားပါသည်။ “အယုံအကြည်မရှိသူတွေကတော့ ဒီရလဒ်ကို စောဒကတက်ကြပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ဒီရလဒ်ဟာတိကျမှုရှိတယ်။ ယုံကြည်စိတ်ချရတယ်လို့ သဘောထားပါတယ်။ နောက်ဒါဟာ ပိုကောင်းအောင်လုပ်ဖို့ စိန်ခေါ်မှုလို့လည်း ကျွန်တော်တို့ ရှုမြင်ရပါမယ်။ ဘာသာရပ်တော်တော်များများမှာ အမေရိကန်နိုင်ငံက အဆင့် ၂၃၊ ၂၄ ပဲချိတ်ခဲ့ပါတယ်။ သေးသေးဖွဲဖွဲ အကြောင်းပြချက်တွေ ပေးရင်ပေး၊ ဒါမှမဟုတ်ရင်တော့ ကျွန်တော်တို့ဟာ ပညာရေးမှာ ကျော်တက်ခံလိုက်ရပြီဆိုတဲ့ အမှန်တရားကို ရင်ဆိုင်ရပါမယ်”




သင်္ချာဘာသာရပ်တွင် ရှန်ဟိုင်းကျောင်းသားများ၏ ရမှတ်မှာအမြင့်ဆုံးဖြစ်ပြီး မကြာမီနှစ်များအတွင်း ရေပန်းစားခဲ့သော စင်ကာပူကျောင်းသားများထက် အမှတ်များသည်။ အမေရိကန်ကျောင်းသားများ၏ ပျမ်းမျှသင်္ချာရမှတ်မှာ အခြားနိုင်ငံပေါင်း ၃၀ အောက် ရောက်နေသည်။ စာဖတ်စွမ်းရည်တွင် ရှန်ဟိုင်းကျောင်းသားများက ပထမနေရာနှင့် ကိုရီးယားကျောင်းသားများက ဒုတိယလိုက်သည်။ အမေရိကန်မှာ အဆင့် ၁၇။ သိပ္ပံဘာသာရပ်တွင်လည်း ရှန်ဟိုင်းက ပထမနှင့် ဖင်လန်နိုင်ငံက ဒုတိယ၊ အမေရိကန်မှာ နံပါတ် ၂၃။

ရှန်ဟိုင်းမြို့၌ စာမေးပွဲ စစ်ဆေးမှုများအား နိုင်ငံတကာပညာရေး အဖွဲ့အစည်းတစ်ခုက တရုတ်အာဏာပိုင်များနှင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ဩစတြေးလျပညာရေးသုတေသန ကောင်စီက ကြီးကြပ်ခဲ့ပါသည်။

တရုတ်နိုင်ငံ ပညာရေးသုတေသနခရီးမှ ပြန်လည်ရောက်ရှိလာသော မစ္စတာရှနိုက်ဒါကလည်း အတိတ်ကာလက ၎င်းအနေဖြင့် နိုင်ငံတကာကျောင်းသားများအကဲဖြတ်ရေး အစီအစဉ် (PISA) ၏ရလဒ်များအား သံသယရှိခဲ့ကြောင်း၊ သို့သော် ယခုအခါတွင် ၎င်းရလဒ်များ၏ တိကျမှုကိုအငြင်းပွားဖွယ်ရာ မရှိကြောင်း ပြောကြားပါသည်။ မစ္စတာရှနိုက်ဒါမှာ သမ္မတဂျော့ချ်ဒဗလျူဘုရှ်လက်ထက်တွင် ပညာရေးသုတေသနအဖွဲ့၌ ကော်မရှင်နာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

“တရုတ်နိုင်ငံက ပညာရေးကိုတကယ့်ကို အလေးအနက်ထားပါတယ်။ ကျောင်းသားတွေကလည်းအံ့ဩစရာ ကောင်းလောက်အောင်ကြိုးစားကြပါတယ်” ဟု မကြာမီရက်ပိုင်းအတွင်း တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သော မစ္စတာရှနိုက်ဒါက ပြောသည်။

မကြာသေးမီက မြောက်ကာရိုလိုင်းနားပြည်နယ် ကောလိပ်၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတအိုဘားမားက ၁၉၅၇ ခုနှစ်က ဆိုဗီယက်ယူနီယံ၏ ပထမဆုံးဂြိုဟ်တု Sputnik လွှတ်တင်မှုကြောင့် အမေရိကန်နိုင်ငံသည် သင်္ချာနှင့် သိပ္ပံပညာရပ်များတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခဲ့ရာမှ အာကာသပြိုင်ပွဲတွင် အမေရိကန်အနိုင်ရရှိရေး အထောက်အကူဖြစ်ခဲ့ကြောင်း ပြန်ပြောင်းပြောခဲ့ပါသည်။

“နှစ်ပေါင်း ၅၀ ကြာပြီးတဲ့နောက်မှာ ကျွန်တော်တို့မျိုးဆက်ရဲ့ Sputnik အခိုက်အတန့် ပြန်ရောက်လို့လာပါပြီ” ဟုမစ္စတာ အိုဘားမားက ပြောကြားပါသည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် သန်းထောင်ချီသော လူဦးရေများနှင့်အတူ ကမ္ဘာ့စီးပွားရေး၌ ရုတ်တရက်ဝင်ရောက်လာခဲ့ရာ ပညာတတ်လုပ်သား အများဆုံးရှိသော နိုင်ငံများ အောင်ပွဲခံလိမ့်မည် ဖြစ်ကြောင်းအိုဘားမားက ပြောကြားသည်။ “အခုအတိုင်းဆိုရင်တော့ အမေရိကန်နိုင်ငံ နောက်ကျကျန်ခဲ့မယ့်အန္တရာယ်ရှိနေပါတယ်” ဟု အိုဘားမားက ဆက်ပြောခဲ့သည်။

နိုင်ငံတကာ ကျောင်းသားများအကဲဖြတ်ရေး အစီအစဉ် (PISA) ၏နောက်ဆုံးရလဒ်များအပေါ် ကမ္ဘာ့စက်မှုအင်အားကြီးနိုင်ငံများအဖွဲ့ (OECD) က ၂၅၉ စာမျက်နှာပါ အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာတွင် တရုတ်နိုင်ငံသည် နှစ်ပေါင်းများစွာပင် ပညာရေးဦးစားပေးသည့် စနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ စာသင်ကြားခြင်း အလုပ်မှာလည်း လူအများနှစ်သက်သော အလုပ်အကိုင်ဖြစ်လာသလို ကျောင်းဆရာများ၏ လစာများလည်း မြင့်လာခဲ့ပြီဖြစ်ကြောင်း ရှန်ဟိုင်းမြို့တွင် အာဏာပိုင်များက သင်ရိုးညွှန်းတမ်းများကို ပြုပြင်ပြောင်းလဲခဲ့သလို ဆရာများ၊ ပညာရေးကျွမ်းကျင်သူများအား လွတ်လွတ်လပ်လပ်လုပ်ကိုင်ခွင့်ပေးလာခဲ့ကြောင်း သုံးသပ်ဖော်ပြထားပါသည်။

—*Ref: NY Times*

ဝမ်းနည်းကြေကွဲခြင်း
ကိုဝဏ္ဏစိုး
အသက်(၃၄)နှစ်
*Technical Marketing Engineer*
*Inforithm-Maze Co.,Ltd.* သည်
၆-၁၂-၂၀၁၀(တနင်္လာ)နေ့တွင်ကွယ်လွန်သွားကြောင်း
ကြားသိရသည့်အတွက်
မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း...
အင်ဖိုရီသမ်မေ့ဇ်မှ ဝန်ထမ်းများ

# Commodity Watch

7 DAY NEWS JOURNAL
Vol.9, No.38 · DECEMBER 16, 2010

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) Processor | 61,900 |
| Intel P4 Dual Core 3.2 (E 6700) Processor | 71,900 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775) Processor | 179,300 |
| Intel P4 Core i3 3.06 GHz (540) (1156) Processor | 102,800 |
| Intel P4 Core i7 2.8 Ghz (860) (1156) Processor | 262,100 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 57,300 |
| MSI G41 TM-P33 (775) Motherboard | 57,300 |
| MSI P43- C51 (775) Motherboard | 71,900 |
| MSI P55A-GD65 (1156) Motherboard | 166,500 |
| ASUS P7H55D-USB3 (775) Motherboard | 110,100 |
| ASUS P7P55-LX (1156) Motherboard | 105,600 |
| ASUS P5P41T-LE (775) Motherboard | 75,500 |
| ASUS P5G41T-MLX (775) Motherboard | 57,300 |
| Gigabyte H57M-USB3 (1156) Motherboard | 126,500 |
| Gigabyte EP43T-UD3L (1156) Motherboard | 89,200 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 21,800 |
| 2 GB DDR2 (800) Kingston Memory | 38,200 |
| 2 GB DDR3 (1333) Kingston Memory | 29,100 |
| **Harddisk** | |
| 500 GB Seagate SATA | 40,000 |
| 1TB Seagate SATA | 61,900 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 88,300 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 76,400 |
| MSI R5750-PM-2D 1GB PCI Express Card | 142,900 |
| ASUS EAH 5450 1GB PCI Express Card | 69,200 |
| ASUS ENGT 210 1GB PCI Express Card | 65,500 |
| ASUS EAH 4350 512 MB PCI Express Card | 41,000 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 132,000 |
| Gigabyte Geforce 220OC 1GI 1GB PCI Express Card | 82,800 |
| Gigabyte Geforce 8400GS 512MB PCI Express Card | 36,400 |
| **Memory Stick** | |
| Memory Stick Toshiba 4GB | 11,000 |
| Memory Stick Toshiba 8GB | 17,000 |
| Memory Stick Kingston 2GB | 7,500 |
| Memory Stick Kingston 8GB(101) | 19,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick SanDisk 2GB | 8,500 |
| Memory Stick SanDisk 4GB | 10,000 |
| Memory Stick SanDisk 16GB | 31,000 |
| Memory Stick Imation 4GB | 9,600 |
| **UPS** | |
| SVC (600VA) | 27,800 |
| Power Pro (650VA) | 34,500 |
| Allways (650VA) | 32,000 |
| STAR (650 VA) | 29,100 |
| Power Tree (650VA) | 39,000 |
| Orient (650 VA) | 34,600 |
| Orient (1.2KVA) | 60,100 |
| **DVD Writer** | |
| Sony (SATA) | 27,300 |
| ASUS (SATA) | 29,100 |
| **အိတ်ဆောင်တိပိငှကအဘိဓာန်** | 150,000 |

Technoland ဆိုင်မှ ဒီဇင်ဘာ(၁၀) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 427,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core i5 2.67Ghz 4GB DDR3,500 GB HDD,14.0″ | 1,114,000 |
| **HP** | |
| Intel Corei3 2.13Ghz 3GB DDR3,250GB HDD,14.0″ | 700,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 303,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 573,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၄,၉၉၀ |
| ဘိလပ်မြေ (Insee) (Blue Lion) | တစ်အိတ် | ၄,၇၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၆ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၂၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၁)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၈,၀၀၀-၉,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၅၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၃,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဒီဇင်ဘာ (၁၀) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၄၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၇၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၄,၀၀၀-၄,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၂၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၆၀၀-၆,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၆၀၀-၂,၂၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၂,၁၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၄၀၀-၂,၇၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၅၀၀-၁၉,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၄၀၀-၂,၂၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၇၀၀-၄,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၇,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၁,၈၀၀ |

ဒီဇင်ဘာ(၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၇ | လ/သ | ၁၄၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | - | ၇ခ | ၁၉၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | | စတိ | ၂၇၀ |
| စူဇူကီး$R^-$ (2 Way) | - | ၂၀ | ၁၃၅ |
| တိုယိုတာ (ဖင်ကောက်) | ၂၀၀၁ | ၄၀ | ၅၀၀ |
| မတ်ခ်တူး | ၉၄ | ၁ခ/၂ခ | ၄၅၀ |
| **မတ်ခ်တူး(ဓာတ်ဆီ) ရှေ့ငါး** | ၂၀၀၂ | ၄၀ | ၈၀၀ |
| **တိုယိုတာလီမိတက်(ဓာတ်ဆီ)** | ၈၀ | ၄၀ | ၃၀၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄၀ | ၉၀၀ |

ဒီဇင်ဘာ(၁၁) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Dec(4) | Dec(5) | Dec(6) | Dec(7) | Dec(8) | Dec(9) | Dec(10) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |
| Octane ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |
| Premier ဒီဇယ် | ၃,၂၀၀ | ၃,၂၀၀ | ၃,၂၀၀ | ၃,၂၀၀ | ၃,၂၀၀ | ၃,၂၀၀ | ၃,၂၀၀ |

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# နိုင်ငံ့အရေး အလွယ်မတွေးစေချင်

ဗညားအောင်

မြန်မာ့နိုင်ငံရေးအကြောင်းပြောလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးချန်ထား၍မရပေ။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်များကို ပြန်လည်သုံးသပ်လိုက်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိအောင်ကြိုးပမ်းမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲရသည့်အတွက် ဖြစ်ပေါ်ခဲ့ရသည့် ပဋိပက္ခများ၊ ထိုပဋိပက္ခများကြောင့် ပေါ်ပေါက်ခဲ့ရသည့် တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုပျက်ပြားခဲ့ရသည့်အဖြစ်များစသည်တို့က နေရာအတော်များများယူထားသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် မျိုးချစ်ခေါင်းဆောင်များအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၏ လိုအပ်ချက်ကိုနားလည်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံသူ့ကျွန်ဘဝရောက်ပြီးသည်နှင့် တစ်ပြိုင်နက်ပေါ်ပေါက်လာခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ဗမာ၊ ရှမ်း၊ ကရင်၊ ချင်း၊ ကယား စသည့်တိုင်းရင်းသားခေါင်းဆောင်များသည် နီးစပ်ရာပူးပေါင်းပြီး နယ်ချဲ့ဗြိတိသျှတို့အား တွန်းလှန်တိုက်ခိုက်ခဲ့သည်ကိုတွေ့နိုင်ပါသည်။ သို့သော် စုစည်းညီညွတ်သည့် ခေါင်းဆောင်မှုမရှိသည့်အတွက်နယ်ချဲ့ဗြိတိသျှတို့ကတော်လှန်ရေးအင်အားစုတစ်ခုချင်းကိုအလွယ်တကူဖြိုခွင်းနိုင်ခဲ့ပေသည်။ မြန်မာ့တော်လှန်ရေးအင်အားစုများကို နှိမ်နှင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင်မူ နယ်ချဲ့ဗြိတိသျှတို့အနေဖြင့် ၎င်းတို့၏ အုပ်ချုပ်မှုကိုခုခံတွန်းလှန်မည့် တော်လှန်ရေးအင်အားစုကြီးတစ်ရပ် ပေါ်ထွက်မလာစေရန်အတွက် မြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်ကို အစီအစဉ်ရှိရှိချမှတ်လုပ်ဆောင်ခဲ့သည်။

တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲပြီးဆုံးပြီးနောက် အထက်မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တို့အုပ်ချုပ်မှုအောက်သို့ သွတ်သွင်းခဲ့ချိန်တွင် အောက်မြန်မာနိုင်ငံ၌ ဗြိတိသျှအုပ်ချုပ်မှုစနစ်မှာ အခြေကျနေပြီဖြစ်သည်။ ထို့ကြောင့် အောက်မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေးစနစ်ကို အထက်မြန်မာနိုင်ငံသို့တိုးချဲ့ရန်သာရှိတော့သည်။ သို့သော်ဗြိတိသျှနယ်ချဲ့တို့ကို ဆန့်ကျင်တော်လှန်သည့် လှုပ်ရှားမှုများနောက်ထပ်မပေါ်ပေါက်စေရေးအတွက် တားဆီးရန်ဆုံးဖြတ်ထားသော နယ်ချဲ့တို့က ၁၈၈၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ရှမ်းပြည်နယ်ကိုချန်လှပ်ပြီး ကျန်အထက်မြန်မာနိုင်ငံ နယ်မြေများကို ဇယားဝင်စီရင်စုနယ် (Scheduled District) အဖြစ် သတ်မှတ်ခဲ့သည်။ နောက်ပိုင်းတွင်မှ ၁၈၉၅ ခုနှစ်တွင် ကချင်တောင်တန်းလူမျိုးများ ဥပဒေ၊ ၁၈၉၆ ချင်းတောင်တန်းလူမျိုးများ ဥပဒေတို့ကို ထပ်မံပြဋ္ဌာန်းပြီး ကချင်လူမျိုးနှင့်ချင်းလူမျိုးများကို သီးခြားခွဲခြားအုပ်ချုပ်ခဲ့သည်။ ထိုကဲ့သို့ တောင်တန်း ဒေသများကို ခွဲခြားအုပ်ချုပ်ခဲ့မှုကို ဒုတိယကမ္ဘာစစ်ဖြစ်ချိန်အထိ ဆက်လက်ကျင့်သုံးခဲ့သောကြောင့် ၁၉၂၃ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေးစနစ် ပြောင်းလဲကျင့်သုံးချိန်တွင်လည်းကောင်း၊ ၁၉၃၅ ခုနှစ် ၉၁ ဌာနအုပ်ချုပ်ရေးကို ပြောင်းလဲကျင့်သုံးချိန်တွင်လည်းကောင်း၊ ရှမ်း၊ ကချင်၊ ချင်းလူမျိုးများ နေထိုင်ရာဒေသများကို မြန်မာပြည်အုပ်ချုပ်ရေးအတွင်းမှ ခွဲထုတ်ကာ အပိုင်း ၁ နှင့် အပိုင်း ၂နယ် မြေများအဖြစ်သတ်မှတ်ပြီး ဘုရင်ခံ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့သည်။ သို့သော် တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုးကြားအုပ်ချုပ်ရေးစနစ်ကို သီးခြားစီခွဲခြားသတ်မှတ်ထားခဲ့ သည့်အတွက် တောင်တန်းဒေသများတွင်ပင်လျှင် အုပ်ချုပ်ရေးစနစ် အမျိုးမျိုးကွဲပြားနေခဲ့သည်။

**ဤကဲ့သို့တောင်တန်းဒေသများကို လူမျိုးရေး၊ နိုင်ငံရေးအရ ခွဲခြားအုပ်ချုပ်ထားခဲ့ခြင်းကြောင့် တောင်တန်းဒေသများသည် မြန်မာပြည်မအတွင်း ဖြစ်ပေါ်နေသည့် နိုင်ငံရေး တိုးတတ်မှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှုများနှင့် အဆက်ပြတ်နေခဲ့ရသည်။ ထို့ပြင် ဗြိတိသျှနယ်ချဲ့တို့သည် တိုင်းရင်းသားလူမျိုးစုများကို ခွဲခြားအုပ်ချုပ်ရုံသာမက ပြည်မတွင်၎င်းတို့အလိုတော်ရိ အမျိုးသားနေရှင်များကို အုပ်ချုပ်ရေး၊ နိုင်ငံရေးတွင်တာဝန်ပေးခြင်း၊ တောင်တန်းဒေသများတွင်စော်ဘွားများ၊ စောဖျာများ၊ ဒူးဝါးများကို သက်ဦးဆံပိုင်အာဏာများပေးအပ်ပြီး ၎င်းတို့ကိုယ်စားအုပ်ချုပ်ခွင့်ပြုခြင်းဖြင့် တိုင်းရင်းသားများအတွင်း လူတန်းစားကွဲပြားမှုများပေါ်ပေါက်ကာစည်းလုံးညီညွတ်သည့်နိုင်ငံရေးအင်အားစုများပေါ်ပေါက်မလာအောင်လုပ်ဆောင်ခဲ့သည်။**

ထို့ကြောင့် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံတွင် အမျိုးသားစည်းလုံးညီညွတ်မှုကို ပြိုကွဲစေရန်အတွက် အောက်ပါသွေးခွဲအုပ်ချုပ်မှုနည်းလမ်းသုံးခုကို ကျင့်သုံးခဲ့သည်ဟုဆိုရမည်ဖြစ်သည်။

(က) တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာဒေသများကို ခွဲခြားအုပ်ချုပ်ခြင်းဖြင့် ပထဝီဝင်အနေအထားအရ သွေးကွဲမှုကိုဖြစ်ပေါ်စေခြင်း၊

(ခ) တိုင်းရင်းသားလူမျိုးစုများအတွင်း အုပ်ချုပ်ရေးစနစ်အမျိုးမျိုးကိုကျင့်သုံးပြီး အခွင့်အရေးများကို ခွဲခြားသတ်မှတ်ပေးခြင်းဖြင့် လူမျိုးရေးအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း၊

(ဂ) အုပ်ချုပ်ရေးအရလွယ်ကူစေရန်အတွက် အလိုတော်ရိများကို အသုံးချခြင်းကြောင့် လူတန်းစားအရ သွေးကွဲမှုကိုဖြစ်ပေါ်စေခြင်း။

ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၁၉၄၅ ခုနှစ်မတိုင်မီအထိ မြန်မာနိုင်ငံရေးတွင် တောင်တန်းဒေသများအနေနှင့် ပြည်မရှိနိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမရှိခဲ့သည့်အပြင် ပြည်မမှနိုင်ငံရေးသမားများ တောင်တန်းဒေသများသို့လာရောက်ခြင်းကိုပင်တားဆီးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ဖက်ကလည်း မြန်မာပြည်မအတွင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ လွတ်လပ်ရေးအတွက် ရည်ရွယ်လှုပ်ရှားခဲ့သည့် နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သည့်ဂျီစီဘီအေ၊ ဒို့ဗမာအစည်းအရုံး စသည် တို့မှာလည်း နယ်ချဲ့တို့၏ သွေးခွဲမှု၊ မက်လုံးပေးသွေးဆောင်မှုများကြောင့် လေးဖွဲ့၊ နှစ်ဖွဲ့ စသည်ဖြင့် အကွဲကွဲအပြားပြားဖြစ်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးကြိုးပမ်းမှုမှာ ပေါ်ပေါက်လာချိန်တွင်မူ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် မျိုးချစ်နိုင်ငံရေးသမားများနှင့် တပ်မတော်ခေါင်းဆောင်များက မြန်မာနိုင်ငံရေးအင်အားစုများအတွင်း နိုင်ငံရေးအရ စုစည်းညီညွတ်မှုရရှိစေရေးအတွက် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)ကို တည်ထောင်ခဲ့သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ဖဆပလအဖွဲ့ကြီးက မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဗြိတိသျှတို့နှင့်အရေးဆိုရာတွင် တောင်တန်းဒေသများအရေးက ရှေ့တန်းရောက်လာသည်။ မြန်မာ့လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ဗြိတိန်နိုင်ငံသို့ သွားရောက်ချိန်နှင့် ဗြိတိသျှတို့ဘက်က ရှမ်းစော်ဘွားများကဗိုလ်ချုပ်တို့ကိုယ်စားလှယ်အဖွဲ့သည် ၎င်းတို့ကိုကိုယ်စားမပြုကြောင်းအကြောင်းကြားခဲ့သည့်ကြေးနန်းစာကို ထောက်ပြီးတောင်တန်းဒေသများအနေဖြင့် ပြည်မနှင့်ပူးပေါင်းပြီးလွတ်လပ်ရေးရယူလိုခြင်းရှိ မရှိအရင်စုံစမ်းသင့်သည်ဟု ဆွေးနွေးခဲ့သည်။ ထို့ကြောင့်ဗိုလ်ချုပ်အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုရာတွင် လွတ်လပ်ရေးရယူရာ၌ တောင်တန်းဒေသများ၏သဘောထားကို စုံစမ်းရန်ကော်မရှင်ဖွဲ့ပြီးစုံစမ်းရန်ဆိုသည့်အချက်ကို မြန်မာဘက်ကသဘောတူခဲ့ရသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံပြီးတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ကာ လွတ်လပ်ရေးကို အရယူနိုင်ရန်အတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပင်လုံညီလာခံကို ကျင်းပခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်သော်လည်း ပင်လုံညီလာခံတွင် တောင်တန်းဒေသသုံးခုဖြစ်သည့် ကချင်၊ ချင်းနှင့် ရှမ်းတိုင်းရင်းသားကိုယ်စားလှယ်များသာတက်ရောက်ခဲ့ပြီး နောက်ထပ်တောင်တန်းဒေသတစ်ခုဖြစ်သည့် သံလွင်ခရိုင်မှ ကရင်တိုင်းရင်းသားကိုယ်စားလှယ်များကမူ ပါဝင်ဆွေးနွေးခြင်းမရှိဘဲ လေ့လာသူအဖြစ် သာတက်ရောက်ခဲ့ခြင်းဖြစ်သည်။ တောင်တန်းဒေသတွင်မပါဝင်သော ရခိုင်၊ မွန်၊ ကယားအစရှိသည့် တိုင်းရင်းသားများသည်လည်းကောင်း၊ ရှမ်းစော်ဘွားများအပေါ်မကျေနပ်သည့် အုပ်ချုပ်ခံထားသည့် ကျန်တိုင်းရင်းသား လူမျိုးများဖြစ်သော ပအိုဝ်း၊ ပလောင်၊ ဓနု၊ ဝ၊ ကိုးကန့်၊ လားဟူစသည့် တိုင်းရင်း သားလူမျိုးများသည်လည်းကောင်း ပင်လုံညီလာခံတွင် ပါဝင်ခဲ့ခြင်းမရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပင်လုံညီလာခံသည် တောင်တန်းဒေသအပါအဝင် မြန်မာနိုင်ငံတစ်ခုလုံး အတူတကွလွတ်လပ်ရေးရယူနိုင်အောင် လိုအပ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မြန်မာနိုင်ငံအနေဖြင့် အတိုင်းအတာတစ်ခုအထိ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ဟုလည်းဆိုနိုင်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း ကြိုးပမ်းတည်ဆောက်ခဲ့ရသည့် အမျိုးသားစည်းလုံးညီညွတ်ရေးသည် လွတ်လပ်ရေးရပြီးနောက် အယူအဆရေးရာကွဲပြားမှု၊ ဝါဒရေးရာကွဲပြားမှု၊ လူမျိုးရေးအစွန်းရောက်မှုများကြောင့် လျင်လျင်မြန်မြန်ပင်ပြန်လည်ပြိုကွဲသွားခဲ့ရသည်။ ထို့အချိန်က အာဏာရအစိုးရဖြစ်သည့် ဖဆပလအစိုးရသည် ပြိုကွဲနေသည့်အမျိုးသားပြန်လည်စည်းလုံးညီညွတ် ရေးကိုတည်ဆောက်ရန်ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့ပါတီအတွင်း၌ပင်ပုဂ္ဂိုလ်ရေး အရအကွဲအပြဲများဖြစ်ပေါ်နေသဖြင့် ထိထိရောက်ရောက်ဆောက်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ၁၉၆၀ ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သော ဦးနု၏ပထစအစိုးရသည်လည်း ရခိုင်၊ မွန်နှင့်ချင်းပြည်နယ်တည် ထောင်ရေးကိစ္စများ၊ ရှမ်းပြည်နယ်၏အခွင့်အရေးဆိုင်ရာပြဿနာများစသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာကိစ္စများကို ဆွေးနွေးနိုင်ရန်အတွက် ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များတက်ရောက်သည့် အမျိုးသားညီလာခံတစ်ရပ်ကို ကျင်းပခဲ့သည်။ သို့သော်ထိုဆွေးနွေးပွဲတွင် ရှမ်းစော်ဘွားများက ၎င်းတို့တောင်းဆို ချက်များမရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှ ခွဲထွက်ရန်အထိ ကြိုးပမ်းလုပ်ဆောင်လာသောကြောင့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကိုလွှဲပြောင်းရယူခဲ့ရတော့သည်။

တော်လှန်ရေးကောင်စီသည်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ဆက်လက်လုပ်ဆောင်ခဲ့သည်ကိုတွေ့ရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်လျှင် တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ခံယူချက်ကိုထုတ်ပြန်ခြင်း၊ ပြည်တွင်းသောင်းကျန်းမှုပြဿနာကိုဖြေရှင်းနိုင်ရန်အတွက် ပြည် တွင်းငြိမ်းချမ်းရေးဆွေးပွဲများကျင်းပခြင်းတို့သည် တော်လှန်ရေးကောင်စီ၏အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဦးတည်လုပ်ဆောင်ချက်များပင်ဖြစ်သည်။ ထို့ပြင် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေး ပါတီအမျိုးမျိုး၊ ဝါဒအမျိုးမျိုးကို ကျင့်သုံးခဲ့သောကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်းက မျှော်မှန်းခဲ့သည့်ဆိုရှယ်လစ်ပန်းတိုင်နှင့် အလှမ်းဝေးခဲ့ရသည်ဟု သင်ခန်းစာဖော်ထုတ်ပြီး တစ်ခုတည်းသော ဦးဆောင်ပါတီ၏အောက်တွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားများစည်းလုံးညီညွတ်စွာနှင့် ပါဝင်ဆောင်ရွက်ကြနိုင်ရန် တစ်ပါတီစနစ်ကိုကျင့်သုံးမည်ဟု ဆုံးဖြတ်ခဲ့သည်ကိုလည်းတွေ့ရသည်။ သို့သော်လက်တွေ့တွင်မူ အရင်းရှင်ပါလီမန်ဒီမိုကရေစီစနစ်ကိုပင် ကြိုက်နှစ်သက်သော ပထစနှင့် ဖဆပလခေါင်းဆောင်များ လက်ဝဲစွန်းရောက်ကွန်မြူနစ်များ၊ လူမျိုးရေးအစွန်းရောက်ဝါဒီများအနေဖြင့် တစ်ပါတီစနစ်အတွင်းတွင် ပါဝင်လာခြင်းမရှိဘဲ နိုင်ငံတော်ကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်နေခြင်းကြောင့် မျှော်မှန်းထားသည့်အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ခြင်းမရှိသည်ကိုတွေ့ခဲ့ရပါသည်။

**၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်းကာလတွင်မူ မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးအခြေအနေသည် အဆိုးရွားဆုံးကာလသို့ ရောက်ခဲ့သည်ဟု ဆိုရပေမည်။ ထိုအခြေအနေအောက်တွင် နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့သော တပ်မတော်အစိုးရသည်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ သို့သော် တပ်မတော်အစိုးရသည် ယခင်အစိုးရအဆက်ဆက်က အမျိုးသားစည်းလုံးညီညွတ်ရေးတည်ဆောက်ရာတွင် မအောင်မမြင်ဖြစ်ခဲ့ရသည့် အကြောင်းအရင်းများကိုဖော်ထုတ်ပြီး ယခင်အစိုးရများနှင့် ကွဲပြားခြားနားသည့် ချဉ်းကပ်ပုံနည်းလမ်းများကို အသုံးပြုခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။**

နိုင်ငံရေးအရ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ၉၀ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး တိုင်းရင်းသားလက် နက်ကိုင်ကိုယ်စားလှယ်များအပါအဝင် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များ စသည့်ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ (၈) ဖွဲ့ ပါဝင်သည့် အမျိုးသားညီလာခံကိုကျင်းပပြီး အနာဂတ်နိုင်ငံတော်ဖွဲ့စည်းပုံအတွက်အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများကိုချမှတ်ခဲ့သည်။ ထိုအမျိုးသားညီလာခံသို့တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်တစ်ထောင်ကျော်အနက် တိုင်းရင်းသားကိုယ်စားလှယ်ခြောက်ရာကျော်ပါဝင်ခဲ့သည့်အတွက် မြန်မာနိုင်ငံရှိမြို့နယ်ပေါင်း ၃၂၅ မြို့နယ်မှ တစ်မြို့နယ်လျှင် တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးအနည်းဆုံးပါဝင်သည်ဟုဆိုနိုင်ပါသည်။ ထိုကိုယ်စားလှယ်များသည် ပါတီစွဲ၊ ဝါဒစွဲကင်းကင်းဖြင့်အမျိုးသား အကျိုးစီးပွားကိုသာရှေးရှုပြီးအနာဂတ်နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဌာန်ကို ဆွေးနွေးခဲ့ကြခြင်းကြောင့် အမျိုးသားညီလာခံတွင် မြန်မာနိုင်ငံရေးအင်အားစုအသီးသီးကြားတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုတည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရပေမည်။

**ထိုကဲ့သို့ နိုင်ငံရေးအရ အနာဂတ်နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသားရေးအင်အားစုအားလုံးပါဝင်နိုင်ရန်အတွက် အမျိုးသားညီလာခံဖြင့်ဆောင်ရွက်သကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုပျက်ပြားနေပြီးပြည်သူများအတိဒုက္ခရောက်နေမှုများကိုရပ်တန့်နိုင်ရန်အတွက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အပစ်အခတ်ရပ်စဲရေးကိုဆောင်ရွက်ခဲ့ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများအပြားမှာဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်လက်တွဲလုပ်ဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုငြိမ်းချမ်းရေးတည်ဆောက်မှု၏အကျိုးဆက်အဖြစ် အချို့လက် နက်ကိုင်အဖွဲ့များမှာလက်နက်ကိုင်လမ်းစဉ်ကိုလုံးဝစွန့်လွှတ်ခဲ့ပြီးထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်ကာ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲများတွင်ပင်ပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့သည့်အခြေအနေအထိရောက်ရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်စစ်ရေးပဋိပက္ခများကြောင့်ပြိုကွဲခဲ့ရသည့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ငြိမ်းချမ်းရေးနည်းလမ်းဖြင့် ပြန်လည် တည်ဆောက်နိုင်ခဲ့သည်ဟုဆိုပါမည်။**

ထို့ပြင်တပ်မတော်အစိုးရသည် နိုင်ငံအတွင်းရှပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကွဲပြားခြားနားမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုထိခိုက်ခဲ့ရသည့် အခြေအနေကို ကုစားနိုင်ရန်အတွက်နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဦးစီးသည့်နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီကိုဖွဲ့စည်းပြီး နယ်စပ်ဒေသ ၂၁ ခုတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံတော်အတွင်းဒေသတစ်ခုနှင့် တစ်ခု ဖွံ့ဖြိုးတိုးတက်မှုအကြားအ လပ်မရှိစေရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးဒေသကြီး ၂၄ ခုကိုစီမံချက်ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ အလားတူပင်နိုင်ငံအတွင်းဒေသ တစ်ခုနှင့်တစ်ခုပထဝီဝင်အနေအထားရ အဆက်အသွယ်ခက်ခဲမှုများပပျောက်စေရန်အတွက်နိုင်ငံအတွင်း လမ်းတံတားကွန်ရက်များ မီးရထားလမ်းကွန်ရက်များကိုအမျိုးသားအဆင့်စီမံကိန်းများချမှတ်ဆောင်ရွက်ပေးခဲ့သည်။ ဤသည်မှာဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုတည်ဆောက်လိုက်ခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ တစ်ဖက်ကအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအကောင်အထည်ဖော်နိုင်မည့် ထာဝရထိန်းသိမ်းထားနိုင်မည့် အခြေအနေကောင်းများကိုဖော်ဆောင်ပေးသကဲ့သို့ အမျိုးသားပြန်လည်စည်းလုံညီညွတ်ရေးတိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကိုထိခိုက်အောင်ပျက်ပြား အောင်လုပ်ဆောင်လာသည့်ပြည်တွင်းပြည်ပအင်အား စုများ၏ အဖျက်အမှောင့်လုပ်ရပ်များကိုလည်းကာကွယ်တားဆီးခဲ့ရသည်။ နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားများအသက်ဝင်စေရန်၊ ခိုင်မာအင်အားတောင့်တင်းသည့်အစိုးရတစ်ရပ်ဖြစ်ပေါ်စေရန်အတွက်လည်း လုပ်ဆောင်ခဲ့ရသည်။

ထို့ကြောင့်တပ်မတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များသည် အတိတ်ကာလကဲ့သို့ နိုင်ငံရေးသက်သက်စစ်ရေးသက်သက်အမြင်ဖြင့် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးစသည့်ဖြင့်ဘက်စုံထောင့်စုံမှ စဉ်းစားဆောင်ရွက်ခဲ့သည့် မဟာဗျူဟာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤကဲ့သို့လုပ်ဆောင်ခဲ့သည့်အတွက်လည်း ယနေ့အချိန်ကာလတွင် မည်သည့်ခေတ်ကနှင့်မျှမတူအောင် မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများရရှိနေခြင်းလည်းဖြစ်ပေသည်။

သို့တိုင်အောင် ယနေ့လုပ်ဆောင်နေသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များမှာ ပြီးမြောက်အောင်မြင်ပြီဟုမဆိုနိုင်သေးပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းမှုတွင်ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စများစွာရှိနေသေးသည်။ ပေါ်ပေါက်လာတော့မည့် ပြည်ထောင်စုလွှတ်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအကြား ဆက်ဆံရေး၊ ပြည်ထောင်စုအစိုးရနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကြားဆက်ဆံရေးများသည် ယခင်ကျင့်သုံးခဲ့သည့် နိုင်ငံတော်တည်ဆောက်ပုံနှင့်လုံးဝကွဲပြားခြားနားပေသည်။ ထို့အတူအုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်များကိုတိတိပပခွဲခြားထားပြီး အပြန်အလှန်ထိန်းကျောင်းထားသည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်မှုပုံသဏ္ဌာန်သည်လည်း ပထမဆုံးအကြိမ်ကျင့်သုံးမည့် ပုံစံဖြစ်သည်။ ထို့ကြောင့်အနာဂတ်ကာလတွင်ကျော်ဖြတ်ရမည့်စိန်ခေါ်မှုများ၊ စမ်းသပ်မှုများများစွာရှိနေပေသည်။ ထို့ပြင်ယာယီငြိမ်းချမ်းရေးသာတည်ဆောက်ထားနိုင်သည့် တိုင်းရင်းသားဒေသများတွင် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ပျက်ပြားအောင် ဆက်လက်ကြိုးစားနေသည့်ပြည်တွင်းပြည်ပအဖျက်သမားများရန်မှကာကွယ်ရေးစသည့်လုပ်ငန်းများလည်းကျန်ရှိနေပေသေးသည်။ ထိုစိန်ခေါ်မှုများဆောင်ရွက်ရန် ကျန်လုပ်ငန်းများကို အောင်အောင်မြင်မြင်အကောင်အထည်ဖော်နိုင်မှသာမြန်မာနိုင်ငံတွင် ရေရှည်တည်တံ့မည့်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုတည်ဆောက်နိုင်ပြီဟု ဆိုနိုင်ပေလိမ့်မည်။

**ဤကဲ့သို့သောအခြေအနေမျိုးတွင် ယနေ့အထိအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို မျက်ကွယ်ပြုပြီး ၁၉၄၇ ခုနှစ်ပင်လုံညီလာခံကဲ့သို့သောညီလာခံတစ်ခုကိုပြန်လည်ခေါ်ယူကာတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်သင့်သည်ဟုပြောဆိုမှုများပေါ်ထွက်လာသည်ကို လည်းသတိပြုမိ၏။ ထိုညီလာခံမျိုးကို On Lineမှလုပ်မည်ဟု အကြံပြုသူတွေလည်းရှိနေသည်ကိုပင် အံ့သြဖွယ်တွေ့ရသည်။ ထိုကဲ့သို့ပြောဆိုနေသူများသည်အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်ကိုလူတစ်ဦးကဦးဆောင်ပြီး အဖွဲ့လေးငါးဖွဲ့စုပေါင်းတွေ့ဆုံရုံမျှနှင့် အကောင်အထည်ဖော်နိုင်လိမ့်မည်ဟုထင်နေပုံရသည်။ ထိုသူများကိုညီလာခံလုပ်ဖို့ခဏထား၊ ဘယ်သူတွေက ဘယ်တိုင်းရင်းသားလူမျိုးစုကိုဘယ်ပါတီက နိုင်ငံရေးအင်အားစုကိုကိုယ်စားပြုမည်ဆိုသည်ကိုပင် သဘောတူညီမှုရအောင် ကြိုးစားကြည့်ပါဦးဟုအကြံပြုချင်သည်။**

ယနေ့အခြေအနေသည် ၁၉၄၇ ခုနှစ် ပင်လုံညီလာခဲ့လို ဖဆပလနှင့် ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်များသက်သက်တွေ့ဆုံဆွေးနွေးဆုံးဖြတ်၍ရသည့်အခြေအနေမဟုတ်တော့သည်ကိုမြင်ဖို့လိုပါသည်။ ၁၉၄၇ ခုနှစ်ပင်လုံညီလာခံတွင် ပါဝင်ခွင့်မရခဲ့သည့် တိုင်းရင်းသားလူမျိုးစုများသည် ယနေ့အချိန်တွင် နိုင်ငံရေး၊ စီးပွားရေးအရများစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီးဖြစ်သည်။ ထို့အပြင် အချို့တိုင်းရင်းသားလူမျိုးစုများများတွင် ယာယီငြိမ်းချမ်းရေးတည်ဆောက်ထားသော လက်နက်ကိုင်တပ်ဖွဲ့များရှိနေသကဲ့သို့ အချို့တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်များမှာ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းပြီးတစ်ဖက်ကလည်းတရားဝင်နိုင်ငံရေးပါတီများထူထောင်ထားပြီးဖြစ်သည်။ တစ်ဖက်ကလည်းမိမိတို့သာ သက်ဆိုင်ရာတိုင်းရင်းသားများကိုကိုယ်စားပြုသည်ဟုပြောနေ သည့်လက်နက်ကိုင်သောင်းကျန်းသူများကိုကိုယ်စားပြုသည်ဟုပြောနေသည့်လက်နက်ကိုင်သောင်းကျန်းသူများ၊ ပြည်ပြေးအဖွဲ့အစည်းများလည်းရှိသေးသည်။ နိုင်ငံရေးဘက်တွင်လည်း ၂၀၁၀ရွေးကောက်ပွဲတွင်ဥပဒေပြုလွှတ်တော်အဆင့်ဆင့်၌အရွေးချယ်ခံထားရသည့် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များလည်းရှိပြန်သည်။

ထို့ပြင် ၁၉၄၇ ခုနှစ်က မိမိနိုင်ငံကိုကျွန်ပြုထားသည့် နယ်ချဲ့ဗြိတိသျှတို့ကိုသာ ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ သို့တိုင်အောင်ပင်လုံညီလာခံမတိုင်မီနှင့် ညီလာခံအတွင်း ဗြိတိသျှကိုယ်စားလှယ်များ ခြေရှုပ်မှုကြောင့်အခက်အခဲများစွာနှင့်ကြုံတွေ့ခဲ့ရသည်ကိုလည်းကောင်း နောက်ဆုံးဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပင်လျှင်စိတ်ပျက်ပြီး ရန်ကုန်ပြန်ရန် လေယာဉ်မှာသည်အထိဖြစ်ခဲ့ရသည်ကိုလည်းကောင်းပင်လုံညီလာခံတွင်ကိုယ်တိုင်ပါဝင်ခဲ့သူများရေးသားသည့်စာအုပ်များတွင် တွေ့နိုင်ပါသည်။

ယနေ့အချိန်တွင်မူ ပထဝီဝင်နိုင်ငံရေးအခြေအနေသည် လွန်ခဲ့သည့်နှစ်ပေါင်းခြောက်ဆယ်ကျော်လာလနှင့် များစွာကွာခြားခဲ့ပေပြီ။ အာရှဒေသတွင် ဗြိတိသျှတို့နေရာသို့အစားထိုးဝင်လာသည့်အင်အားကြီးဇာတ်ကောင်သစ်တွေရှိလာနေပြီ။ အင်အားကြီးနိုင်ငံမဟုတ်သည့်တိုင်မြန်မာနိုင်ငံရေးတွင် သူတို့၏အမျိုးသားအကျိုး စီးပွားရေးအရ ပါဝင်နေသည့် ပါဝင်ရန်ကြိုးစားနေသည့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အများအပြား ရှိနေသည်။ ထိုအထဲတွင်ကောင်းသောရည်ရွယ်ချက်နှင့်ပါဝင်ချင်သူတွေရှိသလိုမကောင်းသောရည်ရွယ်ချက်နှင့်ဝင်ရောက်စွက်ဖက်ချင်သူတွေလည်းရှိသည်။ ထိုအခြေအနေမျိုးတွင်တစ်ယောက်တစ်ပေါက်နှင့်ညီလာခံတစ်ခုကျင်းပမည်ဆိုလျှင်ထိုညီလာခံကိုမိမိကိုယ်မိမိသက်ဆိုင်ရာ တိုင်းရင်းသားကိုကိုယ်စားပြုသည်ဟုထင်နေသမျှလူအားလုံး၊ အဖွဲ့အားလုံးတက်ခိုင်းဆိုင်လျှင်ထိုညီလာခံမှ ဘာအကျိုးဆက်တွေဖြစ်လာမည်ကို စဉ်းစားရုံဖြင့်သိနိုင်ပါသည်။

ထို့ကြောင့် ဦးဆောင်နိုင်မည့် ခိုင်မာအင်အားကောင်းသည့်အဖွဲ့အစည်း၊ တိကျသည့်ကိုယ်စားလှယ်ရွေးချယ်မှုစနစ်များမရှိဘဲ တစ်ဦးတစ်ယောက်ကောင်းဖြင့် ညီလာခံတစ–ခု ကျင်းပနိုင်မည်ဟု စဉ်းစားခြင်းမှာ ပကတိအရှိတရားနှင့် အင်မတန်အလှမ်းဝေးသော စိတ်ကူးယဉ်မှုသက်သက်သာဖြစ်သည်။ မိမိအနေအထားကိုလိုသည်ထက်ပိုတွက်ပြီး မိမိကိုယ်မိမိအထင်ကြီးလွန်းနေခြင်းသာဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ ၁၉၄၇ ခုနှစ်ပင်လုံလာခံကျင်းပချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့အချုပ်သည် ဗြိတိသျှဘုရင်ခံ၏ အစိုးရအဖွဲ့တွင်ပါဝင်နေပြီးကာကွယ်ရေးနှင့်နိုင်ငံခြားရေးမှအပကျန်အုပ်ချုပ်ရေးကိစ္စများတွင်လုပ်ပိုင်ခွင့်ရထားသည့်အပြင်မြန်မာလွတ်လပ်ရေးနှင့်ပတ်သက်လျှင်ဖဆပလနှင့်သာဆွေးနွေးရန်ဗြိတိသျှတို့ကလက်ခံထားခြင်းကြောင့်ပင်လုံညီလာခံကိုဖဆပလကဦးဆောင်ပြီးအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်သည်ဆိုသည်ကိုလည်း သတိရဖို့လိုပါသည်။

ထို့ကြောင့်ယနေ့နိုင်ငံတော်၏အသွင်းကူးပြောင်းရေးလုပ်ငန်းစဉ်ကိုဦးဆောင်နေသည့်တပ်မတော်နှင့် ၂၀၁၀ ရွေးကောက်ပွဲမှ ရွေးချယ်ခံနိုင်ငံရေးပါတီများမပါဝင်သည့် ပင်လုံညီလာခံပုံစံညီလာခံကျင်းပမည်ဆိုသည့်အယူအဆသည်အပေါ်စားနိုင်ငံရေးစတန့်ထက်ပိုမည်မဟုတ်သည်ကိုနားလည်ဖို့လိုပါသည်။ တပ်မတော်အနေဖြင့်ငြိမ်းချမ်းစွာအ သွင်းကူးပြောင်းရေးအတွက် လိုအပ်သည့်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုဘက်စုံ ထောင့်စုံမှစဉ်းစားဆောင်ရွက်ခဲ့ရာအတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့ပြီးဖြစ်သည်။ ထိုအချိန်တွင် တပ်မတော်မပါဝင်သည့် ပင်လုံညီလာခံပုံစံ ညီလာခံတစ်ခုကို စေတနာကောင်းဖြင့်ကျင်းပသည်ဆိုဦးတော့ ထိုညီလာခံသည်အစိုးရကိုဆန့်ကျင်နေသောမူဝါဒလမ်းစဉ်(၇)ရပ်ပျက်ပြားအောင်လုပ်ဆောင်နေသောအဖွဲ့အစည်းများ၏အသုံးချခံအဖြစ်သို့ရောက်ရှိသွားမည်မှာ သေချာပေသည်။ ထိုသို့ဖြစ်လာလျှင်မူ ပေါ့စေလိုလို့ကြောင်ရုပ်ထိုးကာမှဆေးအတွက်လေးဆိုသကဲ့သို့အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုထိခိုက်သည့်အဖြစ်သို့ ရောက်သွားပေလိမ့်မည်။

ထိုသို့ဆိုလျှင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဘာမှအလုပ်ရတော့ဘူးလားဟုမေးရန်ရှိပါသည်။ လုပ်ရန်နည်းလမ်းများရှိပါသည်။ ယခုဖွဲ့စည်းပုံအခြေခံဥပဒေအရပေါ်ပေါက်လာသည့် လွှတ်တော်အဆင့်ဆင့်သည်ရရှိ ထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်မည့်နေရာများဖြစ်သည်။ လွှတ်တော်အသီးသီးတွင် ပြည်သူများရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များရှိသည်။ ဘယ်သူက ဘယ်သူ့ကို ကိုယ်စားပြုသည်ကို ငြင်းခုံနေစရာမလို၊ သက်ဆိုင်ရာမဲဆန္ဒနယ်ကပြည်သူများက သူတို့အကျိုးအတွက်မည်သူ့ကိုတာဝန်ပေးမည်ကိုဆုံးဖြတ်ပေးခဲ့ပြီးဖြစ်သည်။ ထိုကိုယ်စားလှယ်များထဲတွင် တိုင်းရင်းသားတွေလည်းပါသည်။ ထို့ပြင်သီးခြားတိုင်းရင်းသားကိုယ်စားလှယ်အဖြစ် အရွေးခံရသူတွေလည်းပါသည်။ နောက်ပြီးတပ်မတော်သားကိုယ်စားလှယ်တွေပါသည်။ ယနေ့ပြောနေသည့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့်တပ်မတော်တို့တွေ့ဆုံရေးဆိုသည့်လုပ်ငန်းကိုထိုလွှတ်တော်အဆင့်ဆင့်တွင် လက်တွေ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဥပဒေပြုရေးရာများတွင် လက်တွဲဆောင်ရွက်ရင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများကိုတည်ဆောက်နိုင်ပါလိမ့်မည်။ ထိုအခြေခံဥပဒေထဲတွင်တိုင်းရင်းသားများ၏အခွင့်အရေး၊ မိမိတို့ဘာသာစကားယဉ်ကျေးမှုစသည်တို့ကိုထိန်းသိမ်းဖော်ဆောင်နိုင်မည့် လွှတ်တော်၊ အစိုးရအဖွဲ့၊ ဥပဒေပြုခွင့် အာဏာတို့လည်းပါပြီးဖြစ်သည်။ လွှတ်တော်ထဲတွင်အားလုံးလက်တွဲလုပ်ဆောင်ရင်းအားသာချက်များကိုပိုပြီးအားကောင်းအောင်၊ အားနည်းချက်များတွေ့လာပါကပြုပြင်နိုင်အောင် ဝိုင်းဝန်းကြိုးစားဖို့သာလိုပါသည်။

ဥပဒေပြုလွှတ်တော်များသို့ရွေးချယ်ခံရခြင်းမရှိသူများ၊ အဖွဲ့အစည်းများကရောဟုမေးလျှင် သူတို့တစ်တွေသည်အခြေခံဥပဒေက ပေးအပ်ထားသည်နိုင်ငံသားများ၏အခွင့်အရေးများနှင့် အညီလွှတ်တော်ပြင်ပတွင်မိမိတို့၏အမြင်များကိုပြောဆိုတင်ပြနိုင်မည်ဖြစ်သည်။ မိမိတို့မဲဆန္ဒနယ်ကကိုယ်စားလှယ်များကိုအကြံပြုနိုင်မည်ဖြစ်သည်။ မိမိတို့အယူအဆ၊ အတွေးအမြင်များကိုပြည်သူတွေကထောက်ခံသည်ဟုယုံကြည်လျှင်နောက်တစ်ကြိမ်ရွေးကောက်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်အတွင်းနိုင်ငံရေးကိုလုပ်ဆောင်နိုင်ကြပါလိမ့်မည်။

ဤနည်းလမ်းသည်သာလျှင်လွှတ်တော်အတွင်းနှင့်လွှတ်တော်ပြင်ပရှိ နိုင်ငံရေးအင်အားစုများအနေဖြင့်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတွင် အားလုံးပါဝင်နိုင်မည့် အခွင့်အရေးလည်းဖြစ်ပါသည်။ မိမိတို့မျက်မှောက်ရှိအကောင်းဆုံးနည်းလမ်းကိုမရွေးဘဲစိတ်ကူးယဉ်မှုသက်သက်ဖြင့် ဆောင်ရွက်ဖို့ကြိုးစားလျှင်မူအကျိုးထက်အပြစ်က ပိုများလိမ့်မည်ဆိုသည်ကို သတိပြုကြစေလိုပါသည်။

Environment
7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# ကုလသမဂ္ဂရာသီဥတုဆွေးနွေးပွဲ သဘောတူညီချက်ရရှိ

**ကန်ကွန်၊ ဒီဇင်ဘာ-၁၁**

မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့၌ ကျင်းပလျက်ရှိသော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတွင် ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ရေးအတွက် သဘောတူညီချက်တစ်ရပ်ရရှိခဲ့ကြောင်းသိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီပေးရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ထားရှိရန်လည်း ကုလသမဂ္ဂဆွေးနွေးပွဲတွင် သဘောတူညီခဲ့သည်။




ဘိုလီးဗီးယားနိုင်ငံ၏ ကန့်ကွက်မှုများရှိခဲ့သော်လည်း အစည်းအဝေးသို့ တက်ရောက်လာသောနိုင်ငံများက အိမ်ရှင်မက္ကဆီကိုနိုင်ငံက ညှိနှိုင်းရေးဆွဲပေးထားသော အအချက်အလက်များကို ထောက်ခံကြောင်း ပြောကြားကြသည်။

ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးကို ယခုထက်ပို၍လုပ်ဆောင်ရမည်ဟု မူကြမ်းစာရွက်စာတမ်းများက ဖော်ပြထားသော်လည်း နိုင်ငံများက လျှော့ချမည်ဟု အာမခံထားသော ပမာဏများသို့ ရောက်ရှိစေရေးအတွက် မည်သို့ ဆောင်ရွက်မည်ကိုမူဖော်ပြမထားပေ။ ကျိုတို သဘောတူညီချက်အား နိုင်ငံအချို့က ဆန့်ကျင်နေခဲ့သောကြောင့်ကနဦးဆွေးနွေးပွဲတွင် အတားအဆီးဖြစ်ခဲ့သော်လည်း သံတမန်များက ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြသည်။

ဆွေးနွေးညှိနှိုင်းမှုများ အတွင်း အချင်းချင်းအဆင်မပြေမှုများ အများဆုံးဖြစ်ပေါ်ခဲ့သော ဂျပန်၊ တရုတ်၊ အမေရိကန်စသော နိုင်ငံများက မူကြမ်းသဘောတူညီချက်အား ထောက်ခံကြောင်းပြောကြားလာကြသောအခါ ဆွေးနွေးပွဲသို့ တက်ရောက်လာသောကိုယ်စားလှယ်များက ချီးကျူးသြဘာပေးခဲ့ကြသည်။

ယခုထိပ်သီးဆွေးနွေးပွဲမှနေ၍ ခေါင်းဆောင်များသည် မိုးကုပ်စက်ဝိုင်းသစ်မှရောင်နီပျိုးလာသည်ကိုမြင်တွေ့ရပြီဖြစ်ကြောင်း မက္ကဆီကိုသမ္မတ ဖီးလစ်ကယ်လ်ဒါရွန်က ပြောကြားခဲ့သည်။

_Ref: BBC

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝေါဟာရစာအုပ် ရခိုင်ပြည်နယ် ကျောင်းများတွင် ဖြန့်ဝေ



**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၄**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာအားကလေးငယ်များသို့ပို့ချရာတွင် လေ့လာလွယ်ကူစေရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝေါဟာရများမှတ်စုစာအုပ် ရခိုင်ပြည်နယ်ရှိ ကျောင်းများ၌ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ယင်းစာအုပ်တွင် အင်္ဂလိပ်အက္ခရာဖြင့် ကာတွန်းပုံများ ရေးဆွဲ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝေါဟာရများကို ရေးသားဖော်ပြထားသည်။ ဥပမာ-အက္ခရာအေစကားလုံးကို apple အစား air ကို အစားထိုးဖော်ပြထားပြီး ယင်းအဓိပ္ပာယ်ကို "တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မီးခိုးထွက်ခြင်းတို့သည် လေထုကိုညစ်ညမ်းစေပါသည်" ဖော်ပြထားပါသည်။

သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာသူများက သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝေါဟာရများ မှတ်စုစာအုပ်အား ကလေးငယ်များတွင် ဖြန့်ဝေခြင်းသည် ပထမဦးဆုံးကြားသိရခြင်းဖြစ်ပြီး ယင်းအကြံဉာဏ်သည်ကောင်းသည့် အကြံဉာဏ်ဖြစ်ကြောင်း ပြောဆိုကြသည်။ ယင်းစာအုပ်ကို မြန်မာနိုင်ငံအခြေစိုက်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလူမှုရေးအသင်းဖြစ်သော ဘန်ကာနှင့်ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၊ ISTTUTO OIKOS နှင့် Regional Lombardia တို့ ပူးပေါင်း၍ EU (European Union) ပံ့ပိုးမှုဖြင့်ထုတ်ဝေခြင်းဖြစ်သည်။

ယင်းစာအုပ်သည် လူကြိုက်များသော်လည်း အကန့်အသတ်ဖြင့်သာထုတ်ဝေပြီး မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

## Environment cartoon




# ပြည်သူများအတွင်း သစ်ပင်စိုက်ပျိုးရန် ပိုမိုစိတ်ဝင်စားလာ

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၄**

ယခုနှစ်အတွင်း ကြုံတွေ့ရသော ပူပြင်းခြောက်သွေ့မှုနှင့် မိုးခေါင်ရေရှားမှုစသည့် အချက်ပေးသံများကြောင့် ပြည်သူလူထု အကြားအသိပညာများရလာကြပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလူမှုအဖွဲ့အစည်းများအပြင် ပြည်သူလူထုပါ သစ်ပင်ပါဝင်စိုက်ပျိုးလာကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များနှင့် လေ့လာစောင့်ကြည့်သူများက ဆိုသည်။


၂၀၀၈ ခုနှစ် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ပြည်သူလူထုအကြားတွင် သဘာဝ ပတ်



ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်ဆက်စပ်မှုကို သိရှိသော်လည်း တက်ကြွလှုပ်ရှားပါဝင်မှု အားနည်းခဲ့သည်။ မြန်မာနိုင်ငံတွင် ဇွန်နှင့် ဇူလိုင်လသည် သစ်ပင်စိုက်ရေးလများအဖြစ်သတ်မှတ်ထားပြီး နိုင်ငံတော်အစိုးရမှဦးဆောင်၍ သက်ဆိုင်ရာဌာနဆိုင်ရာဌာနနှင့် အခြေခံပညာကျောင်းများက နှစ်စဉ်စိုက်ပျိုးလေ့ရှိသည်။ ယခုနှစ်တွင် ယင်းဌာနဆိုင်ရာများအပြင် စာပေအနုပညာအသိုင်းအဝိုင်းများကပင် ရန်ပုံငွေမတည်၍ သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်လာကြသည်။

"သစ်ပင်စိုက်တာနဲ့ ပတ်သက်ပြီးကမ္ဘာမှာနေ့တိုင်းလိုလို တိုင်းပြည်တိုင်းမှာ လှုပ်ရှားမှုအနေနဲ့ လုပ်လာကြတယ်။ မြန်မာနိုင်ငံမှာဆိုရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေအပြင် စာပေအနုပညာအသိုင်းဝိုင်းပါ ပါဝင်လာတာ တွေ့ရတယ်။ ဒါဟာ ကောင်းတဲ့ အလားအလာပါ။ လိုလည်း လိုအပ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဒေါ်ဒေဝီသန့်စင်ကပြောသည်။

စာ(၃၇) သို့



# Tourism

7DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# နှစ်စဉ်ကျင်းပမြဲ နာဂပွဲတော်ကို လဟယ်မြို့တွင် ကျင်းပမည်

**မျိုးမင်းဦး**

မုံရွာ၊ ဒီဇင်ဘာ- ၉

၂၀၁၁ ခုနှစ် နာဂတိုင်းရင်းသားနှစ်သစ်ကူးပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် လဟယ်မြို့တွင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်မှ ၁၆ ရက်အထိကျင်းပသွားမည်ဖြစ်သည်။



၂၀၀၉ ခုနှစ် နာဂတိုင်းရင်းသားနှစ်သစ်ကူးပွဲတော်ကျင်းပစဉ် ဒေသခံများက ရိုးရာအကဖြင့်ဖျော်ဖြေစဉ်။

"စစ်ကိုင်းတိုင်းအထက်ပိုင်း နာဂတောင်တန်းမှာ နေထိုင်ကြတဲ့ နာဂတိုင်းရင်းသားရိုးရာယဉ်ကျေးမှုတွေနဲ့အညီ ကျင်းပမယ့် နာဂတိုင်းရင်းသား နှစ်သစ်ကူးပွဲတော်ကို ပြည်တွင်းပြည်ပကလာရောက်လေ့လာသူတွေတစ်နှစ်ထက်တစ်နှစ်ပိုများလာတယ်။ နာဂတိုင်းရင်းသားများ နေထိုင်မှုဓလေ့ထုံးစံတွေ၊ တောတောင်သဘာဝ အလှတွေကို ကမ္ဘာလှည့်ခရီးသည် တွေ စိတ်ဝင်စားမှုပိုများပါတယ်။ နာဂတိုင်းရင်းသား နှစ်သစ်ကူးပွဲတော်ကို အရင်တုန်းကမိမိတို့နေထိုင်ရာ ကျေးရွာအလိုက်ကျင်းပခဲ့ကြပြီး ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်မှာ နာဂတိုင်းရင်းသား နှစ်သစ်ကူးနေ့အဖြစ် စတင်သတ်မှတ်ခဲ့ကြတယ်။ နာဂတိုင်းရင်းသား နှစ်သစ်ကူးပွဲတော်ကို နာဂတိုင်းရင်းသားတို့ နေထိုင်ရာ လေရှီး၊ လဟယ်၊ နန်းယွန်း မြို့တွေမှာ ကျင်းပခဲ့ကြတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ဒေသခံ နာဂတိုင်းရင်းသားတစ်ဦးကပြောကြားသည်။

"၂၀၁၀ ပြည့်နှစ် နာဂတိုင်းရင်းသားနှစ်သစ်ကူးပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့မှာ ပထမဆုံးအကြိမ် ကျင်းပခဲ့တယ်။ ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်း ဒေသခံ နာဂတိုင်းရင်းသားတွေတက်ရောက်ခဲ့ပြီး နာဂတိုင်းရင်းသားဓလေ့ထုံးစံနဲ့အညီကျင်းပခဲ့တယ်။ နာဂတိုင်းရင်းသားပွဲတော်ကို နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် ပျမ်းမျှ ၈၀ ခန့်လာရောက်ပြီး ဂျာမနီ၊ အီတလီ၊ ဗြိတိန်၊ ဟန်ဂေရီနဲ့ အာရှနိုင်ငံတွေက လာရောက် လေ့လာခဲ့ကြတယ်။ ဒီနှစ်ပြည်တွင်း၊ ပြည်ပက နာဂနှစ်သစ်ကူးပွဲတော်ကိုလာရောက်သူတွေ ပုံမှန်နှစ်တွေထက် ပိုများလာနိုင်တယ်"ဟု မုံရွာဒေသခံ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းတာဝန်ရှိသူတစ်ဦးကပြောသည်။

## ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းများ စက်သုံးဆီဖိုးငွေတိုးယူ

**အောင်သူရ**

ရန်ကုန်၊ ဒီဇင်ဘာ - ၇

လေယာဉ်ဆီဈေးနှုန်းမြင့်တက်လာမှုကြောင့် ပြည်တွင်းခရီးစဉ်များကို ပျံသန်းပေးနေသော လေကြောင်းလိုင်းအပါအဝင် နိုင်ငံတကာသို့ ပျံသန်းနေသည့် လေကြောင်းလိုင်းများ၏ စက်သုံးဆီဖိုး အပိုဆောင်းတောင်းငွေ (Fuel Surcharges)များကို တိုး၍ယူလာကြောင်း သတင်းရရှိသည်။



ပြည်တွင်းခရီးစဉ်များ ပျံသန်းပေးနေသော အဲပုဂံလေကြောင်းလိုင်းမှာ ဒီဇင်ဘာ ၁၀ ရက်မှစ၍ ခရီးတိုများအတွက် ၃ ဒေါ်လာနှင့် ခရီးရှည်များအတွက် ၂ ဒေါ်လာ ထပ်တိုးလိုက်ကြောင်း အဆိုပါလေကြောင်းလိုင်း၏သတင်းထုတ်ပြန်ချက်အရသိရသည်။ ထို့အတူ စင်ကာပူအခြေစိုက် Silk Air လေကြောင်းလိုင်းသည် ဒီဇင်ဘာ ၂ ရက်မှစ၍ ရန်ကုန်-စင်ကာပူခရီးစဉ်အား ၃ ဒေါ် လာ၊ တရုတ်နှင့် အိန္ဒိယခရီးစဉ် များအတွက် ၅ ဒေါ်လာထပ်တိုးလိုက်သည်ဟု အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။Silk Air လေကြောင်းလိုင်းသည် ၂၀၀၈ ခုနှစ် ဇွန်လက Fuel Surcharges ဈေးနှုန်းအား ထပ်တိုးခဲ့ပြီး၊ ၂၀၀၈ ခုနှစ် စက်တင်ဘာလနှင့် နိုဝင်ဘာလများတွင် ဈေးပြန်လျှော့ခဲ့သည်။

ကိုရီးယားလေကြောင်းလိုင်းသည်လည်းကိုရီးယား၊ဂျပန်နှင့် တရုတ်ခရီးစဉ်များအတွက် ဒီဇင်ဘာလဆန်းမှစ၍ ၇ ဒေါ်လာထပ်တိုးခဲ့သည်။ကမ္ဘာ့လောင်စာဆီဈေးနှုန်းမှာ နိုဝင်ဘာလဆန်းမှစ၍ တဖြည်းဖြည်းတက်လာခဲ့ပြီး ဒီဇင်ဘာလဆန်းမှစ၍ တစ်စည်လျှင် ကန်ဒေါ်လာ ၉၀ ကျော်အထိရှိလာခဲ့သည်။




## ပုဂံယဉ်ကျေးမှုဇုန်တွင် ဟိုတယ်တည်ဆောက်ခွင့် ပြုသည်ဆိုခြင်းမှာ မဟုတ်ဟုဆို



**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၃**

ပုဂံယဉ်ကျေးမှုဇုန်တွင် အဆောက်အအုံတည်ဆောက်ခွင့်ကို မည်သည့်အချိန်အခါကမျှ ခွင့်မပြုခဲ့ကြောင်း အမျိုးသားစာကြည့်တိုက်နှင့် ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဘယ်တုန်းကမှ တည်ဆောက်ခွင့်မပေးခဲ့ပါဘူး။ ဟိုးတုန်းကရောအခုရော လုံးဝဆောက်လို့မရပါဘူး" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ပုဂံမြို့ ယဉ်ကျေးမှုဇုန်တွင် ဟိုတယ်တည်ဆောက်ခွင့်ပြုသည်ဟူသော အပြင်၌ ထွက်ပေါ်နေသည့်ကောလာဟလသတင်းနှင့်ပတ်သက်၍ မေးမြန်းရာ အထက်ပါပုဂ္ဂိုလ်ကဖြေကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ ရှေးဟောင်းသုတေသနနယ်မြေတွင် အဆောက်အအုံတည်ဆောက်လိုပါက သက်ဆိုင်ရာ ရှေးဟောင်းသုတေသန၏ခွင့်ပြုချက်၊ မြို့တော်စည်ပင်၏ ခွင့်ပြုချက်၊ ဟိုတယ်ခရီးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောက်လုပ်ခွင့်ရကြောင်း သိရသည်။

## မြောက်ဦးသို့လာရောက်သော ကမ္ဘာလှည့်ခရီးသည်များ မြင်းလှည်းစီးခြင်းကိုနှစ်သက်



**ဖိုးသီဟ**


ရန်ကုန်၊ ဒီဇင်ဘာ-၇

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည့် မြောက်ဦးမြို့သို့လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားသား အများစုသည် မြို့ပေါ်ဘုရားများသို့ လည်ပတ်ရာတွင် မြင်းလှည်းစီး၍ လည်ပတ်ရခြင်းကို များစွာနှစ်သက်သဘောကျကြကြောင်း ဒေသခံများထံမှ သိရသည်။

"မြောက်ဦးကို အလာများတာက အက်ဖ်အိုင်တီတွေအလာများတယ်။ မြင်းလှည်းနဲ့သွားရတာကို ပိုပြီးနှစ်သက်ကြတယ်။ လမ်းတွေကကြမ်းတော့ ကားစီးရင်အရမ်းခုန်တယ်လေ။ ဒါကြောင့် မြင်းလှည်းကိုပဲအဓိကစီးကြတာ" ဟု မြောက်ဦးမြို့မှ ဒေသခံဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုကျော်မိုးကပြောသည်။မြောက်ဦးမြို့တွင် မြင်းလှည်းငှားရမ်းခမှာ တစ်နေ့လုံးလျှင်ကျပ် ၉,၀၀၀ မှ ၁၂,၀၀၀ ကျပ်ခန့်ထိရှိပြီး နှစ်စဉ်မြောက်ဦးမြို့သို့နိုင်ငံခြားသားဧည့်သည် ၃,၀၀၀ ခန့်လာရောက်လည်ပတ်ကြသည်။

7DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010



The Cartoon Logo










7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

## ယွန်ပြောင်းကျွန်း တိုက်ခိုက်မှုအစီရင်ခံစာ မြောက်ကိုရီးယား ထုတ်ပြန်

**ဆိုးလ်၊ ဒီဇင်ဘာ - ၉**

နိုဝင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် ယွန်ပြောင်းကျွန်းတိုက်ခိုက်မှုအပေါ် ကာကွယ်ပြောကြားထားသော အစီရင်ခံစာတစ်စောင်အား မြောက်ကိုရီးယားနိုင်ငံက ထုတ်ပြန်လိုက်သည်။ အနောက်ဘက်ကမ်းခြေ အငြင်းပွားပင်လယ်ပြင်၌ တင်းမာမှုများ အရှိန်မြင့်လာစေရန် ဆိုးလ်နှင့် ဝါရှင်တန်တို့က အစဉ်တစိုက်လုပ်ဆောင်ခဲ့ကြောင်းလည်းယင်းအစီရင်ခံစာတွင် စွပ်စွဲထားကြောင်းသိရသည်။

အငြင်းပွားနေသည့် မြောက်ပိုင်းကန့်သတ်မျဉ်း(NLL)ပင်လယ်နယ်နိမိတ်အနီးတည်ရှိသော ကျွန်းငါးကျွန်းမှတစ်ကျွန်းဖြစ်သော ယွန်ပြောင်းကျွန်းအားမြောက်ကိုရီးယားနိုင်ငံက လက်နက်ကြီးများနှင့် ပစ်ခတ်ခဲ့ရာ စစ်သားနှစ်ဦးနှင့် အရပ်သားနှစ်ဦးသေဆုံးခဲ့သည်။



(၁၉၅၀-၅၃)ခုနှစ် ကိုရီးယားစစ်ပွဲနောက်ပိုင်း တောင်ကိုရီးယားမြေပေါ်၌ အရပ်သားအသေအပျောက်ရှိခဲ့သည့် ၎င်းတိုက်ခိုက်မှုနှင့်အတူ နျူကလီးယားအရေးတွင် တိုးတက်မှုများရှိကြောင်း မြောက်ကိုရီးယား၏ ထုတ်ဖော်ပြောဆိုမှုများကြောင့် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများမြင့်တက်လာခဲ့သည်။

တောင်ကိုရီးယားက ၎င်း၏ ရေပိုင်နက်အတွင်းသို့ အမြောက်ဖြင့် နှစ်ကြိမ်ပစ်ခဲ့ပြီးနောက်မှသာ ၎င်းတို့ဘက်က လက်နက်ကြီး ပစ်ခတ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြုံယမ်းက ပြောကြားသည်။ တောင်ကိုရီးယားဘက်ကမူ ပုံမှန်စစ်ရေးလေ့ကျင့်မှုများသာပြုလုပ်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံ၏ ရေပိုက်နက်အတွင်းသို့ တောင်ကိုရီးယားနိုင်ငံက ထောင်နှင့်ချီသောလက်နက်ကြီးကျည်ဆံများ ပစ်ခတ်ခဲ့ကြောင်း ကိုရီးယားငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးကော်မတီအတွင်းရေးမှူးရုံး အစီရင်ခံစာအား ကိုးကား၍ မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီကဖော်ပြခဲ့သည်။ ယင်း အဆင်ခြင်မဲ့လုပ်ရပ်က ၎င်းတို့နိုင်ငံ(မြောက်ကိုရီးယား)၏ စစ်ရေးအရ အရေးယူဆောင်ရွက်မှုကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင်ဆက်လက် ဖော်ပြထားသည်။

*—Ref: Reuters*

## ခြောက်နိုင်ငံအရေးပေါ်ဆွေးနွေးပွဲအား ထောက်ခံရန် တရုတ်တိုက်တွန်း

**ဘေဂျင်း၊ ဒီဇင်ဘာ - ၈**

ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေးနှင့်ပတ်သက်၍ ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်လည်ပြုလုပ်ရေးမှာ အရေးတကြီးကိစ္စဖြစ်ကြောင်း တရုတ်နိုင်ငံက ထပ်မံအတည်ပြုပြောကြားလိုက်ပြီး အမိကဆွေးနွေးဘက်များအကြား အရေးပေါ်ဆွေးနွေးပွဲ ပြုလုပ်ရေး ၎င်းတို့၏ အဆိုပြုချက်အား ထောက်ခံရန် တရုတ်နိုင်ငံက တိုက်တွန်းပြောကြားသည်။

"ကိုရီးယားကျွန်းဆွယ်မှာ ဖြစ်ပေါ်တိုးတက်မှုတွေက ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်လည်စတင်ဖို့ အရေးတကြီးရှိမှုနဲ့ အရေးပါပုံကို ပြသနေပါတယ်" ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်မစ္စကျန်ယုက ပုံမှန်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများမြင့်တက်လာစဉ် ဆွေးနွေးဘက် ခြောက်နိုင်ငံမှ ညှိနှိုင်းရေးမှူးများအနေဖြင့် ဒီဇင်ဘာလအတွင်းအရေးပေါ် ဆွေးနွေးပွဲများပြုလုပ်ရန် တရုတ်နိုင်ငံက ပြီးခဲ့သည့်လက အဆိုပြုခဲ့သည်။

ကိုရီးယား ကျွန်းဆွယ်အခြေအနေအပေါ် ဆွေးနွေးမှုများ ပြုလုပ်ရေး တရုတ်နိုင်ငံ၏ အဆိုပြုချက်ကို သက်ဆိုင်သူများက နားလည်မှုပေး၍ ထောက်ခံမှုပေးရန် မစ္စကျန်က တောင်းဆိုလိုက်သည်။

နိုဝင်ဘာ ၂၃ ရက်တွင် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြား လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ပြီးနောက်ပိုင်း ကိုရီးယားကျွန်းဆွယ်၌တင်းမာမှုများ ရှိနေဆဲဖြစ်သည်။

*—Ref: Xinhua*



## သီရိလင်္ကာနိုင်ငံ၌ ရေကြီးမှုများကြောင့် လူ ၇၆ ၀၀၀ ခန့် အိုးအိမ်မဲ့ဖြစ်

**ကိုလံဘို၊ ဒီဇင်ဘာ - ၇**

သီရိလင်္ကာနိုင်ငံရှိ ဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းကာ ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ၇၆,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကာ အိမ်ခြေပေါင်း ၂,၃၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဒေသခံအာဏာပိုင်များကပြောကြားလိုက်သည်။

နိုဝင်ဘာလအစောပိုင်းမှစ၍ ဖြစ်ပေါ်ခဲ့သော မိုးရွာသွန်းမှုများကြောင့် သီရိလင်္ကာနိုင်ငံတွင် မျှော်မှန်းထားသည်ထက် ရေကြီးရေလျှံမှုများပိုမိုဖြစ်ပေါ်ကာဟမ်ဘမ်တိုတာ၊ ကီလင်နော့ချီ၊ မန်နာ၊ ဂမ်ပါဟာ၊ ဂျက်ဖ်နာ၊ ထရင်ကိုမာလီနှင့် ကီ ဂယ်လာခရိုင်များရှိပြည်သူများ အားထိခိုက်ခဲ့ရကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးကပြောသည်။

သို့သော် အာဏာပိုင်များက ရေလွှမ်းမိုးမှုများကြောင့် နိုင်ငံမြောက်ပိုင်းနှင့် ဗဟိုမြောက်ပိုင်းဒေသများရှိ ကုန်းတွင်းပိုင်းကျေးလက်ဒေသမှ လယ်သမားများမှာမူ လာမည့် စပါးစိုက်ရာသီအတွက် ရေအလုံအလောက်ရဖွယ်ရှိပြီး ရေအားလျှပ်စစ်ထုတ်လုပ်ရေး စက်ရုံများမှ ဆည်များလည်း ရေအပြည့်ရဖွယ်ရှိကြောင်း ဆိုထားသည်။

*—Ref: Xinhua*



## ရှန်ဟိုင်းဆယ်ကျော်သက်များ ကမ္ဘာ့အကောင်းဆုံး ပညာရေးကိုရရှိထားဟုဆို

**ပါရီ၊ ဒီဇင်ဘာ - ၇**

တရုတ်နိုင်ငံ၏ စီးပွားရေးမြို့တော်ရှန်ဟိုင်းမှ ဆယ်ကျော်သက်လူငယ်များသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးပညာရေးကို ရရှိထားသူများဖြစ်ကြောင်း နိုင်ငံတကာသုတေသနတစ်ခု၏ ဖော်ပြချက်အရသိရသည်။ သုတေသနအား ကမ္ဘာ့စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ကြီး (OEDC)က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ နိုင်ငံတကာအဆင့်သုတေသနကို သုံးနှစ်တစ်ကြိမ်ထုတ်ပြန်လေ့ရှိသည်။

ယခုသုတေသနတွင် ကမ္ဘာ့နိုင်ငံပေါင်း ၆၅ နိုင်ငံမှ ၁၅ နှစ်အရွယ် ကျောင်းသားပေါင်း ၄၇၀, ၀၀၀ ကို အခြေခံလေ့လာခဲ့ရာ ရှန်ဟိုင်းမှဆယ်ကျော်သက် ကျောင်းသားများသည် သင်္ချာ၊ သိပ္ပံနှင့် စာတတ်မြောက်မှုနှုန်းများတွင် ကမ္ဘာ့အကောင်းဆုံးဖြစ်နေခဲ့ခြင်းဖြစ်သည်။ စစ်တမ်းတွင် တောင်ကိုရီးယားနှင့် ဖင်လန်နိုင်ငံတို့မှာနိုင်ငံအလိုက်အဆင့်၌ ထိပ်ဆုံးမှရပ်တည်ခဲ့သော်လည်းရှန်ဟိုင်းမြို့မှ ကျောင်းသားများမှာမူ အထက်ပါ ဘာသာရပ်သုံးမျိုးလုံးတွင် ကမ္ဘာ့ထိပ်တန်းနေရာရခဲ့ခြင်းဖြစ်သည်။ OECD ၏ စစ်တမ်းတွင် အမေရိကန်၊ ဆွီဒင်၊ ဂျာမနီ၊ ပြင်သစ်၊ အိုင်ယာလန်၊ ဗြိတိန်၊ ဟန်ဂေရီ၊ ပေါ်တူဂီနိုင်ငံများမှချမ်းသာသောနိုင်ငံများအကြားတွင် လူငယ်များပညာတတ်မြောက်မှုသာမန်ထက် အနည်းငယ်ပိုများခဲ့ပြီး ဆွီဒင်နှင့် အိုင်ယာလန်နိုင်ငံတို့တွင်မူလွန်ခဲ့သည့် သုံးနှစ်ကထက် ပညာရေးအဆင့်နိမ့်ကျသွားကြောင်း ဖော်ပြခဲ့သည်။

OECD ၏ အထွေထွေအတွင်းရေးမှူးချုပ် အင်ဂယ်ဂါရီကလည်း "ပညာရေးရလဒ်ပိုင်း ပိုကောင်းခြင်းဟာ နိုင်ငံတွေအတွက် အနာဂတ်စီးပွားရေးတိုးတက်မှုကို အကောင်းဆုံးခန့်မှန်းပေးနိုင်ပါတယ်"ဟု ပြောသည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010



## Leader's Profile

# ဆိုက်ပရပ်စ်နိုင်ငံ သမ္မတ ဒီမီထရစ်ခရစ်တိုဖီယက်စ်

ရဲမင်း

ဒီမီထရစ်ခရစ်တိုဖီယက်စ်သည် ဆိုက်ပရက်စ်နိုင်ငံ၏ ဆဋ္ဌမမြောက် သမ္မတဖြစ်သည်။ တိုးတက်သော ဆိုက်ပရက်စ် လုပ်သားများပါတီ၏အထွေထွေအတွင်းရေးမှူး ဒီမီထရစ်သည် ဂရိနှင့် ဆိုက်ပရက်စ် မျိုးနွယ် နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပထမဦးဆုံးနှင့် တစ်ဦးတည်းသော ကွန်မြူနစ်နိုင်ငံအကြီးအကဲဖြစ်သည်။

**ငယ်စဉ်ဘဝ**

ဒီမီထရစ်အား ၁၉၄၆ ခုနှစ် ဩဂုတ်လ ၂၉ ရက်တွင် ကိုင်ရီးနီးယားဒေသ ဒီကိုမိုရှာ၌ မွေးဖွားခဲ့သည်။ ၎င်း၏ အထက်တန်းကျောင်းပညာရေးကို ဆိုက်ပရက်စ်မြို့တော် နီကိုရှားတွင် သင်ကြားခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် အခြေခံပညာရေး ပြီးဆုံးခဲ့သည်။ ဒီမီထရစ်သည် အဆင့်မြင့် ပညာရေးအားဆိုဗီယက်ပြည်ထောင်စုတွင် သွားရောက်သင်ကြားခဲ့ပြီး မော်စကိုရှိ လူမှုရေးသိပ္ပံအကယ်ဒမီနှင့်လူမှုရေး သိပ္ပံအင်စတီကျူဒ်တို့တွင်တက်ရောက်ခဲ့ပြီး သမိုင်းဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သည်။

**နိုင်ငံရေးသမားဘဝ**

ဒီမီထရစ်၏ ဖခင်သည် တိုးတက်သော ဆိုက်ပရက်စ်လုပ်သားများပါတီကို တည်ထောင်သူတစ်ဦးဖြစ်ရာ ဒီမီထရစ်သည်လည်းငယ်စဉ်ကပင် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ အသက် ၁၄ နှစ်တွင် ပါတီ၏ကျောင်းသားလူငယ်အဖွဲ့တွင် စတင်ပါဝင်ခဲ့ပြီး အသက် ၁၈ နှစ်ပြည့်သောအခါ ပါတီ၏အရွယ်ရောက်လူငယ်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်လာသည်။ ၁၉၆၉ ခုနှစ်ပါတီ လူငယ်ဗဟိုကောင်စီ၏အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။ ဒီမီထရစ်သည် ၁၉၇၇ ခုနှစ်တွင် ပါတီလူငယ်ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။

၁၉၇၆ ခုနှစ်တွင် လုပ်သားများပါတီ၏ နီကိုရှား-ကိုင်ရီးနီးယားဒေသပါတီ ကော်မတီဝင်ဖြစ်လာခဲ့သော ဒီမီထရစ်သည် လုပ်သားများပါတီ၏ ၁၅ ကြိမ်မြောက်ညီလာခံကျင်းပချိန် ၁၉၈၂ ခုနှစ်တွင်ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၈၆ ခုနှစ်တွင်ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့၌ ပါဝင်လာခဲ့ပြီး နောက်ပိုင်းတွင် ဗဟိုကော်မတီ၏ အတွင်းရေးမှူးရုံးအဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၈၈ ခုနှစ် ဧပြီလတွင် လုပ်သားများပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူး အီဇီကီးရပ်စ် သေဆုံးသွားခဲ့ရာ ဒီမီထရပ်စ်အား အထွေထွေအတွင်းရေးမှူးအဖြစ် ပါတီဗဟိုကော်မတီကရွေးကောက်တင်မြှောက်ခဲ့သည်။

မစ္စတာဒီမီထရစ်သည် ဆိုက်ပရက်စ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ၁၉၉၁ ခုနှစ်တွင် စတင်ရွေးချယ်ခံခဲ့ရပြီး ၁၉၉၆ နှင့် ၂၀၀၁ ခုနှစ်ပါလီမန်ရွေးကောက်ပွဲများတွင်လည်း ထပ်မံ ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၀၆ ခုနှစ်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ တိုးတက်သော လုပ်သားများပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ်လည်းဖြစ်သလို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာကိုလည်း ရယူထားသော မစ္စတာဒီမီထရစ်သည်ဆိုက်ပရက်စ်သမ္မတ၏ ထိပ်သီးအကြံပေးအဖွဲ့ဖြစ်သည့် အမျိုးသားကောင်စီအဖွဲ့တွင်လည်း အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ဝင်ရောက် ယှဉ်ပြိုင်ခဲ့သောမစ္စတာ ဒီမီထရစ်မှာ ပထမအကျော့ရွေးကောက်ပွဲတွင် အခြားပါတီ ခေါင်းဆောင်နှစ်ဦးနှင့် အပြိုင်ဖြစ်နေခဲ့သည်။ ဒုတိယအကျော့ ရွေးကောက်ပွဲတွင်မူ ပထမအကျော့က တတိယနေရာသာ ရရှိခဲ့သော လက်ရှိသမ္မတ ပါပါဒိုပိုးလပ်စ်၏ ပါတီက ၎င်းအားထောက်ခံလိုက်ခြင်းဖြင့် မစ္စတာဒီမီထရစ်ခရစ်တိုဖီးယက်စ်သည်ဆိုက်ပရက်စ်သမ္မတနိုင်ငံ၏ သမ္မတ ဖြစ်လာခဲ့သည်။

မစ္စတာဒီမီထရစ်၏ ဇနီးသည်မှာ အယ်လ်စီခရစ်တိုဖီယက်စ်ဖြစ်ပြီး ၎င်းတို့တွင် သမီးနှစ်ယောက်နှင့် သားတစ်ယောက်ရှိသည်။ —*Ref: Wikipedia*



# တန်ဖိုးအကြီးဆုံး အကျစပွန်ဆာစာချုပ် ဘာစီလိုနာချုပ်ဆို

**ဘာစီလိုနာ၊ ဒီဇင်ဘာ - ၁၁**

စပိန်လာလီဂါပြိုင်ပွဲ၏ ထိပ်တန်းအသင်းကြီး ဘာစီလိုနာသည် ကလပ်၏ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အသင်းအင်္ကျီများ၌ အမှတ်တံဆိပ်ကြော်ငြာများ ဖော်ပြခြင်းအတွက် အခကြေးငွေစတင်ရယူသွားတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ကလပ်၏ ဒုတိယဥက္ကဋ္ဌဂျာဗီယာဖောက်စ်က ဘာစီလိုနာသည် ကာတာမှ အဖွဲ့အစည်းတစ်ခုဖြစ်သော ကာတာဖောင်ဒေးရှင်း၏ အမှတ်တံဆိပ်ကို လာမည့် ၂၀၁၁ မှစ၍ အသင်းအင်္ကျီများပေါ်တွင် တစ်နှစ်တာလုံး ဖော်ပြရန်အတွက် တန်ဖိုး ယူရိုသန်း ၃၀ (ကန်ဒေါ်လာသန်း ၄၀) တန်ဖိုးရှိသော စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း အတည်ပြုသည်။ ဘာစီလိုနာသည် လက်ရှိတွင်မူ ၎င်း၏ အသင်းအင်္ကျီများပေါ်တွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ Unicef ၏ အမှတ်တံဆိပ်ကို အခမဲ့ဖော်ပြထားသည်။ သို့သော် ကာတာဖောင်ဒေးရှင်း၏ အမှတ်တံဆိပ်ကို အသင်းအင်္ကျီပေါ်တွင် အခကြေးငွေယူ ဖော်ပြသည့်အတွက် ယူနီဆက်ဖ်ကိုလည်း အခကြေးငွေယူသွားမည်မဟုတ်ဟုဆိုသည်။ ဒုဥက္ကဋ္ဌမစ္စတာဖောက်စ်က "ကျွန်တော်တို့ လက်မှတ်ရေးထိုးခဲ့တဲ့ ဒီသဘောတူညီချက်ဟာ အသင်းအင်္ကျီပေါ်မှာ ဒုတိယမြောက် အမှတ်တံဆိပ်တစ်ခုကို ထပ်မံတည်ရှိစေမှာဖြစ်ပါတယ်။ ယူနီဆက်ဖ်ဟာ အမှတ်တံဆိပ်တစ်ခုဖြစ်ပြီး ကာတာဖောင်ဒေးရှင်းဟာလည်း အဲဒီ့အတိုင်းဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီ့ဖောင်ဒေးရှင်းဟာ စီးပွားရေးဆိုင်ရာအဖွဲ့တစ်ခုမဟုတ်ပါဘူး။ ကာတာမှာ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍမြှင့်တင်ဖို့ လုပ်ဆောင်နေတဲ့အဖွဲ့ပါ"ဟုဆိုသည်။ သတင်းများအရ ကာတာနိုင်ငံသည် ၂၀၂၂ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ရာတွင် ဘာစီလိုနာနည်း ပြဂ္ဂါဒီယိုလာကလည်း ကာတာအားထောက်ခံခဲ့သကဲ့သို့ ကာတာဖောင်ဒေးရှင်းကလည်း ဘာစီလိုနာအသင်းကို ၎င်းတို့အတွက် အမှတ်တံဆိပ် သံတမန်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

—*Ref: Reuters*

# ကိုယ်အောက်ပိုင်းလေဖြတ်သူများ လမ်းလျှောက်စေမယ့် စက်ရုပ်ဘောင်းဘီ တီထွင်

**လန်ဒန်၊ ဒီဇင်ဘာ - ၆**

အစ္စရေးနိုင်ငံမှ မသန်စွမ်းပညာရှင်တစ်ဦးသည် ကိုယ်ခန္ဓာအောက်ပိုင်း လေဖြတ်နေသူများအား လမ်းလျှောက်စေနိုင်မည့် ကန်ဒေါ်လာ တစ်သိန်းတန် စက်ရုပ်ဘောင်းဘီ Robotic Trouser ခေါ်ကိရိယာ တစ်မျိုးကို တီထွင်လိုက်ကြောင်း သိရသည်။

အဆိုပါ ကိရိယာတီထွင်သူ အမ်မစ်ဂေါ့ဖာဆိုသူသည် ၁၉၉၇ ခုနှစ်မှစ၍ ကားတိုက်မှုတစ်ခုတွင် ဒဏ်ရာရခဲ့ပြီး မသန်စွမ်းဖြစ်ခဲ့ရသူဖြစ်သည်။ ၎င်းသည် ထိုကာလမှစ၍အောက်ပိုင်းသေသူများအတွက် အစဉ်အလာသုံးနေကျဘီးချဲလက်တွန်းလှည်းများကို အစားထိုးနိုင်မည့် ပစ္စည်းတစ်မျိုးတီထွင်နိုင်ရန် ကြိုးစားခဲ့သည်။ ထို့နောက်၎င်းသည် Rewalk ဟုအမည်ပေးထားသည့် ယခုစက်ရုပ်ဘောင်းဘီကို တီထွင်ခဲ့သည်။

ယင်းပစ္စည်းများသည် အာရုံခံကိရိယာများ အသုံးပြုကာ အောက်ပိုင်းသေနေသူ လူနာများအားမတ်တတ်ထနိုင်ရန်၊ လမ်းလျှောက်နိုင်ရန်နှင့် လှေကားထစ်များတက်နိုင်ရန်ပင် မော်တာများအသုံးပြုကာ လှုပ်ရှားပေးမည်ဖြစ်သည်။ ထို့ပြင် ယင်းကိရိယာမှာ နှစ်စတုန်ခုနစ်ပေါင်အလေးချိန်ရှိပြီး လူနာ၏ခန္ဓာကိုယ်အပြင်ဘက်တွင် ဝတ်ဆင်ရမည်ဖြစ်သည်။ ၎င်းတွင် လှုပ်ရှားမှု အာရုံခံစက်များ တပ်ဆင်ထားပြီး လူနာ၏ ခန္ဓာကိုယ် အပေါ်ပိုင်းလှုပ်ရှားမှုအပြောင်းအလဲကို တုံ့ပြန်ကာ မော်တာတပ်ထားသည့် ခြေထောက်အစိတ်အပိုင်းများကို ဟန်ချက်ညီလှုပ်ရှားစေမည် ဖြစ်သည်။



မစ္စတာအမ်မစ်သည် ယင်းစက်ကို တီထွင်နိုင်ခဲ့ပြီးနောက် စီးပွားဖြစ် ရောင်းချနိုင်ရန်အတွက် Argo Medical Technologies ဟုခေါ်သော ကုမ္ပဏီတစ်ခုတည်ထောင်ခဲ့သည်။ ထို့နောက်၎င်းသည် အစ္စရေးနှင့် အမေရိကန်တွင်ဆေးဘက်ဆိုင်ရာ အမှုအခင်းများဖြတ်သန်းပြီးနောက် လာမည့်ဇန်နဝါရီလမှစ၍ ကမ္ဘာတစ်ဝန်းရှိမသန်စွမ်းသူများပြန်လည်ထူထောင်ရေးစင်တာများသို့ စက်များကို တရားဝင် ရောင်းချနိုင်တော့မည် ဖြစ်သည်။ စက်ကို လူနာ၏ ခါးနှင့် ပခုံးတို့တွင် တပ်ဆင်ရန် သိုင်းကြိုးပါဝင်ပြီး နောက်ကျောဘက်ပိုင်းတွင် စက်ကို ထိန်းချုပ်သည့် ကွန်ပျူတာနှင့် သုံးနာရီခွဲကြာ အသုံးပြုနိုင်သည့် ပြန်လည်အားဖြည့်နိုင်သောဘက်ထရီ ပါဝင်သည်။

—*Ref: Dailymail*

# တောင်ကိုရီးယား မွေးမြူရေးခြံများတွင် လျှာနာ၊ ခွာနာရောဂါ ဖြစ်ပွားနေ

**ဆိုးလ်၊ ဒီဇင်ဘာ - ၅**

တောင်ကိုရီးယားနိုင်ငံရှိ မွေးမြူရေးခြံပေါင်း ၂၀ တွင် လျှာနာ၊ ခွာနာရောဂါ ပြန့်ပွားနေကြောင်း တွေ့ရှိခဲ့သည်ဟု တာဝန်ရှိသူများကပြောကြားသည်။ အန်ဒေါင်း ဒေသရှိဝက်မွေးမြူရေးခြံတစ်ခြံနှင့် နွားခြံနှစ်ခြံတွင်လည်း လျှာနာ၊ ခွာနာရောဂါဖြစ်ပွားနေသည်ကို ထပ်မံတွေ့ရှိရကြောင်း ယွန်ဟပ်သတင်းဌာနက ပြောကြားသည်။ အန်ဒေါင်းဒေသမှာ ဆိုးလ်မြို့မှ မိုင် ၁၂၀ ခန့်ဝေးသော ဂျောင်ဆန်းခရိုင်တွင်ရှိသည်။

မွေးမြူရေးခြံပေါင်း ၂၀ တွင် ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်ပေါင်း ၃၃ ကောင်တွေ့ရှိခဲ့သည့် အနက် ၂၃ ကောင်မှာ အန်ဒေါင်းဒေသမှ ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် လျှာနာ၊ ခွာနာဖြစ်ပွားမှုမရှိသည်မှာနှစ်ပေါင်း များစွာကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုနှစ်တွင် ရောဂါဖြစ်ပွားမှုသုံးကြိမ်ရှိလာခဲ့ပြီဖြစ်သည်။

လျှာနာ၊ ခွာနာ မပြန့်ပွားစေရန်အတွက်လည်း အာဏာပိုင်များက အလွန်တင်းကျပ်သည့် အရေးယူမှုများ ပြုလုပ်လျက်ရှိရာ အန်ဒေါင်းဒေသအနောက်ဘက်ဘော်ရင်းဒေသတွင်ဝက်မွေးမြူရေးခြံတစ်ခြံမှ ဝက် ၂၀,၁၉၁ ကောင်အား သုတ်သင်ပစ်ရန် အာဏာပိုင်များက ညွှန်ကြားခဲ့သည်။ အန်ဒေါင်း ဒေသမှတိရစ္ဆာန်ဆရာဝန်တစ်ဦးက ၎င်း၏ဖိနပ်အား လဲလှယ်စီးနင်းခြင်းမပြုဘဲ ၎င်းဝက်မွေးမြူရေးခြံအတွင်းဝင်ရောက်ခဲ့သောကြောင့်ဖြစ်သည်။

—*Ref: UPI*

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010



# “ လူကောင်းတွေဆီက ထောက်ခံအားပေးမှုမျိုးစုံကို ကျွန်တော်တို့ ရရှိနေပါတယ်

## ဝီကီလိခ်တည်ထောင်သူ ဂျူလီယန်အက်ဆန်းနှင့် အဖမ်းမခံရမီ နောက်ဆုံးအင်တာဗျူး

ကျော်မျိုး

ဝီကီလိခ်တည်ထောင်သူ ဂျူလီယန်အက်ဆန်းဟာ မကြာသေးမီကပဲ ကမ္ဘာတစ်ဝန်းမှ အမေရိကန်သံရုံးတွေရဲ့ လျှို့ဝှက်အထောက်အထားမှတ်တမ်းတွေကိုထုတ်ပြန်မှုကြောင့် ကမ္ဘာ့မီဒီယာတွေရဲ့ အာရုံစိုက်မှုကိုခံခဲ့ရပါတယ်။ ဒ့ါအပြင် အမေရိကန်အပါအဝင် အနောက်နိုင်ငံကြီးတွေရဲ့ ၎င်းအပေါ် ဝေဖန်မှုတွေပေါ်ထွက်စေခဲ့သလို၊ လိင်ပိုင်းဆိုင်ရာစော်ကားမှုနဲ့ပတ်သက်လို့ ဆွီဒင်အစိုးရရဲ့ ၎င်းအပေါ် ဖမ်းဝရမ်းထုတ်ပြန်မှု၊ နိုင်ငံတကာရဲတပ်ဖွဲ့ရဲ့ ဖမ်းဝရမ်းထုတ်ပြန်မှုတွေကို အဆင့်ဆင့်ရင်ဆိုင်ခဲ့ရပါတယ်။ ဒီလိုနဲ့ မစ္စတာအက်ဆန်းဟာ ဒီဇင်ဘာ ၇ ရက်နေ့မှာ ဗြိတိန်မှာ အဖမ်းမခံရခင်အထိ ကမ္ဘာ့မီဒီယာအချို့နဲ့ အင်တာဗျူးတွေပြုလုပ်ခဲ့တာတွေ့ရပါတယ်။ အက်ဆန်းကို တိုင်းမ်မဂ္ဂဇင်းကြီးကလည်း နိုဝင်ဘာလပိုင်းလောက်ကတင် အင်တာဗျူးပြုလုပ်ခဲ့သလို ၎င်းကို ဗြိတိန်မှာ မဖမ်းဆီးနိုင်ခင်ရက်ပိုင်းအလိုမှာပဲ နာကိုနယူးစ်မီဒီယာကလည်း အင်တာဗျူးပြုလုပ်ခဲ့ပါသေးတယ်။ ယခုဖော်ပြမှာတော့ အဲဒီလို အက်ဆန်းအဖမ်းခံရတဲ့ ဒီဇင်ဘာ ၇ ရက်နေ့မှာပဲ ထွက်ပေါ်လာခဲ့တဲ့ နာကိုနယူးစ်မီဒီယာနဲ့ နောက်ဆုံးအင်တာဗျူးဖြစ်ပါတယ်။ မေးမြန်းသူကတော့ နာကိုနယူးစ်ရဲ့ ဘရာဇီးဂျာနယ်လစ် နာတာလီယာဗီဟာနာပဲဖြစ်ပါတယ်။

**ခင်ဗျားအပေါ် စွပ်စွဲချက်က ဘယ်လိုရှိပါသလဲ။ အဖမ်းခံရတာနဲ့ပတ်သက်လို့ရော ဘယ်လိုခံစားမိပါသလဲ။**

စွဲချက်တွေကတော့ အများကြီးပေါ့ဗျာ။ (အဲဒီထဲမှာ) အရေးကြီးဆုံးကတော့ ကျွန်တော်နဲ့ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေဟာ အမေရိကန်အစိုးရကို သူလျှိုလုပ်တယ်လို့ စွပ်စွဲထားချက်ပါ။ ဒါဟာ မှားပါတယ်။ ပြီးတော့လည်း ဆွီဒင်က (ကျွန်တော့်အပေါ် စွပ်စွဲထားတဲ့) ‘မုဒိန်းမှု’ လို့ခေါ်တဲ့အမှုစွဲချက်လည်း ရှိပါသေးတယ်။ ဒါလည်း အမှားပါ။ အချက်အလက်အမှန်တွေပေါ်လာရင်တော့ လွင့်စဉ်သွားမှာပါ။ ဒါပေမဲ့ လောလောဆယ်မှာတော့ အဲဒါတွေက ကျွန်တော်တို့ရဲ့ ကျော်ကြားမှုဂုဏ်သိက္ခာကို တိုက်ခိုက်ထိုးနှက်ဖို့ အသုံးချနေတာပေါ့လေ။

**သူလျှိုလုပ်တယ်ဆိုတဲ့ စွဲချက်နဲ့ပတ်သက်လို့ အဲဒီမှာ တခြားဥပဒေကြောင်းအရ စွဲချက်တွေရောရှိပါသေးလား။**

ဒါကတော့ အက်ဖ်ဘီအိုင်၊ စီအိုင်အေတို့ရဲ့ အကြီးအကဲတွေပါဝင်တဲ့ ထုံးစံအတိုင်း စစ်ဆေးမှုပါ။ ပြီးတော့ အဲဒီမှာ အမေရိကန်အစိုးရရှေ့နေချုပ်အပါအဝင်အခြား၊ အခြားသောပုဂ္ဂိုလ်တွေလည်း ပါမယ်။ ဩစတြေးလျကလည်း အဲဒီလိုပဲ အစိုးရတစ်ဖွဲ့လုံးပါဝင်တဲ့ စုံစမ်းစစ်ဆေးမှုလုပ်နေပါတယ်။ သူတို့က ကန်အစိုးရကိုလည်း အကူအညီပေးနေပါတယ်။ သတင်းပေါက်ကြားတယ်လို့ စွပ်စွဲခံရတဲ့ သတင်းရင်းမြစ်တွေထဲက တစ်ဦးဖြစ်တဲ့ ကန်စစ်သားဘရက်ဒလေမန်နင်းကတော့ (အခုဆို) ဗာဂျီးနီးယားပြည်နယ်က အကျဉ်းထောင်တစ်ခုမှာ အထိန်းသိမ်းခံနေရပါတယ်။ သူလည်းပဲ စွဲချက်တွေအားလုံးအရဆို ထောင်ဒဏ် ၅၂ နှစ်အထိ ရင်ဆိုင်ရနိုင်ခြေရှိနေပါတယ်။

**ဝီကီလိခ်က ဖွင့်ချတာတွေနဲ့ သူလျှိုလုပ်တယ်ဆိုတဲ့ စွဲချက်တွေကြားမှာ ဘယ်လိုကွာခြားချက်ရှိပါသလဲ။**

ကျွန်တော်တို့ ဝီကီလိခ်က (အဖွဲ့အစည်းတွေအတွင်းမှာ မတရားလုပ်နေတာတွေကို မကျေနပ်လို့ ဖွင့်ချတဲ့) အမှန်သတင်းဖော်ထုတ်သူ whistleblowers တွေဆီက အထောက်အထားတွေ လက်ခံရယူပြီး ဂျာနယ်လစ်တွေက ဒါကို အများပြည်သူသိအောင် ဖော်ပြတာပါ။ သူလျှိုလုပ်တယ်ဆိုတာမျိုးကတော့ ကျွန်တော်တို့က အထောက်အထားတွေကို တက်တက်ကြွကြွရယူပြီး (ခိုးယူပြီး) နိုင်ငံရပ်ခြားတစ်နိုင်ငံဆီ ဖြန့်ဝေတာမျိုးကို ဆိုလိုတာပါ။




**ဆွီဒင်က တရားစွဲတဲ့ကိစ္စမှာရော အမျိုးသမီးတွေက ဘာကို တရားစွဲတာပါလဲ။**

သူတို့ ပြောတာကတော့ ကျွန်တော်ဟာ အမျိုးသမီးတွေဘက်က အလိုတူတဲ့ လိင်ကိစ္စဖြစ်ခဲ့တာလို့ပြောတာပဲ။ အဲဒီအမှုက ကျွန်တော့်ကို တရားစွဲတဲ့ ရှေ့နေအီဗာဖင်းန်ရဲ့အင်တာဗျူးတွေပေါ်ပေါက်လာပြီး ၁၂နာရီအတွင်းမှာပဲ ပျက်ပြယ်သွားပြီးသားပါ။ ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာ ဒီအမှုကို တစ်ခါပြန်တင်ပြီး၊ နိုင်ငံရေးအရ ပါဝင်ပတ်သက်မှုတွေထည့်လာတာပေါ့။ ကိစ္စတစ်ခုလုံးက သိပ်စိတ်ပျက်စရာပါ။ သူတို့ဟာ ကျွန်တော့်ရဲ့ ဆွစ်ဇာလန်ဘဏ်စာရင်းကိုလည်း ပိတ်ထားလိုက်ကြပါပြီ။ အဲဒါက ကျွန်တော့်ရဲ့ ကာကွယ်ရေးရန်ပုံငွေပါ။

**အဲဒါ ဘယ်လိုအခြေခံနဲ့ဖြစ်တာပါလဲ။**

သူတို့ဆိုတာကတော့ ကျွန်တော်ဟာ အားလုံးကို အန္တရာယ်ဖြစ်အောင် လုပ်နေတယ်ပေါ့လေ။ ဒါပေမဲ့ အဲဒီလို လောက်လောက်လားလားပြောစရာလည်း မရှိပါဘူး။ ပြီးတော့ ဘယ်ကိစ္စမှာမဆို အဲဒါတွေက မှားနေတာပဲလေ။

**ခင်ဗျားရဲ့ PayPal အကောင့်နဲ့ ငွေအလွှဲအပြောင်းလုပ်တာတွေကို ပိတ်လိုက်တာနဲ့ Amazon ဝက်ဘ်ဆိုက်လည်း ဆရာတို့ရဲ့ ဝီကီလိခ်ကို ပယ်ဖျက်လိုက်တာတွေအပေါ်ရော ဆရာ့အမြင်ပြောပြပေးပါ။ အဲဒါတွေကို ဘယ်လိုမြင်ပါသလဲ။**

အကျင့်ပျက်ခြစားနေတဲ့ အမေရိကန်ထိပ်တန်းအသိုင်းအဝိုင်းရဲ့ လက်တံတွေကို အခုလိုမြင်ရတာ စိတ်လှုပ်ရှားစရာပါ။ တခြားနည်းနဲ့ကြည့်ရင်တော့ ဒီလိုတုံ့ပြန်မှုကို မြင်ရတာဟာ အထောက်အထားတွေကို ကျွန်တော်တို့ဖွင့်ချသလိုပဲ အရေးပါတဲ့ကိစ္စပါပဲ။ Pay Pal နဲ့ Amazon က ကျွန်တော်တို့ရဲ့ အကောင့်တွေကို နိုင်ငံရေးအကြောင်းပြချက်တွေနဲ့ ပိတ်လိုက်တယ်။ PayPal မှာ ကျွန်တော်တို့ ငွေ ယူရို ၇၀,၀၀၀ ရှိတယ်။ ကျွန်တော်တို့ရဲ့ ကာကွယ်ရေးရန်ပုံငွေမှာတော့ ယူရို ၃၁,၀၀၀ရှိပါတယ်။

**သူတို့ စွပ်စွဲတာတွေက ဘာတွေပါလဲ။**

သူတို့ပြောတာက ကျွန်တော်တို့ဟာ ‘တရားမဝင်တဲ့အပြုအမူတွေ’ လုပ်နေတယ်တဲ့။ ဒါဟာ လုံးဝမမှန်ကန်ပါဘူး။ ဒ့ါအပြင် သူတို့က ဟီလာရီကလင်တန်ရဲ့ စွဲချက်တွေကို ပွဲတင်ထပ်ပြီး ကျွန်တော်တို့ဟာ ကန်အစိုးရရဲ့ အထောက်အထားလျှို့ဝှက်ချက်တွေကို ဖော်ထုတ်နေတယ်လို့ ဆိုကြတယ်။ ဒါပေမဲ့ အမိမြေလုံခြုံရေးဌာနကို တာဝန်ခံထားတဲ့ ဆီးနိတ်ကော်မတီအကြီးအကဲကတော့ သူ့ဘက်က Amazon ကို ဘယ်လိုတောင်းဆိုခဲ့ပြီး ကျွန်တော်တို့ကို ဘယ်လိုပိတ်ခိုင်းခဲ့တယ်ဆိုတာ မီဒီယာတွေကိုကြွားလုံးထုတ်ပြီးသွားပြီလေ။

**ဝီကီလိခ်ကို လှူဒါန်းတဲ့ငွေတွေကို ထိန်းချုပ်လိုက်ပြီဆိုတော့ အဲဒါကို ကာကွယ်ဖို့ ဝီကီလိခ်က ဘာတွေလုပ်ဆောင်နေပါပြီလဲ။**

ကျွန်တော်တို့ရဲ့ ပိုင်ဆိုင်မှုတွေကို ထိန်းချုပ်ခံရတဲ့ အကျိုးဆက်အနေနဲ့ ဒီတစ်ပတ်အတွင်းမှာပဲ ယူရိုတစ်သိန်းလောက် ကျွန်တော်တို့ ဆုံးရှုံးခဲ့တယ်။ အခြားဘဏ်တွေမှာလည်း ကျွန်တော်တို့ ငွေစာရင်းတွေရှိပါသေးတယ်။ ဥပမာဆို ဂျာမနီနဲ့ အိုက်စလန်မှာပေါ့လေ။ အဲဒါတွေကိုတော့ လူတွေ သုံးလို့ရနေဆဲပါ။ ကျွန်တော်တို့မှာ ဝက်ဘ်ဆိုက်လည်းရှိထားပါတယ်။ ခရက်ဒစ်ကတ်နဲ့ (ငွေလွှဲ)လှူဒါန်းတာတွေကိုလည်း ကျွန်တော်တို့ လက်ခံပါတယ်။

**ဝီကီလိခ်ဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ နောက်ထပ် ဘာတွေဆက်လုပ်နေပါသလဲ။**

လူကောင်းတွေဆီက ထောက်ခံအားပေးမှုမျိုးစုံကို ကျွန်တော်တို့ ရရှိနေပါတယ်။ ကမ္ဘာအနှံ့မှာလည်း ကျွန်တော်တို့ဆီက အထောက်အထားတွေကို ပြန်လည်လွှင့်တင်ပေးနေတဲ့ ဝက်ဘ်ဆိုက်ပေါင်း ၃၅၀ ကျော်ရှိနေတယ်။ တခြားဘယ်အရာထက်မဆို အဲဒါတွေကို ကျွန်တော်တို့က ပိုပြီးတန်ဖိုးထားပါတယ်။

*—Ref: An Exclusive interview with Julian Assange on the Eve of His Arrest by Natalia Viana. Narco News,*

7DAY NEWS JOURNAL

# Entertainment

Vol.9, No.38 • DECEMBER 16, 2010

## Sounds of The Jungle ဂီတဖျော်ဖြေပွဲ ဒီဇင်ဘာ ၃၁ရက်တွင် ကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၁**



ဓာတ်ပုံ - အေးသူ

နှစ်သစ်ကူးကာလကို တေးဂီတများဖြင့် ခံစားဖြတ်သန်းလိုသူများအတွက် Sounds of Jungle အမည်ရှိ နယူးရီးယား ဖျော်ဖြေပွဲကို မျှော်စင်ကွင်း၌ ဒီဇင်ဘာလ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သည့် Win Hap Co Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ သရုပ်ဆောင်မင်းထက်ကျော်ဇင်က ပြောသည်။

ယင်းဖျော်ဖြေပွဲတွင် ဇော်ပိုင်၊ လင်းလင်း၊ ဟန်ထူးလွင် (Big Bag)၊ ဂျီလတ်၊ ဘိုဘို (Outsider)၊ ဖြူဖြူကျော်သိန်း၊ ချစ်သုဝေနှင့် ရတနာမိုင်တို့က Outsider တီးဝိုင်းဖြင့် ဖျော်ဖြေကြမည်ဖြစ်သည်။ "စီးပွားရေးတစ်ခုအနေနဲ့ လုပ်ချင်တဲ့အခါ ကိုယ်လုပ်တတ်တဲ့အနုပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုချင်တဲ့အတွက် ဒီကုမ္ပဏီကို လုပ်ကိုင်ဖြစ်တာပါ။ ပထမဆုံးခြေလှမ်းအဖြစ် ကုမ္ပဏီကနေ ဒီ နယူးရီးယားဂီတပွဲလေးနဲ့ တင်ပြလိုက်ပါတယ်" ဟု မင်းထက်ကျော်ဇင်က ပြောကြားသည်။

ယင်းဖျော်ဖြေပွဲကို ညနေခြောက်နာရီတွင် စတင်မည်ဖြစ်ပြီး ဝင်ကြေးအဖြစ် တစ်ဦးကျပ် ၆,၀၀၀ သတ်မှတ်ထားသည်။ ဒီဂျေဝိုင်းနှင့် လိုက်ဖ်အန်ဒန့်အကအဖွဲ့မှလည်း ပါဝင် အားဖြည့်ဖျော်ဖြေမည်ဖြစ်သည်။စင်မြင့်အပြင်အဆင်ကို တောတွင်းပုံစံအဖြစ် နွယ်ကြိုးများ၊ ကျောက်တုံးများဖြင့် စီစဉ်တင်ဆက်မည်ဖြစ်ကြောင်း ပါဝင်ဖျော်ဖြေမည့်သူတစ်ဦးဖြစ်သူ ဘိုဘို (Outsider)က ပြောသည်။

## အိုင်စီအဖွဲ့သားများ ဘာမှမဖြစ်

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၁**

နာမည်ကျော်ရော့ခ်တီးဝိုင်းဖြစ်သည့်အိုင်စီတီးဝိုင်းနှင့်အဆိုတော်များလိုက်ပါလာသော အဲပုဂံလေယာဉ် ပျက်ကျသည်ဆိုသည့်သတင်းများ ယခုရက်ပိုင်းအတွင်း ထွက်ပေါ်နေပြီး အဆိုပါသတင်းမှာ ကောလာဟလသတင်းသာဖြစ်ကြောင်း ပုဂံအန်တာတိန်းမန့်မှ ကိုဇော်ဇော်ကပြောသည်။

"ဒီရက်ပိုင်းမှာ အဲဒီသတင်းကို လှမ်းလှမ်းပြီးမေးကြတယ်။ မဟုတ်ပါဘူး။ အိုင်စီအဖွဲ့လည်း ဘာမှမဖြစ်ပါဘူး။ အဲပုဂံလေယာဉ်လည်း ပျက်မကျပါဘူး" ဟု ကိုဇော်ဇော်ကဖြေကြားသည်။

အဆိုတော်ဇော်ပိုင်ကလည်း "အဲဒီကိစ္စက ကျွန်တော့်ဆီလည်း ဖုန်းတွေလှမ်းဆက်မေးကြပါတယ်။ မဟုတ်ပါဘူး"ဟု စာနယ်ဇင်းမိတ်ဆက်ပွဲတစ်ခုတွင် တွေ့ဆုံခိုက်ဖြေကြားသည်။

အိုင်ရင်းခရော့တီးဝိုင်းသည် ခရစ္စမတ်အကြိုဖျော်ဖြေပွဲအဖြစ် ယခုလ ၂၄ရက်တွင် မျှော်စင်ကွင်း၌ ဖျော်ဖြေမည်ဖြစ်ပြီး လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း၊ လင်းလင်းနှင့် ဆုန်သင်းပါရ်တို့ ပါဝင်မည်ဟုသိရသည်။ နှစ်သစ်ကူးအကြိုကာလဖျော်ဖြေပွဲအဖြစ် ဆီဒိုးနားဟိုတယ်၌ ဒီဇင်ဘာလ ၃၁ရက်တွင် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ ပုဂံအန်တာတိန်းမန့်သည် အိုင်စီတီးဝိုင်းနှင့် Music Tour စာချုပ်ချုပ်ဆိုပြီးနောက်ဖျော်ဖြေပွဲလေးပွဲကျင်းပခဲ့ပြီးဖြစ်သည်။

## အမေရိကန်ကျေးလက်ဂီတဆု ခြောက်ဆုတိတိ သိမ်းပိုက်ခဲ့တဲ့ ကယ်ရီအန်ဒါဝုဒ်

**လော့စ်အိန်ဂျလိစ်၊**

**ဒီဇင်ဘာ – ၆**

ဒီဇင်ဘာ ၆ရက်နေ့က လာ့စ်ဗေးဂတ်စ်၌ကျင်းပခဲ့သော အမေရိကန်ကျေးလက်ဂီတဆုပေးပွဲတွင် နာမည်ကျော်အဆိုတော် ကယ်ရီအန်ဒါဝုဒ်သည် တစ်နှစ်တာ၏ အရေးအပါဆုံး အနုပညာရှင်ဆု အပါအဝင် ဆုခြောက်ဆုကို သိမ်းပိုက်နိုင်ခဲ့ကြောင်းသိရသည်။ ယခုတစ်ကြိမ်မှာ အဆိုတော်မင်းသမီး အန်ဒါဝုဒ်အတွက် ရှစ်လတာအတွင်း ဒုတိယအကြိမ်မြောက် ဆုကြီးများရရှိခြင်းဖြစ်သည်။ သူမသည် ပြီးခဲ့သည့်ဧပြီလကလည်း (၄၅)ကြိမ်မြောက် ကျေးလက်ဂီတအကယ်ဒမီဆုပေးပွဲတွင် ဆုရခဲ့ဖူးသည်။ အန်ဒါဝုဒ်သည် ယခုတစ်ကြိမ်တွင်မူ အကောင်းဆုံးအမျိုးသမီးအနုပညာရှင်ဆု၊ Play on ဖြင့် အကောင်းဆုံးအယ်လ်ဘမ်ဆု၊ Cowboy Casanoua ဆင်ဂယ်လ်ခွေဖြင့် အကောင်းဆုံးအမျိုးသမီးဆင်ဂယ်လ်အဆိုတော်ဆု၊ အကောင်းဆုံးနယ်လှည့်ဖျော်ဖြေဆုနှင့် အကောင်းဆုံးအမျိုးသမီးဂီတဗီဒီယိုဆုများရခဲ့သည်။ ယခုဆုပေးပွဲတွင် မူလက ဆန်ခါတင်ဆုခုနစ်ဆုဖြင့် ရေပန်းစားခဲ့သည့် လေဒီအန်တီဘယ်လမ်အဖွဲ့မှာ ဆုလေးဆုရခဲ့သည်။ယခုနှစ်အတွက် အကောင်းဆုံးအမျိုးသား အနုပညာရှင်ဆုကိုမူ ဘရတ်ပိုင်ဆလေက ရရှိခဲ့သည်။ အမေရိကန်ကျေးလက်ဂီတဆုပေးပွဲမှာ ကျေးလက်ဂီတအသင်းဆု၊ ကျေးလက်ဂီတ အကယ်ဒမီဆု၊ ကျေးလက်ဂီတရုပ်သံဆုများပြီးနောက် အဓိကကျသည့် စတုတ္ထမြောက်ဆုပေးပွဲလည်းဖြစ်သည်။

—Ref: AFP






## အိန္ဒိယတွင်ကျင်းပမည့်ရော့ခ်ဂီတပွဲသို့ နိုင်ငံကိုယ်စားပြု မာရဇနှင့် Metal Zone သွားရောက်ဖျော်ဖြေခွင့်ရ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**မေဝင်းမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၁**

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပမည့် ရော့ခ်ဂီတဖျော်ဖြေပွဲကြီး (South Asian Bands Festival)သို့ အဆိုတော်မာရဇ္ဇနှင့် မက်တယ်လ်ဇုန် (Metal Zone) တေးဂီတအဖွဲ့က မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ဖျော်ဖြေခွင့်ရကြောင်း အဆိုတော်မာရဇ္ဇကပြောကြားသည်။

အဆိုတော်မာရဇ္ဇနှင့် Metal Zone တေးဂီတအဖွဲ့ဝင် ၄ဦးတို့သည် ယခုလ၁၃ရက်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ထွက်ခွာမည်ဖြစ်ပြီး၁၅ရက်နေ့တွင်မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

"ကျွန်တော်နဲ့ Metal Zone တို့ဖန်တီးထားတဲ့ သီချင်းပေါင်းများစွာကို အယ်လ်ဘမ်တွေထဲက သေချာနားထောင်ပြီးမှ ရွေးချယ်ခံခဲ့ရတာပါ။ နောက်ဆုံးထွက်ခဲ့တဲ့ '၁၂လက်မ၊ တစ်ပေ' စီးရီးထဲကသီချင်းတွေအားကောင်းတဲ့အတွက် အဲဒီသီချင်းတွေကြောင့် ဖျော်ဖြေခွင့်ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့အတွက် အချိန်၄၅မိနစ်လောက်ရတဲ့အတွက် အားကောင်းတဲ့ရော့ခ်သီချင်း ငါးပုဒ်ကိုသီဆိုဖို့ရည်ရွယ် ထားပါတယ်။ ကျွန်တော့်အတွက် ပထမဆုံးသွားရောက်တာဖြစ်တဲ့ နိုင်ငံကိုယ်စားပြုဖျော်ဖြေပွဲဆိုတော့ ကိုယ်ပိုင်သံစဉ် ရော့ခ်သီချင်း အားကောင်းတာတွေ ရွေးချယ်ထားပါတယ်' ဟုမာရဇ္ဇကပြောသည်။

မြန်မာနိုင်ငံအပါအဝင် တောင်အာရှနိုင်ငံများဖြစ်သော အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မော်လဒိုက်ဖ်၊ သီရိလင်္ကာ၊ ဘူတန်၊ နီပေါစသည့်နိုင်ငံများမှ တီးဝိုင်း ၁၂ခုဖြင့် ရော့ခ်ဂီတပညာရှင်များက ယခုလ ၁၂ရက်မှ ၁၄ ရက်အထိဖျော်ဖြေကြခြင်းဖြစ်သည်။

တောင်အာရှနိုင်ငံများ ရော့ခ်ဂီတပွဲတော်ကို Seher ခေါ် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၊

စာ(၄၉)သို့

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# "ကျောက်စက်ရေ" ရုပ်ရှင်ဇာတ်ကား၏ အဖြေမှန်ကို ပရိသတ်များက ခန့်မှန်းဖြေကြားရမည်

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၇**

ဒါရိုက်တာဝိုင်း (Own Creator) ပွဲဦးထွက်ရိုက်ကူးထားသော 'ကျောက်စက်ရေ'ရုပ်ရှင်ဇာတ်ကားကြီး၏ ပဟေဠိကိုကြည့်ရှုသူပရိသတ်များက ခန့်မှန်းဖြေကြားရမည်ဖြစ်ပြီး ယင်းအတွက် ဆုကြေးကို ကျပ်သိန်း ၃၀သတ်မှတ်ထားကြောင်း ဇာတ်ကားရိုက်ကူးထုတ်လုပ်သည့် မပေါ်ဂနီရုပ်ရှင်ထုတ်လုပ်ရေး၏ ကြေညာချက်အရ သိရသည်။

ယင်းဇာတ်ကားတွင် မိခင်ပျောက်ရှာဖွေသည့် မြင့်မြတ်သည် မေသန်းနု၊ စိုးမြတ်သူဇာနှင့် ထွန်းအိန္ဒြာဗိုတို့ သုံးဦးထဲမှ မိမိ၏ မိခင်ရင်းဖြစ်သူကို ရှာဖွေရမည် ဖြစ်ပြီး ပရိသတ်များကလည်းကာယကံရှင် မင်းသားနှင့်အတူ အဖြေကို ခန့်မှန်းရှာဖွေရမည်ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်က နှင်းဆီဖြူ (မေသန်းနု)၊ နှင်းဆီဝါ (ထွန်းအိန္ဒြာဗို)နှင့် နှင်းဆီနီ (စိုးမြတ်သူဇာ) တို့သုံးဦးက ဒေါ်လှမြိုင်(ခင်သန်းနု)ထံမြင့်မြတ် ကိုမွေးစားရန် ပေးအပ်ခဲ့ပြီး ဒေါ်လှမြိုင်သေဆုံးချိန်တွင် နှင်းဆီ အမျိုးသမီးသုံးဦးနှင့် ပြန်လည်ဆုံတွေ့ခဲ့သော်လည်း အမျိုးသမီးသုံးဦး၏သစ္စာစကားကြောင့် မည်သူက မိမိ၏ မိခင်ရင်းဖြစ်သည်ကို ခန့်မှန်းရှာဖွေရသည့် ဇာတ်လမ်းဖြစ်သည်။

ယင်းဇာတ်ကားကို ကြည့်ရှုသည့်ပရိသတ်များသည် ရုံဝင်လက်မှတ်တစ်စောင်နှင့်အတူ မိခင်ရင်းဖြစ်နိုင်သူသုံးဦးထဲမှ တစ်ဦး၏အမည်ကို မပေါ်ဂနီရုပ်ရှင်ထုတ်လုပ်ရေး တည်ရှိရာ ၃၄လမ်းနှင့် အနော်ရထာလမ်းထောင့်သို့ ပေးပို့ရမည်ဖြစ်ပြီး အဖြေမှန်သူများထဲမှ ပထမဆုကို ကျပ်ဆယ့်ငါးသိန်း၊ ဒုတိယဆုကို ကျပ်ဆယ်သိန်းနှင့် တတိယဆုကို ကျပ်ငါးသိန်းချီးမြှင့်မည်ဟုသိရသည်။







# ဒုတိယစီးရီး စီစဉ်နေသည့် SNARE အဖွဲ့



ဓာတ်ပုံ - အေးသူ

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၈**

ဟစ်ဟော့ပ်ရှိုးပွဲစင်မြင့် ထက်တွင် လူငယ်ပရိသတ်အားပေးမှုကို ရရှိထားသော အယ်လ်ဘမ်တစ်ချပ်ထွက်ရှိပြီးဖြစ်သည့် Snare အဖွဲ့သည် ဒုတိယအယ်လ်ဘမ်ကို စီစဉ်နေပြီဖြစ်ကြောင်း ပြောကြားသည်။

"ပထမ စီးရီးဗီစီဒီအတွက်ထက် ဒုတိယအယ်လ်ဘမ် ကို ကျွန်တော်တို့ လုပ်နေပါတယ်။ တစ်ဝက်လောက် ပြီးသွားပါပြီ။ ရှေ့နှစ်မှာထွက်ဖို့ လုံးဝသေချာပါတယ်။ အစီအစဉ်တွေလည်း လုပ်ထားပါတယ်။ လုံးဝရပ်နားသွားမှာ မဟုတ်ပါဘူး" ဟု Snare အဖွဲ့မှ နေဝင်းက ပြောသည်။ ယခု လတ်တလောတွင် မိန်းကလေးဟစ်ဟော့ပ်အဆိုတော် စန္ဒီမြင့်လွင်၏ 'ဆေးရောင်လှလှခြယ်ရအောင်' ဗီစီဒီတွင် ပါဝင်သောနေဝင်းရေးသားသည့် 'လာမချုပ်နဲ့'သီချင်းမှာ ပရိသတ်အားပေးမှုရရှိထားပြီး ပွဲတောင်းခံရသော သီချင်းတစ်ပုဒ်အဖြစ် အောင်မြင်နေပြီဖြစ်သည်။ ယင်း သီချင်း ဖန်တီးဖြစ်ပုံကိုလည်း နေဝင်းက "ဒီးဒီ(စန္ဒီမြင့်လွင်)က ကျွန်တော်တို့ဆိုတဲ့ပုံစံကို ဆိုချင်တယ်ပြောတယ်။ အရမ်းအပြင်းကြီးလည်း မဆိုချင်ဘူးပြောတယ်။ ဒီးဒီနဲ့က အရမ်းနုရင်လည်းမလိုက်ဘူး။ မိန်းကလေးအနေနဲ့ ယောကျ်ားတွေကို အထင်မကြီးတဲ့ပုံစံမျိုးလေး ရေးလိုက်တော့ ကျွန်တော်ရေးတဲ့သီချင်းအဆင်ပြေပြေအောင်မြင်သွားတဲ့အတွက် ပီတိဖြစ်ပါတယ်။ လူငယ်တွေအားလုံး ကြိုက်တဲ့အတွက်ကို ကျေနပ်ပါတယ်" ဟုပြောကြားခဲ့သည်။

Snare အဖွဲ့အနေဖြင့် စင်မြင့်ဖျော်ဖြေပွဲများတွင် အောင်မြင်သည်ဆိုရာတွင် ရန်ကုန်နှင့် မန္တလေးရှိုးပွဲများ လူသိများနေပြီး အခြားနယ်ဘက်များ၌ နယ်ပရိသတ်များ ပိုမိုသိရှိလက်ခံနိုင်ရန် ကြိုးစားရဦးမည် ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။ "ရန်ကုန်နဲ့ မန္တလေးရှိုးတွေမှာတော့ အဆင်ပြေတယ်။ တခြားနယ်တွေကတော့ အဆင်မပြေသေးဘူး။ နယ်အတွက်တော့ကြိုးစားရဦးမယ်။ နယ်ရောက်ရင် ရန်ကုန်မှာ ဟိုး အရင် Underground စဆိုတုန်းက ပုံစံလိုမျိုး ခံစားရပါတယ်" ဟု နေဝင်းကပြောပြသည်။

Snare အဖွဲ့သည် ဒီဇင်ဘာလ ၂၁ ရက်တွင် ပြင်ဦးလွင်ပန်းမြို့တော်ဂီတပွဲနှင့် ဒီဇင်ဘာလ ၂၅ ရက်တွင် ဘိုဘိုအန်တာတိန်းမန့်ကပြုလုပ်သည့်ဟစ်ဟော့ပ် ၁၀နှစ်ပြည့်ရှိုးပွဲများ သီဆိုရန်ရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010



# ဟစ်ဟော့ပ်ဂီတဆယ်နှစ်ပြည့်ဖျော်ဖြေပွဲ ဒီဇင်ဘာ ၂၅တွင် ကျင်းပမည်

အေးသူစံ

ရန်ကုန်၊ ဒီဇင်ဘာ – ၈

ဟစ်ဟော့ပ်ဂီတ ၁၀ နှစ်ပြည့်သည့်အနေဖြင့် ဟစ်ဟော့ပ် ဖျော်ဖြေပွဲတစ်ခုကို ရန်ကုန်မြို့၊ ဒူးဆစ်အင်းလျားလိတ်ဟိုတယ်တွင် ဒီဇင်ဘာလ ၂၅ ရက်၌ ကျင်းပရန်စီစဉ်ထားကြောင်း ပွဲစီစဉ်သည့် ဘိုဘိုအန်တာတိန်းမန့်ထံမှ သိရသည်။

ယင်းဖျော်ဖြေပွဲတွင် စိုင်းစိုင်းခမ်းလှိုင်၊ အက်ဆစ်၊ သီအိုရီ၊ ဇီးရိုး၊ NS ၊ Too Big ၊ System ၊ ဂျေမီ၊ ရသ၊ ရဲလေး၊ ဆိုင်ကလုန်း၊ ယုန်လေး၊ Snare ၊ G Family ၊နိုင်းဝမ်း၊ ကျော်ထွဋ်ဆွေ၊ သိန်းလင်းစိုး၊ သားကြီး၊ ကိုကို၊ အားတီ၊ SZ ၊ စိုးကြီး၊ လွှမ်းပိုင်၊ ဘန်နီဖြိုး၊ MHL၊ ငယ်ငယ်၊ ဝိုင်းစုခိုင်သိန်း၊ အေသင်ချိုဆွေ၊ ချမ်းချမ်း၊ မိစန္ဒီ၊ Bobby Soxer တို့ သီဆိုကြမည်ဖြစ်သည်။ တေးဂီတပိုင်းကို DJ သော်သော်၊ သားစိုး(မြန်မာနတ်ဒိုး)၊ ဒီဂျေညီညီနှင့် ဒီဂျေမစ်ကီတို့က ဖန်တီးတင်ဆက်ကြမည်ဖြစ်သည်။

ကြိုတင်လက်မှတ်များကို ရန်ကုန်မြို့တွင်းရှိ ရှော့ပင်းစင်တာကြီးများတွင် တစ်စောင်လျှင် ငါးထောင်ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တီရှပ်တစ်ထည်လက်ဆောင် ပေးမည်ဟု သိရသည်။ ဖျော်ဖြေပွဲကို ယင်းနေ့ ညနေ ၄ နာရီတွင် စတင်ဖျော်ဖြေမည်ဖြစ်ပြီး ဒူးဆစ်အင်းလျားလိတ် မြတ်ခင်းပြင်နှင့် Ball Room နှစ်နေရာ ခွဲ၍ပြုလုပ်မည်ဟု သိရသည်။

ယင်းဖျော်ဖြေပွဲကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ရန်ပုံငွေအဖြစ်ပြုလုပ်ခြင်းဖြစ်သည်။

# စာ-၄၇၊ အိန္ဒိယတွင်ကျင်းပမည့်ရှော့ခ်ဂီတပွဲသို့ နိုင်ငံကိုယ်စားပြု မာရဇ္ဇနှင့်မက်တယ်လ်ဇုန် သွားရောက်ဖျော်ဖြေခွင့်ရ မှ

အိန္ဒိယနိုင်ငံယဉ်ကျေးမှုကောင်စီ (Indian Council for Cultural Relations) တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

"ကျွန်တော်က မော်ဒန်ရှော့ခ်အမျိုးအစားကို အချိုးအကွေ့တစ်ခုအထိလုပ်ခဲ့တယ်။ လက်ရှိမြန်မာနိုင်ငံဈေးကွက်မှာ ကျွန်တော်ရွေးချယ်တဲ့သီချင်းမျိုးကိုလူကြိုက်နည်းတယ်။ မအောင်မြင်ဘူးလို့ဆိုနိုင်တယ်။ ကျွန်တော်သဘောကျတဲ့အတွက် ရွေးချယ်ပြီးလုပ်ခဲ့တာဖြစ်လို့ နာမည်ကြီးဖို့ဆိုတာလည်း မပါပါဘူး။ အဲဒီလိုမျိုးသီချင်းတွေကနေ နိုင်ငံတကာနဲ့ယှဉ်ပြီး တီးခတ်ဖျော်ဖြေခွင့်ရတာကြောင့်အရမ်းကိုကျေနပ်ပါတယ်"ဟုအဆိုတော် မာရဇ္ဇကပြောကြားသည်။

ရှော့ခ်ဂီတပွဲတော်မှာ ယခုနှစ်ဆိုလျှင် လေးကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်မှစ၍ မြန်မာနိုင်ငံမှအဆိုတော်ဇော်ဝင်းထွဋ်နှင့်အင်ပါယာတေးဂီတအဖွဲ့တို့ သွားရောက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

# ဂီရိမုန်တိုင်းသင့်ပြည်သူများအတွက် ရန်ပုံငွေဂီတပွဲ ကျင်းပမည်

မြတ်စုမွန်

ရန်ကုန်၊ ဒီဇင်ဘာ – ၇

ဂီရိဆိုင်ကလုန်းဒဏ်သင့် ပြည်သူများအား လှူဒါန်းရန် ရည်ရွယ်၍ ရန်ပုံငွေရှာဖွေသည့် ဂီတဖျော်ဖြေပွဲတစ်ခုကို လေးဝတီ တေးဂီတအဖွဲ့က ဦးဆောင်ကာ ဒီဇင်ဘာ ၃၀ တွင် သုဝဏ္ဏမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်ရောက် ရခိုင်လူမှုရေးအသင်းအဖွဲ့များလည်း ပူးပေါင်းပါဝင်မည့် အဆိုပါ ရန်ပုံငွေဂီတပဒေသာပွဲတွင် ရခိုင်ရိုးရာယဉ်ကျေးမှုအက၊ ပြဇာတ်နှင့် ရခိုင် စတီဒီယိုအဆိုတော်များကလည်း သီချင်းများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"ရလာတဲ့ အကျိုးအမြတ်အားလုံးကို ဂီရိမုန်တိုင်းသင့်ဒေသတွေကို ကူညီသွားမယ်။ ဒီဂီတပဒေသာပွဲမှာ အနုပညာရှင်တွေအားလုံးက မေတ္တာနဲ့ကူညီကြမယ်။ အကယ်ဒမီအောင်လွင်ပါမယ်။ နေထက်လင်းနဲ့ နေတိုးပါမယ်။ ခနဲ့စည်သူ၊ အရိုင်း၊ ရတနာမိုင်တို့ပါမယ်။ ပြီးတော့ အဆိုတော်ထဲက စိမ်းလဲ့လဲ့ပါမယ်' ဟု ရခိုင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်(ရန်ကုန်တိုင်းဒေသကြီး) ဦးဇော်အေးမောင်က ပြောသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲအတွက် ဝင်ခွင့်လက်မှတ်များကို ဦးဇော်အေးမောင်၊ ဖုန်း-၀၉ ၅၁၄၀၄၀၇ ၊ ဦးသန်းမောင်၊ ဖုန်း -၀၁ ၇၃၀၁၄၂၂၈၈ နှင့် တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းရှိ အလိုတော်ပြည့်ကျောင်းတိုက် စသည်တို့တွင် ဝယ်ယူရရှိနိုင်ပြီး လက်မှတ်ခနှုန်းထားများကို ၃,၀၀၀ ကျပ်၊ ၅,၀၀၀ ကျပ်နှင့် ၁၀,၀၀၀ ကျပ် အသီးသီးသတ်မှတ်ထားကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် အောက်တိုဘာ ၂၂ ရက်က တိုက်ခတ်ခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် မြေပုံ၊ ပေါက်တော၊ မင်းပြား၊အမ်းနှင့် စစ်တွေမြို့တို့တွင် ပစ္စည်းဆုံးရှုံးမှုတန်ဖိုး ၁၈ ဒသမ ၀၉ ဘီလီယံရှိခဲ့ပြီး လူသေဆုံး ပျောက်ဆုံးမှုစာရင်းမှာ အောက်တိုဘာ ၃၀ ရက်တွင် ရရှိထားသော စာရင်းအရ သေဆုံးသူ ၃၅ ဦး၊ ပျောက်ဆုံးသူ ၁၀ဦးနှင့် ၇၁,၈၈၀ ဦးမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း စစ်တွေမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒုတိယဉက္ကဋ္ဌကြားရေးမှူးဦးကျော်မြင့်က နိုဝင်ဘာ ပထမပတ်အတွင်းက ပြောကြားသည်။



# စတိတ်ရှိုး သီဆိုဖျော်ဖြေရန်ရှိဟု အနဂပြောကြား

အေးသူစံ

ရန်ကုန်၊ ဒီဇင်ဘာ – ၇

အဆိုတော် အနဂ္ဂသည် ယခုနှစ် ကုန်ပိုင်းတွင် ဖျော်ဖြေပွဲနှစ်ပွဲ သီဆိုရန်ရှိကြောင်း သိရသည်။

"ဒီလ ၁၂ ရက်မှာ First Music Agency က လုပ်တဲ့ ရှိုးပွဲတစ်ခုဆိုဖို့ရှိပါတယ်။ နောက်ပြီး Fashion Music Festival ပွဲဆိုဖို့ရှိတယ်။ အဲဒါက ဒီဇင်ဘာလ၁၉ရက်နေ့ပါ"ဟုအနဂ္ဂက ပြောကြားသည်။

Fashion Music Festival ပွဲအတွက် ဖက်ရှင်ပိုင်းဆိုင်ရာကို သေချာစွာ စီစဉ်ထားပြီး မိမိ၏ အစီအစဉ်ဖြင့်သာ ဖက်ရှင်ပိုင်းကိုတင်ဆက်မည်ဟုသိရသည်။ ယခု လတ်တလောတွင် ယင်းပွဲအတွက် ကမ္ဘာ၌ခေတ်စားနေသော တီရှပ်ဒီဇိုင်းများကို သာမန်ဒီဇိုင်းများနှင့် မတူအောင် ဝတ်ဆင်တင်ဆက်ရန် စိတ်ကူးတစ်ခုဖြစ်ပေါ်နေသည်ဟု အနဂ္ဂကပြောသည်။ Fashion Music Festival ရှိုးပွဲကို သုဝဏ္ဏအားကစားပြိုင်ပွဲရုံတွင် အဆိုတော်များစွာ၊ ဂီတအမျိုးအစားများစွာဖြင့် တင်ဆက်မည်ဖြစ်သည်။ အဆိုတော်အင်အားများခြင်းကြောင့် တစ်ဦးလျှင် ငါးပုဒ်လောက်သာ သီဆိုဖျော်ဖြေနိုင်မည်ဖြစ်ကြောင်း အနဂ္ဂက ပြောကြားပြီး ဒီဇင်ဘာလ ၂၅ ရက် နေ့တွင်ပြုလုပ်မည့် ဟစ်ဟော့ပ် ၁၀နှစ်ပြည့်ရှိုးပွဲတွင် အက်ဆစ်အဖွဲ့ဟု ကြော်ငြာထားခြင်းနှင့်ပတ်သက်ပြီး ၎င်းထံသီဆိုဖျော်ဖြေရန် ဆက်သွယ်ခြင်းတစ်စုံတစ်ရာမရှိကြောင်းသိရသည်။


# TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Tangled | Walt Disney | ၉၆,၅၇၀,၈၁၂ | ၂ |
| ၂။ | Harry Potter and the Deathly Hollows - Part1 | Warner Bros. Pic. | ၂၄၄,၅၁၉,၁၁၆ | ၃ |
| ၃။ | Burlesque | Sony Pic. | ၂၆,၉၈၆,၆၅၆ | ၂ |
| ၄။ | Unstoppeable | 20th Century Fox | ၆၈,၇၆၂,၈၆၄ | ၄ |
| ၅။ | Love & Other Drugs | 20th Century Fox | ၂၂,၅၇၄,၈၈၇ | ၂ |
| ၆။ | Megamind | Paramount Pic. | ၁၃၆,၆၁၁,၁၆၀ | ၅ |
| ၇။ | Due Date | Warner Bros. Pic. | ၉၀,၈၈၂,၁၃၈ | ၅ |
| ၈။ | Faster | CBS Films | ၁၈,၂၁၇,၇၃၀ | ၂ |
| ၉။ | The Warrior's Way | Relativity Media | ၃,၀၄၈,၆၆၅ | ၁ |
| ၁၀။ | The Next Three Days | Lionsgate | ၁၈,၃၁၀,၉၁၇ | ၃ |

# Movie Review

## Casino Jack




ဂျက်အက်ဘရာမော့ဖ်သည် ကာစီနိုဝိုင်းများတွင် ငွေကြေးအကြီးအကျယ်သုံးစွဲသူဖြစ်သည်။ အကြောင်းမဲ့တော့ မဟုတ်၊ ဂျက်မှာ ဖဲဝိုင်းများတွင် လိမ်လည်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ မြှောက်ထိုးပင့်ကော်လုပ်ပေးခြင်းများကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သူဖြစ်သောကြောင့် အဆုံးမှာတော့ သူလိုချင်သလောက် ပိုက်ဆံပြန်ရှာနိုင်သူဖြစ်သည်။ ဒါနဲ့တင် ဂျက်က မကျေနပ်သော ကာစီနိုဝင်းမှတစ်ဆင့် ကမ္ဘာ့ဩဇာအာဏာအကြီးဆုံးသူများလည်း ချုပ်ကိုင်ချင်သေးရာ လူဆိုးဂိုဏ်းများနှင့်အဆက်အသွယ်ရှိသော မိတ်ဆွေတစ်ဦးနှင့်ဆက်သွယ်မိသည်။ လက်မရွံ့လုပ်ကြံရေးသမားများပါဝင်သော မာဖီးယားဂိုဏ်းကြီးကို ဂျက်တို့ကိုင်တွယ်နိုင်မည်လား ဆိုသည်မှာ. . .

Kevin Spacey၊ Barry Pepper၊ Kelly Preston တို့ ဦးဆောင်ပါဝင်ထားပြီး ဒရာမာနှင့် ပြစ်မှုပေါင်းစပ်ထားသောဇာတ်ကားအား George Hickenlooper က ရိုက်ကူးထားပြီး ATO Picturesက ဒီဇင်ဘာ ၁၇ရက်နေ့တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

နိုင်ငံ့လက်ရွေးစင်ဘောလုံးအသင်းများ အောင်မြင်မှုရရှိရန် ပြည်တွင်းပြည်ပပြိုင်ပွဲများတွင် အသက်မှန်ကန်သောကစားသမားများဖြင့်ယှဉ်ပြိုင်ရေးမှာ အရေးကြီးကြောင်း ဘောလုံးရေးရာကျွမ်းကျင်သူတိုင်းပြောကြသည်။ မြန်မာဘောလုံးအဆင့်အတန်းပြန်လည်မြင့်မားလာရေးအတွက် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က နိုင်ငံတကာသက်တမ်းအလိုက်ပြိုင်ပွဲများတွင် အသက်မှန်ကန်သောဘောလုံးသမားများဖြင့် ပိုမိုစေလွှတ်ယှဉ်ပြိုင်မည်ဟုပြောထားသော်လည်း လက်တွေ့ကျင့်သုံးနိုင်မှု အားနည်းနေဆဲဖြစ်သည်။ ထို့ကြောင့် လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် အောင်မြင်မှုများရရှိရန် အသက်မှန်ကန်ရေးက မည်သို့အရေးပါကြောင်းကို ဘောလုံးရေးရာကျွမ်းကျင်သူများအား သတင်းထောက်**ဗိုလ်ဗိုလ်ဝင်း**က တွေ့ဆုံမေးမြန်းထားပါသည်။

# ဘောလုံး အား ကစား အောင် မြင် ရန် အ သက် မှန် ကန် ရေး အ ရေး ကြီး

“

အသက်လိမ်တဲ့ပြဿနာကတော့ တခြားနိုင်ငံတွေမှာလည်း ခုချိန်ထိရှိနေတုန်းပဲ။ ဒါပေမဲ့ ဘယ်သူလိမ်လိမ် ကိုယ်မလိမ်ဖို့လိုပါတယ်။ သက်တမ်းအလိုက်ပြိုင်ပွဲတွေမှာ အသက်ကိုအမှန်အတိုင်းမဖော်ပြဘဲ ညာကစားကြတော့ တကယ်အသက်မှန်တဲ့ကလေးတွေက ကစားခွင့်မရတော့ဘူး။ သူတို့နေရာ လူကြီးတွေကဝင်ကစားနေတာကိုး။ သူတို့ကလည်း အောက်ပြိုင်ပွဲတွေလိမ်ပြီး ဝင်ကစားကြပြန်ရော။ အဲလိုနဲ့ နောက်အဆင့်ဆင့် အသက်မှားတွေနဲ့ ပိတ်မိနေကြတော့ ခု MFF ဥက္ကဋ္ဌတာဝန်ယူတုန်းက ပြိုင်ပွဲတွေမှာ အသက်မှန်မှန်ကန်ကန်ဖြစ်ဖို့ ကြိုးစားမယ်လို့ပြောဖူးတာရှိတယ်။ ဒါပေမဲ့ ခုထိတော့ ဖြစ်မလာသေးဘူး။ နိုင်ငံအများစုက ပြိုင်ပွဲသွားပြိုင်ရင် နိုင်ချင်ကြတာများတော့ အသက်တွေလိမ်ပြီး ဝင်ပြိုင်ကြတာ။ မှန်ကန်တဲ့အသက်နဲ့ နိုင်သင့်တာကို လုပ်ရမယ်။ နိုင်ဖို့နိုင်ဖို့အတွက်ပဲဆိုပြီး အသက်မမှန်တာတွေနဲ့ သွားပြိုင်နေရင် ရေရှည်အဆင်မပြေနိုင်ဘူး။ လူငယ်ကစားသမားတွေ ပေါ်ထွက်လာဖို့ဆိုတာကလည်း ကျောင်းပြိုင်ပွဲတွေ မှန်မှန်လုပ်ပေးဖို့လိုလိမ့်မယ်။ ကျောင်းတွေက စိတ်ဝင်စားလာအောင် ဘောလုံးကွင်းတွေ၊ ဘောလုံးနည်းပြတွေ လုပ်ပေးရမယ်။

**ဦးခင်မောင်ထွေး(ပျဉ်းမနား)**
**ဝါရင့်အားကစားကလောင်ရှင်**



ဆူဇူးကီးဖလားအုပ်စုပွဲစဉ်တွင် မြန်မာနှင့် စင်ကာပူတို့ ယှဉ်ပြိုင်စဉ်။

“

အသက်မှန်ကန်တဲ့ပြိုင်ပွဲ တွေကိုတော့ ကျောင်းပြိုင်ပွဲတွေကပဲ အစစ်အမှန်(အများဆုံး) ရမယ်ထင်ပါတယ်။ ဒါကြောင့် ကျောင်းသားပြိုင်ပွဲတွေကို အဆင့်ဆင့် မှန်မှန်လုပ်ပေးဖို့လိုလိမ့်မယ်။ ဥပမာ-မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့် ပြိုင်ပွဲဆိုပြီးတော့ ပြောရရင် အခုလုပ်နေတဲ့ ပြည်နယ်/တိုင်းသက်တမ်းအလိုက်ပြိုင်ပွဲတွေ လာပြိုင်ကြတဲ့အသင်းတွေရဲ့ ၇၀ ရာခိုင်နှုန်းလောက်က အသက်လိမ်နေကြတာများတယ်။ ဒီပြိုင်ပွဲတွေကတော့ အသက်မှန်ကန်တဲ့ ကစားသမားတွေ ထွက်လာဖို့တော့ ခက်ခဲလိမ့်မယ်ထင်တယ်။ ဒါပေမဲ့ ဒီလိုအသက်လိမ်နေကြတာကတော့ မြန်မာတစ်နိုင်ငံတည်းတော့မဟုတ်ပါဘူး။ တခြားနိုင်ငံတွေလည်း လိမ်နေကျတာပါပဲ။ မူလတန်းအရွယ်ဆိုရင် အဓိကက ဘောလုံးကိုစိတ်ဝင်စားအောင် ဝါသနာပါလာအောင်လုပ်ရမယ်။ အလယ်တန်းအရွယ်လောက်ကျတော့ အခြေခံဘောလုံးပညာ၊ အထက်တန်းအဆင့်ဆိုရင် ကျွမ်းကျင်မှုဘောလုံးပညာနဲ့ တက္ကသိုလ်အဆင့်လောက်ဆိုရင် ကြံ့ခိုင်မှုနဲ့ နည်းစနစ်ပိုင်းတွေ ကောင်းကောင်းလုပ်ခဲ့လို့ရှိရင် လူငယ်တစ်ဦးဟာ အသက် ၂၀ ဝန်းကျင်လောက်ဆို ကစားသမားကောင်းကောင်းတစ်ဦးဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် အသက်မှန်ကန်တဲ့ မျိုးဆက်သစ်ကစားသမားတွေ ထွက်လာဖို့ဆိုရင် (တစ်နိုင်ငံလုံးအတိုင်းအတာ) ကျောင်းပြိုင်ပွဲတွေကနေ ထုတ်ဖော်ဖို့အရေးကြီးပါတယ်။ ဒီလိုမျိုးလုပ်နိုင်မယ်ဆိုရင်တော့ မြန်မာဘောလုံးဟာ နောက်ဆယ်နှစ်အတွင်းမှာ တိုးတက်လာမှာပါ”

**ဦးတင်အောင် (အမှုဆောင်အရာရှိချုပ်)**
**ဆောက်သမ်းမြန်မာအသင်း**

“

အသက်လိမ်တာကတော့ ဘယ်လိုမှမကောင်းပါဘူး။ ရေရှည်မှာထိခိုက်မှာပါ။ လူငယ်စီမံကိန်းတွေ ကောင်းကောင်းလုပ်ဖို့လိုပါလိမ့်မယ်။ ဒီမှာက နည်းနေသေးတယ်။ အဖွဲ့ချုပ်က လုပ်တော့လုပ်နေပါပြီ။ အသက်မှန်ကန်ဖို့ကတော့ ကစားသမားတွေကတော့ မလိမ်ရဲပါဘူး။ တာဝန်ရှိတဲ့သူတွေကပဲမလိမ်ပေးဖို့လိုတာပါ။ မြန်မာ့လက်ရွေးစင်အသင်းကိုလည်း မျိုးဆက်သစ် (New Generation) ပြောင်းလဲဖို့လိုနေပါပြီ။ ခု ဆူဇူကီးသွားပြိုင်တဲ့ ကစားသမားကြီးတွေလည်း သူတို့တတ်နိုင်သလောက် လုပ်ပေးခဲ့ပေမယ့် မရတော့ပါဘူး။ ခုခေတ် ဘောလုံးကစားနည်းက မြန်တဲ့သူက နှေးတဲ့သူကို၊ သန်မာတဲ့သူက ပျော့တဲ့သူကို အနိုင်ယူတဲ့ကစားနည်းဖြစ်နေပါပြီ။ ဒီမှာ ပရိုလုပ်တာမကောင်းဘူးလို့ တချို့ပြောကြတာကိုတော့ ကျွန်တော်လက်မခံပါဘူး။ ဗီယက်နမ်မှာဆို ပရိုစလုပ်တာ ၂၀၀၀ ခုနှစ်ကတည်းကဆိုတော့ ၁၀ နှစ်ရှိပါပြီ။ ဒီမှာက ၂ နှစ်ပဲရှိသေးတာပါ။ အနေအထားကိုတော့ သဘောပေါက်ဖို့ လိုလိမ့်မယ်။ စိတ်ပျက်လို့လည်း မရပါဘူး။ ခုချိန်မှာ စိတ်ပျက်သွားရင် ရှေ့ဆက်သွားလို့မရဘူးဖြစ်သွားလိမ့်မယ်။ အဓိကကတော့ လူငယ်ကလေးတွေကို ရဲရဲဝံ့ဝံ့ရွေးချယ်ရဲဖို့လိုလိမ့်မယ်ထင်ပါတယ်။

**ဦးခင်မောင်ကြိုင် (အမှုဆောင်အရာရှိချုပ်) ကမ္ဘောဇဘောလုံးအသင်း**



7 DAY NEWS JOURNAL
Vol.9, No.38 ▪ DECEMBER 16, 2010

# ကမ္ဘာ့လူငယ် ဝူ ၂ူးတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာ ရွှေသုံးခုရရှိ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဒီဇင်ဘာ - ၈

တတိယအကြိမ်မြောက် ကမ္ဘာ့လူငယ် ဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာလူငယ်ဝူရှူးအဖွဲ့သည် ရွှေတံဆိပ် ၃ ခုအပါအဝင် စုစုပေါင်းဆုတံဆိပ် ၁၃ ခုရရှိခဲ့ကြောင်း သတင်းရရှိသည်။

၂ နှစ်တစ်ကြိမ်ပြုလုပ်သော အဆိုပါပြိုင်ပွဲအား စင်ကာပူနိုင်ငံ၌ ယခုလ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး၊ မြန်မာဝူရှူးအဖွဲ့သည် ရွှေတံဆိပ် ၃ ခု၊ ငွေတံဆိပ် ၄ ခု နှင့် ကြေးတံဆိပ် ၆ ခုရရှိခဲ့သည်။

မြန်မာလူငယ်ဝူရှူးအဖွဲ့အတွက် ရွှေတံဆိပ်သုံးခုကို အမျိုးသား နန်းသောင်းပြိုင်ပွဲမှ ဝေဖြိုးအောင်က ၁ ခု၊ အမျိုးသား ချမ်းချွမ်ပြိုင်ပွဲမှ ကျော်ဇင်သက်က ၁ ခု၊ အမျိုးသမီး နန်းသောင်းပြိုင်ပွဲမှ အေးသစ္စာမြင့်က ၁ ခုရရှိခဲ့သည်။

ငွေတံဆိပ် ၄ ခုကို အမျိုးသမီး နန်းချွမ်ပြိုင်ပွဲမှ အေးသစ္စာမြင့်က ၁ ခု၊ အမျိုးသား ထိုက်ချိချွမ်ပြိုင်ပွဲမှ ငြိမ်းချမ်းကိုကိုက ၁ ခု၊ အမျိုးသမီးနှစ်ဖက်သွား ဓားပြိုင်ပွဲမှ မြတ်သက်စုဝေဖြိုးက ၁ ခု၊ အမျိုးသား ထိုက်ချိကျန့်ပြိုင်ပွဲမှ ငြိမ်းချမ်းကိုကိုက ၁ ခု ရရှိခဲ့သည်။

ကြေးတံဆိပ် ၆ ခုကို အမျိုးသား နှစ်ဖက်သွားဓားပြိုင်ပွဲမှ သူရစိုးက ၁ ခု၊ အမျိုးသား ဓားမောက်ပြိုင်ပွဲမှ ဝင်းမော်ဦးက ၁ ခု၊ အမျိုးသမီး နန်းကွန့်ပြိုင်ပွဲမှ မြတ်သက်စုဝေဖြိုးက ၁ ခု၊ အမျိုးသားနှစ်ယောက်တွဲ အတိုက်ပြိုင်ပွဲမှ ငြိမ်းချမ်းကိုကိုနှင့် သူရစိုးအတွဲက ၁ ခု၊ အမျိုးသား ဆန်းဆို ၄၈ ကီလိုတန်းမှ ဝေယံလင်းက ၁ ခုနှင့် ၅၂ ကီလိုတန်းမှ ထွန်းထွန်းဝင်းက ၁ ခု အသီးသီး ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း ၄၆ နိုင်ငံမှ လူငယ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရှိရသည်။

“

အဓိကကတော့ သက်တမ်းအလိုက် ပြိုင်ပွဲတစ်ခု ဥပမာ-ရပ်ကွက်၊ မြို့နယ်၊ တိုင်းမှာ ပြိုင်ပွဲဝင်တဲ့အသင်းတွေအနေနဲ့ လတ်တလော အနိုင်ယူဖို့အတွက် အသက်တွေညာပြီး ယှဉ်ပြိုင်နေမယ်ဆိုရင် ရေရှည်အတွက် မကောင်းနိုင်ပါဘူး။ ပြိုင်ပွဲတာဝန်ရှိတဲ့သူတွေကလည်း သေချာစစ်ဆေးသင့်ပါတယ်။ နိုင်ငံတကာမှာလည်း လိမ်တော့လိမ်နေကြတာပါပဲ။ နည်းနည်းနဲ့ များများပဲကွာတာပါ။ ဒါပေမဲ့ တကယ်တိုးတက်ဖို့ဆိုရင်တော့ အသက်မှန်မှန်ကန်ကန်နဲ့ အရှုံး၊ အနိုင်မကြည့်ဘဲ ရေရှည်အတွက်မွေးသင့်ပါတယ်။ အသက်မှန်မှန်နဲ့ မညာဘဲ ပြိုင်ပွဲတွေ ဝင်ပြိုင်ရင် လတ်တလောတော့ ရှုံးနိမ့်မှုတော့ ရင်ဆိုင်ရနိုင်တာပေါ့။ အဲလို ရှုံးနိမ့်မှုမျိုးကိုလည်း ခံနိုင်ရည်ရှိဖို့တော့လိုပါလိမ့်မယ်။ သက်တမ်းအလိုက် ပြိုင်ပွဲတွေကနေ အသက်တွေညာပြီး ကစားလာတဲ့ ကစားသမားတွေဟာ သူတို့လက်ရွေးစင်အသင်းရောက်လာရင်လည်း စွမ်းဆောင်ရည်ကောင်းကို ဘယ်လိုမှကြာကြာထိန်းနိုင်မှာမဟုတ်ပါဘူး။

**ဦးကြည်လွင်(နည်းပြချုပ်) မကွေးအက်ဖ်စီ**

“

သက်တမ်းအလိုက် ပြိုင်ပွဲတွေအတွက် ပြိုင်ပွဲဝင်ကစားသမားတွေကို မှန်မှန်ကန်ကန်စစ်ဆေးဖို့ အဓိကလိုအပ်ပါတယ်။ နောက် လူငယ်ကစားသမားလေးတွေကိုလည်း ကစားခွင့်ပေးဖို့လိုအပ်ပါတယ်။ MNL အရန်အသင်းပြိုင်ပွဲမျိုးမှာလည်း လူငယ်ကစားသမားလေးတွေကို အဓိက ကစားခွင့်ရအောင် လုပ်ပေးသင့်ပါတယ်။ ဒါမှလည်း ကလေးတွေအနေနဲ့ အတွေ့အကြုံရလာမှာပါ။ အသင်းကို ထိန်းကစားဖို့ အတွေ့အကြုံရှိကစားသမား သုံးလေးဦးလည်း ထည့်သုံးပေါ့။ ကျွန်တော်တို့ဆီမှာလည်း U-13 ၊ U-16 ကလေးတွေ စမွေးနေပါပြီ။ MNL အသင်းအကုန်လုံးလည်း လူငယ်မွေးထုတ်မယ့်စီမံကိန်းတွေ များများလုပ်သင့်ပါတယ်။ MNL အသင်းကြီးပြိုင်ပွဲတွေမှာလည်း လူငယ်လေးတွေကို သတ္တိရှိရှိထုတ်သုံးရဲဖို့လည်း လိုပါလိမ့်မယ်။

**ဦးလှဌေး(ဇွဲကပင်အသင်းပိုင်ရှင်)**

# မြန်မာနေရှင်နယ်လိဂ်၏ အကောင်းဆုံးဘောလုံးသမားများ



ရန်ကုန်ယူနိုက်တက် တိုက်စစ်မှူး လီယိုနာဒိုအား တားဆီးနေသော ရတနာပုံခံစစ်မှူး ဂျနိုစီယမ်။ ဓာတ်ပုံ- အောင်အောင်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဒီဇင်ဘာ - ၈

၂၀၁၁ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအား ယခင်နှစ်များထက်စော၍ ဇန်နဝါရီလတွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ၂၀၁၀ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုများအတွက် ဆုပေးပွဲအခမ်းအနားပြုလုပ်ခြင်းမရှိသေးသော်လည်း 7Day News မှ ကလပ်အသင်းများ၏ နည်းပြချုပ်များအား ၎င်းတို့အကြိုက် နေရာအလိုက်ကစားသမားများကို ရွေးချယ်စေခဲ့ပါသည်။

ယခုနှစ်ပြိုင်ပွဲ၏ ဂိုးအများဆုံးသွင်းသည့်ကစားသမားအဖြစ် ဥဿာယူနိုက်တက်မှ တိုက်စစ်မှူး ကင်မရွန်းနိုင်ငံသား လစ်ပီလစ်ပီက သွင်းဂိုး ၁၆ ဂိုးဖြင့် ရပ်တည်နိုင်ခဲ့ပြီး၊ အကောင်းဆုံးရှေ့တန်းကစားသမားအဖြစ်လည်း ၎င်းအား အများဆုံးရွေးချယ်မှုပေးခဲ့သည်ကိုတွေ့ရသည်။

“လစ်ပီလစ်ပီက သူကိုယ်တိုင် ဂိုးသွင်းနိုင်ရုံသာမက တခြားသူတွေအတွက်လည်း ဖန်တီးပေးနိုင်ပြီး နေရာယူမှုအလွန်ကောင်းသလို အဆုံးသတ်ကောင်းမွန်တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်”ဟု မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းတစ်သင်း၏ နည်းပြချုပ်ကပြောသည်။

အကောင်းဆုံးနောက်တန်းကစားသမားအဖြစ် ရတနာပုံအသင်းမှ ဂျနိုစီယန်အား အများဆုံးရွေးချယ်မှုပေးခဲ့သည်ကိုတွေ့ရသည်။ “အိုင်ဗရီကို့စ်ကစားသမား ဂျနိုစီယန်အနေနဲ့ ခံစစ်ပိုင်းကို အကောင်းဆုံးကာကွယ်နိုင်ရုံသာမက တိုက်စစ်ပြန်စနိုင်ဖို့အတွက်ကိုလည်း အကောင်းဆုံးလုပ်ဆောင်နိုင်သူပါ။ အမြင့်ဘော ဖျက်ထုတ်မှုတွေမှာလည်း အရမ်းကောင်းပါတယ်”ဟု မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းတစ်သင်းမှ နည်းပြချုပ်တစ်ဦးကပြောသည်။

အကောင်းဆုံးအလယ်တန်းကစားသမားနေရာ ရွေးချယ်မှုပေးရာတွင် ရတနာပုံအသင်းမှ အိုင်ဗရီကို့စ်ကစားသမားကိုနေးအား အခြားကစားသမားများထက် ရွေးချယ်မှုပိုများခဲ့သည်ကိုတွေ့ရသည်။

“ကိုနေးဟာ တိုက်စစ်၊ ခံစစ်ကိုကူညီနိုင်သူသာမက ဖျက်အားကောင်းပြီး လိုအပ်ရင်လည်း ဂိုးရရှိအောင် စွမ်းဆောင်နိုင်သူပါ” ဟု မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းတစ်သင်းမှ နည်းပြချုပ်တစ်ဦးကပြောသည်။

အကောင်းဆုံးဂိုးသမားနေရာတွင် ကမ္ဘောဇအသင်း၏ ဂိုးသမားကျော်ဇင်ထက်အား ရွေးချယ်မှုအများဆုံးပေးခဲ့သည်ကိုတွေ့ရသည်။ “လက်ရှိ ဂိုးသမားတွေထဲမှာတော့ ကျော်ဇင်ထက်ဟာ အကောင်းဆုံးဂိုးသမားတစ်ဦးပါ”ဟု မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းတစ်သင်းမှ နည်းပြချုပ်တစ်ဦးကပြောသည်။

သို့သော် ကျော်ဇင်ထက်မှာ ဇီယက်နမ်အသင်းကို စံချိန်တင် ဂိုးအလျှုပေးခဲ့သောပွဲတွင် ဂိုးဖမ်းခဲ့သူဖြစ်သည်။

၂၀၀၉ ခုနှစ် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုအား ရန်ပိုင်(ရတနာပုံ)က ရရှိခဲ့ပြီး၊ ဂိုးအများဆုံးသွင်းသည့်ဆုကိုလည်း စိုးမင်းဦး(ကမ္ဘောဇ)က သွင်းဂိုး ၁၂ ဂိုးဖြင့်ရရှိခဲ့သည်။ ယခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ ဂိုးအများဆုံးသွင်းသည့်ဆုအား သွင်းဂိုး ၁၆ ဂိုးဖြင့် ဥဿာတိုက်စစ်မှူးလစ်ပီလစ်ပီက ရရှိမည်ဖြစ်ပြီး၊ အကောင်းဆုံးကစားသမားဆုအား ပြည်တွင်းကစားသမားများထက် ပိုမိုခြေစွမ်းပြခဲ့သော နိုင်ငံခြားသားကစားသမားများသာ ရရှိသွားမလားဆိုသည်ကို မကြာမီသိရှိရတော့မည်ဖြစ်သည်။

(ယခုရွေးချယ်မှုသည် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများအနက် ရန်ကုန်ယူနိုက်တက်၊ ဆောက်သမ်းမြန်မာ၊ ဥဿာအသင်း ၃ သင်းမှလွဲ၍ ကျန်သည့် ကလပ်အသင်း ၈ သင်းမှ နည်းပြချုပ်များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းစနစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦး စုစုပေါင်း ၉ ဦး၏ ရွေးချယ်မှုဖြစ်ပါသည်)

# ရလဒ်မကောင်းသော မြန်မာအသင်း ၂၀၁၂ ဆုဇူကီးဖလားတွင် ခြေစစ်ပွဲမှ စတင်ယှဉ်ပြိုင်ရမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဒီဇင်ဘာ - ၈

၂၀၁၀ အာဆီယံ ဆုဇူကီးဖလားပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များအပြီးတွင် နောက်ဆုံးအဆင့်၌ ရပ်တည်ခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် လာမည့် ၂၀၁၂ ဆုဇူကီးဖလားပြိုင်ပွဲ၌ ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်ကြောင်း သိရှိရသည်။

အိမ်ရှင်ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်အသင်းတို့နှင့် အုပ်စုအဆင့် ယှဉ်ပြိုင်ကစားခဲ့သော မြန်မာအသင်းသည် သုံးပွဲကစား၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ ပေးဂိုး ၉ ဂိုး၊ ရဂိုး ၂ ဂိုးဖြင့် အုပ်စု(ခ)၏ စတုတ္ထ နေရာရရှိခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အုပ်စုအဆင့်၌ အုပ်စုတစ်ခုစီမှ အဆင့်လေးရရှိသောအသင်းနှစ်သင်းသည် လာမည့်ပြိုင်ပွဲ၌ ခြေစစ်ပွဲမှ စတင်ကစားရမည်ဖြစ်ရာ မြန်မာအသင်းသည် အုပ်စု(က)မှ အဆင့်လေးရရှိခဲ့သော လာအိုအသင်းနှင့်အတူ ၂၀၁၂ ဆုဇူကီးပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် ၁၉၉၈ ခုနှစ် တိုက်ဂါးဖလားပြိုင်ပွဲ (ယခင်အမည်ဟောင်း) တွင်လည်း ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရဖူးပြီး၊ ၂၀၁၂ ခြေစစ်ပွဲ၌ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အရှေ့တီမောတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။



ကျင်းပလျက်ရှိသော ဆုဇူကီးဖလားပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲအဆင့်တွင် အုပ်စု(ခ)မှ ပထမရရှိသော ဗီယက်နမ်အသင်းသည် အုပ်စု(က)မှ ဒုတိယရသည့် မလေးရှားအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲတက်ရောက်လာသည့် ဖိလစ်ပိုင်အသင်းမှာ အုပ်စု(က)ပထမ အင်ဒိုနီးရှားအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်များကို ဒီဇင်ဘာလ ၁၅ နှင့် ၁၆ ရက်များတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# ချယ်လ်ဆီး-မန်ယူ ထိပ်တိုက်တွေ့မယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၁၈)ပွဲကြိုခန့်မှန်းချက်

ကိုထိုက်

ဒီတစ်ပတ်ရဲ့ ပရီးမီးယား လိဂ်ပွဲစဉ်(၁၈)မှာတော့ ချယ်လ်ဆီး-မန်ယူ၊ မန်စီးတီး-အဲဗာတန် ထိပ်တိုက်တွေ့ဆုံမှုတွေအပြင် စတုတ်ကို အိမ်ကွင်းမှာရင်ဆိုင်ရမယ့် အာဆင်နယ်၊ ဘာမင်ဂမ်ကို အဝေးကွင်းမှာ ကစားရမယ့်နယူးကာဆယ်တို့ရဲ့ ပွဲစဉ်တွေပါဝင်လာပါတယ်။ ဒါ့ကြောင့် ပွဲစဉ်အားလုံး အကြိတ်အနယ်ရှိလာနိုင်ပါတယ်။

**ဒီဇင်ဘာ-၁၈၊ စနေ**

**ည ၇း၁၅ နာရီ**
**ဆန်းဒါးလန်း - ဘော်လ်တန်**
**ယမန်နှစ်ရလဒ် ၄-၀**

ဆန်းဒါးလန်းဟာ ဒီနောက်ပိုင်း အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပြအနိုင်ယူလျက် ရှိပါတယ်။ ဘော်လ်တန်ကလည်း အဝေးကွင်းရှုံးပွဲ နှစ်ပွဲခန့်သာရှိသေးတာမို့ အဝေးကွင်းဆိုပေမယ့် အကြိတ်အနယ်ကစားသွားဖွယ်ရှိတယ်။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ နှစ်ကြိမ်နိုင်ထားတာ အိမ်ရှင်ဆန်းဒါးလန်းပါ။ ဆန်းဒါးလန်းကို ဂိုးအနည်းနဲ့ ရွေးချယ်ချင်ပါတယ်။

**ည ၉း၃၀ နာရီ**
**အာဆင်နယ် - စတုတ်စီးတီး**
**ယမန်နှစ်ရလဒ် ၂-၀**


ချန်ပီယံလိဂ် ကစားပြီးတဲ့ အာဆင်နယ်တို့ ဒီအိမ်ကွင်းပွဲကို အနိုင်ကန်ရမှာပါ။ လတ်တလောမှာ စတုတ်တို့ ဇယားအလယ်မှာ ရှိနေပြီး ရလဒ်ပိုင်းအရတော့ အဝေးကွင်း ရှုံးပွဲငါးပွဲအထိရှိထားတယ်။ ဗန်ပါစီ၊ ဝီလ်ရှီးယား၊ နာဆရီတို့ရဲ့ အာဆင်နယ်ကပဲ အိမ်ကွင်းမှာ တိုက်စစ်ဖိကစားသွားမှာပါ။ အာဆင်နယ်တို့ နှစ်ဂိုးအသာနဲ့ နိုင်ခြေရှိပါတယ်။

**ည ၉း၃၀ နာရီ**
**ဘာမင်ဂမ် - နယူးကာဆယ်**
**ယမန်နှစ်ရလဒ် - မရှိ**

နယူးကာဆယ်တို့ ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာ အာဆင်နယ်ကို မထင်မှတ်ဘဲ ကပ်နိုင်ခဲ့တာကလွဲလို့ ကျန်နှစ်ပွဲလုံး ရှုံးခဲ့ပြီး အဝေးကွင်းခြေစွမ်းကျနေတယ်။ ဘာမင်ဂမ်ကတော့ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ ချယ်လ်ဆီး၊ စပါး၊ ဝက်စ်ဟမ်းတို့နဲ့ ကစားခဲ့ရာမှာ ချယ်လ်ဆီးကို အနိုင်၊ ကျန်နှစ်ပွဲ သရေကျထားတယ်။ ကစားအားပိုကောင်းပြီး မာကျောတဲ့ အိမ်ရှင်ဘာမင်ဂမ်တို့ ဂိုးအနည်းနဲ့ကပ်နိုင်ဖွယ်ရှိပါတယ်။

**ည ၉း၃၀ နာရီ**
**ဘလက်ဘန်း - ဝက်စ်ဟမ်း**
**ယမန်နှစ်ရလဒ် ၀-၀**

ဘလက်ဘန်းတို့ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲလုံး အနိုင်ရထားပြီး၊ ခြေစွမ်းမာကျောနေပါတယ်။ ဇယားအောက်ခြေက ညှော့သည် ဝက်စ်ဟမ်းတို့ သရေရရင်ပဲ ကျေနပ်ရမှာပါ။ ခံစစ်၊ တိုက်စစ်ကစားပုံမျှတတဲ့ အိမ်ရှင်ဘလက်ဘန်းတို့ အနည်းဆုံး တစ်ဂိုးအသာနဲ့နိုင်ခြေရှိနေပါတယ်။





**ည ၉း၃၀ နာရီ**
**ဝီဂန် - ဗီလာ**
**ယမန်နှစ်ရလဒ် ၁-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ အပြန်အလှန် တစ်ကြိမ်စီ နိုင်ထားပြီး၊ တစ်ကြိမ် သရေကျထားတယ်။ လက်ရှိဇယားမှာ ရပ်တည်မှုအရလည်း အဆင့်ချင်းသိပ်မကွာပါဘူး။ နှစ်သင်းလုံးနိုင်ဖို့ အခွင့်အရေးအတူတူရှိနေပြီး အကြိုက်ကိုရွေးရရင်တော့ ဝါရင့်ကစားသမားတွေ ပိုများတဲ့ ညှော့သည်ဗီလာပါ။ သွင်းဂိုးနည်းမယ့်ပွဲပါပဲ။

**ဒီဇင်ဘာ-၁၉၊ တနင်္ဂနွေ**

**နံနက် ၁၂း၀၀ နာရီ**
**လီဗာပူး - ဖူလ်ဟမ်**
**ယမန်နှစ်ရလဒ် ၀-၀**

လီဗာပူးမှာ ဂျရတ်ပါဝင်ဦးဆောင်လာဖွယ်ရှိနေပြီး ဇယားမှာ ထိပ်တန်း ၁၀ သင်းစာရင်းဝင်ဖို့ ရုန်းကန်နေရပေမယ့် ဒီရာသီအိမ်ကွင်းရှုံးပွဲ တစ်ပွဲခန့်သာရှိလို့ အခြေအနေကောင်းနိုင်ပါတယ်။ ညှော့သည်ဖူလ်ဟမ်တို့ လီဗာပူးတိုက်စစ်ကို ပိတ်ကစားရဖွယ်ရှိပါတယ်။ လီဗာပူးတို့ နှစ်ဂိုးလောက်ရနိုင်ခြေရှိပါတယ်။

**ညနေ ၆း၃၀ နာရီ**
**ဝက်စ်ဘရွန်း - ဝုလ်**
**ယမန်နှစ်ရလဒ် - မရှိ**

ဝက်စ်ဘရွန်းတို့ ဒီရာသီ အိမ်ကွင်းရှုံးပွဲ နှစ်ပွဲသာရှိသေးတာမို့ အခြေအနေကောင်းနိုင်ပါတယ်။ ဝုလ်ဟာ ဇယားအောက်ခြေမှာရှိနေပြီး ဒီရာသီ အဝေးကွင်းနိုင်ပွဲ မရသေးပါဘူး။ အိမ်ရှင်ဝက်စ်ဘရွန်းတို့ နှစ်ဂိုးလောက်အသာရမှာပါ။

**ည ၈း၀၀ နာရီ**
**ဘလက်ပူး - စပါး**
**ယမန်နှစ်ရလဒ် - မရှိ**

အိမ်ရှင်ဘလက်ပူးလ်တို့ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ ဝက်စ်ဘရွန်း၊ အဲဗာတန်၊ ဝုလ်တို့နဲ့ ရင်ဆိုင်ခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားတယ်။ ပရီးမီးယားလိဂ် ဝါရင့်စပါးတို့ ဂရုစိုက်ကစားရမှာပါ။ ဒါပေမဲ့ ဒီဖိုး၊ ခရော့ချ်၊ ဟတ်ဒယ်စတုန်း၊ ဘေးလ်တို့ရဲ့ ညှော့သည်စပါးကပဲနိုင်ဖွယ်ရှိပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ၂-၁ ၊ ၃-၁ ရလဒ်တွေ ဖြစ်သွားနိုင်ပါတယ်။

**ည ၁၀း၃၀ နာရီ**
**ချယ်လ်ဆီး - မန်ယူ**
**ယမန်နှစ်ရလဒ် ၁-၀**

နှစ်သင်းလုံးအတွက် ဂုဏ်သိက္ခာအရရော၊ ဇယားမှာ ရပ်တည်မှုအရပါ အထူးအရေးကြီးတဲ့ပွဲပါပဲ။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ နှစ်ကြိမ်စီနိုင်ထားပြီး၊ တစ်ကြိမ်သရေဖြစ်ခဲ့တယ်။ ချယ်လ်ဆီးတို့ ဒီရာသီအိမ်ကွင်းရှုံးပွဲ တစ်ပွဲသာရှိသေးပြီး မန်ယူကလည်း အဝေးကွင်းရှုံးပွဲ တစ်ပွဲမှ မရှိသေးပါဘူး။ ဒါပေမဲ့ ဒရော့ဘာ၊ ကာလူး၊ အက်ဆီယန်၊ အနယ်လ်ကာ၊ အက်ရှ်လေကိုးတို့ရဲ့ အိမ်ရှင်ချယ်လ်ဆီးဘက်က ဂိုးအနည်းနဲ့နေကြည့်ချင်ပါတယ်။

**ဒီဇင်ဘာ-၂၁၊ အင်္ဂါ**

**နံနက် ၂း၃၀ နာရီ**
**မန်စီးတီး - အဲဗာတန်**
**ယမန်နှစ်ရလဒ် ၀-၂**

အိမ်ရှင်မန်စီးတီးတို့ ယူရိုပါလိဂ်မှာ အခြေအနေကောင်းခဲ့ပြီး တိုက်စစ်မှာ ဘာလော့တယ်လီပြန်ပါလာတဲ့အတွက် တိုက်စစ်အားကောင်းနေပါတယ်။ အဲဗာတန်ကတော့ ဒီရာသီမှာ အဝေးကွင်း သရေပွဲငါးပွဲအထိရှိထားတာမို့ ခံစစ်ကစားမယ့်ပုံရှိပါတယ်။ မန်စီးတီးကို ပိုကြိုက်ပေမယ့် နိုင်ရင်လည်းသွင်းဂိုးနည်းနိုင်သလို သရေပွဲလည်း ဖြစ်သွားနိုင်တယ်။




SAMSUNG
World's No.1 Flat Panel TV
(LED, LCD, Plasma)
Bye Bye 2010
SALES
UP TO 50% OFF
15TH TO 31ST DECEMBER
SPECIAL PRICES . . .
LED, LCD, PLASMA, CRT TV,
BLU-RAY PLAYER, DVD,
ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အဝတ်လျှော်စက်...
ဝယ်ယူရရှိနိုင်သောနေရာများ

7DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# အက်ဆန်းကို မဟုတ်ဘဲ အမေရိကန်ကို အပြစ်တင်ရမည်ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးပြော



**ကင်ဘာရာ၊ ဒီဇင်ဘာ - ၈**

ဝီကီလိခ် ဝက်ဘ်ဆိုက်တွင် အမေရိကန်သံတမန်ရေး ကြေးနန်းများ ထုတ်ပြန်ခြင်းအတွက် ဝီကီလိခ် တည်ထောင်သူ ဩစတြေးလျနိုင်ငံသား ဂျူလီယန်အက်ဆန်းကို အပြစ်တင်ရမည် မဟုတ်ဘဲ အမေရိကန်နိုင်ငံကိုသာ အပြစ်တင်ရမည် ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။

ယခုပေါက်ကြားမှုကြောင့် အမေရိကန်နိုင်ငံ၏ လုံခြုံရေးစနစ်နှင့်ပတ်သက်၍ မေးခွန်းထုတ်စရာများပေါ်ထွက်လာကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ကီဗင်ရပ်ဒ်က ပြောကြားသည်။ ထို့အပြင် ကြေးနန်းတွင်ပါသော ဝေဖန်မှုများကိုလည်း ၎င်းကဂရုမစိုက်ကြောင်းကီဗင်ရပ်ဒ်ကဆက်လက်ပြောကြားသည်။

မစ္စတာအက်ဆန်းသည် ဆွီဒင်နိုင်ငံမှ ထုတ်ပြန်သည့် လိင်ပြစ်မှုစွပ်စွဲချက်များကြောင့် ဗြိတိန်နိုင်ငံတွင် အဖမ်းခံထားရသည်။ ဩစတြေးလျအစိုးရသည် အမေရိကန်အား "ဂုဏ်သိက္ခာမဲ့စွာ ပွတ်သီးပွတ်သပ်" လုပ်နေသည်ဟုလည်းမစ္စတာအက်ဆန်းက စွပ်စွဲပြောကြားခဲ့သည်။

ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂီးလ်လာ့ဒ်ကမူ လျှို့ဝှက်ကြေးနန်းများအား မစ္စတာအက်ဆန်းက ထုတ်ပြန်ခဲ့ခြင်းမှာ ယေဘုယျအားဖြင့် တာဝန်မဲ့ရာကျကြောင်း ပြောကြားခဲ့ဖူးသည်။

ပြီးခဲ့သည့် နှစ်ပတ်အတွင်း ဝီကီလိခ်သည် ၎င်းရရှိထားသော ကြေးနန်းပေါင်း ၂၅၀,၀၀၀ အနက် ကမ္ဘာတစ်ဝန်း အမေရိကန်သံရုံးများမှပေးပို့သည့် ကန့်သတ်သတင်းပေးပို့မှုများကို ထောင်နှင့်ချီ၍ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ကြေးနန်းများ ထုတ်ပြန်ခြင်းမှာ တာဝန်မဲ့ရာကျပြီးနိုင်ငံတကာလူ့အသိုင်းအဝိုင်းကို တိုက်ခိုက်ခြင်းဟု အမေရိကန်အာဏာပိုင်များက ပြောကြားသည်။ *—Ref: BBC*

# အီရန်ချူပညာရှင်များအား လုပ်ကြံခဲ့သောအဖွဲ့မှာ နိုင်ငံခြားတွင် လေ့ကျင့်ခဲ့သူများဟု ပြောကြား

**တီဟီရန်၊ ဒီဇင်ဘာ - ၈**

မကြာသေးမီက တီဟီရန်မြို့တွင် အီရန်ချူကလီးယား သိပ္ပံပညာရှင်နှစ်ဦးကို တိုက်ခိုက်ခဲ့ပြီး အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ၌ လုပ်ကြံသတ်ဖြတ်ရေးအတွက် လေ့ကျင့်ခဲ့သည့် အဖွဲ့မှ အဖွဲ့ဝင်များကို အီရန်က ဖမ်းဆီးထားကြောင်း တီဟီရန်အစိုးရရှေ့နေ တစ်ဦးအားကိုးကား၍ သတင်းအေဂျင်စီများကဖော်ပြသည်။

"လုပ်ကြံသတ်ဖြတ်ရေးအတွက်လေ့ကျင့်ပေးထားတဲ့အဖွဲ့မှ အဖွဲ့ဝင်များကို ထောက်လှမ်းရေးဝန်ကြီးဌာနက ဖော်ထုတ် ဖမ်းဆီးခဲ့ပါသည်" ဟုအဘတ်စ်ဂျာဖရီအားကိုးကား၍ ဖားစ်အေဂျင်စီက ဖော်ပြသည်။

၎င်းတို့သည် တက္ကသိုလ်ပါမောက္ခ နှစ်ဦးအားလုပ်ကြံသတ်ဖြတ်ရန် နိုင်ငံပြင်ပတွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း မစ္စတာအဘတ်စ်အား ကိုးကား၍ မေဟာသတင်းဌာနက ပြောကြားသည်။

နိုဝင်ဘာ ၂၉ ရက်တွင် ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုနှစ်ခုကြောင့် တက္ကသိုလ်ပါမောက္ခ မာဂျစ်ရှာရီအာရီမှာ သေဆုံးခဲ့ပြီး အခြားပါမောက္ခ တစ်ဦးဖြစ်သူ ဖေရီဒွန်းအဘတ်စီမှာလည်းဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ယင်းပါမောက္ခနှစ်ဦးမှာ အီရန်နိုင်ငံ၏ ချူကလီးယားအစီအစဉ်အတွက် အရေးပါ အရာရောက်သူများဖြစ်သည်။

၎င်းတို့၏ ဝန်ခံချက်များအရအဖွဲ့ဝင်များသည် နောက်ထပ်လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်ရန်လည်းစီစဉ်နေသည်ဟု အီရန်အာရာရှိက ဆက်လက်ပြောကြားသည်။ ဒီဇင်ဘာလ ၂ ရက်ကလည်း တိုက်ခိုက်မှု နောက်ကွယ်မှ အစိတ်အပိုင်းအချို့အား ဖမ်းဆီးခဲ့ကြောင်း အီရန်ထောက်လှမ်းရေးဝန်ကြီးက ပြောကြားသည်။ သို့သော်လူဘယ်နှဦး ဖမ်းဆီးထားသည်ကိုမူ ရှင်းရှင်းလင်းလင်းမသိရသေးပေ။ *—Ref: AP*






# ချီလီအကျဉ်းထောင်မီးလောင်မှု လူ ၈၁ ဦးသေဆုံး

**ဆန်တီယာဂို၊ ဒီဇင်ဘာ - ၉**

လူများအလွန်အကျွံပြည့်ကျပ်နေသော ချီလီနိုင်ငံ အကျဉ်းထောင်တစ်ခုတွင် ရန်းရင်းဆန်ခတ်မှုဖြစ်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး အကျဉ်းသား ၈၁ ဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများကပြောကြားသည်။

ယင်းအဖြစ်အပျက်အတွင်း အကျဉ်းသားတစ်ဦးက တရားမဝင်ရယူထားသော လက်ကိုင်ဖုန်းအား အသုံးပြု၍ နိုင်ငံတော်တယ်လီဗေးရှင်းအား အကူအညီတောင်းခံခဲ့၍လည်း အကျဉ်းသားများ၏ အော်ဟစ်သံများကို တစ်နိုင်ငံလုံးက ကြားသိခဲ့ရကြောင်း သိရသည်။

"ဒီအကျဉ်းထောင်မှာရှိနေတဲ့အခြေအနေတွေက လုံးဝကို လူမဆန်ပါဘူး" ဟု ချီလီသမ္မတ ဆာဘက်စတီယန်ပင်နဲရာက ပြောကြားသည်။ အစောပိုင်းက ချီလီသမ္မတသည် ပြင်းထန်သော မီးလောင်ဒဏ်ရာများနှင့် မီးခိုးရှူရှိုက်မိသူများအား ကုသနေသည့် အရေးပေါ်ဆေးကုသရေးဌာနသို့ သွားရောက်ကြည့်ရှုခဲ့သည်။

မြို့တော်ဆန်တီယာဂို၏ တောင်ဘက်ရှိ ဆန်မိဂွယ်အကျဉ်းထောင်၌ နံနက် ၅ နာရီခွဲတွင် မီးစတင်လောင်ကျွမ်းခဲ့ပြီးနောက် ၃ နာရီအကြာမှသာ ထိန်းချုပ်နိုင်ခဲ့ကြောင်း အမျိုးသားအကျဉ်းထောင်ရဲတပ်ဖွဲ့ဒါရိုက်တာ လူးဝစ်မက်စ်ဖောရာက ပြောကြားသည်။


အကျဉ်းထောင်တွင် လောင်ကျွမ်းခဲ့သောမီးမှာ တမင်တကာရှို့ခဲ့သောမီးဖြစ်ကြောင်း အကျဉ်းသားများ အချင်းများရာမှ ရှို့လိုက်သောမီးဖြစ်ပြီး ၃ မိနစ်အတွင်းမှာပင် အရှိန်အပြင်းထန်ဆုံး အခြေအနေသို့ရောက်ရှိခဲ့ကြောင်း၊ ယင်းဖြစ်ရပ် ကနဦးစုံစမ်းစစ်ဆေးမှုများကိုကိုးကား၍ ပြည်ထဲရေးဝန်ကြီး ရိုဒရီဂို ဟင့်ဇက်တာက ပြောကြားသည်။ *—Ref: AP*

7 DAY NEWS JOURNAL
Vol.9, No.38 • DECEMBER 16, 2010

# ရွေးကောက်ပွဲအလွန် အာဏာလွှဲပြောင်းပေးရန် အိုင်ဗရီကို့စ်သမ္မတအပေါ် ဖိအားပေးမှုများလာ

**အာဘီဂျန်၊ ဒီဇင်ဘာ - ၈**

ရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင်ဆီသို့ အာဏာလွှဲပြောင်းပေးရေးအတွက် အိုင်ဗရီကို့စ်နိုင်ငံ၏ လက်ရှိသမ္မတအပေါ် အိမ်နီးချင်းနိုင်ငံများနှင့် အမေရိကန်နိုင်ငံ၏ ဖိအားပေးမှုများလာခဲ့ကြောင်း သိရသည်။ "ငြိမ်းချမ်းသောအကူးအပြောင်း" ဖြစ်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့်အမေရိကန်က မေတ္တာရပ်ခံထားသည်။



ထိုအတောအတွင်းမှာပင် ကုလသမဂ္ဂ ဝန်ထမ်းများသည် အိုင်ဗရီကို့စ်နိုင်ငံမှ စတင်ရွှေ့ပြောင်းနေကြသည်။ ပြည်တွင်းစစ်ကြောင့် ၂၀၀၂-၂၀၀၃ ခုနှစ်များတွင် နှစ်ခြမ်းကွဲခဲ့သော နိုင်ငံမှာ နိုဝင်ဘာ ၂၈ ရက် သမ္မတရွေးကောက်ပွဲနောက်ပိုင်း ပို၍မငြိမ်မသက်ဖြစ်လာပြီး သွေးထွက်သံယိုအကြမ်းဖက်မှုများ ရှိလာမည်ကို ကုလသမဂ္ဂက စိုးရိမ်လျက်ရှိသည်။

အနောက်အာဖရိက နိုင်ငံများအဖွဲ့ ECOWAS ကလည်း အိုင်ဗရီကို့စ်နိုင်ငံနှင့် ဆက်ဆံရေးကိုဆိုင်းငံ့ထားပြီး လက်ရှိသမ္မတဂါဘိုအား ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော အတိုက်အခံခေါင်းဆောင်အလက်ဆန်ကက်တာရာအား သမ္မတသစ်အဖြစ် အသိအမှတ်ပြုရန် တိုက်တွန်းလျက်ရှိသည်။

"ယခုအချိန်မှာ ကျွန်တော်တို့ရဲ့လှုပ်ရှားမှုတွေကနေ အိုင်ဗရီကို့စ်နိုင်ငံကို ဆိုင်းငံ့ထားပါတယ်" ဟု အဘူဂျာမြို့နယ်တွင်ကျင်းပခဲ့သော ECOWAS အရေးပေါ်ထိပ်သီးအစည်းအဝေးပြီးနောက် နိုင်ဂျီရီးယားသမ္မတ ဂွတ်လပ်ခ်ဂျွန်နသန်က ပြောကြားသည်။

အမေရိကန်နိုင်ငံကလည်း သမ္မတဂါဘိုအပေါ် ဖိအားပေးခဲ့ပြီးအိုင်ဗရီကို့စ်နိုင်ငံသားများ၏ သဘောထားဆန္ဒကို အသိအမှတ်ပြုပြီး ငြိမ်းချမ်းသော ကူးပြောင်းမှုဖြစ်ပေါ်စေရေးဆောင်ရွက်သင့်ကြောင်း ကန်နိုင်ငံခြားရေး ဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်ပီဂျေခရိုလီက ပြောကြားသည်။ အတိုက်အခံခေါင်းဆောင် အနိုင်ရကြောင်း သမ္မတရွေးကောက်ပွဲကော်မရှင်ကကြေညာခဲ့သော်လည်း ယင်းရလဒ်ကိုလက်ရှိသမ္မတ လောရင့်ဂါဘိုက အသိအမှတ်မပြုဘဲ ရွေးကောက်ပွဲတွင် ၎င်းအနိုင်ရရှိသည်ဟု ကြေညာခဲ့သည်။ *—Ref: AFP*

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ရုရှားဝင်ရောက်ရေး အီးယူထောက်ခံ

**လန်ဒန်၊ ဒီဇင်ဘာ - ၈**

ဥရောပသမဂ္ဂအီးယူသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး WTO သို့ ရုရှားနိုင်ငံဝင်ရောက်ရေးကမ်းလှမ်းမှုကို ထောက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ရုရှားဘက်မှ သစ်အချောထည်ပို့ကုန်အခွန်နှင့် မီးရထားသယ်ယူပို့ဆောင်စရိတ်များ ဖြတ်တောက်ပေးရန်သဘောတူခဲ့ပြီးနောက် အီးယူသည် WTO သို့ ရုရှားဝင်ရောက်ရေးကို ယခုကဲ့သို့ထောက်ခံခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ယခုအခါ WTO သို့မဝင်ရသေးသည့် တစ်ခုတည်းသောကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည်။ ရုရှားသမ္မတမက်ဗီဒက်ကလည်း "သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးပြီးတဲ့နောက်မှာတော့ ရုရှားရဲ့ WTO သို့ဝင်ရောက်ရေးကိစ္စဟာ တကယ့်လက်တွေ့ဖြစ်လာခဲ့ပါပြီ" ဟု ပြောသည်။

အဆိုပါသဘောတူညီချက်မှာ အီးယူနှင့် ရုရှား စီးပွားရေးထိပ်သီးဆွေးနွေးပွဲအပြီး လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ရုရှားသည် WTO သို့ဝင်ရောက်နိုင်ရေးအတွက် သမ္မတဘောရစ်ယဲ့လ်ဆင်လက်ထက်တွင် အခွန်အကောက်နှင့် ကုန်သွယ်ရေးဆိုင်ရာ ဂတ် (Gatt) သဘောတူညီချက်စာချုပ်ကိုစတင်လက်မှတ်ထိုးခဲ့ပြီးနောက် ၁၇ နှစ်ကြာသည့် ယနေ့အချိန်အထိ စောင့်ဆိုင်းခဲ့ရခြင်းဖြစ်သည်။

*—Ref: BBC*

# ပုံနှိပ်မှုချို့ယွင်းချက်ကြောင့် ကန်ဒေါ်လာ ၁၀၀ တန် ငွေစက္ကူများထုတ်လုပ်မှု ခေတ္တရပ်ဆိုင်း

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၇**

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အသစ်ထုတ်ဝေမည့် ကန်ဒေါ်လာ ၁၀၀ တန်ငွေစက္ကူများတွင် ပုံနှိပ်ပိုင်းဆိုင်ရာပြဿနာများကြုံတွေ့နေရမှုကြောင့် ယင်းငွေစက္ကူများထုတ်ဝေခြင်းကို ရပ်ဆိုင်းထားရကြောင်း သိရသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုပါငွေ စက္ကူများသည် ပုံနှိပ်ရာတွင် စက္ကူသားနှင့်ပတ်သက်၍ ချို့ယွင်းချက်များရှိနေသောကြောင့် ဆိုင်းငံ့ထားရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ချို့ယွင်းချက်မှာ ငွေစက္ကူကိုပုံနှိပ်ရာတွင် ပုံမပါသည့် ငွေစက္ကူသား အလွတ်နေရာများ၌ တွန့်ခေါက်မှုများဖြစ်ပေါ်နေခြင်းကြောင့်ဟုသိရသည်။ ကန်ဘဏ္ဍာရေးဝန်ကြီးဌာနကထုတ်ဝေမည့် ဒီဇိုင်းအသစ်နှင့် အဆိုပါဒေါ်လာ ၁၀၀ တန်ငွေစက္ကူများသည် ဘဏ္ဍာရေးဝန်ကြီး တင်မိုသီဂတ်တနာ၏ လက်မှတ်ပထမဆုံးပါဝင်လာသော ငွေစက္ကူများဖြစ်သည်။

လက်ရှိအချိန်တွင်မူ အာဏာပိုင်များသည် ငွေစက္ကူထုတ်လုပ်မှုကို အချိန်မည်မျှကြာအောင် ဆိုင်းငံ့ထားမည်ကိုမူဖော်ပြခြင်း မပြုသေးပေ။ အဆိုပါ ဒေါ်လာ ၁၀၀ တန်ငွေစက္ကူများကို မူလက ၂၀၁၁ ဖေဖော်ဝါရီတွင်ဖြန့်ချိသွားရန် စီစဉ်ခဲ့သည်ဟု သိရသည်။

*—Ref: UPI*

# ဂြိုဟ်တုသုံးလုံးပျက်ကျရခြင်းစုံစမ်းနေဟု ရုရှားအာကာသအေဂျင်စီကဆို

**မော်စကို၊ ဒီဇင်ဘာ - ၇**

ပြီးခဲ့သည့် ဒီဇင်ဘာ ၅ ရက်နေ့က လွှတ်တင်ခဲ့သော ဂလိုနတ်စ်-အမ်တည်နေရာပြဂြိုဟ်တုသုံးလုံးပျက်ကျခဲ့ရခြင်းအတွက် ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်လိုက်သည်။ ယင်းအေဂျင်စီ၏ အကြီးအကဲအနာတိုလီပါမင်နော့ဗ်က စုံစမ်းရေးအဖွဲ့သည် အစီရင်ခံစာကို သတ်မှတ်ရက်အမီ တင်သွင်းခဲ့ကြောင်းဆိုသည်။ ၎င်းက "ကော်မရှင်ရဲ့ အစီရင်ခံစာကိုတော့ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် အေဂျင်စီတွေအားလုံးကလည်း သဘောတူညီကြမှာပါ"ဟုပြောသည်။ ဒီဇင်ဘာ ၅ရက်နေ့က လွှတ်တင်ခဲ့သော အဆိုပါဂြိုဟ်တုသုံးလုံးမှာ ကာဇတ်ဘိုင်လူနာအာကာသဌာန မှ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာပတ်လမ်းကြောင်းထဲမရောက်မီ ပျက်ကျခဲ့ကာ ဟာဝိုင်ယီကျွန်းအပြင်ဘက် ပစိဖိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့သည်။ ဒီဇင်ဘာ ၅ရက်က လွှတ်တင်ခဲ့သော ယင်းဂြိုဟ်တုသုံးလုံးကို ပရိုတွန်ဒုံးပျံဖြင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။



ယခင်ကလည်း ပရိုတွန်ဒုံးပျံဖြင့် ၁၀ ကြိမ်ပစ်လွှတ်ခဲ့ရာတွင် ဂလိုနတ်စ်ဂြိုဟ်တုနှစ်လုံးအပါအဝင် အခြားဂြိုဟ်တု ၁၀ လုံးကို ယခုနှစ်အတွင်း အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ *—Ref: Xinhua*

# နိုင်ဂျီးရီးယားနိုင်ငံတွင် ရှဲလ်ရေနံကုမ္ပဏီက အရာရာကို လက်လှမ်းမီနေခဲ့ကြောင်း ဝီကီလိခ်ဖော်ထုတ်

**လန်ဒန်၊ ဒီဇင်ဘာ - ၉**

ရိုင်ရယ်ဒတ်ချ်ရှဲလ် ရေနံကုမ္ပဏီသည်နိုင်ဂျီးရီးယားနိုင်ငံ၏ အရေးပါသော ဝန်ကြီးဌာနများအတွင်းသို့ပါ စိမ့်ဝင်ထိုးဖောက်နိုင်ခဲ့ပြီး ရေနံကြွယ်ဝသော နိုင်ငံမှ နိုင်ငံရေးသမားများ၏ လှုပ်ရှားမှုမှန်သမျှကိုလက်လှမ်းမီနေခဲ့ကြောင်း သတိပေးဝက်ဘ်ဆိုက်ဝီကီလိခ်၏ ကြေးနန်းများအားကိုးကား၍ ဂါးဒီးယန်း သတင်းစာက ဖော်ပြသည်။

ရေနံတူးဖော်ရေးအတွက် နိုင်ဂျီးရီးယားနိုင်ငံက တရုတ်နိုင်ငံသို့ ကမ်းလှမ်းခဲ့သော စာတစ်စောင်အပါအဝင် လျှို့ဝှက်သတင်းအချက်အလက်များကို ရှဲလ်ရေနံကုမ္ပဏီက ရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားနိုင်ငံရှိ ရှဲလ်ကုမ္ပဏီအမှုဆောင်အရာရှိချုပ် အန်းပစ်ကတ်က အမေရိကန် သံတမန်များအား ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၀၉ အောက်တိုဘာလတွင်ရှဲလ်အမှုဆောင် အရာရှိချုပ်ကမြို့တော် အဘူဂျာ၌ အသိပေးခဲ့ခြင်းဖြစ်သည်။

ရှဲလ်ကုမ္ပဏီက သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးတွင် လက်ထောက်ချမည့်သူများ ထည့်သွင်းထားခြင်းကို နိုင်ဂျီးရီးယားအစိုးရကမေ့လျော့သွားခဲ့ကြောင်း၊ ထို့အတွက်၎င်းဝန်ကြီးဌာနများတွင် လုပ်ဆောင်နေသမျှကို ရှဲလ်ကုမ္ပဏီကလက်လှမ်းမီနေခဲ့ကြောင်း ရှဲလ်အမှုဆောင်အရာရှိက ပြောကြားခဲ့သည်ဟူ၍ အမေရိကန်သံအမတ်ကြီး ရော်ဘင်ရီနီဆန်းဒါးစ်က ဝါရှင်တန်သို့ ကြေးနန်းရိုက်ခဲ့ကြောင်းဂါးဒီးယန်းသတင်းက ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် အာဖရိကတိုက်တွင် ရေနံအများဆုံးထုတ်လုပ်ရာ နိုင်ငံဖြစ်ပြီး ၎င်း၏ရေနံထုတ်လုပ်ရေး လုပ်ငန်းများကို Exxon Mobil, Total နှင့် Shell စသောနိုင်ငံတကာရေနံကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ်ထားကြောင်း သိရသည်။

*—Ref: Reuters*



7 DAY NEWS JOURNAL

# International

Vol.9, No.38 • DECEMBER 16, 2010

## တရုတ်နိုင်ငံ၏ ငွေကြေးဖောင်းပွမှု ၂၈ လအတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်လာ

**ဘေဂျင်း၊ ဒီဇင်ဘာ - ၁၂**

တရုတ်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၈ လအတွင်း အမြင့်ဆုံးသို့ရောက်ရှိလာရာ အတိုးနှုန်းမြင့်တက်လာခြင်းများအပေါ် သတိပေးမှုများရှိလာကြောင်းသိရသည်။

ငွေကြေးဖောင်းပွမှုနှုန်းသည် နိုဝင်ဘာလအတွင်း နှစ်အလိုက်တိုင်းတာမှုအရ ၅ ဒသမ ၁ ရာခိုင်နှုန်းသို့ ရောက်ရှိလာသည်။ ယင်းကို စားသုံးသူဈေးနှုန်းညွှန်းကိန်းပေါ် အခြေပြုတိုင်းတာခြင်းဖြစ်ပြီး ဈေးကွက်များက မျှော်လင့်ထားသောနှုန်းထက် မြင့်မားနေသည်။

ယင်းမတိုင်မီ တစ်ရက်က လည်း နိုဝင်ဘာလအတွင်း မျှော်မှန်းထားသည်ထက် နိုင်ငံခြားတင်ပို့မှုတိုးတက်ခဲ့ကြောင်း တရုတ်နိုင်ငံက ကြေညာခဲ့သည်။ ယင်းကြေညာချက်ကြောင့်လည်း ငွေကြေးဖောင်းပွမှုမြင့်တက်လာမည်ကို စိုးရိမ်မှုများဖြစ်ပေါ်လာသည်။

အတိတ်ကာလက ငွေကြေးဖောင်းပွမှုကြောင့် တရုတ်နိုင်ငံတွင် မငြိမ်သက်မှုများဖြစ်ပေါ်ခဲ့သည်။ တရုတ်နိုင်ငံမှ ဆင်းရဲသားများမှာ ၎င်းတို့ဝင်ငွေ၏ ထက်ဝက်ခန့်အား အစားအသောက်အတွက်သုံးစွဲရ၍လည်း အစားအသောက်ဈေးနှုန်းများကို ချုပ်ကိုင်ခြယ်လှယ်မှုပြုထားကြောင်းတွေ့ရှိရပါက ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်း အစိုးရကပြောကြားသည်။

ထို့အပြင် ငွေကြေးမူဝါဒများကို တင်းကျပ်ရေးနှင့် အဓိကကျသော ကုန်ပစ္စည်းများ ပိုမိုပံ့ပိုးပေးနိုင်ရေးအတွက် တရုတ်နိုင်ငံက အရေးယူဆောင်ရွက်မှုများပြုလုပ်လာကြောင်းသိရသည်။

*—Ref: BBC*





## တောင်ကိုရီးယားငါးဖမ်းသင်္ဘော အန္တာတိတ်သမုဒ္ဒရာတွင် နစ်မြုပ်

**ဆိုးလ်၊ ဒီဇင်ဘာ - ၁၃**

တောင်ကိုရီးယားနိုင်ငံမှ ရေနက်ငါးဖမ်းသင်္ဘောတစ်စီး အန္တာတိတ်သမုဒ္ဒရာတွင် နစ်မြုပ်သွားခဲ့ရာ သင်္ဘောသား ၄ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

သင်္ဘောပေါ်တွင်လိုက်ပါခဲ့သော သင်္ဘောသား ၄၂ ဦးမှ ၂၀ ဦးကို ကယ်ဆယ်ထားနိုင်ပြီဖြစ်သော်လည်း ကျန် ၁၈ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကယ်ဆယ်ရေးအရာရှိများကပြောကြားသည်။ နယူးဇီလန်နိုင်ငံ၏တောင်ဘက် မိုင်ပေါင်း ၁,၄၀၀ ခန့်အကွာ ပင်လယ်ပြင်တွင် ၎င်းငါးဖမ်းသင်္ဘောနစ်မြုပ်သွားခြင်းဖြစ်သည်။

သင်္ဘောပေါ်တွင် တောင်ကိုရီးယားသင်္ဘောသား ၈ ဦး၊ တရုတ်နိုင်ငံသား ၈ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၁၁ ဦးနှင့် ဖိလစ်ပိုင်လူမျိုး ၃ ဦး၊ ရုရှားနိုင်ငံသား ၁ ဦး လိုက်ပါသွားကြောင်း ယွန်ဟပ်သတင်းအေဂျင်စီကဖော်ပြသည်။ တန်ချိန် ၆၁၄ တန်ရှိသောသင်္ဘောမှာ ဒီဇင်ဘာလ ၁၃ ရက် ကိုရီးယားစံတော်ချိန် နံနက် ၄ နာ ရီခွဲခန့်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။

သင်္ဘောသား အယောက် ၂၀ အား အနီးအနားတွင် ငါးဖမ်းနေသော အခြားငါးဖမ်းသင်္ဘောတစ်စီးက ကယ်ဆယ်နိုင်ခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းတွင် နယူးဇီလန်နိုင်ငံ၏ အကူအညီကိုတောင်းခံထားကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများကပြောကြားသည်။

နယူးဇီလန်ရေကြောင်းလုပ်ငန်းပြောခွင့်ရပုဂ္ဂိုလ်ကလည်း သင်္ဘောနစ်မြုပ်ရာဒေသအနီးအနားရှိ သင်္ဘောများအား ၎င်းဧရိယာသို့သွားရောက်၍ အသက်ရှင်ကျန်နေသောသင်္ဘောသားများအား ရှာဖွေရေးတွင် အကူအညီပေးရန်ပြောကြားထားကြောင်း ပြောသည်။ ထို့အပြင် ရဟတ်ယာဉ်တစ်စင်းကိုလည်း ပို့လွှတ်ထားသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

*—Ref: BBC*

## စတော့ဟုမ်းဗုံးကွဲမှုကို အကြမ်းဖက်လုပ်ရပ်အဖြစ် ရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးနေ



ဒီဇင်ဘာ ၁၁ ရက်က စတော့ဟုမ်းမြို့တွင်ဖြစ်ပွားခဲ့သော ဗုံးကွဲမှုများအကြောင်းကို ရှင်းလင်းပြောကြားနေသော ဆွီဒင်ထောက်လှမ်းရေးအေဂျင်စီအကြီးအကဲ အန်ဒါးစ်သောင်ဘာ့ဂ်အား အစိုးရရှေ့နေချုပ်၊ သတင်းပြန်ကြားရေးမှူးတို့နှင့်အတူ ဒီဇင်ဘာ ၁၃ ရက်က သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။



**စတော့ဟုမ်း၊ ဒီဇင်ဘာ - ၁၂**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုနှစ်ခုအား တိုက်ခိုက်ရေးသမားတစ်ဦးတည်းက ကျူးလွန်သည့် အကြမ်းဖက်လုပ်ရပ်အဖြစ် သဘောထားကာ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း ဆွီဒင်ရဲတပ်ဖွဲ့က ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံသို့ ဆွီဒင်တပ်ဖွဲ့များ ပို့လွှတ်ထားခြင်းနှင့် တမန်တော်မိုဟာမက်ကာတွန်းများကိုရည်ညွှန်း၍ အီးမေးလ်ဖြင့် ခြိမ်းခြောက်မှုများရှိခဲ့ပြီးနောက် ယင်း ဗုံးပေါက်ကွဲမှုများဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၁ ရက်ကဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကြောင့် ဗုံးခွဲသူဟု မသင်္ကာသူသေဆုံးခဲ့ပြီး အခြားလူနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။ လူရှုပ်ထွေးသော ဈေးဝယ်ဧရိယာတွင် ကားတစ်စီး ပေါက်ကွဲခဲ့ပြီးနောက် မိနစ်အနည်းငယ်အကြာမှာပင် ၎င်းနေရာမှ မလှမ်းမကမ်းနေရာ၌ ဒုတိယပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည်။ ယင်းပေါက်ကွဲမှုများမတိုင်မီကပင် ဆွီဒင်သတင်းအေဂျင်စီ TT သည် ခြိမ်းခြောက်စာများကို အီးမေးလ်မှတစ်ဆင့် လက်ခံရရှိခဲ့သည်။

စာ(၃၇)သို့

